
www.burmeseclassic.com

# ဝိုးကျော်သူ

## ပူးစာနတ်ဆိုး

ပ+ဒု

ဇာတ်သိမ်း




ချင်းယင်၏ချစ်မော်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၇၃ / ၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၇၂၅ / ၂၀၀၃ (၇)

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၀၀

**ထုတ်ဝေသူ**

ဒေါ်မိုးဇော်ခိုင် (ချိုတေးသံစာပေ)
ရွှေနှင်းသာ ကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးသန်းဝင်း (တောင်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မစေတီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှိပ်**

ဦးထွန်းလင်း (မြ–၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

## ထူးဆန်းသောကျွန်း

---

ကျွန်ုပ်နေရာသည် ပင်လယ်ကမ်းခြေ ဒေသတစ်ခု ဖြစ်၏။

ပြာလဲ့လဲ့ ပင်လယ်ပြင်အား လည်းကောင်း၊ သန္တာကျောက်ဆောင်များအား လည်းကောင်း၊ တဝုန်းဝုန်း ရိုက်ခတ်နေသော လှိုင်းထမ်းပိုးများအား လည်းကောင်း အနီးကပ် တွေ့မြင်နိုင်သည့် ပင်လယ်ကမ်းခြေ ဒေသ ဖြစ်၏။

ဖြူလွလွ သဲသောင်ပြင်များ၊ ရောင်စုံခရုများ၊ စိမ်းလန်းသော အုန်းပင်များနှင့် လွန်စွာ လှပသည့် ဒေသလည်း ဖြစ်သည်။

ထို့အပြင်

ပင်လယ်ပြင်ထဲ၌လည်း ကျွန်းကြီး ကျွန်းငယ် အသွယ်သွယ်တို့သည် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် တည်ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အလွန်သာယာ လှပသော ကမ်းခြေဒေသတစ်ခုပင် ဖြစ်လေသည်။

ဤနေရာသို့ ရောက်လာသူများသည် စိတ်ညစ်ညူးမှုများ ကင်းစင်၍ ပျော်ရွှင်ကြမည်မှာ မလွဲချေ။

အများအားဖြင့်…

လူတို့သည် အားလပ်သော ရက်များ ရရှိလာသည့်အခါ၌ စိတ်အပန်းဖြေရန် လည်းကောင်း…

ဒေသန္တရ ဗဟုသုတ ရရှိရန် လည်းကောင်း ခရီးလှည့်လည်တတ်ကြသည် မဟုတ်ပါလော။

ထိုအခါ…

ဤ သာယာလှသော ကမ်းခြေသို့ ရောက်လာတတ်ပေလေသည်။

၀ ၀ ၀

ဤသာယာ လှပသော ကမ်းခြေသို့ ရောက်လာလျှင် မနီးမဝေး ပင်လယ်ပြင်ထဲရှိ ပုံသဏ္ဍာန် အမျိုးမျိုးနှင့် ရှိနေသည့် ကျွန်းစုများကို စိတ်ဝင်စားကြမည်မှာ မလွဲပေ။



ထိုသို့ စိတ်ဝင်စားသည်နှင့် ကျွန်းကလေးများဆီသို့ သွားရန် ဆန္ဒပြင်းပြလာကြပေ၏။

ယင်းတို့၏ ဆန္ဒများကို ဖြည့်စွမ်းပေးနိုင်သူတို့မှာ အခကြေးငွေ ချိုသာစွာ ယူ၍ လိုက်ပို့ ပေးနိုင်သည့် လှေသမားတို့ပင် ဖြစ်၏။

လှေသမားတို့သည် ခရီးသည်များကို သွားလိုသောကျွန်းများသို့ လိုက်ပို့ပေးပြီး ကျွန်းပေါ်သို့ လိုက်လံ ပို့ဆောင်ပေးတတ်ကြ၏။

လှေသမားများ၏ ရှင်းပြချက်အရ ထို ကျွန်းကလေးတို့မှာ မီးကျွန်း၊ မားကျွန်း၊ ငှက်ကျွန်း၊ စောင်ကျွန်း စသည် စသည် ဖြင့် သိရလေ၏။

သို့သော်…

မီးကျွန်းနှင့် အတန်ငယ် လှမ်းသော နေရာရှိ ကျွန်းကိုမူ လျစ်လျူရှုထားကြ၏။

ခရီးသည်များက မေးမြန်းသော အခါတွင်မူ လှေသမားများ၏ မျက်နှာမှာ ကြောက်ရွံ့ပြီး ခရီးသည်များအား ကမ်းခြေသို့ ပြန်လည် ပို့ဆောင်ပေးလေ၏။

ထို့ကြောင့်

ဤနေရာသို့ ရောက်လာသူများမှာ ထိုကျွန်းကို စိတ်ဝင်စားလာကြသော်လည်း လှေသမားတို့၏ အမူအရာကြောင့် မည်သူကမှ မေးမြန်းစပ်စုခြင်း မရှိတော့ပေ။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## ခံ့ဗားသုံးလက် ညီအစ်ကို

ညနေဆည်းဆာချိန် ဖြစ်၏။

နေလုံးကြီးသည် ပင်လယ်ပြင်ထဲသို့ တစ်ဝက် နစ်မြုပ်နေလေပြီ။

လူငယ် သုံးယောက်သည် လှေဘင်စင်းဆီသို့ လျှောက်သွားကြလေ၏။

ယနေ့တွင် ခရီးသည်နည်းပါး၍ ပျင်းရိနေသော လှေသမားက လူငယ်သုံးယောက်အား မြင်တွေ့လိုက်လေ၏။

သူ၏ မျက်လုံးအစုံသည် ဝင်းလက် သွားပြီး လူငယ်တို့ကို ပြုံးပြလိုက်သည်။

'အစ်ကိုလေးတို့က ကျွန်းစုတွေဆီ သွားမလို့လားဗျ'

လူငယ် တစ်ယောက်က...



'ဟုတ်ပါတယ်၊ အခကြေးငွေ ဘယ်လို ယူသလဲဗျ'

လှေသမားက...

'ကြေးမြူနှစ် သုံးပြားပါ'

ဒုတိယ လူငယ်က ကျွန်းတစ်ကျွန်းအား လက်ညှိုး ထိုးပြလိုက်၏။

'ကျုပ်တို့ကို အဲဒီကျွန်းဆီ လိုက်ပို့ပေးပါ၊ ငွေသုံးကျပ်သား ပေးပါမယ်'

လှေသမား၏ မျက်နှာသည် ပြုံးရွှင်သွားပြီး လူငယ်ပြသော ကျွန်းကို လှမ်းကြည့်မိ၏။

သူ၏ ပြုံးရွှင်သော မျက်နှာသည် ချက်ချင်း ကြောက်ရွံ့သည့် အသွင်သို့ ပြောင်းလဲသွား၏။

'အဲဒီကျွန်းကိုတော့ မပို့ပါရစေနဲ့ဗျာ၊ တခြားကြိုက်တဲ့ ကျွန်းကို ပြောပါ'

ပထမလူငယ်က ခေါင်းခါယမ်း၏။

'မဖြစ်ဘူးဗျ၊ ကျုပ်တို့က အဲဒီ ကျွန်းဆီကိုပဲ သွားချင်တာ၊ ငွေပိုပေးပါမယ်ဗျာ'

လှေသမားသည် ငွေသုံးကျပ်သားကို မက်မောသော်လည်း လိုက်မပို့ဝံ့ချေ။

တတိယလူငယ်က အနည်းငယ် စိတ်တိုသွား၏။

သူသည် အင်္ကျီအိတ်ထဲမှ ရွှေတုံးလေး တစ်တုံးကို ထုတ်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ခင်ဗျား ကျုပ်တို့ကို လိုက်ပို့ရင် ဒီရွှေတုံးရမယ်၊ လိုက်မပို့ရင် ခင်ဗျားကို ကျုပ်တို့က သတ်ပစ်မယ်၊ နားလည်ရဲ့လား'

လှေသမား မျက်လုံးပြူးသွား၏။

သူသည် လူငယ်များကို သေချာစွာ ကြည့်လိုက်၏။

'ဒါနဲ့ အစ်ကိုလေးတို့က ဘယ်သူတွေလဲဗျ'

ဒုတိယ လူငယ်က ပြုံး၍…

'ကျုပ်တို့က ဓားသုံးလက် ညီအစ်ကိုပါ'

လှေသမား၏ မျက်လုံး အစုံသည် ထပ်မံ ပြူးကျယ်သွားသည်။

'အစ်ကိုလေးတို့က အခုတလော နာမည်ကြီးလာတဲ့ ဓား သုံးလက် ညီအစ်ကို ဟုတ်လား'

ပထမလူငယ်က ခေါင်းညိတ်လိုက်၏။

'ဘယ်လိုလဲ လိုက်ပို့တော့မှာလား'

လှေသမားက သက်ပြင်းချလိုက်၏။

'ကျုပ်က ရွှေနဲ့ ကျုပ်အသက်ကို ယှဉ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ'

သူက ဆက်၍…

'အစ်ကိုလေးတို့ကို တစ်ခုတော့ တောင်းပန်ပါရစေ၊ ကျွန်တော့်ကို ကျွန်းဆီ လိုက်ပို့ပြီးရင် ပြန်ခွင့်ပြုပါလို့'

လူငယ် သုံးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီဗျာ'

၀ ၀ ၀



လှေသမားသည် ကျွန်းအဝေးရှိရာသို့ လျှင်မြန်စွာ လှော်ခတ်နေ၏။

သူ၏ မျက်နှာသည် ကျွန်းနှင့် နီးလာလေလေ ပို၍ ထိတ်လန့်လာလေလေ ဖြစ်၏။

လူငယ် သုံးယောက်က သူ့အား ကြည့်၍ ထိုကျွန်းကို ပို၍ စိတ်ဝင်စားလာ၏။

လှေကလေးသည် ကမ်းသို့ ဆိုက်သည်နှင့် လူငယ် သုံးဦးသည် လှေပေါ်မှ ခုန်ဆင်းပြီး လှေသမားအား ရွှေတုံး တစ်တုံးပစ်ပေးလိုက်၏။

လှေသမားက ရွှေတုံးအား လှမ်းယူ၍ လူငယ် သုံးယောက်ကို အော်ပြောလိုက်၏။

'ဟေ့…အစ်ကိုလေးတို့၊ ဒီကျွန်းကို ယမမင်းကျွန်းလို့ခေါ်တယ်၊ ဒီကျွန်းပေါ် တက်သွားတဲ့ လူတိုင်း ပြန်လမ်း မရှိဘူး။ အစ်ကိုလေးတို့ ကံကောင်းပါစေဗျာ'

သူသည် ပြောပြီးသည်နှင့် လှေကို ကမ်းမှခွာ၍ လျင်မြန်စွာ လှော်ခတ်လာခဲ့သည်။

ထိုလူငယ် သုံးယောက်သည် ယမမင်းကျွန်းသို့ တက်သွားချိန်မှစ၍ လုံးဝ ပြန်မလာတော့ပါချေ။

…၀…

www.burmeseclassic.com

www.burmeseclassic.com

## ယမမင်းကျွန်း

ယမမင်းကျွန်း....

လွန်ခဲ့သော နှစ်ပေါင်းငါးရာခန့်က ထိုကျွန်းသည် ရေပြည် ဖြစ်ခဲ့သည်ဟု အဆိုရှိခဲ့ကြသည်။

ထိုကျွန်းပေါ်သို့ တစ်ဦးသွားသူတို့မှာ ကျဉ်းမြောင်းလှသော တွင်းတစ်ခုထဲသို့ ဝင်သွားမိသည်နှင့် ရေပြည်သို့ ကျရောက်သွားပြီး ယမမင်း၏ အကျဉ်းသားဖြစ်ခဲ့သည်ဟု ဆိုကြသည်။

ထိုအကြောင်းကို မယုံကြည်သော ထိပ်တန်းသိုင်းသမားများမှာ ယမမင်းကျွန်းပေါ်သို့ တက်မိချိန်မှစ၍ လုံးဝ ပြန်မလာတော့ချေ။

ထိုအချိန်မှစ၍ ယမမင်းကျွန်းသို့ မည်သူမျှ မသွားရဲတော့ချေ။



နှစ်တစ်ရာ အနည်းငယ်ကြာသောအခါ ယမမင်းကျွန်းတွင် သမီးတော်တစ်ပါး ထွန်းကားခဲ့သည်ဟု ဆိုလာကြပြန်သည်။

ထိုယမမင်း၏ သမီးတော်မှာ ရုပ်ရည်သည် တစ်လောကလုံးတွင် နှိုင်းယှဉ်စရာမရှိအောင် ချောမောသည်။

သိုင်းပညာ လွန်စွာထူးချွန်သည်။

ဆေးပညာတော်ပြီး လူတစ်ဖက်သားကို ရူးသွပ်သွားအောင် ပြုလုပ်နိုင်စွမ်းရှိ၏။

ယမမင်းကျွန်းပေါ်သို့ တက်လာသော ထိပ်တန်းသိုင်းသမားများသည် ယမမင်း၏သမီးတော်လက်ချက်ဖြင့် ရူးသွပ်သွားကြ၏။

သေဆုံးသွားကြ၏။

ယမမင်း၏သမီးတော်သည် ထိုလူများကို ရေပြည်သို့ပို့ဆောင်ခဲ့သည်။

ယမမင်း၏ သမီးတော်အမည်မှာ လျှံမိန့်ဖြစ်၏။

လှေသမားများသည် သိုင်းသမားများ ထပ်မံ ဒုက္ခမရောက်စေရန် ထိုယမမင်းကျွန်းသို့ လုံးဝ လိုက်လံပို့ဆောင်ပေးခြင်း မရှိတော့ပေ။

တစ်စုံတစ်ယောက်က ထိုကျွန်းနှင့်ပတ်သက်ပြီး စုံစမ်းလျှင်လည်း လုံးဝဖွင့်ဟမပြောဘဲရှောင်နှုတ်ပိတ်နေကြပေသည်။

ထို့ပြင် နာမည်သတင်းကြီးလှသော ယမမင်း၏သမီးတော်အား မည်သူက မြင်ဖူးသလဲဟုမေးလျှင် မည်သူတစ်ယောက်မှ အဖြေပေးနိုင်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်တွင်တော့ ထိုယမမင်း၏သမီးတော်ဟု စွပ်စွဲခံနေရသော လျှန်မိန်မှာ လူသားတို့ကဲ့သို့ပင် အသွေး၊ အသား၊ အသက်၊ အအသည်းနှလုံးရှိသည့်ကိုမူ မည်သူကမှ မသိပါချေ။

—၀—

ရန်ဘက်

---

နေပြည်တော်နှင့် လီပေါင်းငါးရာခန့်အကွာ၌ နွေဦးကျေးရွာရှိလေ၏။

နွေဦးကျေးရွာပိုင်ရှင်မှာ ချေစင်ဆောင်ဖြစ်၏။

ချေစင်ဆောင်၌ ချေစင်ဝေအမည်ရှိသော သားတစ်ဦးရှိ၏။

နွေဦးကျေးရွာနှင့် လီပေါင်းတစ်ရာခန့်အကွာ၌ နွေနှင်းကျေးရွာ ရှိလေ၏။

နွေနှင်းကျေးရွာပိုင်ရှင်မှာ လေခွင်ရဲဖြစ်ပြီး သားဖြစ်သူမှာ တခစ္စမ်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နွေဦး နွေနှောင်း ကျေးရွာနှစ်ခုစလုံးမှာ ရာသီဥတုမျှတခြင်း၊ မြေဩဇာကောင်းမွန်ခြင်း၊ တပည့်တပမ်းပေါများခြင်းတို့ဖြင့် လွန်စွာကြွယ်ဝသော ကျေးရွာများဖြစ်၏။

ကျေးရွာနှစ်ခုကြား၌ ပေတစ်ရာသာသာခန့် ကျယ်ဝန်းသော ချောင်းကလေးတစ်ခုရှိလေ၏။

ထိုချောင်းကလေးမှ ရွှေကျင်ယူရရှိသည်မှစ၍ နွေဦးကျေးရွာနှင့် နွေနှောင်းကျေးရွာသည် ရန်ဘက်များ ဖြစ်သွားကြလေသည်။

၀ ၀ ၀

ချောင်းကလေးမှ အစပြုလာသော ပြဿနာသည် ကျေးရွာနှစ်ခုကို ရန်ဘက်အနေအထားသို့ ပြောင်းလဲသွားစေသည်။

ကျေးရွာနှစ်ခုလုံးမှာ ချမ်းသာကြွယ်ဝခြင်း၊ တပည့်ပေါများခြင်း၊ မျိုးဆက်များရှိခြင်းတို့ အားလုံးတူညီနေသဖြင့် မည်သူကမျှ မည်သူ့အပေါ် အတင်စီးမခံကြပေ။

ကျေးရွာနှစ်ခုစလုံးရှိ ပိုင်ရှင်များသည် ကြီးကျယ်မြင့်မြတ်သော အမျိုးမှ ဆင်းသက်လာသူများဖြစ်၍ မာန်မာန အလွန်ကြီးမားကြလေ၏။



ထိုရွှေကျင်ယူရရှိသော ချောင်းကလေးကို ပိုင်ဆိုင်သူသည် တစ်ဖက်ကျေးရွာအပေါ် ဓနအင်အားဖြင့် အနိုင်ရရှိမည် ဖြစ်လေ၏။

ထို့ကြောင့်

ကျေးရွာနှစ်ဖက်ရှိ အကြီးအကဲများသည် သာယာသော ရာသီဥတုသို့ ရောက်လာသည်နှင့် ချောင်းကလေးကို ပိုင်ဆိုင်ရန်အတွက် စစ်ပွဲများခင်းလာကြလေ၏။

ထိုစစ်ပွဲများသည် နှစ်စဉ် လူဦးရေ ဆုံးရှုံးခဲ့သည်မှလွဲ၍ အနိုင်အရှုံးမပေါ်ခဲ့ဘဲ တိုက်ပွဲကို ရပ်တန့်ရသည်ချည်း ဖြစ်သည်။

ဤသို့ဖြင့်

ကျေးရွာမျိုးနွယ်စုနှစ်စု၏ ရန်ငြိုးသည် ချောင်းဝေ၏ဖခင် ချောင်းလောင်း၏ လက်ထက်သို့ပင် ရောက်ရှိလာခဲ့၏။

ချောင်းလောင်းသည် နွေဦးကျေးရွာပိုင်ရှင်အဖြစ် ဆက်ခံရသည်နှင့် နွေနှောင်းကျေးရွာကို အနိုင်ရရန် အစွမ်းကုန် ကြိုးစားလာ၏။

နွေနှောင်းကျေးရွာပိုင်ရှင် လေဝင်ရဲမှာလည်း ထိုနည်းအတူပင်ဖြစ်သည်။

သို့သော်

ချောင်းဝေနှင့် တာရွှမ်းတို့ အရွယ်ရောက်လာသည်အထိ တိုက်ပွဲမှာ အနိုင်အရှုံးမကွဲပြားဘဲ သရေကျနေဆဲပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်လေးခင်နှင့် လောင်ရဲမှာလည်း ထိုတိုက်ပွဲများအတွက် လွန်စွာ စိတ်ပျက်လာပြီဖြစ်သည်။

၎င်းတို့သည် ထိုတိုက်ပွဲများကို ရပ်နားလိုသော်လည်း တင်ဖတ်ဖတ်က စရိအလျော့ပေးရမည်ကို ဝန်လေးနေကြလေသည်။

နေ့စဉ်ဆုံးတွင်

ချောင်လေးခင်နှင့် လောင်ရဲတို့ တွေ့ဆုံဆွေးနွေးကြလေသည်။

၎င်းတို့သည် နေ့စဉ်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ခဲ့လေသည်။

သမီးဖြစ်သူ ချောင်စေနှင့် တာစွမ်းအား သိုင်းပညာရပ်များ သင်ကြားစေပြီး ယှဉ်ပြိုင်ရန်ပင်ဖြစ်လေသည်။

ဝ ဝ ဝ

ထိုအချိန်တွင်—

ချောင်စေနှင့်တာစွမ်းတို့မှာ အသက် နှစ်ဆယ်ကျော်မျှသာ ရှိသေးသည်။



ကျေးရွာအကြီးအကဲနှစ်ဦးသည် သိုင်းပညာသင်ရန် အချိန်ကို ငါးနှစ်ခန့်သတ်မှတ်လိုက်လေသည်။

ချောင်စေသည် ဓားပညာကို ထိပ်တန်းဓားသမားများထံမှ သင်ယူခဲ့လေ၏။

သူ၏ ဆရာမှာ ထိုအချိန်က နာမည်ကျော်ကြား နေသည့် ဓားဝိဇ္ဇာပင်ဖြစ်၏။

သူသည် ဓားဝိဇ္ဇာထံတွင် သိုင်းပညာနှင့် ဓားပညာကို အတတ်ကုတ် သင်ယူနေချိန်တွင်—

တာစွမ်းက သိုင်းပညာသင်ရန် ရွာမှ ထွက်ခွာသွားလေသည်။

ချောင်စေ ဓားဝိဇ္ဇာထံမှ ပညာသင်ယူပြီးသောအခါ—

ပထမဓားဘွဲ့ယှဉ်ပြိုင်ရန်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့၏။

ထိုယှဉ်ပြိုင်ပွဲသို့ တာစွမ်းက ပါဝင်ယှဉ်ပြိုင်ခြင်း မပြုပေ။

ယှဉ်ပြိုင်ပွဲတွင် ပထမဓားဘွဲ့ကို ချောင်စေက ရရှိခဲ့လေသည်။

သူသည် ပထမဓားဘွဲ့ကို ရရှိခဲ့သည့် အတွက် နေ့နေ့စဉ် ကျေးရွာပိုင်ရှင်၏သား တာစွမ်းနှင့် ယှဉ်ပြိုင်ပွဲတွင် ချောင်စေ နိုင်ရလိမ့်မည်ဟု အားလုံးက ထင်မှတ်ထားလေ၏။

ထိုအချိန်မှာပင်—

တာစွမ်းသည် ကျေးရွာသို့ ပြန်လည်ရောက်ရှိ လာလေသည်။

သူသည် ပြန်ရောက်ရောက်ချင်းမှာပင်....

ချောင်စေအကြောင်းကို ချီးမွမ်းသံများကြားရ၏။

www.burmeseclassic.com



တစ္ဆေမ်ားသည်လွန်စွာခံပြင်းလာ၏။

ဆရာသည်ဓားဝိဇ္ဇာကိုစိန်ခေါ်၍ယှဉ်ပြိုင်စေခဲ့လေ၏။

ထိုပြိုင်ပွဲတွင် ဓားဝိဇ္ဇာသည် မရှုမလှ ရှုံးနိမ့်သဖြင့် ကိုယ့်ကိုယ်ကို သတ်သေသွား၏။

ချောင်ဝေသည် ထိုသတင်းကို ကြားလိုက်ရသည့် အခါ မျက်လုံးပြူးသွား၏။

သူသည် တစ္ဆေမ်ားအား ယှဉ်ပြိုင် နိုင်ကြောင်းကို နားလည်လာလေသည်။

ထိုအချိန်မှစပင်

တစ္ဆေမ်ားက သူ့အား တစ်ခါပြည့်လျှင် ဓားတိုအတိုင်း ယှဉ်ပြိုင်ပွဲကျင်းပမည်ဟု စိန်ခေါ်လာ၏။

ထိုသတင်းကိုကြားလိုက်ရသောအခါ နေဦးကျေးရွာတစ်ရွာလုံး ဂယက်ရိုက်သွားလေ၏။

ချောင်ဝေကိုယ်တိုင်လည်း ကြံရာမရဖြစ်လာသည်။

နောက်ဆုံးတွင်....

ဆရာသည် နေဦးကျေးရွာ၏ အမြဲတမ်းပေးစားသည်ဖြစ်သော ကုန်သည်ရှန်ယင်၏အကြံပေးချက်အရ....

ယမမင်းကျွန်းသို့ သွားရောက်ပညာသင်ယူရန်ဆုံးဖြတ်လေသည်။

ကုန်သည်ရှန်ယင်သည် ချောင်ဝေအား ယမမင်း ကျွန်းသို့ မည်သို့မည်ပုံသွားရမည်။



မည်သို့ရင်ဆိုင်ရမည်ဆိုသည်ကို တတ်နိုင်သမျှအကြံပြုခဲ့လေသည်။

ချောင်ဝေ ယမမင်းကျွန်းသို့ စတင်ထွက်ခွာလာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်နဂါးစားသောက်ဆိုင်

---

ဆောင်းနှောင်းကာလ၊

ရာသီဥတုသာယာနေ၏။

ဖြူဖွေးသော ဆီးနှင်းများသည် အရပ်လေးမျက်နှာတွင် အရည်ပျော်စပြုလာလေပြီ။

ထိုထိခတ်လာသောလေမှာလည်း မအေးမြလှပေ၏။

ဤရာသီမျိုးတွင် ပင်လယ်ကမ်းခြေ၏ သာယာသောအလှအပကို ကြည့်ရှုရန်အတွက်ရင်း၊ သဲသောင်ပြင်များပေါ်တွင်လမ်းလျှောက်၍ နူးညံ့သော နေရောင်ခြည်ကိုခံယူရန်အတွက်ရင်း၊ ခရီးသည်များလာတတ်ကြသည်။

စီးပွားရေးအကွက်မြင်သည့် ကုန်သည်တစ်ဦးသည်...



ခရီးသည်များ၊ အနားယူအပန်းဖြေရန်...

စားသောက်ဆိုင်နှင့် တည်းခိုခန်းကို ဖွင့်လှစ်ခဲ့သည်။

ဤတည်းခိုခန်းပိုင်ရှင်သည် မြို့ကြီးပြကြီးမှလူများသာရောက်လာတတ်သဖြင့် ပင်လယ်စာများကိုသာ အထူး စီမံ ထားလေသည်။

ယင်းစားသောက်ဆိုင်မှာ ပင်လယ်နဂါး စားသောက်ဆိုင်ပင်ဖြစ်လေသည်။

ပင်လယ်နဂါးစားသောက်ဆိုင်သည်...

ဈေးနှုန်းချိုသာခြင်း၊ ဆက်ဆံရေး ပြေပြစ်ခြင်းတို့ကြောင့်...

စားသောက်သူများ အထူးစည်ကား လေသည်။

ထို့ကြောင့်

ပိုင်ရှင်မှာ နေ့ချင်း ညချင်း ချမ်းသာလာလေ၏။

သူသည် စားသောက်ဆိုင်လုပ်ငန်းအပြင်

လူများစွာကို ခေါ်ယူ၍ အနီးအနားကျွန်းများသို့ အခကြေးငွေယူ၍ ပို့ဆောင်ခြင်း လုပ်ငန်းကိုပါ တိုးချဲ့လာလေသည်။

ဤပင်လယ်ကမ်းခြေသို့ လာရောက်သော မည်သူကိုမဆို သည်ပင်လယ်နဂါးစားသောက်ဆိုင်၌ မသွဲ့မသွေ ဝင်ရောက်ကြမည်သာဖြစ်လေ၏။

—o—

www.burmeseclassic.com

www.burmeseclassic.com

## ချောင်ဝေနှင့် ဗေဒင်ဆရာ

---

ယခု…

ပင်လယ်နဂါးစားသောက်ဆိုင်ဝ လူများ အထူးစည်ကား နေသည်။

ပိုင်ရှင်သည် အဆောက်အဦကို တိုးချဲ့၍ ခန်းမကြီး ဖွဲ့ခဲ့ရာ လူပေါင်း တစ်ရာကျော်အား တပြိုင်နက်ကျွေးခံ နိုင်လေသည်။

အဖြူရောင်ပိုးဖဲ ဝတ်စုံဝတ်ဆင်ထားသည့် လူရွယ် တစ်ဦး စားသောက်ဆိုင်ထဲသို့ တည့်မတ်စွာဝင်လာ၏။

ရှု မည်သူကိုမှ မကြည့်ဘဲ ပင်လယ်နှင့်အနီးဆုံး စားပွဲရှိရာ သို့ ဝင်ရောက်ထိုင်ချလိုက်၏။

သူ၏ ရုပ်ရည်မှာ လှန်စွာသန့်ပြန့်၍ အထက်တန်းစား မိသားစုက ပေါက်ဖွားလာမှန်း သိသာနိုင်ပေ၏။



ယောကျ်ားပီသသည့် တန်ပန်ပေါ်လွင်နေ၏။

သူ၏ တည်ကြည်သည့်မျက်နှာမှာ လှန်စွာခန့်ညား၊ နေရာ ပြီးလျှင် ဖို၍ထွားပခန့်ညားမည်ဖြစ်၏။

သို့သော်…

သူက မပြုံးပါ။

မပြုံးသည့်အပြင် မျက်နှာမှာ အနည်းငယ်ပင် တင်းမာနေ သည်။

သူ၏ ခါးတွင် ဓားရှည်တစ်လက်နှင့် ဓားတို တစ်လက်ကို ချိတ်ထား၏။

သိုင်းသမားတစ်ယောက်ပင်ဖြစ်၏။

ဆိုင်လုလင်တစ်ယောက်က ပြေးလွှားရောက်ရှိလာပြီး ပင် လယ်နဂါး စားသောက်ဆိုင်တွင် ရရှိသော စားစရာများကို ရွတ်ပြလိုက်၏။

လူရွယ်က အရက်ပြင်းတစ်မျိုးနှင့် ပင်လယ် စားစရာများကို မှာကြားလိုက်သည်။

ထိုနေ့က

သူသည် ပင်လယ်ပြင်ရှိကျွန်းစုများဘက်မျက်နှာမူထား ခေါင်း ခေါ့ကြည့်ရနေ၏။

မကြာပါ

မှာကြားထားသော အရက်နှင့် စားစရာများ ရောက်ရှိလာ သည်။

လူရွယ်သည် စားချင့်စဖွယ်ကောင်းလှသည့်…

www.burmeseclassic.com

www.burmeseclassic.com



စားစရာများကို တစ်ချက်သာကြည့်ပြီး စိတ်ဝင်စားဟန်မရှိပါ။

ဝင်လာပြင်ရှိ ကျွန်းစုများကိုသာ ကြည့်မကြည့်နေ၏။

လူရွယ်သည် စားသောက်ဆိုင်သို့ ဝင်လာချိန်မှစ၍ ယခုအချိန်ထိ အမူအရာမပြောင်းလဲပါ။

လူရွယ်၏မျက်နှာအား သေချာစွာကြည့်လျှင် သူ၏မျက်နှာပြင်ပေါ်၌ အရိပ်အယောင်တချို့ ထင်ဟပ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

သူ၏မျက်လုံးများ၌ ပေါ်လွင်နေခြင်းဖြစ်၏။

လူရွယ်သည် ကျွန်းစုများအား ငေးကြည့်နေသည်မှာ မည်မျှ အချိန်ကြာသွားမှန်းမသိ။

ဆွဲဆောင်မှုပါသော အသံတစ်သံ ထွက်ပေါ်လာသေးသည်။

'မင်္ဂလာနဂါး စားသောက်ဆိုင်မှာ ဒီစားစရာတွေက ဈေးအကြီးဆုံးပဲဗျ၊ မိတ်ဆွေကမစားရင် အလွန်နှမြောဖို့ကောင်းပါတယ်ဗျာ'

လူရွယ်သည် ငေးမောနေရာမှ ရုတ်တရက် သတိဝင်လာသည်။

သူက ခေါင်းမော့၍ကြည့်လိုက်သည်။

သူ့ရှေ့တွင် အသက်ငါးဆယ်ကျော်ခန့် ဥပဓိရုပ် သပ်ရပ်သော လူကြီးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။



လက်ထဲတွင် ငါးမျှားတံလေးများထည့်ထားသော ငါးပုံးတစ်ခုကို ကိုင်ထားသည်။

သူ၏ ထူထဲသော မျက်ခုံးအောက်တွင် စူးရှသော မျက်လုံးတစ်စုံရှိလေသည်။

ထိုလူ၏ပုံဟန်မှာ ဗေဒင်ဆရာတစ်ယောက်နှင့် လွန်စွာတူပေသည်။

ထိုလူက လူရွယ်အား ပြုံးပြလိုက်၏။

'ဒီမှာ သူငယ် မင်းကို ကျုပ်ကြည့်နေတာကြာပြီ၊ မင်းမှာ အခက်အခဲတစ်ခု ရှိပုံရတယ်၊ ကျုပ်ကူညီနိုင်ရင် ကူညီပါရစေ၊ ကျုပ်နာမည် ရှန်းလီလို့ခေါ်ပါတယ်'

လူရွယ်က ရှန်းလီအား လှည့်ကြည့်လိုက်သည်။

ရှန်းလီသည် လူရွယ်ထံမှ စကားပြန်မလာသဖြင့် ကြောင်အအ ဖြစ်သွားသည်။

သူက အရှက်ပြေသဘောဖြင့် ရယ်မောရင်း—

'ကျုပ်ကိုထိုင်ခွင့်ပြုပါဗျာ'

လူရွယ်က ခေါင်းညိတ်ပြလိုက်သည်။

ရှန်းလီက ကုလားထိုင်တစ်လုံးယူ၍ လူရွယ်နှင့် မျက်နှာချင်းဆိုင်အောင် ဝင်ထိုင်လိုက်သည်။

သူ၏ပုံဟန်မှာ လူရွယ်ထံမှ စားစရာများကို စားသောက်လို၍ မိတ်ဖွဲ့နေဟန်မရှိပါ။

လူရွယ်အား အထူးတလည် စိတ်ဝင်စားနေခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုင်ခုံ၌ထိုင်ချလိုက်သည်နှင့် လူရွှယ်က ခါးကို မတ်လိုက်သည်၊

ထို့နောက်...

ထိုင်ရာမှထရန် ပြင်လိုက်သည်

သူက လက်နှစ်ဖက်ဆုပ်၍ အရှိအသေပေးကာ တားဆီးလိုက်သည်၊

'ဒီမှာသူငယ် ခဏထိုင်ပါဦးကွယ်၊ မင်းကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိလို့ပါ'

လူရွှယ်က အံ့အားသင့်သွားလေသည်၊

လူရွှယ်သည် သူ့ကိုယ်ကို လက်ညှိုးထိုးရင်း စူးစမ်းသော အသံဖြင့်...

'ကျုပ်ကို...'

ရှန်းလီ ခေါင်းညိတ်လိုက်၏၊

'ဟုတ်ပါတယ် ကျုပ်ပြောမယ့်စကားကို မင်းစိတ်ဝင်စားမှာ သေချာပါတယ်'

လူရွှယ်က ရှန်းလီ အား အကဲခတ်ကြည့်လိုက်သည်၊

ရှန်းလီ၏အမူအရာမှာ ပညာရှိတစ်ယောက်ကဲ့သို့ တည်ငြိမ်နေ၏၊

လူရွှယ်မှာ မငြင်းသာတော့ဘဲ ပြန်လည်ထိုင်ချလိုက်ရလေတော့သည်၊

၀ ၀ ၀



ရှန်းလီ၏မျက်နှာမှာ ပြုံးရွှင်သွားလေသည်၊

လူရွှယ်က သူ့ကို အကဲခတ်ကြည့်လိုက်ပြီး...

'ခင်ဗျားက ဘာအရေးကြီးတဲ့ကိစ္စ ပြောမှာလဲဗျ'

သူက...

'ဒီနေရာဟာ မြို့ကြီးပြကြီးနဲ့ ဝေးလွန်းတဲ့အတွက် ဒီကိုလာတဲ့လူဟာ သုံးမျိုး သုံးစားရှိတယ်'

လူရွှယ်က...

'အဲဒါဘာဖြစ်လဲ'

သူကပြုံး၍...

'ပထမအမျိုးအစားကတော့ အားလပ်ရက်မှာ အပန်းဖြေ ခရီး ထွက်လာတာပေါ့'

လူရွှယ်မှာ စိတ်မရှည်ဘဲဖြစ်လာသည်၊

'ခင်ဗျားပြောချင်တာ ဒါပဲဆိုရင်တော့ ကျွန်တော် စိတ် မဝင်စားဘူး'

ပြောပြီးသည်နှင့် ထိုင်ရာမှထရပ်လိုက်သည်၊

ရှန်းလီက တောင်းပန်လိုက်လေသည်၊

'ကျုပ်စကား မဆုံးသေးပါဘူးဗျ၊ ကျေးဇူးပြုပြီး ဆုံး အောင်နားထောင်ဖို့ တောင်းပန်ပါတယ်'

လူရွှယ်က သက်ပြင်းချ၍ ပြန်ထိုင်လိုက်လေ၏၊

သူသည် ယခုမှ တွေ့သောလူအား စိမ်းစိမ်းကား ဆက်ဆံသင့်သည်ကို နားလည်လိုက်သောကြောင့် ဖြစ်ပေ သည်၊

၀ ၀ ၀

www.burmeseclassic.com



ရှန်းလီသည် လူရွယ်မှာ စကားကို ရှည်ရှည်ဝေးဝေးပြောသည်ကို မကြိုက်မှန်း နားလည်လာသည်။

သူက ဆက်ပြော၏။

'ဒုတိယအမျိုးအစားကတော့ မျှော်လင့်ချက်မရှိတဲ့လူတွေ၊ ဘဝဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတဲ့လူတွေသာ ဦးတည်ရာမဲ့ သွားရင်း ရောက်လာကြတာပေါ့'

'တတိယအမျိုးအစားကရော'

သူက လျှို့ဝှက်စွာပြုံးလိုက်၏။

ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကာ အကဲခတ်ကြည့်လိုက်သည်။

သူတို့အား ဂရုစိုက်ကြည့်သူမရှိမှန်းသိမှ လေသံတိုးတိုးဖြင့်—

'ယမမင်းကျွန်းကို စိတ်ဝင်စားတဲ့လူတွေပဲ၊ မင်းကတော့ တတိယအမျိုးအစားမှာပါဝင်တယ်၊ ဘယ့်နှယ့်လဲ'

လူရွယ်က သူ့အားအဖြေမပေးပါ။

သူ၏မျက်နှာကို စိုက်ကြည့်နေ၏။

သူက စကားဆက်လိုက်သည်။

'မင်းရဲ့ ဝတ်စားဆင်ယင်ပုံကို ကြည့်ခြင်းအားဖြင့် မင်းဟာ မိဘမျိုးရိုး မြင့်မြတ်တဲ့ အမျိုးအနွယ်က မွေးလာတယ်၊ အဲ—ပြီးတော့ ချမ်းသာကြွယ်ဝမယ်၊ မင်းခါးက ဓားကိုကြည့်ပြီး သိုင်းသမားတစ်ယောက်ဖြစ်မယ်'

လူရွယ်က သူ့အားစိုက်ကြည့်မြဲ ကြည့်နေ၏။

သူကဆက်၍—



'ပြီးတော့ မင်းကိုမြင်လိုက်တာနဲ့ သိုင်းပညာမနိမ့်ဘူးဆိုတာ သိတယ်၊ ဒါပေမယ့် သိုင်းသမားတွေဟာ တွေဝေဝေ မေးတတ်တဲ့လူတွေ မဟုတ်ဘူး၊ မင်းတို့က ခုတ်ဖို့နဲ့သတ်ဖို့ပဲ နားလည်ကြတယ် မဟုတ်လား'

လူရွယ်သည် သူ့အား နှစ်သက်ပုံမပေါ်ချေ။

သူ့ထံမှ ကြားလိုသော သတင်းအစအနကို ရနိုင်သည်ဟု ယူဆသဖြင့် ဆက်လက်၍ နားထောင်နေခြင်းဖြစ်သည်။

သူက အလိုက်ကန်းဆိုးမသိဘဲ ဆက်၍ပြောနေ၏။

'မင်းကတော့ ယမမင်းကျွန်းကို စိတ်ဝင်စားလို့ သွားမှာပဲ ဟုတ်တယ်မဟုတ်လား'

လူငယ်က သူ့အားအဖြေမပေးဘဲ ပြန်မေးလိုက်၏။

'ခင်ဗျားက ဗေဒင်ဆရာလား'

ရှန်းလီက အားရပါးရရယ်မောလိုက်၏။

'ဟား ဟား ဟား'

○ ○ ○

ရှန်းလီ၏ရယ်မောသံသည် ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရယ်မောသံကြောင့် အနီးအနားမှ လူများက သူတို့ကို လှည့်ကြည့်ကြ၏။

သို့သော်

သူတို့သည် ရှန်းလီအား ဗေဒင်ဆရာတစ်ယောက်အဖြစ်သာ သိရှိကြ၏။

ထို့ကြောင့်...

ရှန်းလီသည် လူရွယ်အား ဗေဒင်ဟောနေသည်ဟု ထင်မှတ်ပြီး ဂရုမစိုက်တော့ပဲ ဆက်လက်စားသောက်နေ၏။

ရှန်းလီသည် ဆက်လက် ရယ်မောနေဆဲပင်ဖြစ်သည်။

ဝ ဝ ဝ

လူရွယ်က ရှန်းလီကို မျက်မှောင်ကုပ်၍ကြည့်နေ၏။

'ကျုပ်စကားထဲမှာ ရယ်စရာပါသွားလို့လားဗျ'

သူ၏အသံမှာ အနည်းငယ်ခက်ထန်နေ၏။

ရှန်းလီက ရယ်မောနေရာမှရပ်တန့်လိုက်၏။

လူရွယ်ကို လက်ညှိုးထိုးလိုက်ပြီး...



'ကျုပ်က နတ်မျက်စိ ဗေဒင်ဆရာ ရှန်းလီပါပဲဗျာ၊ ခါပေမယ့် ခုတော့ မင်းက ကျုပ်ကိုပြန်ပြီး ဗေဒင်ဟောနေတယ်၊ ကျုပ် မရယ်သင့်ဘူးလား'

လူရွယ်၏မျက်နှာမှာ ပြုံးယောင်သန်းလာလေသည်။

'ကျုပ်က ဘာမျှားဗေဒင်ဟောနေလို့လဲဗျ'

ရှန်းလီက...

'မင်းက ကျုပ်ကိုမသိဘဲ ဗေဒင်ဆရာလို့ တပ်အပ်ပြောနိုင်တယ်လေ'

လူရွယ်၏အပြုံးမှာ ပိုပြင်လာ၏။

သူ၏ နဂိုခန့်ညားသော မျက်နှာတွင် ပြုံးလိုက်သောအခါ ပို၍ ခန့်ညားလာလေ၏။

ရှန်းလီက သူ့အားစိုက်ကြည့်လိုက်ပြီး...

'ကျုပ်မှာဗေဒင်ဆရာဆိုတာ မင်းသိပြီး သားပဲ၊ မင်းကို ဗေဒင်တွက်ပေးရင် လက်ခံမလား'

လူရွယ်က တွေဝေသွားလေသည်။

သူသည် ဗေဒင်တို့ နတ်တို့အား အယုံအကြည်မရှိပါ။

သို့သော်...

ရှန်းလီသည် သာမန်ဗေဒင်ဆရာမဟုတ်ပဲ တစ်မူထူးခြားသူ ဖြစ်ရမည်ဟု ယုံကြည်လာ၏။

သူသည် ဘာကြောင့်လာပြီး ဗေဒင်မေးရန် ဆုံးဖြတ်လိုက်လေသည်။

'ဗေဒင်ဟောခ ဘယ်လောက်ယူသလဲဗျ'

ရှန်းလီက အားရပါးရပြုံးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အခကြေးငွေက အကြောင်းမဟုတ်ပါဘူး၊ မင်းပေးချင်သလောက်ပဲပေး၊ မပေးရင်လဲရပါတယ်၊ ကျုပ်က မင်းကို စေတနာနဲ့ တောမှာပါဗျ'

လူရွှယ်က ပြုံးလိုက်သည်။

ထိုသည် ရှန်းလီအား အနည်းငယ်ခင်မင်လာသည်။

'ကဲ…ကျုပ်က ဗေဒင်မေးတာတော့မဟုတ်ပါပြီဗျာ၊ ကျုပ်ကမေးမှ ခင်ဗျားက ဖြေမှာလား၊ ဒါမှမဟုတ် ကျုပ်ကိုကြည့်ပြီးခင်ဗျားက ဟောမှာလား'

ရှန်းလီက…

'နှစ်ခုစလုံးရပါတယ်၊ မင်းသဘောပါ'

လူရွှယ်က လှို့ဝှက်စွာပြုံးလိုက်၏။

'ကောင်းပြီ၊ ကျုပ်မေးမယ်'

ရှန်းလီက…

'ကောင်းပါပြီဗျာ'

လူရွှယ်က…

'အခုလတ်တလော ကျုပ်စိတ်ထဲမှာ ဘာတွေ ခံစားနေရသလဲ'

ရှန်းလီသည် လူရွှယ်အား သေသေချာချာ ကြည့်လိုက်လေသည်။

သူ၏မျက်နှာတွင် အရိပ်အယောင်တချို့ စွန်းထင်နေသည်။

သူက ချက်ချင်းအဖြေမပေးသေးပါ။

လူရွှယ်က ပြုံးလိုက်၏။

'ခင်ဗျားမဖြေနိုင်တော့ဘူးမဟုတ်လား'



ရှန်းလီက သက်ပြင်းချလိုက်၏။

'ကျုပ်က ဘာဖြစ်လို့ မပြောနိုင်ရမှာလဲဗျ'

လူရွှယ်က…

'ဒါဖြင့် ဘာဖြစ်လို့မပြောတာလဲဗျ'

ရှန်းလီက…

'ကျုပ်အမှန်အတိုင်းပြောရင် မင်းစိတ်ဆင်းရဲသွားမှာစိုးရိမ်လို့ပါကွာ'

၀ ၀ ၀

ရှန်းလီစကားကြောင့် လူရွှယ်က စိတ်ဝင်စားလာသည်။

မပြောချင်၍ ချန်ထားသောစကားကို လူတွေက ပို၍သိချင်သည် မဟုတ်ပါလား။

ယခုလည်း လူရွှယ်သည် ရှန်းလီပြောမည့်စကားကို ပို၍စိတ်ဝင်စားလာ၏။

သူက ရယ်မောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားပြောမယ့်စကားကို ကျုပ်က အနှောင့်အယှက်မပြုပါဘူး၊ ပြောစရာရှိတာ ပြောပါ၊ ဒါပေမယ့် တစ်ခုတော့ သတိပေးရမယ်'

ရှန်းလီက ...

'ဘာများလဲဗျ'

လူငယ်က...

'ခင်ဗျားတော့ပြောတဲ့အခါ အတတ်နိုင်ဆုံး မှန်အောင် ပြောရမယ်'

ရှန်းလီက ဝင့်ကြွားစွာပြုံးလိုက်သည်။

'ဒါတော့ စိတ်ချ၊ ကျုပ်က အမှန်အတိုင်းပဲ ပြောတတ်တယ်'

လူငယ်က—

'ကောင်းပြီ ခင်ဗျားတွေ့သမျှ ဖော်တော့'

ရှန်းလီက တစ်စုံတစ်ခုကို တိုးတိုးရွတ်ဆိုနေ၏။

ဉာဏ်နှင့်ဖဏ်တို့ နှိုးထွင်ယူလေ၏။

မျက်လုံးအစုံကို မှိတ်ပြီး နတ်သကြားများကို တိုင်တည် နေပုံရလေ၏။

အတန်ကြာမှ မျက်လုံးဖွင့်လိုက်ပြီး စတင်ဟောပြောလိုက် လေသည်။



လူရွယ်က ငြိမ်သက်စွာ နားထောင်နေ၏။

ရှန်းလီက

'မင်းဟာ ငယ်ရွယ်သူဖြစ်တဲ့အတွက် အောင်မြင်လိုစိတ် ရှိမယ်၊ ဘဝတစ်လျှောက်လုံးမှာ အောင်မြင်လိုတဲ့ဆန္ဒရှိမယ်'

လူရွယ်က ပြုံးလိုက်သည်။

အောင်မြင်ကျော်ကြားခြင်းကို ငယ်ရွယ်သည့်လူတိုင်း မမက်မောသည် မဟုတ်ပါလေ။

ရှန်းလီ၏ဟောပြောချက်မှာ မှန်ကန်နေ၏။

သို့သော်

ဤအချက်ကို လူတိုင်းက နားလည်သိရှိထား၍ အထူး အဆန်း မဟုတ်ပါ။

ရှန်းလီသည် ပြုံးနေသည့်လူရွယ်ကို ကြည့်၍ ပြုံးလိုက်လေ သည်။

လူရွယ်၏အပြုံး၌ တစ်စုံတစ်ခုပြောချင်ဟန် ပေါ်လွင်နေ သည်။

သူ့အား ဝေဖန်လိုခြင်းပင်ဖြစ်သည်ကို ရှန်းလီက နားလည် လိုက်သည်။

ကိစ္စမရှိပါ။

အကယ်၍ သူက ထပ်ပြောလိုက်လျှင် လူငယ်၏မျက်နှာ ထား ပြောင်းလဲသွားပေလိမ့်မည်။

သူက နားမလည်သူများကို လိမ်ညာသည့် ဗေဒင်ဆရာ မဟုတ်ကြောင်း သက်သေပြရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ခန္ဓာကိုယ်တော့ ကျန်းမာသန်စွမ်းတဲ့အတွက် ရုတ်တရက်ကြည့်ရင် မင်းဟာ လက်ရှိဘဝမှာ စိတ်ပျော်ရွှင် ချမ်းမြေ့တဲ့ လူငယ်လို့ထင်နိုင်ပါတယ်၊ ဒါပေမယ့်'

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားနှင့် လိုက်တော့သည်။

လူရွယ်၏ မျက်နှာ ပြောင်းလဲလာမည်ဟု သူထင်ထားသည်။

သို့သော်...

လူငယ်၏ မျက်နှာသည် ပြောင်းလဲခြင်း အလျဉ်း မရှိပါချေ။

ရှန်းလီ စကားဆက်၏။

'မင်းရဲ့ အပြင်ပန်းကို ကြည့်ရင် ပျော်ရွှင်ပုံရပေမယ့် စိတ်ဝေဒနာ တစ်ခုခု ခံစားနေရတယ်ဆိုတာ မင်းမျက်လုံးမှာပေါ်လွင်နေတယ်'

ဤတစ်ကြိမ်တွင်...

လူငယ်မှာ မအံ့သြဘဲ မနေနိုင်တော့ချေ။

'ကျုပ် မျက်လုံးက ဘာတဲ့လဲ'

ရှန်းလီ သက်ပြင်းချ၍...

'ဟုတ်ပါတယ်၊ မင်း မျက်လုံးဟာ သိမ်းငှက်လို စူးရှတောက်ပ ရဲရင့်နေပေမယ့် နောက်ကွယ်မှာတော့ တစ်စုံတစ်ခုအတွက် စိုးရိမ်နေတယ်'

လူငယ် သက်ပြင်းကို လေးပင်စွာ ချလိုက်၏။

ရှန်းလီ၏ ပြောစကားမှာ မှန်နေသည်။



သူ ဝန်ခံမိလေ၏။

'ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ'

ဝ ဝ ဝ

ရှန်းလီ ဝမ်းသာသွားလေသည်။

သူက လူငယ်အား ကြည့်၍ ဆက်ပြော၏။

'မင်း ခံစားနေရတာ တခြားတော့ မဟုတ်ဘူး၊ လူတစ်ယောက် အတွက်...'

လူငယ် ပါးစပ်ပိတ်ယသွား၏။

ရှန်းလီက...

'လူတစ်ယောက် အတွက် စိုးရိမ်တာဟာလဲ အဲ့ဒီလူကို မင်းသိပြီး တွေ့ချင်တယ်၊ မတွေ့ရမှာကိုလဲ စိုးရိမ်တယ်၊ ဘယ့်နှယ်လဲ...မှန်ရဲ့လား'

လူငယ်၏ စူးရှတောက်ပသော မျက်လုံးအစုံသည် ပို၍ ဝင်းလက်လာလေသည်။

ရှန်းလီကို အဖြေမပေးဘဲ ထပ်၍ မေးခွန်း ထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပြောတာ မသိုးဘူးဗျ၊ ဒါပေမယ့် ကျုပ်သတ်ချင်တဲ့လူ ဘယ်သူလဲ ဆိုတာ ပြောပြနိုင်မှ ခင်ဗျားကို မှန်ကန်တဲ့ ဗေဒင်ဆရာလို့ ကျုပ်ယုံကြည်မယ်'

ရှန်းလီမှာ သဘောကျလွန်းသဖြင့် အားရပါးရ ရယ်မောလိုက်သည်။

○ ○ ○

အတန်ကြာသော်မှ ရယ်မောခြင်းကို ရပ်တန့် လိုက်လေသည်။

'ခင်ဗျား သိပ်တွေ့ချင်တဲ့လူဟာ မိန်းကလေးတစ်ယောက်ပါ၊ အဲဒီမိန်းကလေးကြောင့် မင်းအသက် ဆုံးရှုံးမှာကိုလဲ စိုးရိမ်ပါတယ်'

ရှန်းလီက 'ဘယ်လိုလဲ' ဆိုသော အမူအရာဖြင့် လူငယ်အား ကြည့်လိုက်၏။

လူငယ်က ဟန်မဆောင် နိုင်တော့ပါချေ။

ရှန်းလီကို လွန်စွာ စိတ်ဝင်စားလာ၏။

ရှန်းလီသည် သူ့အား ကူညီ ထောက်ပံ့မှုများ ပေးနိုင်လိမ့်မည်ဟု ယုံကြည်၏။



သူက ဆိုင်လုလင်များကို ခေါ်၍ အရက်နှင့် ပင်လယ်စာတို့ကို မှာယူလိုက်၏။

ထို့နောက်

ရှန်းလီအား လေးစားစွာ ဦးညွှတ်၍ ဖိတ်ခေါ် လိုက်လေသည်။

'ဟဲ... မိတ်ဆွေကြီး၊ အေးအေးဆေးဆေး သုံးဆောင်ပါဦးဗျား၊ ပြီးမှ ပြောစရာရှိတာကို ဆက်ပြောကြတာပေါ့'

ရှန်းလီက ပြုံးရင်း...

'ကျုပ်ဆီမှာ ပြောစရာ စကား ကျန်သေးလို့လား'

လူငယ် ပြုံးရင်း...

'အများကြီး ကျန်သေးတာပေါ့ဗျာ၊ ပြီးတော့ ခင်ဗျားကိုယ်တိုင်လဲ ပြောပြချင်လိမ့်မယ်လို့ ယုံကြည်တယ်လေ'

ရှန်းလီက အူလှိုက်သည်းလှိုက် ရယ်ပြန်၏။

ထို့နောက်

လူငယ် တည်ခင်းသော စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှန်းလီသည် စားသောက် ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်ရာ တစ်ခဏ အတွင်းမှာပင် တက်တက်စင် ပြောင်သွားလေ၏။

သူသည် လက်ကျန် အရက်တစ်ခွက်ကို မော့သောက်သွီး၏ပြီး...

'အားပါး...စားလို့ ကောင်းလိုက်တာ၊ ကျုပ်ကို အခုလို ကျွေးမွေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်ဗျာ'

လူငယ်သည် ရှန်းလီ စားသောက်ပုံကို ကြည့်၍ သဘောကျနေ၏။

သူ လက်ကာပြ၏။

'ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ'

ရှန်းလီ ပြုံးလိုက်ပြီး...

'ဒီလို ဘယ်ဟုတ်ပါ့ မလဲ၊ မင်းကျွေးတာ စားပြီးမှတော့ မင်းအတွက် တစ်ခုခု လုပ်ပေးရမှာပေါ့'

လူငယ်သည် ရှန်းလီ၏ စကားကြောင့် ဝမ်းသာသွားမိသည်။

'ဒါဆိုရင်လဲ ဘယ်လိုမှ သဘောမထားပါနဲ့၊ ကျုပ်မေးတဲ့ မေးခွန်းနှစ်ခု ဖြေပေးပါလားဗျာ'

ရှန်းလီက...

'ကောင်းပြီ၊ ကျုပ် သိသမျှ ပြောပြမယ်'

လူငယ် မျက်နှာကို တည်လိုက်၏။



သူပြောမည့် စကားကို တစ်ဖက်လူက အလေးထားစေရန်နှင့် သူကိုယ်တိုင်က ကိုယ့်ကိုယ်ကို ယုံကြည်ရန် ဖြစ်လေတော့သည်။

သူက ရှန်းလီ၏ မျက်နှာကို စိုက်ကြည့်ရင်း...

'ခင်ဗျား...ယမမင်း ကျွန်းကို ရောက်ဖူးသလား'

ရှန်းလီ၏ မျက်နှာသည် ရှုံ့မဲ့သွား၏။

'အမယ်လေး...ယမမင်းကျွန်းကို သွားဖို့ မပြောနဲ့ အနားတောင် မကပ်ရဲဘူး'

လူငယ်၏ မျက်နှာသည် အလွန်အမင်း စိတ်ပျက် သွားဟန်ပေါ်လွင်နေသည်။

'ဟုတ်...ဒါဆိုရင် ခင်ဗျားက ယမမင်းကျွန်း အကြောင်း ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ကျုပ်ကရော ခင်ဗျား စကားကိုဘယ်လိုလုပ် ယုံကြည်ရမှာလဲ'

ရှန်းလီက အမန်းအတန်း ထက်ထက် လိုက်၏။

'နေပါဦး၊ ကျုပ်က နတ်မျက်စိပေဒင်ဆရာဆိုတာကို မေ့နေပြီလားဗျ'

လူငယ်က နှာခေါင်းရှုံ့လိုက်သည်။

'ပေဒင်ဆရာဆိုတာနဲ့ အားလုံးကိုသိရသလားဗျ၊ မဖြစ်နိုင်တာ ခင်ဗျားက ယမမင်းကျွန်းပေါ်မှ မရောက်ဖူးဘဲနဲ့ ခင်ဗျားပြောတဲ့ ယမမင်းကျွန်းအကြောင်းကို ကျုပ်က ယုံရမှာလားဗျ'

ရှန်းလီသည် လူငယ်နှင့်စကားပြောရင်း လူငယ်၏စိတ်ကို နှစ်ချိုလည်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်သည် စကားကို ခပ်ရှင်းရှင်းပြောတတ်၏။ သူ့ကိုလည်း ခပ်ရှင်းရှင်းပြောမှ သဘောကျသူဖြစ်၏။ ထို့ပြင်—

သူကိုယ်တိုင် ယမမင်းကျွန်းပေါ် မရောက်ဖူးသော်လည်း ယမမင်းကျွန်းအကြောင်း သူ့ထက်ပိုသိသူမရှိဟု ယုံကြည်ထားသူဖြစ်၏။

ရှန်းလီက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ကျုပ်ကိုယ်တိုင် မရောက်ဖူးပေမယ့် ယမမင်းကျွန်းပေါ် သွားတဲ့ လူအတော်များများကို မေး လေ့လာခဲ့ဖူးတယ်၊ သူတို့ရဲ့ လှုပ်ရှားမှုကို တိတ်တဆိတ်လေ့လာရင်း ယမမင်းကျွန်းကို ဘယ်လိုသွားမယ်ဆိုတာ ကျုပ်သိထားပါတယ်'

ထိုစကားကို ကြားလိုက်ရသောအခါ လူငယ်သည် ထခုန်မိမတတ် ဝမ်းသာသွားလေသည်။

၀ ၀ ၀

ရှန်းလီသည် လူငယ်အား စိုက်ကြည့်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် တက်ကြွသော အရိပ်အယောင်များ ပေါ်လွင်နေ၏။



'ယမမင်းကျွန်းနဲ့ ပတ်သက်ပြီး ကျုပ်သိချင်တယ်၊ ခင်ဗျား ပြောပြနိုင်မလား'

ရှန်းလီက—

'ကျုပ်ပြောပြီးပြီလေ၊ မင်းမေးချင်တာမေး၊ ကျုပ်ဖြေမယ်'

လူသည် မျက်မှောင်ကြုတ်၍ အနည်းငယ်စဉ်းစားလိုက်သည်။

'ယမမင်းကျွန်းပေါ် တက်သွားတဲ့လူတွေ ပြန်ဆင်းမလာတာ တကယ်လား'

ရှန်းလီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူက—

'တစ်ယောက်တလေတောင် ပြန်ဆင်းမလာဘူးလား'

ရှန်းလီက—

'ယမမင်းကျွန်းရဲ့ လျှို့ဝှက်ချက်ကိုသိချင်လို့ တက်သွားတဲ့လူ ဆယ်ရာနီးပါးရှိတယ်၊ ဒါပေမယ့် တစ်ယောက်မှပြန်ဆင်းလာတာကို မတွေ့ရဘူး'

သူက—

'အဲဒီလူတွေ ဘယ်ရောက်သွားလို့လဲ'

ရှန်းလီက အဓိပ္ပာယ်ရှိစွာ ပြုံးလိုက်သည်

'အေး…မင်းမေးသလို လူတိုင်းကမေးချင်တယ်၊ သိချင်တယ်ကွ၊ ဒီကျွန်းပေါ်ရောက်သွားသူတိုင်း ဘာကြောင့်ပြန်ဆင်းမလာကြတာလဲဆိုတာ လူတိုင်းစိတ်ဝင်စားတယ်'

သူ၏မျက်နှာ အနည်းငယ်တင်းမာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ရှန်းလီက မေးသည်ကိုမဖြေဘဲ ဓားကိုလှုံ့လွဲ ပြောနေကြောင်းကို နားလည်လိုက်သည်။

သူက ပြုံးလိုက်သည်။

'စိတ်ဝင်စားတဲ့လူတွေထဲမှာ ခင်ဗျားလဲပါတယ် မဟုတ်လား'

ရှန်းလီသည် ရုတ်တရက် အမေးခံလိုက်ရသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သို့သော်...

ချက်ချင်းပင် ပြုံး၍ ခေါင်းခါလိုက်၏။

'ကျုပ်မပါဘူး၊ ကျုပ်က ယမမင်းအကြောင်း တော်တော်များများသိထားတော့'

သူက ဓားကို တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်၏။

လူငယ်က သိချင်စိတ်ကိုမထိန်းနိုင်တော့ဘဲ

'ခင်ဗျား ဘာတွေသိထားသလဲ'

ရှန်းလီ ပြုံးလိုက်၏။

'မင်း သိပ်သိချင်လို့လား'

လူငယ် ပါးစပ်ပိတ်ထားလိုက်လေသည်။

○ ○ ○



ရှန်းလီက လူငယ်အား ကြည့်၍—

'စိတ်ချပါ၊ ကျုပ်ကလဲ မင်းကို ပြောချင်လို့ တမင်သက်သက် လာခဲ့တာပါ'

လူငယ်က အနည်းငယ်အံ့သြသွား၏။

ရှန်းလီသည် သူ့ကို အထောက်အကူပြုနိုင်လိမ့်မည်ဟုလည်း ယုံကြည်လာသည်။

'ကောင်းပြီ၊ ခင်ဗျားပြောမယ်ဆိုလဲ မြန်မြန်ပြော၊ အချိန်ဆွဲမနေနဲ့၊ ခင်ဗျားဗေဒင်ဟောခ လိုချင်ရင်လဲ ကျုပ်ပေးမယ်'

ရှန်းလီက လက်ကာပြ၏။

'ဒီမှာ လူငယ်၊ ကျုပ်ကို အထင်မလွဲပါနဲ့၊ ကျုပ်ကငွေညှစ်ချင်လို့ ပြောတာမဟုတ်ဘူး'

'ကဲ ဒါဖြင့်လဲ ပြောတော့ဗျာ'

ရှန်းလီသည် လူငယ်မှာ အလွန်စိတ်လှုပ်ရှားနေကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့်

သူက အရက်တစ်ခွက်ကို အချိန်ဆွဲကာ သောက်လိုက်သည်။

လူငယ်က လုံးဝစိတ်မရှည်တော့ပါ။

သို့သော်...

ဘာမှမပြောဘဲ ရှန်းလီကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်နေလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခွက်လုံးကုန်တော့မှ ရှန်းလီသည် ခွက်ကို စားပွဲ ပေါ်သို့ အသာအသာချလိုက်၏။

'ယမင်းကျွန်းရဲ့ အဖြစ်အပျက်တွေဟာ တော်တော် လေး လျှို့ဝှက်တယ်၊ မင်းကို တစ်ထိုင်တည်း ရှင်းပြဖို့ မလွယ် ဘူး'

လူငယ်က

'ရပါတယ် ဟုတ်နိုင်သလောက် အကျဉ်းချုပ်ပြောပါ နည်း နည်းပါးပါး သိရရင် တော်ပါပြီ'

ရှန်းလီအနည်းငယ်စဉ်းစားလိုက်၏။

'ကဲ ဒီလိုဆိုရင် မင်းသိချင်တဲ့အချက်ကို မေး၊ ကျုပ် ဖြေ မယ် လိုအပ်လာရင် ကျုပ် ဖြည့်စွက်ပြောပြမယ်ဘယ်လိုလဲ'

'ကောင်းတယ်'

လူငယ်က သဘောတူလိုက်၏။

ရှန်းလီ ပြောပြလျှင် စကားရှည်နေပေဦးမည်။

တိုက်ရိုက် မေးမြန်းမှသာ လိုရင်းအချက်ကို သိနိုင်မည် မဟုတ်ပါလား။

'ကဲ ကျုပ် စမေးမယ်နော် ယမင်းကျွန်းမှာ သမီးတော် တစ်ပါးရှိတယ်ဆိုတာ တကယ်ပဲလား'

ရှန်းလီ အခက်တွေ့သွား၏။

ယမင်းတွင် သမီးတော် တစ်ပါး ရှိနေသည် ဆိုခြင်းမှာ ပါးစပ်ပြော သာဖြစ်သည်။

သို့သော်...



ယမင်းကျွန်းတွင် သမီးတော် လျှန်မိန်ရှိခဲ့သည်မှာ မှန် သည်။

သို့သော်...

ထိုယမင်း၏ သမီးတော်သည်သွေးသားဖြင့်တည်ဆောက် ထားသော အသက်ရှိလူသားတစ်ဦးမဟုတ်သဖြစ်သည်။

ရှန်းလီ ပခုံးတစ်ချက်တွန့်လိုက်သည်။

'ယမင်းရဲ့ သမီးတော်လျှန်မိန်လို့ ပြောရင် ပိုမှန်လိမ့်မယ်'

လူငယ်က...

'ဟုတ်ပြီ ယမင်းသမီးတော် လျှန်မိန် ရှိတယ်ဆိုတာ အမှန် တကယ်ပဲ ဟုတ်လား'

လူငယ်က

'အဲ့လျှန်မိန်ကိုသွားတွေ့တဲ့ လူတွေက ထိပ်တန်းသိုင်းသမား တွေဆို'

ရှန်းလီက

'ဟုတ်ပါတယ်'

လူငယ်က

'သူတို့က ဘာကြောင့် ပြန်ဆင်းမလာနိုင်တာလဲ'

ရှန်းလီ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

စားသောက်နေသူများက သူတို့အားဂရုမစိုက်ကြပါ။

ဆူညံစွာပြောရင်းစားသောက်နေကြသည်။

ရှန်းလီက အသံတိုးတိုးဖြင့်...

'ယမင်းကျွန်းပေါ် ရောက်သွားတဲ့ လူတွေဟာ ငရဲပြည် သို့ ရောက်သွားတယ်လို့အဆိုရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က

'ငရဲပြည်ကို ရောက်သွားတယ် ဟုတ်လား'

ရှန်းလီက

'ဟုတ်တယ် ယမမင်းကျွန်းမှာ တွင်းကြီးတစ်ခုရှိတယ်၊ အဲ့ဒီတွင်းကြီးထဲဆင်းရင် ငရဲပြည်ကို ရောက်တယ်လို့ ပြောကြတာပါဗျ'

လူငယ်လေးရွှင်ပြုံးပြုံးလိုက်၏။

သူသည် အဓိပ္ပာယ်မရှိသော ယူဆရသော စကားမျိုးကို လက်မခံနိုင်ပါ။

သူကိုယ်တိုင် လက်တွေ့စမ်းသပ်၍ ရမှသာ ယုံကြည်သူ ဖြစ်သည်။

ထို့ကြောင့်

သူက ရှန်းလီကို စေ့စေ့ ကြည့်ကာ—

'ငရဲပြည်ဆိုတာ တကယ်ရှိသလားဗျ'

ရှန်းလီ မျက်လုံးပြူးသွား၏။

သူ၏ မျက်လုံးထဲတွင် အရိပ်အယောင်တစ်မျိုးဖြစ်သွားလေလေ၏။

ဤလူငယ်သည် အားခြခံကျကျ ရှင်းပြမှသာ လက်ခံသော လူငယ်ဖြစ်သည်။

ထို့ကြောင့်

ကြားဖူးနားဝရှိကြောင်းကို ရှင်းပြရပေလိမ့်မည်။

'ဒါတော့ ကျုပ်ကိုယ်တိုင် လက်တွေ့ မရောက်ဘူးလို့ မသိဘူး၊ ကျုပ်လဲကြားတာပဲပြောပြတာ'



ရှန်းလီ အနည်းငယ်ထိတ်လန့်နေသည့် မျက်ဝန်းကြောင့်—

လူငယ်က အားတုံ့အားနာဖြစ်သွား၏။

'ကျုပ်သိချင်လောလို့ အလောတကြီးမေးမိတာ တောင်းပန်ပါတယ် စိတ်မဆိုးပါနဲ့'

ရှန်းလီ ထိတ်လန့်မှုပြေသွားဟန်ဖြင့်—

'စိတ်မဆိုးပါဘူး၊ ကျုပ် အဖြေကိုကောင်းစွာ မပေးနိုင်တာကိုပဲ ဝမ်းနည်းပါတယ်'

လူငယ်က

'ဒါဖြင့် ဝမ်းနည်းမနေနဲ့တော့ ခင်ဗျားဖြေနိုင်မယ့် မေးခွန်းပဲ မေးတော့မယ်'

ရှန်းလီက

'ကောင်းပါပြီဗျာ'

လူငယ်က မျက်နှာတည်တည်ဖြင့်—

'ကျုပ်ဒီကို မလာခင် ယမမင်းကျွန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ကြားထားတဲ့လူတွေဆီစုံစမ်းခဲ့တယ်ဗျ'

သူက ပြောရင်း ရှန်းလီကို အကဲခတ် ကြည့်လိုက်၏။

ရှန်းလီက စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ စကားဆက်လိုက်၏။

'ကျုပ် ကြားခဲ့တဲ့အထဲမှာ အဲဒီကျွန်းပေါ် တက်သွားတဲ့လူတွေဟာ ကိုယ်ပိုင်အသိဉာဏ်ပျောက်ပြီး လူအကောင်းတစ်ဦးလို နေနိုင်တယ်လို့ပြောကြတယ်၊ အဲဒါ အမှန်ပဲလား'

ရှန်းလီ မျက်နှာ ပြုံးယောင်သန်းလာ၏။

'ကိုယ်ပိုင်အသိဉာဏ်ပျောက်တယ်ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က

'ဟုတ်ပါတယ်၊ တချို့အသက်ဆုံးရှုံးကြတယ်၊ တချို့ ရူ
တော့လဲ၊ ဆေးတစ်မျိုးမိရွှေးတဲ့အတွက် ကိုယ်ပိုင် အသိဉာဏ်
ပျောက်ပြီး ယမမင်း ညမ်းတော်ခိုင်းသမျှကို လူကောင်းတစ်ဦ
လိုလုပ်နိုင်တယ်တဲ့'

ရှန်းလီက လူငယ်ကိုစိုက်ကြည့်လိုက်၏။

ထိုနောက်

သူ၏ နှုတ်ခမ်းကို ပြန်းခနဲရိုက်လိုက်၏။

'ဟုတ်လိုက်လေကွာ၊ မင်း ဒီလောက် သိထားမယ်လို့ ကျု
ထင်မိဘူး'

လူငယ် လက်အာပြ၏။

'သိပ်လဲ အထင်မကြီးပါနဲ့ ကျုပ်က အဲ့ဒီလောက်ပဲ့သိတာ
ပါ၊ ဒီထက်ပိုမသိတော့ပါဘူး'

ရှန်းလီက

'မင်း ဒီလောက်သိထားရင်ပဲ လုံလောက်နေပြီဥစ္စာ'

လူငယ်က

'ဘယ်လုံလောက်မလဲ၊ ကျုပ် ဒီထက်ပိုသိချင်လို့ ခင်ဗျားကိ
မေးတာပေါ့'

ရှန်းလီက

'ကျုပ်လဲ မင်းအခုသိတာလောက်ပဲသိတာပေါ့'

လူငယ်မျက်နှာ ရှက်ခြည်တင်းမာလာ၏။

'မဖြစ်နိုင်ဘူး၊ ခင်ဗျားလိမ်ပြောနေတာ'



ရှန်းလီ စကားမပြောတော့ပါ။

လက်ထဲမှ ဝါးဗူးလေးကိုသာစိုက်ကြည့်နေလိုက်၏။

ဝ ဝ ဝ

လူငယ်သည် ရုတ်တရက် လက်တစ်ဖက်ကိုရှေ့သို့ဆန့်ထုတ်
သည်။

ရှန်းလီ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်ခြင်းဖြစ်လေ
သည်။

သူ အနည်းငယ် အားစိုက်လိုက်ခသာ အခါ—

ရှန်းလီ မျက်နှာရှုံ့မဲ့သွား၏။

လူငယ်က

'မပြောပါခင်ဗျား ကျုပ်ထက်ပိုသိဘယ်ဟုတ်လား'

ရှန်းလီက သက်ပြင်းချလိုက်၏။

သူက လူငယ်ကို အရှုံးသက်မိသွား၏။

ထိုကြောင့်

ယမမင်းကျွန်းအကြောင်းကို ထပ်မံမပြောလိုတော့ပါ။

အဲ့ဒီကျွန်းပေါ်သို့ လူငယ် သွားမည်ဆိုလျှင် ပြန်တွေ့ရန်
အလွန်ပင်မလွယ်ကူတော့ပါ။

www.burmeseclassic.com



ထူးသည် လှငယ်ကို ချစ်မင်လာပြီဖြစ်၏။

ထို့ကြောင့်

အဲ့ဒီကျွန်းအကြောင်းကိုမမေးတော့ဘဲ ငြင်းဆန်ရန်ဆုံးဖြတ်လိုက်သည်။

သို့သော်....

လှငယ်က အတင်းအကျပ်မေးလာချေပြီ။

မဖြေလျှင် သူအား အန္တရာယ်ပြုတော့မည်လားမသိပါ။

ရှန်းလီ မျက်နှာရှုံ့မဲ့ရင်း—

'ကျုပ်လက်ကို အရင်လွှတ်ဦး၊ ပြီးမှ စကား ပြောကြတာပေါ့'

လှငယ်က လက်ကို လွှတ်မပေးသည့်အပြင် မျက်နှာထားတင်းတင်းဖြင့်....

'မလွှတ်နိုင်ဘူးဗျ၊ ကျုပ်သိချင်တာကို ပြောပြမှ လွှတ်မယ်'

ရှန်းလီ သက်ပြင်းချလိုက်၏။

သူ၏ စေတနာကို လှငယ်က တချိန်တွင် သဘောပေါက်လာပေလိမ့်မည်။

'ကောင်းပြီ၊ ကောင်းပြီ၊ မင်းသိတာထက် ကျုပ်ပိုသိတယ် ကျုပ် ပြောပြမယ်'

လှငယ်က

'ခင်ဗျားတကယ်ပြောတာလား'

ရှန်းလီ ခေါင်းညိတ်လိုက်၏။

လှငယ် လက်ကိုလွှတ်ပေးလိုက်၏။

ရှန်းလီ လက်ကိုပွတ်သပ်ဆုတ်နယ်ရင်း—



'ဒီမှာ ညီငယ် မင်း သိပ်စိတ်မြန်တယ်၊ စိတ်မြန်တဲ့ လူဟာ အမှားနဲ့တွေ့တတ်တယ်ကွယ့်'

လှငယ် တောင်းပန်လိုက်၏။

'စိတ်မရှိပါနဲ့၊ ကျုပ် စိတ်အောကြီးသွားလို့ပါ'

ရှန်းလီက

'ထားပါတော့လေ၊ မင်းမေးတာကို ကျုပ်က ဘာဖြစ်လို့ မဖြေချင်တာလဲ သိလား'

လှငယ်က

'ဘာဖြစ်လို့လဲ'

ရှန်းလီက

'မင်းလို ငယ်ရွယ်နုနယ်တဲ့ လူငယ်တစ်ယောက်ဟာ လျှို့မိန်း နိုင်းတာကို လုပ်ရတဲ့ အသိဉာဏ်ကောင်းမဲ့တဲ့လူတစ်ယောက် ဖြစ်သွားမှာ စိုးရိမ်လို့ကွ'

လှငယ်သည် လက်နှစ်ဖက်ဆုပ်၍ အရိုအသေပေးလိုက်၏။

'ခင်ဗျား စေတနာကို အသိအမှတ်ပြု လေးစားပါတယ်ဗျာ၊ ကျွန်တော့်ကို'

သူ စကားမဆုံးမီ ရှန်းလီ လက်ကာပြလိုက်၏။

'ရပါတယ်၊ တောင်းပန်စရာမလိုဘူး၊ မင်းကို တားမရမယ့် အတူတူ မင်းသိတာကို ပြောပြခြင်းနဲ့ မင်းကို ကူညီရတော့မှာပေါ့'

လှငယ်က

'ခင်ဗျားကျုပ်ကို ကူညီဖို့ ဆုံးဖြတ်ပြီးသား မဟုတ်လား'

ရှန်းလီက

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

လူငယ်က

'အဲဒါဘာဖြစ်လို့လဲ'

ရှန်းလီ လူငယ်ကို စေ့စေ့ကြည့်လိုက်၏။

'စကားမစပ် မင်းကို ဗေဒင်တစ်ခုဟောရဦးမယ်'

လူငယ်က

'ဘာများလဲဗျ'

ရှန်းလီက

'မင်းကို ယမမင်းကျွန်းအကြောင်းပြောတာ ကုန်သည်ရှန်းယင်မဟုတ်လား'

လူရှယ် အံ့အားသင့်သွားလေ၏။

ရှန်းလီကို မယုံကြည်နိုင်စွာကြည့်လိုက်၏။

'ကုန်သည်ရှန်းယင်ကို သိတယ်ဟုတ်လား'

ရှန်းလီ ခေါင်းညိတ်လိုက်၏။

လူရှယ် ခေါင်းငြင်းခါလိုက်၏။

သူက ငြင်းဆန်၍ မရပါ။

သူ့ကို ယမမင်းကျွန်း အကြောင်း ပြောခဲ့သူမှာ ကုန်သည် ရှန်းယင်ဖြစ်နေသည် မဟုတ်ပါလား။

* * *



လူရှယ်သည် ရှန်းယင်၏ စကားကို စိတ်ဝင်စားရာမှ ယခု ဤနေရာသို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

လူရှယ်က ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်ဗျာ ကုန်သည်ရှန်းယင် ပြောလိုက်တာပါ'

ရှန်းလီ ဝင့်ကြွားစွာပြုံးလိုက်၏။

သူက ထပ်မံပြောလိုက်သည့် စကားတစ်ခွန်းသည်—

လူရှယ်အဖို့ ပို၍အံ့အားသင့်သွားစေ၏။

'ကျုပ်နဲ့ရှန်းယင်ဟာ ညီအစ်ကိုတော်တယ်ဗျ'

လူရှယ်မျက်လုံးပြူး၍ ပြန်မေးလိုက်၏။

ရှန်းလီက

'ဟုတ်တယ်'

လူရှယ် ဘာမှ မယုံကြည်နိုင်ဘဲဖြစ်နေ၏။

ကုန်သည် ရှန်းယင်သည် အလွန်ချမ်းသာသူ တစ်ယောက် ဖြစ်၏။

ယခု—

သူ့ရှေ့၌ ရှိနေသော ရှန်းလီသည် [illegible]ဗေဒင်ဆရာ တစ်ဦးသာ ဖြစ်၏။

မည်သို့ ဆွေသား တော်စပ် နေရပါသနည်း။

ရှန်းလီသည် လိမ်ညာ ပြောခြင်း ဖြစ်နိုင်သည်ဟု လူငယ် တွက်ဆမိ၏။

သူ၏ စိတ်သဘောကို ရိပ်မိသည့် ရှန်းလီက—

'ရှန်းယင်ဆို လူချမ်းနဲ့ ကျုပ် ညီအစ်ကို ဆော်ဘယ်လိုတော့ မင်းသက်ခံနိုင်မှာ မဟုတ်ဘူး၊ ကျုပ်ဆိုလဲ မင်းကို အသင်၊

www.burmeseclassic.com

www.burmeseclassic.com



အကြပ် မယုံနိုင်ပါဘူး၊ ဒါပေမယ့်…ယမမင်းကျွန်းအကြောင်းကို ပြောပြ တာကတော့ ရှန်းယင် ကိုယ်တိုင်ပဲ မဟုတ်ဘူးလား'

'အမှန်ပါပဲ၊ သူက တိုက်တွန်းလို့ ကျုပ်အခု ဒီနေရာကို ရောက်လာတာပေါ့'

'ယမမင်းကျွန်း အကြောင်းကို ကျုပ်က သိတန်သလောက် သိတယ်လို့ မင်းကို မပြောဘူးလား'

'ဟင့်အင်း…မပြောဘူး၊ ဒါပေမယ့်…သူက ပြောပါသေးတယ်'

'ဘာပြောတာလဲ'

'ယမမင်းကျွန်းအကြောင်းကို ပြောပြနိုင်တဲ့ လူတစ်ယောက် ရှိတယ်တဲ့၊ ဒါပေမယ့် ဘယ်သူဘယ်ဝါ ဆိုတာတော့ မပြောပြလိုက်ဘူး'

ရှန်းလံ အားပါးတရ ရယ်မိ၏။

'ဟား ဟား ဟား ကျုပ်အစ်ကိုက လူဌေး ကုန်သည် တစ်ယောက်၊ သူက ကျုပ် ဗေဒင်ဆရာ လုပ်နေတာကို သိပ် သဘောကျတာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်နာမည်ကို ဘယ် ပြောချင်ပါ့မလဲ'

လူငယ်သည် ရှန်းလံက စကားလမ်းကြောင်း ပြောင်း သွားမည်ကို စိုးရိမ်လာမိ၏။

လူသိလိုသည်မှာ ယမမင်း၏သမီးတော် လျှိုမိန်အကြောင်း ကိုသာ ဖြစ်၏။

ထို့ကြောင့် စကားဖြတ်လိုက်၏။



'ကဲ…ခင်ဗျားတို့ ကိစ္စကို ထားပါဦး၊ ကျုပ်ကို ယမမင်း ကျွန်း အကြောင်း ပြောပြပါ'

ရှန်းလံက…

'ကဲ…ကဲ…မင်းမေးချင်တာ မေး၊ ကျုပ်က ပြောဖို့ တာဝန် ဆုံးဖြတ်လိုက်ပြီ'

လူငယ် နားခေါင်းရှုံ့မိ၏။

'ခင်ဗျား ဒီလိုပဲ ပြောနေတာပဲ၊ ဒီတစ်ခါမှ မပြောရင် တော့ ကျုပ်အဆိုး မဆိုနဲ့တော့'

သူ အားရပါးရ ရယ်မိ၏။

လူငယ်လည်း ရယ်သည်။

သူ၏ စိတ်ထဲ၌ လူငယ်သည် ရယ်မောလိုက်သော အခါ ကလေးဆန်သွားသည်ဟု ထင်မှတ်မိလေ၏။

သူက ပို၍ နှာမြှောက်၏။

သို့သော်…

လူငယ့် မေးသမျှကို ဖြေမည်ဟုလည်း ဆုံးဖြတ်လိုက်လေ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လူတို့နှစ်ယောက်သည် အတန်ကြာမျှ ရယ်မောခြင်းကို ရပ်တန့်လိုက်၏။

ရှန်းလ်က...

'ကဲ...ကျုပ်ဖြေပါ့မယ်ကွယ်'

လူငယ်က

'ယမမင်းကျွန်းမှာ ယမမင်းရဲ့ သမီးတော် လျှိုမိန်ရှိတယ်ဆိုတာ တကယ်ပဲလား'

'တကယ်ပါပဲ'

'သူက ယမမင်းကျွန်းပေါ် တက်သွားသူ အားလုံးကို သတ်ပစ်တာပဲလား'

သူ ခေါင်းခါယမ်း၏။

'ကျုပ် ပြောပြီးပြီလေ၊ သူက ယမမင်းကျွန်းပေါ် တက်လာတဲ့ လူတွေထဲမှာ မလိုလားတဲ့လူကို ရှင်းပစ်တယ်၊ လိုအားတဲ့ လူကိုကျတော့ အတိတ်မေ့အောင် ကိုယ်ပိုင် အသိဉာဏ်ပျောက်အောင် ဆေးတိုက်လိုက်တာပဲ၊ ဒါပေမဲ့ ကျုပ်ကြားဖူးတာနော်၊ မျက်စိနဲ့ တပ်အပ်မြင်တာ မဟုတ်ဘူး'

လူငယ်က

'ဒါဆိုတော့ကလေ၊ သူက သိုင်းပညာ တတ်သလား'

သူ အနည်းငယ် ပြုံးလိုက်၏။

'လျှိုမိန်က စေးသင်းနဲ့ သိုင်းပညာကို ထိပ်တန်း အဆင့်ထိ တတ်မြောက်တယ်၊ ပြီးတော့ လောကာပေါ်မှာလည်း တုနှိုင်းစရာ မရှိအောင် ချောတယ်'

လူငယ် ကျစ်ဆံတစ်ခုကို သတိရသွား၏။



'ဒါဆို သူက သိုင်းသမားတွေကို ကိုယ်ပိုင် အသိဉာဏ်ပျောက်အောင် လုပ်ပြီးရင် ဘာခိုင်းမှာလဲ'

သူက မျက်မှောင်ကုတ်၍ ဆက်ပြော၏။

'ငါးဖမ်းခိုင်းမှာလား၊ လယ်ထွန်ခိုင်းမှာလား၊ လူသတ်ခိုင်းမှာလား၊ စစ်တိုက်ခိုင်းမှာလား'

ရှန်းလ်၏ မျက်နှာ မသိုစလောက် ပျက်ယွင်းသွားလေသည်။

သူက ချက်ချင်းပင် ခေါင်းခါယမ်းလိုက်၏။

'ဒါတော့ ကျုပ် ဘယ်သိမလဲ၊ သိချင်ရင် လျှိုမိန်ကို သွားမေးပါလား'

လူငယ် ခေါင်းကို ဆတ်ခနဲ ညိတ်မိ၏။

'ကောင်းပြီ၊ ကျုပ်သွားမေးမယ်'

သူက ပြောပြီး၊ တိုင်ရာမှ ထသည်၊

ရှန်းလ်က သူ့အား စိုက်ကြည့်ရင်း...

'မင်းက ဘယ်လိုလုပ် သွားမှာလဲ'

လူငယ် ပြုံး၍...

'လှေနဲ့ သွားမှာပေါ့'

သူက လှောင်ပြုံး ပြုံးမိ၏။

'မင်းကို ဘယ်လှေသမားမှ လိုက်ပို့မှာ မဟုတ်ဘူး'

လူငယ် တခဏ တွေဝေသွား၏။

ထို့နောက်

နှင်ကို တွေ့လိုက်ပြီး ကိုယ့်ကိုယ်ကို လက်ညှိုး ထိုးပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှေတစ်စင်း ငှားပြီး ကိုယ်တိုင် လှော်သွားမယ်'

လူ ခေါင်းညိတ်သည်။

'ဒီအကြံ ကောင်းတယ်'

လူရွယ်က ပြုံးလိုက်၏။

'ကျုပ်က ယမမင်းကျွန်းကို ရောက်အောင် သွားဖို့ ဆုံးဖြတ်ပြီးပြီ၊ ဘယ်လို အန္တရာယ်ပဲလာပါစေ၊ ကျုပ်က ကျော်လွှားရမှာပဲ၊ ကျုပ်သိချင်တာကို ပြောပြတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ ခွင့်ပြုပါဦး'

သူက ပြောပြီးသည်နှင့် ထိုနေရာမှ တစ်လှမ်းချင်း လှမ်းထွက်သွားလေ၏။

ရှန်းလီသည် လူငယ်ထွက်သွားသည့်တိုင် ထိုင်ရာမှ မထဘဲ အေးဆေးစွာ ကြည့်နေလိုက်သည်။

* * *

လူရွယ်သည် ခြေလေးငါးလှမ်းမျှ လှမ်းပြီးသောအခါ ခြေလှမ်းကို ရပ်တန့်လိုက်လေ၏။

တစ်ဖန်...



ရှန်းလီထိုင်နေသော စားပွဲအနီးသို့ ပြန်လည် လျှောက်လာသည်။

'ခင်ဗျား ကျုပ်ကို တစ်ခုခု ပြောချင်နေသေးတယ် မဟုတ်လား'

လူက ပြုံးလိုက်၏။

'ပြောချင်တာမဟုတ်ဘူး၊ မေးချင်တာပါ'

လူရွယ်က အံ့အားသင့်သင့်ဟန်ဖြင့်...

'မေးချင်တာ ဟုတ်လား'

'ဟုတ်တယ်'

လူရွယ်က...

'ဘာမေးမှာလဲ'

ရှန်းလီက သက်ပြင်းချလိုက်ပြီး...

'ယမမင်းကျွန်း ဘယ်မှာရှိသလဲဆိုတာ မင်းသိသလား'

လူရွယ်ပါးစပ်ပိတ်သွားလေ၏။

အမှန်တော့ သူသည် ဤနေရာသို့ ရောက်ရှိခဲ့သည်မှာ နှစ်ရက်ခန့်ပင်ရှိချေပြီ။

ယမမင်းကျွန်းအကြောင်းကို မေးမြန်းစုံစမ်းခဲ့ပါသည်။

သို့သော်...

ဘယ်သူကမှ အဖြေမပေးပါ၊

သူသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ ဤ ပင်လယ်[illegible] ဘက်ဆိပ်သို့ ရောက်လာခြင်းဖြစ်၏။

ပင်လယ်ပြင်ထဲသို့ကြည့်လျှင် ကျွန်းအသေးများစွာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

မည်သည့်ကျွန်းက ယမမင်းကျွန်းဖြစ်သည်ကိုမသိပါ။

အကယ်၍ တစ်စုံတစ်ယောက်ကသာ ရှမီပြုအဖြစ်လိုက်

ပို့ဆောင်ပေးမှုသာ သူက ယမမင်းကျွန်းသို့ ရောက်ရှိမည်ကိုနာ

ညည်လိုက်လေ၏။

သူမ သက်ပြင်းချလိုက်သည်။ ရှန်းလ်ကို တစ်ချက်ကြည့်

လိုက်သည်။

ရှန်းလီ၏မျက်နှာတွင် မည်သည့်အမူအရာမျှ မတွေ့ရ

သူက မိမိ၏ထိုင်ခုံနေရာတွင် ပြန်လည်ထိုင်ချလိုက်လေ

သည်။

—၀—

## ရှန့်စစ်ခြင်းခရီး

---

ရှန်းလီသည် ထိုင်နေ၏။

လူရှယ်ကလည်း ထိုင်နေ၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်နေကြသော်လည်း

တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပါ။

ပင်လယ်ရေပြင်အား ဖြတ်၍ တိုက်ခတ်လာသောလေသည်

အေးစိမ့်ပြီး ဆားငန်နံ့ပါနေ၏။

ပြာလဲ့လဲ့အရောင်သန်းနေသောပင် ပင်လယ်နှင့် မြူလှ

သော ခင်းပြင်တို့သည် လှန်စွာ ပန်ရှုပြီး လှပနေ၏။

စိတ်ကြည်နူးဖွယ်ပင်ဖြစ်၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် စိတ်ပျော်ရွှင်ကြည်နူးခြင်းမရှိပါ။

လှငယ်သည် ရှန်းလီပြောလာမည့်စကားကိုစောင့်မျှော်နေသည်။

ရှန်းလီက စကားမပြောပါ။

အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားလေပြီ၊

ပင်လယ်နဂါးစားသောက်ဆိုင်တွင် တည်းခိုနားနေမယ့် လူအနည်းငယ်မှလွဲ၍ လူများ ကျဲပါးသွားပြီဖြစ်၏။

ရှန်းလီက စကားစတင်ပြောဆိုလိုက်၏။

'ကျုပ်သွားမှဖြစ်တော့မယ်'

လှငယ်က အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့လဲ'

ရှန်းလီက....

'ခြော်...ဒီဆိုင်မှာ ကျုပ်တို့ထိုင်နေတာကြာပြီလေ၊သွားဖို့ ကောင်းပြီပေါ့'

လှငယ်၏မျက်နှာနီမြန်းလာခဲ့လေ၏၊

ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်၏။

လက်ကလည်း ခါးမှဓားဆီသို့ရောက်သွားလေသည်၊

'ကျုပ်သိချင်တာကိုမပြောပဲ ခင်ဗျား မသွားရဘူး၊ ခြေတစ်လှမ်းထပ်တိုးတာနဲ့ ခင်ဗျားကို ကျုပ်သတ်ပစ်မယ်'

ရှန်းလီက စိတ်မချကစင်းဖြစ်သွားခဲ့လေသည်။

'မင်းအတွက် စိုးရိမ်လို့ ကျုပ်က မပြောတာပါကွာ'

လှငယ်က...



'ဒါဖြင့် အစကတည်းက စကားမပြောပါနဲ့လား၊ အခုတော့...'

သူ၏စကားမဆုံးမီ ရှန်းလီက...

'မင်းက ရှန်းယင်နဲ့ရင်းနှီးတဲ့လူမှန်းမသိလို့ပါ၊ ကျုပ်အစ်ကိုစိတ်သွေကို ယမမင်းကျွန်းမှာ ဘဝမဆုံးစေချင်လို့ပေါ့'

လှငယ်က...

'မလိုချင်ဘူး၊ ခင်ဗျားပြောကိုပြောရမယ်'

ရှန်းလီသည် သက်ပြင်းချလိုက်ပြီး...

'မင်း တကယ်သွားမယ်ပေါ့'

လှငယ်က...

'ဟုတ်တယ်၊ ခင်ဗျားမပြောရင် ကျုပ်က သတ်ရမှာပဲ'

ရှန်းလီသည် လှငယ်၏စိတ်ကိုနားလည်မိလေသည်။

သူက သက်ပြင်းကို လေးပင်စွာချလိုက်ပြီး...

'အင်း...နေဦးမှ ကျုပ်ကို အပြစ်မတင်ပါနဲ့၊ ကျုပ်ပြောပြပါတော့မယ်'

လှငယ်က...

'ခင်ဗျားလိမ်မပြောနဲ့နော်'

ရှန်းလီ၏မျက်နှာမဲ့သွားပြီး...

'မင်းက တကယ်လုပ်မယ့်လူစားဆိုတာ ကျုပ်သိပါတယ်၊ မင်းကို လိမ်မပြောရဲပါဘူး'

လှငယ်က ပြုံးလိုက်လေ၏၊

'ဒီလိုမှပေါ့၊ ကဲ...ပြောပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ရှန်းလီ သည် ချောင်းဆစ်ချက်ဟန့်လိုက်ပြီး စကားစလိုက်၏။

'ကျုပ်ပြောမယ့်အကြောင်းအရာက ရှည်တယ်၊ မင်းသည်းခံပြီး နားထောင်ပါ'

လူငယ်က—

'ကောင်းပါပြီ'

ရှန်းလီ သည် ပင်လယ်ပြင်တစ်နေရာဆီသို့ ငေးကြည့်လိုက်ပြီး စကားစလိုက်လေတော့သည်။

၀ ၀ ၀

ရှန်းလီ ၏မျက်လုံးထဲ၌ အရိပ်အယောင်အချို့ စွန်းထင်းနေသည်။

'ဒီပင်လယ်ကမ်းခြေရဲ့ တစ်မိုင်အကွာမှာ ထင်းရှူးမြို့လေး တစ်မြို့ရှိတယ်၊ အဲဒီမြို့လေးရဲ့ တောင်ဘက်မှာ ပင်လယ်ကမ်းခြေရှိတယ်၊ အဲဒီမှာ ကျောက်တုံးကျောက်ခဲလေးတွေ ရှုပ်ပြီး ရှည်လျားတဲ့ ကျောက်တံတားတစ်ခု သဘာဝအလျောက်ဖြစ်ပေါ်နေတယ်'

လူငယ်က အံ့အားသင့်သွားသည်။



'ကမ်းခြေကနေ ပင်လယ်ထဲကို ထိုးထွက်နေတဲ့ ကျောက်တံတား...ဟုတ်လား'

'ဟုတ်တယ်'

'ဒီတံတားက ဘယ်လောက်ရှည်သလဲ'

'မိုင်ဝက်ကျော်ကျော်ရှည်မယ်ထင်တယ်၊ အဲဒီနေရာမှာ ရေနက်တယ်၊ လှိုင်းတံပိုးကြီးတယ်၊ သာမန်လူတစ်ယောက်ဟာ ကျောက်တံတားအစွန်းကိုရောက်ဖို့မလွယ်ဘူး'

လူငယ်၏ ဦးနှောက်ထဲတွင် တစ်ချက်လင်းသွားလေ၏။

'ဒီကျောက်တံတားအစွန်းကိုရောက်ရင် ယမမင်းကျွန်းကို ရောက်မယ် ဟုတ်လား'

ရှန်းလီ က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

လူငယ်က ပြုံး၍—

'ဒါဖြင့် ယမမင်းကိုသွားဖို့ ဘာမျှခက်လို့လဲဗျ'

ရှန်းလီ က ပြုံး၍—

'ဒီလောက်လွယ်ရင် လူတိုင်းသွားကြမှာပေါ့'

လူငယ်က ရှက်ပြုံးပြုံးလိုက်၏။

'ဟုတ်သားပဲ၊ ခင်ဗျားပြောစရာ ကျန်ဦးမယ်ထင်တယ်'

'ဒါပေါ့၊ ကျောက်တံတား ဆုံးသွားရင် ယမမင်းကျွန်းရဲ့ အရိုးစဉ် ပထမ အဆောင်မြင်ပြီ၊ ကျွန်းပေါ် ရောက်မှာ မဟုတ်ဘူး'

'ကောင်းပြီ...ဆက်ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'တံတားဆုံးရင် ယမမင်း ကျွန်းရဲ့ တံတား အဆယ်မှာ ကျောက်ဆောင်တစ်ခု ရှိတယ်'

'ကျောက်ဆောင် ဟုတ်လား'

'ဟုတ်တယ်၊ တော်တော်ကြီးတဲ့ ကျောက်ဆောင်ပဲ၊ ထင်းရှူးမြို့က လူတွေကတော့ အတိတ်မေ့ ဝက်ပါကျောက်ဆောင်လို့ ခေါ်တယ်'

လူငယ် အံ့အားသင့်သွား၏။

'အတိတ်မေ့ ဝက်ပါ ကျောက်ဆောင် ဟုတ်လား'

'ဟုတ်တယ်'

'နာမည်က အတော် ထူးဆန်းတာပဲ၊ ဘယ်သူပေးတာလဲ မသိဘူး'

ရှန်းလင် ခေါင်းခါယမ်း၏။

'ကျုပ်လဲ မသိဘူး၊ ယမမင်းကျွန်းအကြောင်း လေ့လာတဲ့အခါ အတိတ်မေ့ ဝက်ပါကျောက်ဆောင်နာမည်က ပါလာပြီးသားပဲ'

လူက...

'ဟုတ်လား၊ အတိတ်မေ့ ဝက်ပါ ကျောက်ဆောင်နဲ့ ယမမင်းကျွန်းကို ဘယ်လို ဆက်စပ်နေတယ် ဆိုတာ ပြောစမ်းပါဦးဗျာ'

ရှန်းလင်က မျက်နှာကို တည်လိုက်၏။

'ကျုပ် ပြောတာကို သေချာ မှတ်ထားပါ'

လူက ခေါင်းညိတ်မိ၏။

ရှန်းလင်က...



'ကျောက်တံတားဆုံးသွားရင် အတိတ်မေ့ ဝက်ပါကျောက်ဆောင်ကို ရောက်မယ်၊ ဒီထက်ပိုပြီး ကိုယ့်သဘောနဲ့ ကိုယ်သွားလို့ မရတော့ဘူး၊ တကယ်လို့ မင်းက ယမမင်းကျွန်းကို သွားမယ်ဆိုရင် အော်ခေါ်ရလိမ့်မယ်'

'ဘယ်လို အော်ခေါ်ရမှာလဲ'

'လျှိုမိန်...ခင်ဗျားဆီကို ကျုပ်လာချင်တယ်လို့ အော်ရမယ်၊ သုံးခွန်းတိတိ အော်ပါ၊ မင်းကို ဆက်သွယ်မယ့်သူ ရောက်လာလိမ့်မယ်'

ဝ ဝ ဝ

လှိုင်ယမ်မှာ ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားလေတော့သည်။

ယမမင်းကျွန်းသို့ မရောက်ဖူးသော်လည်း ကိုယ်တိုင် ကိုယ်ကျ ရောက်နေသလို ခံစားမိ၏။

ရှန်းလင် ဆက်ပြောလိုက်ပြန်၏။

'မင်းက အဲဒီလို အော်ပြီးရင် မင်းဆိုကိုလှ တစ်ယောက် ရှာရလိမ့်မယ်၊ အဲဒီလူကို သတိထားပေါ့'

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

'သူဟာ မင်းကို သတ်မယ့်လူ ဖြစ်နေလို့ပဲ'

သူ မျက်လုံးပြူးသွားလေ၏။

ရှိန်းလင်က...

'ယမမင်း ကျွန်းကို တော်ရုံတန်ရုံလူ လာလို့ မရအောင် တားဆီးမယ့် သူပဲ'

ထိုစကားကြားမှ သူ သဘောပေါက် နားလည် လာလေသည်။

'လက်စသတ်တော့ ယမမင်းကျွန်းကို လာသင့်တယ်၊ မလာသင့်ဘူး ဆိုတာ အရည်အချင်း စမ်းသပ်တာပေါ့ ဟုတ်လား'

'ဟုတ်တယ်... အရည်အချင်း စမ်းသပ်တယ် ဆိုတာထက် စကားလှအောင် ပြောတာပါ၊ အမှန်တော့ သူသေကိုယ်သေ တိုက်ခိုက်ရတာပဲ၊ မင်းဟာ သူ့ကို နိုင်မှ ယမမင်း ကျွန်းပေါ် သွားရမှာ၊ မနိုင်ရင် သေရမှာပဲ'

လူငယ်က ပခုံးတစ်ချက် တွန့်လိုက်၏။

ယမမင်းကျွန်းပေါ် သွားရမည့် အရေးမှာ လုံးဝ မလွယ်ကူပါ။

သို့သော်...

သူက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိ၏။

အန္တရာယ် အပေါင်းကိုလည်း ကျော်လွှားနိုင်မည်ဟု သူက ယုံကြည်မိ၏။

ထို့ကြောင့်...

ရင်ကို ကော့၍...



'အို... အရည်အချင်း စမ်းတာလေးဖက်တော့ ကျုပ်က မမှုပါဘူး၊ ကျုပ်ကို ကြိုက်သလို စမ်းသပ်နိုင်ပါတယ်'

ရှိန်းလင်က ခေါင်းခါယမ်း၏။

'အပြောမကြီးနဲ့ ဦးလေး၊ သူတို့ကို အထင်သေးရင် မှား လိမ့်မယ်၊ အဲဒီနေရာမှာပဲ အသက်ဆုံးသွားရတဲ့ သိုင်းသမား တွေ အများကြီးပဲ'

'ကျုပ်က သူတို့လို လူစားထဲမှာ မပါဘူး'

'မင်းဟာ ထိပ်တန်းရောက်နေတဲ့ သိုင်းသမားဆိုတာ ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမယ့် မင်းနဲ့ လာရောက် ယှဉ်ပြိုင်မယ့် လူကလဲ မင်းထက် မညံ့တာ သေချာတယ်၊ လျှိုမိန့်က မင်းသာ တာသိရင် မင်းကို နိုင်တဲ့လူကို ရွေးလွှတ်မှာပဲ'

လူငယ်က နှာခေါင်းရှုံ့လိုက်၏။

'ကျုပ်လာတာကို သူက ဘယ်လိုလုပ် သိမှာလဲ'

'ဒါတော့ ကျုပ်မသိဘူး၊ မင်းဟာ ဓားသမားဆိုရင် သူက ဓားသမားပဲ လွှတ်မှာ၊ လက်နက်မဲ့ဆိုရင် လက်နက်မဲ့မင်းနဲ့ အဆင့်အတန်း ညီမျှတဲ့လူကိုပဲ ရွေးလွှတ်မှာ'

သူက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

'ထားပါတော့လေ...တာဘယ်လို သူစေလွှတ်လိုက်တဲ့လူကို ကျုပ်က နိုင်ရမှာ'

'မင်း ယမမင်းကျွန်းပေါ် သွားဖို့ ပထမ အဆင့် အောင်မြင်ပြီပေါ့'

'ဒါဖြင့် ဒုတိယအဆင့်ကရော'

www.burmeseclassic.com



'မင်းဖြာ နိုင်တာနဲ့ ကျောက်ဆောင် တစ်ဖက်မှာ လှေတစ်စင်း ရောက်လာလိမ့်မယ်'

'သူက ကျုပ်ကို ယမမင်းရဲ့ ကျွန်းပေါ် လိုက်ပို့ပေးမယ့် လူလား'

'ဟုတ်တယ်၊ ဒါပေမယ့် သူ့ကိုလဲ သတိထားရမယ်'

လူရှည်က သဘောကျစွာ ပြုံးလိုက်၏။

သူသည် ဤနေရာသို့ မလာမီကပင် လူတိုင်း လူတိုင်းကို သတိထားပြီး ဆက်ဆံခဲ့၏။

နတ်မျက်စိ ဗေဒင်ဆရာရှန်းလီကိုပင် သတိထားပြီးဆက်ဆံနေသည် မဟုတ်လား။

○ ○ ○

လူငယ် ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ လှေသမားကိုလည်း ကျုပ်က နိုင်အောင်တွက်နိုင်မှာပါ'

'မင်းကလဲ တိုက်ခိုက်ဖို့ကို စိတ်ထက်သန်နေတာကိုး၊ သူတို့က မင်းကို နည်းမျိုးစုံနဲ့စမ်းမှာ၊ တိုက်ခိုက်မှုစွမ်းရည် ဉာဏ်



ရည်ဉာဏ်သွေး အစစ်ရှိတာပေါ့ကွာ၊ ငါလည်း တိတိကျကျ မသိဘူး'

'စိတ်ချပါ ကျုပ်ကိုယ်ကျုပ် ယုံကြည်နေမှတော့ ဘာကို များ ကြောက်ရဦးမှာလဲ'

ရှန်းလီ ပြုံးလေသည်။

လူငယ်က....

'ဒါထက် လှေသမားကို ကျွန်တော်က ဘယ်လိုသတိထားရမှာလဲ'

ရှန်းလီသည် မထူးတော့ပြီဖြစ်၍ စကားကုန်ပြောရန် ဆုံးဖြတ်လိုက်သည်။

'ငါပြောပါမယ် လှေသမားက မင်းကို ကြည်ကြည်ဖြူဖြူ ဖိတ်ခေါ် လိမ့်မယ်၊ ပြီးတော့ ယမမင်းကျွန်းပေါ် လာတဲ့အတွက် ဝမ်းမြောက်ပြတဲ့အနေနဲ့ အရက်တစ်ခွက်တိုက်လိမ့်မယ်'

'နေပါဦးတော့'

'ပြီးပြီလေ'

'ပြီးပြီဟုတ်လား'

'ဟုတ်တယ်လေ'

လူငယ်သည် ရုတ်တရက်ထအော်လိုက်၏။

'ကျွန်တော်သိပြီ၊ ကျွန်တော် လှေသမားကို သတိထားရမှာ မဟုတ်ဘူး၊ လှေသမားတိုက်မယ့် အရက်ကို သတိထားရမှာ ဟုတ်လား'

ရှန်းလီ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်ဘယ် အဲ့ဒီအရက်ဟာ ဘယ်လိုအရသာဆိုတာရော သိသလား'

လှငယ် အားရပါးရပြုံးလိုက်သည်။

ရှန်းလီ ဤမျှပြောခြင်းဖြင့် သူ့ဇာ နားလည်သွားပြီဖြစ်သည်။

'ဟား...ဟား...ဆေးစပ်ထားတဲ့အရက်'

ရှန်းလီက...

'မဆိုးဘူး၊ အဲ့ဒီအရက်ကိုသောက်လိုက်ရင် ကိုယ်ပိုင်အသိ တော့တဲ့ လူတစ်ယောက်ဖြစ်သွားမယ်၊ အဲ့ဒီလိုလူတွေဟာ လျှန်မိန်ကိုတွေ့တော့ ဘာများအန္တရာယ်ရှိဦးမှာလဲ'

'အင်း...ဒါလဲဟုတ်တာဘဲ အဲ့ဒီအရက်ကိုသောက်တဲ့လူဟာ လျှန်မိန်ကိုတွေ့တော့လဲ သူတို့အတွက် ဘာမှမခံစားရတော့ဘူး...

'အသိဉာဏ်ဆင်းမဲ့တဲ့ လူကောင်းအဖြစ်နဲ့ လျှန်မိန်ရဲ့ အစေအပါးဖြစ်ကုန်မှာပေါ့'

သူ့ဇာ စကားဆက်လိုက်သည်။

'ဘာဘဲဖြစ်ဖြစ် ဒီအရက်တစ်ခွက်အကြောင်းဟာ ခင်ဗျားပြောတဲ့စကားတွေထဲမှာ အဖိုးတန်တန်ဖိုးရှိဘယ်၊ အဲ့ဒီအတွက် ကျေမိဘာ ကျေးဇူးတင်ပါတယ်ဗျာ'

ရှန်းလီသည် သူ၏စကားကို ကြားလိုက်ရသောအခါ သူ့၏ သဘောထားကို အံ့ဩလာလေသည်။

သူသည်...



ဤမျှသိထားသော်လည်း သွားရန် စိတ်ပိုင်းဖြတ်ထားပုံရလေသည်။

နှစ်ယောက်စလုံးသည် စကားဆက်မပြောကြဘဲတိတ်ဆိတ်နေ၏။

၀ ၀ ၀

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူမှာ ရှန်းလီပင်ဖြစ်သည်။

'တို့အခုပြောနေတဲ့ အကြောင်းအရာတွေဟာ မပြည့်စုံသေးဘူးကွ'

လှငယ် ပခုံးတွန့်လိုက်သည်။

'ပြည့်စုံသွားအောင် ခင်ဗျားဆက်ပြောပြပါဗျာ'

ရှန်းလီ ခေါင်းညိတ်လိုက်သည်။

'ဆေးမိသွားတဲ့လူတွေကို လှေသမားအယောင်ဆောင်ကျွန်းပေါ်ခေါ်သွားသေးတယ်ကွ၊ ပြီးတော့မှ ကျွန်းပေါ်က တွင်းတစ်ခုထဲမှာ ပစ်ချတယ်'

သူ့ဇာ စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတွင်းအောက်မှာ ငရဲပြည်ရှိတယ်လို့ ပြောကြတယ်၊ တွင်းအောက်ခြေဟာ မည်းမှောင်နေပြီး တစ်ခါတစ်ရံမှာ မီးရောင်လို့ ဝင်းလက်သွားတယ်....

'ဒါကြောင့် အဲဒီတွင်းဟာနေ အောက်ကိုဆင်းသွားရင် မီးငရဲပြည်ကိုရောက်တယ်လို့ ပြောကြတယ်'

လူရှယ် စိတ်ဝင်စားလာသည်၊

ထိုစကားမျိုးကို သူ မကြားဖူးခဲ့ပါ၊

ထို့ကြောင့်

ထပ်မံမေးလိုက်သည်၊

'မီးငရဲပြည်ဆိုတဲ့ တွင်းရဲ့အောက်ဘက်မှာ ဘာတွေရှိသလဲ'

ရှန်းလီ ခေါင်းခါယမ်းသည်၊

'ငါလဲမသိဘူး'

'ခင်ဗျားသိတာ ကုန်ပြီလား'

'ကုန်ပြီ မင်းကျေနပ်ပြီလား'

'ကျေနပ်ပါတယ် ဒါပေမယ့် တစ်ခုလောက်ထပ်မေးပါရစေ'

'မေးပါလေ'

လူရှယ်က ရှန်းလီအား မျက်တောင်မခတ်စိုက်ကြည့်လိုက်သည်၊

စကားတစ်ခွန်းကို အေးဆေးစွာပြောလေသည်၊

'ဒီအကြောင်းတွေကို ခင်ဗျားဘယ်လိုလုပ်သိသလဲ'

သူ၏အမူအရာမှာ ပြောင်းလဲခြင်းအလျဉ်မရှိပါ၊



'ငါက နတ်မျက်စိဗေဒင်ဆရာဆိုတာ မင်းသိဘယ်နော်'

လူရှယ်က....

'ဗေဒင်ဆရာဆိုတာနဲ့ ခင်ဗျားပြောတာကို ကျွန်တော်ယုံကြည်ရမှာလား'

'ဒါဆိုတော့ မင်းသဘောပဲ'

လူရှယ် မျက်မှောင်ကုတ်၍....

'ခင်ဗျားက ယမမင်းကျွန်းဟာ လူတစ်ယောက်သိဖြစ်မယ်ထင်တယ်'

ရှန်းလီ၏မျက်နှာတွင် စိတ်မကောင်းဟန် ဖြစ်ပေါ်လာသည်၊

'ဩော်....မင်းကိုစေတနာနဲ့ပြောတာကို မင်းက သံသယဝင်တယ်ဆိုလည်း မင်းသဘောပေါ့၊ ငါ့ကိုမယုံကြည်တဲ့အတွက် စိတ်မကောင်းပါဘူး၊ ငါပြောတာမှားရင် အချိန်မရွေး လာသတ်ပါ'

အမှန်တော့....

လူရှယ်က သူ၏စိတ်ကို အကဲခတ်ခြင်းပင်ဖြစ်သည်၊

သူ တအယ် စိတ်မကောင်းဖြစ်မှုနှီး၊ သိလွှာရသောအခါ ယုံကြည်လာသည်၊

သူက ရုတ်တရက်မေးလိုက်၏၊

'မင်းက ယမမင်းကျွန်းကို ဘယ်လိုရည်ရွယ်ချက်နဲ့ သွားမလဲ'

လူရှယ်ပြုံးလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပဲပြောတယ်လေ၊ လူငယ်ဆိုတာ ထူးခြားမှု၊ လျှို့ဝှက်မှု၊ ကျော်ကြားမှုတွေကို စိတ်ဝင်စားတယ်ဆို၊ ကျုပ်လည်း ထူးခြားပြီး ကျော်ကြားလှတဲ့ ယမမင်းကျွန်းကို စိတ်ဝင်စားမိတာ မဆန်းပါဘူး'

'မင်းစိတ်ဝင်စားတာ လျှို့မိန့်ကိုမဟုတ်ဘူး'

လူငယ် အားပါးတရပြုံးလိုက်၏။

'တုတ်တယ် လျှို့မိန့်ဟာ တုနှိုင်းစရာမရှိအောင်ချောတယ်၊ သူ့ကိုသွားတွေ့ကြတဲ့ သိုင်းသမားတိုင်း ကံဆိုးကြတယ်၊ ကျုပ်လည်း ကိုကို အလှောင်းအစားလုပ်ချင်တယ်'

ရှန်းလီ ခေါင်းခါယမ်းလိုက်၏။

'လျှို့မိန့်ကို တွေ့ချင်ရုံနဲ့တော့ မစွန့်စားသင့်ဘူးလို့ ငါထင်တယ်၊ မင်းအတွက် အန္တရာယ်များလှတယ်'

လူရွယ်က—

'ကိစ္စမရှိဘူး၊ လျှို့မိန့်ကိုတွေ့ချင်တဲ့အပြင် သူကဘာကြောင့် လျှို့ဝှက်တဲ့အလုပ်တွေကို လုပ်နေသလဲဆိုတာကိုပါ ဖော်ထုတ်ရမယ်'

'မင်းက ဖော်ထုတ်နိုင်မယ်ထင်သလား'

လူရွယ်က ယုံကြည်မှုအပြည့်ဖြင့်

'ကျုပ် ဖော်ထုတ်နိုင်မှာပါ'

ရှန်းလီ ဦးခေါင်းကို ဆတ်ဆတ်ညိတ်လိုက်၏။

'ကောင်းပြီလေ မင်းကံကောင်းပါစေလို့ ကျုပ်ဆုတောင်းပေးမယ်'

စုကာ ပြုံး၍



'ကျေးဇူးတင်ပါတယ်၊ ယမမင်းကျွန်းကအပြန် ခင်ဗျားကို လာနှုတ်ဆက်ဦးမယ်၊ အခုတော့သွားခွင့်ပြုပါ'

'ကောင်းပါပြီ မင်းကံကောင်းပါစေ'

သူ ထိုင်ရာမှ ထလိုက်၏။

ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

ရှန်းလီ တစ်စုံတစ်ခုကို သတိရလာ၏။

'လူငယ် ခဏလေး'

သူက ခြေလှမ်းရပ်ပြီး လှည့်ကြည့်လိုက်၏။

'ခင်ဗျား ဘာပြောချင်သေးလို့လဲ'

ရှန်းလီက

'မင်းနဲ့ကျုပ် စကားသာပြောတာ မင်းနာမည်ကို မသိရသေးဘူးလား'

သူက ပြုံး၍ လှည့်ထွက်သွား၏။

သူ ခြေသုံးလှမ်းခန့်လှမ်းပြီးနောက် ရပ်လိုက်ပြီး—

'ကျုပ်နာမည် ချောင်ဝေလို့ ခေါ်ပါတယ်'

သူ ဆက်လက်ထွက်ခွာသွား၏။

'ဘာ၊ ချောင်ဝေဟုတ်လား'

ရှန်းလီ ထိတ်လန့်စွာ မေးလိုက်၏။

သူက မကြားရတော့ပါချေ။

ဟင်လယ်နဂါးစေးမှ သခက်ဆိုင်အပြင်ဘက်သို့ ရောက်ရှိသွားသောကြောင့်ဖြစ်သည်။

ရှန်းလီ ပါးစပ်အဟောင်းသားဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ချောင်ဝေ နွေဦးတောင်ရွာက ပထမဆုံးတွေ့ရထားတဲ့ လူ့ရဲ့ တောင်းပဲ့မြင့်မြတ်တဲ့မျိုးနွယ်က ဆင်းလာတဲ့လူကဘာကြောင့် ဒီနေရာမျိုးကို သွားချင်ရတာဉလဲ'

သူက အတွေးများစွာဖြင့် ငေးငိုင်ကျန်ရစ်ခဲ့လေသည်။

တခဏကြာမှ—

ရုတ်တရက်ထဆော ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

—၀—

## ဘဝပြောင်း တံတား

ဘဝပြောင်းတံတား—

၎င်းနေရာသည် ချောက်ကမ်းကျောက်စဲတွဲစုံပုံပြီး သဘာဝ အသွားအတိ ဖြစ်ပေါ်နေသော ကျောက်တံတား တစ်ခုမင်ဖြစ်သည်။

လေဘဟူးဟူးတိုက်ခတ်နေ၏။

လှိုင်းတံပိုးများ တဝုန်းဝုန်းရိုက်ခတ်နေ၏။

သဘာဝသည် အလွန်လှပသော်လည်း အလွန်ပင် ကြောက်စရာကောင်းသောအရာများကို ဖန်တီးထား၏။

၎င်းနေရာအားအဝေးမှကြည့်လျှင်—

အလွန် လှပသက်ဝင်သည့် ပန်းချီကား တစ်ခုပမာ ဘင်ရ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

အနီးမှကြည့်လျှင်မူ…

လှိုင်းတံပိုးတို့မှ ပြင်းထန်စွာရိုက်ခတ်ပြီး…

ပင်လယ်အောက်သို့ဟိုခေါ်သွားနိုင်သည်ဟုသိရှိရပေသည်။

သဘာဝဘေးအန္တရာယ်တို့သည် ဖန်တီးထားသည့် အန္တရာယ်များထက် ပို၍ကြောက်မက်ဖွယ်ကောင်းပေသည်။

သို့သော်…

ထိုသဘာဝဘေးအန္တရာယ်များကို ကျော်လွှား နိုင်သူတို့… လူသားပင်ဖြစ်၏။

ယခုမူသည်…

ထိုအန္တရာယ်ကြီးမားလှသော ကျောက်တံတားပေါ်၌…

လူတစ်ယောက်မှာ မားမားမတ်မတ်ရပ်နေ၏။

ဤကျောက်တံတားသည်…

လူတို့ဖန်တီးထားခြင်းမဟုတ်ဘဲ သဘာဝ အလျောက်ဖြစ်ပေါ်နေခြင်းဖြစ်၏။

ထို့ကြောင့်

အချို့နေရာများတွင် နေရာလွတ်များရှိနေ၏။

ပင်လယ်ရေမျက်နှာပြင်မှ တထောင်သာသာခန့် လွတ်-သည်။

ကျော်လွှား၍ ရနိုင်၏။

သို့သော်

အလွန်အန္တရာယ်ကြီးသည်။



ကျောက်တံတားပေါ်၌ ရပ်နေသူမှာ နတ်မျက်စိ ဗေဒင်ဆရာနှင့် လမ်းခွဲထွက်လာသူ ချောင်ဝေပင်ဖြစ်၏။

ချောင်ဝေသည် ကျောက်တံတားပေါ်တွင်ရပ်၍ ကျောက်တံတား အဆုံးသို့ အကဲခတ်ကြည့်လိုက်၏။

သူသည် တံတားပေါ်တွင်ရပ်နေ၏။

တံတား၏အဆုံးတွင် ရှန်းလိမ်ပြောသကဲ့သို့ ကြီးမားသည့် ကျောက်ဆောင်ကြီးတစ်ခုရှိနေ၏။

သူ သက်ပြင်းချလိုက်၏။

ဤတံတားကိုဖြတ်ကျော်ရန် အလွန်အန္တရာယ် များလှပေသည်။

သို့သော်…

သူက ယမမင်းကျွန်းသို့ ရောက်အောင်သွားရန် ဆုံးဖြတ်ပြီးဖြစ်နေသည်။

ယောကျ်ားကောင်းတို့ မည်သည် မိမိ ဆုံးဖြတ်ထားသည့် ကိစ္စကို ကောင်းစွာ အကောင်အထည် ဖော်ရမည် မဟုတ်ပါလော။

သူ ခြေလှမ်းစတင်လိုက်၏။

ထိုအချိန်တွင်…

ရုတ်တရက်…

'ချောင်ဝေ…ချောင်ဝေ'

အော်သံနှင့်အတူ လူတစ်ယောက် ပြေးလွှား ရောက်ရှိလာသည်။

ချောင်ဝေသည်နောက်သို့လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိပေဒင်ဆရာ ရှန်းလီပင်ဖြစ်သည်။

ရှန်းလီသည် အဘယ်ကြောင့် သူ့နောက်သို့ လိုက်လာရပါသနည်း။

၈

ချောင်ဝေက နေရာတွင်ပင် ရပ်တန့်နေ၏။

သည်။

ရှန်းလီသည် သူ့အနားရောက်ရှိလာလေသည်။

ရှန်းလီသည် မရပ်မနားပြေးလွှားလာခဲ့ရသဖြင့်မောဟိုက်နေ၏။

လေတဟူးဟူးတိုက်ခတ်နေသဖြင့် သူတို့အင်္ကျီများ တဖျပ်ဖျပ်လှုပ်နေပြီး ဆံပင်များ ဖွာဆန့်ကြဲနေ၏။

သူသည် ရုတ်တရက် စကားမပြောနိုင်သေးပါ။

ချောင်ဝေသည် သူ့အား မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး...

'ခင်ဗျား ဘာဖြစ်လို့ လိုက်လာတာလဲ'

သူသည် စကားမပြောနိုင်သေးဘဲ အသက်ကိုသာ ရှူရှိုက်နေရ၏။



'ဟောဟဲ ... ဟောဟဲ'

ရှန်းလီသည်တမင်သက်သက် အချိန်ဆွဲနေခြင်းဖြစ်ကြောင်းကို ချောင်ဝေ နားလည်လေ၏။

သူက ပြုံးလိုက်ပြီး...

'ဘာလဲ၊ ခင်ဗျားလဲ လိုက်ချင်လို့လား၊ ကျုပ်နဲ့အတူလိုက်ခဲ့ပေါ့ ဟုတ်လား'

သူသည် ပြောပြီး ခြေလှမ်းလှမ်းလိုက်၏။

ရှန်းလီ မျက်လုံးပြူးသွားပြီးအော်လိုက်သည်။

'ချောင်ဝေ...ရှေ့ဆက်မသွားပါနဲ့၊ အရမ်း အန္တရာယ်များတယ်'

သူ၏စကားကို ချောင်ဝေသည် မကြားသည့်အလား ရှေ့ဆက်လျှောက်နေ၏။

ရှန်းလီသည်တုန့်လှုပ်ခြင်းအလျှင်းမရှိဘဲ ရှေ့ဆက်လျှောက်နေသော ချောင်ဝေကိုကြည့်၍ အသည်းယားလာသည်။

'ချောင်ဝေ...ရှေ့ဆက်မသွားပါနဲ့၊ ဒီတံတားကို ဘဝပြောင်းတံတားလို့ခေါ်တယ်၊ ဒီတံတားပေါ်က လျှောက်တဲ့လူတိုင်းဟာ ဘဝတစ်ပါးကိုပြောင်းသွားတတ်လို့ပါ'

သူ မည်သို့ပင် အော်နေသော်လည်း ချောင်ဝေက ဂရုမစိုက်ပါ။

ရှေ့သို့ တစ်လှမ်းချင်းလျှောက်နေသည်။

တစ်လှမ်းချင်း မလျှောက်၍လည်းမဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတစ်ချက်မှားသည်နှင့် ပင်လယ်အောက်သို့ ရောက်သွားနိုင်သည် မဟုတ်ပါလား။

o o o

ကျောက်တံတားပေါ်ရှိ ကျောက်တုံးကလေးများမှာ အချို့ ရေညှိတက်၍ ချော်နေ၏။

ချောင်ဝေ သတိကြီးစွာထား၍လျှောက်နေရ၏။

ရှန်းလီ၏အသံ ထွက်ပေါ်လာပြန်သည်။

'ချောင်ဝေ...မင်းမှာ အသိဉာဏ်မရှိတော့ဘူးလား။ ပထမ မေးတွဲရထားတဲ့ လူရဲ့ကောင်းကြီးဖြစ်ပြီး ဘာကြောင့် မိုက်မဲနေရတာလဲ။ လူ့မိန်းနဲ့ရန်ငြိုးရှိလို့လား။ သူ့ကို သတ်ချင်လို့လား'

ရှန်းလီသည် သူ့၏ စိတ်ဆိုးအောင် ပြောနေခြင်းဖြစ်သည်ကို ချောင်ဝေ သဘောပေါက်လေ၏။

သူက ရှန်းလီဘက်သို့လှည့်၍ အားပါးတရ ပြုံးပြလိုက်သည်။

'ရှန်းလီ...မိတ်ဆွေကြီး၊ ခင်ဗျားပြန်ပါပါတော့။ ကျုပ်နဲ့ လူမိန်းရန်ငြိုးမရှိပါဘူး။ ကျုပ်က သူ့ကိုမသတ်ပါဘူး။ ယမမင်းကျွန်းရဲ့လျှို့ဝှက်ချက်ကိုသိချင်လို့ပါ။ ကျုပ်ကိုခင်ရင် ဆက်မတားပါနဲ့တော့'



သူသည်ပြောပြီး နောက်သို့ လှည့်မကြည့်ဘဲ ဆက်လျှောက်သွားလေသည်။

ရှန်းလီသည် မည်သို့မျှ ဆက်မပြောတော့ပါ။

o o o

ချောင်ဝေသည်အဝေးပြောင်းတံတားပေါ်၌ ဆက်၍လျှောက် မြဲလျှောက်နေ၏။

ရှန်းလီသည် ချောင်ဝေကဲ့သို့ အေးသူ့ရဲ့ကောင်းတစ်ဦးကို ယမမင်းကျွန်းတွင် အခု မဆုံးစေလိုသည်မှာ သူ၏[illegible] အမှန်ပင်ဖြစ်သည်။

သူက ယမမင်းကျွန်းအကြောင်းမပြောပြလျှင် ချောင်ဝေက ထိုကဲ့သို့သွားနိုင်မည်မဟုတ်ပါ။

သူက ပြောပြမိခြင်းအတွက် နောင်တရလာလေသည်။

သို့သော်...

သူသည် ဘာမှ မတတ်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ချောင်စေ—နေ့စဉ်မှ ကျုပ်ကို ရက်စက်တယ်လို့ မပြော ပါနဲ့'

သူက တီးတိုးရေရွတ်ရင်း နေ့ဖော်သို့လှည့်၍လျှောက်သွား လေတော့သည်။

၀ ၀ ၀

လှိုင်းတံပိုးများ၊ တဝုန်းဝုန်းရိုက်ခတ်နေ၏။

ပင်လယ်ပြင်မှ တိုက်ခိုက်လာသောလေတဖျည်း တဝီးဝီး မြည်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး တမူထူးခြားနေပေသည်။

ချောင်ဝေသည် ရင်ကိုဖော်၍ ဘဝပြောင်းတံတားမှ အတိတ်မေ့ဝက်ပါကျော့ဆီဆောင်သို့ တစ်လှမ်းချင်းလျှောက် နေ၏။

သူ၏ခရီးမှာ အပြန်လမ်း ရှိနိုင်ပါမည်လော။

၀ ၀ ၁



ညနေဆည်းဆာ။

နေလုံးကြီးသည် ရဲရဲနီနေသည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်သန်းနေသည်။

နေလုံးကြီးသည် အိပ်တန်းတက်တော့မည်ဖြစ်၍ ပင်လယ် ထဲသို့ တဝတ်ဝင်ရောက်နေ၏။

နောက်ဆုံးကျန်ရှိနေသော အလင်းရောင်ဖြင့် သဘာဝ ဝန်းချီအားတစ်ချင်ကို ဖန်ဆင်းနေ၏။

မကြာမီတွင် အလင်းရောင် ပျောက်ပေတော့မည်။

အန္တရာယ်များလှသော ယမမင်းကျွန်းသို့ မိုးမချုပ်မီ ရောက်အောင်သွားနိုင်မှ ဖြစ်မည်ကို သူက နားလည်လိုက် သည်။

ထို့ကြောင့်

ကျောက်ဆောင်တွေးလေးများအား ဟိုမှသည်မှ ခုန်ကျော်ရင်း လျင်မြန်စွာတိုးသွားနေ၏။

မကြာပါချေ။

ဘဝပြောင်းတံတား၏ အဆုံးသို့ ရောက်လာချေပြီ။

ဘဝပြောင်း တံတား၏ အဆုံးတွင် ကြီးမားလှသော ကျောက်ဆောင်ကြီးတစ်ခုကို တွေ့မြင်လိုက်ရလေ၏။

ကျောက်ဆောင်ပေါ်ရှိ ကျောက်တိုင်ကြီး တစ်ခုပေါ်တွင် အပြာရောင်စာလုံးများ ရေးထွင်းထားသည်ကို တွေ့လိုက်ရ သည်။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်မေ့ ဝက်ဘာကျောက်ဆောင်

ချောင်ဝေသည် ကျောက်တုံးကြီးအနီးသို့ တိုးကပ်သွားပြီး စာတန်းကို ဖတ်ရှုလိုက်၏။

'အတိတ်မေ့ဝက်ဘာကျောက်ဆောင်'

သူက စာတန်းကိုဖတ်ပြီး အလွန်ဝမ်းသာသွားလေသည်။

သူ့အား သဘောကျစွာဖြင့် အားရပါးရ ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား'

သူ၏ ရယ်မောသံသည် ကျယ်လောင်စွာ ထွက်ပေါ်နေ၍ ရှန်းလီ၏စကား မှန်ကန်ခဲ့ပြီ။

သူက ယခု အတိတ်မေ့ ဝက်ဘာ ကျောက်ဆောင်ပေါ်သို့ ရောက်ရှိနေပြီမဟုတ်ပါလား။



သူသည် စာတန်းထွင်းထားသော ကျောက်တုံးပေါ်သို့ ဖျတ်ခနဲခုန်တက်လိုက်၏။

ထို့နောက် ရှန်းလီ မှာကြားထားသည့်အတိုင်း—

'လျှို့မိန့်၊ ခင်ဗျားဆီကို ကျုပ်လာချင်တယ်'

ဟု ကျယ်လောင်စွာဖြင့် သုံးကြိမ်တိတိ အော်လိုက်လေသည်။

သူ၏အသံသည် အရပ်လေးမျက်နှာသို့ ပျံ့လွင့်သွားလေသည်။

သူသည် ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်၏။

ကျောက်တုံးကြီးကို မှီ၍ထိုင်ချလိုက်၏။

ရှန်းလီပြောသည့်အတိုင်း ပထမအဆင့် ဆောင်ရွက်ပြီးဖြစ်သည်။

လျှို့မိန့်က သူ့အား အရည်အချင်းစစ်မည့် လူတစ်ယောက်ကို စေလွှတ်မည် မဟုတ်ပါလား။

၀ ၀ ၀

ချောင်ဝေသည် ကျောက်တုံးကို မှီ၍ ထိုင်ရာမှ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ရာမှ ချက်ချင်းခုန်ထလိုက်၏။
အကြောင်းမှာ....

သူနှင့် မနီးမဝေးတွင်ရှိသော ကျောက်တုံးတစ်တုံးပေါ်၌ လူတစ်ယောက် မလှုပ်မယှက်ထိုင်နေသည်ကို တွေ့လိုက်ရသော ကြောင့် ဖြစ်သည်။

လျှိုမိန့် စေလွှတ်လိုက်သောသူအား အရည်အချင်းစစ်မည့် သူသည် လျင်မြန်စွာ ရောက်ရှိလာချေပြီ။

ဝ ဝ ဝ

ချောင်ဝေ ရင်ထိတ်သွားသည်။

သူသည် ပတ်ဝန်းကျင်အား အမှုမဲ့ အမှတ်မဲ့ သတိမထား မိသော အမှားကိုတွေ့မိသည်။

နေစဉ်တစ်ကြိမ် အမှား ထပ်မံကျူးလွန်လျှင် သူသေရန် သာ ရှိတော့သည်။

ထိုလူသည် မလှုပ်မယှက်ထိုင်နေသည့်အပြင် အနီးအနားရှိ ကျောက်တုံး ထိုးသိုးထောင်ထောင်များက သူ့အား ကွယ်ထားသကဲ့သို့ ဖြစ်နေသည်မဟုတ်ပါလား။



အမှန်ဆိုလျှင် ထိုလူသည် ရှန်းလီမှာကြားသည့်အတိုင်း သူမအောင်ခင်ဖေတည်းဖောင် ရှိနိုင်၏။

သူက သတိထားမိခြင်းပင် ဖြစ်သည်။

ကျောက်တုံးပေါ်၌ ထိုင်နေသူမှာ တောင်လှုပ်ရှားလာသလေ သည်။

လူသန်ကြီးတစ်ယောက်ပင် ဖြစ်သည်။

သူ၏ မျက်လုံးအစုံသည် ရဲဝေဝေဖြစ်နေ၏။

ရုပ်ရည်မှာ တည်ကြည်ခန့်ညားသော အသွင်ရှိသည်။

ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသည်။

သူ၏လှုပ်ရှားမှုမှာ ပေါ့ပါးဖျတ်လတ်၏။

သူသည် ချောင်ဝေကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် လိုက်ပြီး....

'ခင်ဗျားဟာ လျှိုမိန့်ကို တွေ့ချင်လို့ ဟုတ်လား'

ချောင်ဝေက

'ဟုတ်ပါတယ်'

လူသန်ကြီးက ခါးကိုင်းပြီး ဦးညွှတ်လိုက်၏။

'ကျုပ်ကလှေပေါ် တက်မယ့် သူရဲကောင်းကိုအရည်အချင်း စစ်ရမယ့်လူပါ ခင်ဗျားရောက်လာလို့ ကြိုဆိုပါတယ်'

သူက မျက်မှောင်ကုပ်၍—

'လှေပေါ်တတ်ရမယ် ဟုတ်လား'

လူသန်ကြီးက

'ဟုတ်ပါတယ်၊ ကျွန်းပေါ်ကို လှေနဲ့ပဲသွားရမယ်'

သူ ပြုံးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်းလို့ ပြောလိုက်သည့် စကား မှန်ဆန့်နေသည် မဟုတ်ပါလား'

သူ မသိဟန်ဆောင်၍

'ခင်ဗျားဟာ လှေထိုးသားလားဗျ ဒါဆိုရင် ကျုပ်ကို မြန်မြန် လိုက်ပို့ပေးပါ။ ခင်ဗျားကို ငွေပိုပေးပါမယ်'

လူသန်ကြီး ခေါင်းခါ၏။

'ကျုပ် လှေထိုးသားမဟုတ်ဘူး'

သူ မျက်မှောင်ကျုံ့၍—

'ဒါဖြင့်ခင်ဗျားဘယ်သူလဲ'

'ကျုပ် ခင်ဗျားလှေပေါ်တက်ခွင့် ရှိမရှိကို စမ်းသပ်မယ့် လူပါပဲ'

သူက အံ့အားသင့်ဟန်ဖြင့်...

'လှေက ဘယ်မှာလဲဗျ'

လူသန်ကြီးက

'မပူပါနဲ့ ခင်ဗျားက ကျုပ်ကိုအနိုင်ရရင် လှေအလိုလိုရောက်လာပါလိမ့်မယ်'

'ကောင်းပြီလေ ကျုပ်ကို စမ်းသပ်နိုင်ပါပြီ'

လူသန်ကြီး ဦးညွှတ်လိုက်၏။

'ကျုပ်နာမည်က လောဘခွင်းပါ။ ခင်ဗျားနဲ့ကျုပ်မယှဉ်ပြိုင်ချင်ဘူးဆိုရင်လည်း ဒီက လှည့်ပြန်သွားဖို့ ကျုပ် ခွင့်ပြုပါတယ်'

သူက အံ့အားသင့်သွား၏။

လောဘခွင်းသည် ဓားသိုင်းနှင့် လက်နက်မဲ့ သိုင်းတွင် ထူးချွန်သူတစ်ယောက် ဖြစ်သည်။



အတွေးသဖြင့်

လက်နက်မဲ့ သိုင်းပညာတွင် ထိပ်တန်းစည်းရှင်တစ်ယောက် ဖြစ်သည်။

လောဘခွင်းကို လူသားမျိုး ကြုံနေရာတွင် ရှိနေလျှင်—

သူ ဆက်၍ မတွေးဝံ့တော့ပါ။

ရင်ထဲတွင် ခဲဆွဲထားသကဲ့သို့ လေးလံနေလေသည်။

○ ○ ○

လောဘခွင်းက ထပ်မံပြောလိုက်လေ၏။

'တကယ်လို့ ခင်ဗျားက ကျုပ်နဲ့ မယှဉ်ပြိုင်ချင်ဘူး ဆိုရင်လဲ ဒီအနေ လှည့်ပြန်သွားပါ ကျုပ် ခွင့်ပြုပါတယ်'

သူက ခေါင်းခါလိုက်၏။

သူ ပြန်လည်၍ ဦးညွှတ်ပို့သ၏။

'ကျုပ် ခင်ဗျားနဲ့ ယှဉ်ပြိုင်မှာပါ။ ကျုပ်နာမည် ချောခင်ဝေလို့ခေါ်ပါတယ်။ ကျုပ် ခင်ဗျားနဲ့ ဓားပညာပြိုင်ပါရစေ'

လောဘခွင်း မျက်မှောင်ကုပ်သွား၏။

တစ်စုံတစ်ခုအား တွေးတောစဉ်းစားနေ၏။

အတန်ကြာမှ...

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချရင်း....

'ကျုပ်တို့ ဓားပညာနဲ့မပြိုင်ဘဲ တခြားနည်းနဲ့ပြိုင်ဖို့ ခင်ဗျာ တာ ခွင့်ပြုမလား'

သူ မျက်မှောင်ကုပ်လေ၏။

'သူ ဘာကြောင့် ဓားပညာ မပြိုင်ချင်ရတာလဲ'

သူ၏ ရင်ထဲမှ မေးလိုက်သော မေးခွန်းဖြစ်သည်။

သူသည် မေ့နေသောအရာအား ရုတ်တရက် သတိရလ သည်။

လောက်ခွင်းသည် ဂျပန်နိုင်ငံတွင် ရှိးရှ နပန်းပညာကိုကြိုး စား သင်ယူခဲ့သဖြင့်—

ထိုနိုင်ငံမှ အကောင်းဆုံး နပန်းသမားဘွဲ့ကို ရရှိခဲ့သူ ဖြ သည်။

သူသည် ဓားသိုင်းနှင့်လက်နက်မဲ့ သိုင်းကိုတတ်ကျွမ်းသော် လည်း နပန်းပညာကို လုံးဝမတတ်ပါ။

သူ့အာ လက်နှစ်ဆုပ်၍ လောက်ခွင်းအား အရှိအသေ ပေး လိုက်သည်။

'ဓားပညာမပြိုင်ဘဲ နပန်းပညာနဲ့ ပြိုင်မယ်ဆိုရင် ကျုပ် အရှုံးပေးလိုက်ပါပြီဗျာ'

'ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး'

လောက်ခွင်း မျက်မှောင်ကုပ်၍

'ဒါဖြင့်ကျုပ်တို့ ဘယ်လိုပြိုင်ရမလဲ'

ချောင်ဝေက....



'ဓားပညာနဲ့နပန်းပညာကလွဲရင် ကြိုက်တာပြောပါ၊ ကျုပ် လက်ခံပါမယ်'

လောက်ခွင်း ပြုံးလိုက်၏။

'ကောင်းပြီ ကျုပ်တို့ လက်နက်မဲ့ ပြိုင်မယ် ခြေထောက်နှစ် ဖက်ကိုပဲ သုံးရမယ်'

သူ ပြုံးလိုက်ပြီး

'ကောင်းပြီလေ ကျုပ် ခြေထောက်နှစ်ဖက်ကို အသုံးပြုပြီး ခင်ဗျားကို ပင်လယ်ထဲကန်ချမယ် သတိသာထားပေတော့'

သူသည် ပြောပြီးသည်နှင့် လေထဲခုန်တက်လိုက်ပြီး—

လောက်ခွင်း၏ ကျောပြင်သို့ ကန်လိုက်၏။

လောက်ခွင်း ကိုယ်ကို ရှေ့သို့ငိုက်၍ ရှောင်တိမ်း လိုက်လေ သည်။

ချောင်ဝေသာ ခြေထောက်နှစ်ဖက်ကို မြွေနှစ်ကောင်သဖွယ် လူးလွန့်လှုပ်ရှားပြီး....

သူ့ကို တိုက်ခိုက်လိုက်၏။

ချောင်ဝေသည် ငယ်စဉ်ကပင်....

ခြေထောက်ကို အသုံးပြုပြီး တိုက်ခိုက်သော လက်နက်မဲ့ သိုင်းပညာကို ဖခင်ဖြစ်သူ၏ တပည့်များ ထံမှ သင်ယူခဲ့ဖူးလေ သည်။

အရွယ်ရောက်သောအခါမှ

[illegible]နှင့် ရင်ဆိုင်ရန် ဓားဝိဇ္ဇာထံမှ ဓားပညာကို သင်ယူ ခဲ့လေသည်။

ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဓားပညာနှင့် လက်နက်မဲ့ သိုင်းပညာတွင် ထိပ်
တန်းအဆင့် ရောက်ရှိနေခြင်းဖြစ်သည်။

သို့သော်...

သူက ဓားပညာကို ပို၍အလေးထား၍ ဓားသမားတစ်ဦး
သာ ဖြစ်သည်။

သူက လက်နက်မဲ့သိုင်းပညာတွင် ထက်မြက်သော်လည်း
လောက်ခွင်းလို လူစားမျိုးနှင့်ယှဉ်လျှင် မပြောပလောက်ပ
ချေ။

သို့သော်

ကာယဗလစွမ်းရည် မတိမ်းမယိမ်းရှိနေလျှင် ဉာဏ်ရည်
သာသူက အနိုင်ရရှိမည်ဖြစ်၏။

ချောင်ဝေနှင့်လောက်ခွင်းတို့၏ ယှဉ်ပြိုင်ပွဲသည် တစ်စထ
တစ်စ ပြင်းထန်လာ၏။

လေပြင်းများ တိုက်ခတ်နေ၏။

လှိုင်းပုတ်သံများကလည်း တဒုန်းဒုန်းရိုက်ခတ်နေ၏။

အတိုက်မေ့တော်ဘွာ ကျောက်ဆောင်ပေါ်မှ ယှဉ်ပြိုင်
မှုလည်း တစ်စထက်တစ်စ ပြင်းထန်လာ၏။

ချောင်ဝေသည် ခြေနှင့်လက်ကို အသုံးပြု၍ အစွမ်းကု
တိုက်ခိုက်နေသော်လည်း လောက်ခွင်းအား အနိုင်မရသေး
လောက်ခွင်းသည် သံကော်တုံး မာကျောသော ခန္ဓာကို
ရှိသည်ဖြစ်၍ ခြေကန်ချက် လက်သီးထိုးချက်များက သူ့
အား ပြေသလောက် ဖြစ်ရသည်။



သူ၏ခန္ဓာကိုယ်အား တိုက်ခိုက်နေရသော ချောင်ဝေ၏
ခြေလက်များပင် အနည်းငယ်နာကျင်လာ၏။

ဟား...ဟား...ဟား

လောက်ခွင်းက အားရပါးရ ရယ်လိုက်၏။

ခင်ဗျားက ဘာရယ်တာလဲဗျ

ချောင်ဝေက မခံချိမနပ်နှင့် မေးလိုက်ခြင်းဖြစ်၏။

လောက်ခွင်းက

ကျုပ်က နပန်းသမားတစ်ယောက်ဆိုတာ ခင်ဗျား သတိ
ထားပါဦး၊ ကျုပ်ရဲ့ခန္ဓာကိုယ်တွေ ကြံ့ခိုင်ဖို့ ကျုပ်က ပြင်း
ပြင်းထန်ထန် လေ့ကျင့်ထားတာဗျ။ မင်းရဲ့ ခြေထောက်လေး
နှစ်ချောင်းက ကျုပ်ကို ပင်လယ်ထဲ ကန်ချနိုင်မှာလားကွ။

ဟား...ဟား

ချောင်ဝေ၏စိတ်ထဲ ခံပြင်းလာသည်။

သူသည် လောက်ခွင်းအား အနိုင်ရမှသာလျှင် ယမင်း
ကျွန်းဆီသို့ တက်ခွင့်ရမည်ဖြစ်သည်။

ခင်ဗျား စောင့်ကြည့်ပါဦးဗျ

သူက ကြုံးဝါးရင်း ရေညှိများဖြင့်ချောနေသော ကျောက်
ဆောင်၏ အမြင့်ပိုင်းနေရာသို့ လျှပ်တပြက် ခုန်တက်လိုက်လေ
သည်။

ရေညှိများချောနေသဖြင့် သူ၏ခန္ဓာကိုယ် တစ်ချက် ယိမ်း
ထိုးသွားလေ၏။

လောက်ခွင်းသည် အနိုင်ရပြီအထင်နှင့် ချောင်ဝေအား
တိုက်ခိုက်ရန် ဖမ်းဆွဲလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် —

ချောင်ဝေသည် ခန္ဓာကိုယ်တစ်ပတ် လှည့်လိုက်ပြီး လေထဲသို့ ခုန်ထွက်ကျွမ်းပစ်လိုက်၏။

ခန္ဓာကိုယ် တစ်ပတ်လည်သွားပြီး လေဘက်ခွင်းနှင့် မျက်နှာချင်းဆိုင်မိကာ သူခြေထောက်နှစ်ဖက်သည် လေဘက်ခွင်း၏ မျက်နှာဆီသို့ ထွန်လိုက်မိ၏။

ထင်မှတ်မထားသည့်အခါ တစ်ကြောင်း၊ လျင်မြန်လှသည့်အတွက် တစ်ကြောင်း၊ တို့ကြောင့် လေဘက်ခွင်းမှာ ရှောင်တိမ်းနိုင်စွမ်း မရှိချေ။

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ လေဘက်ခွင်း၏ ကြံ့ခိုင်လှသော ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားလေသည်။

ချောင်ဝေသည် အခွင့်အရေးအား အလွတ်မပေးဘဲ ကုန်းထရန် ကြိုးစားနေသော လေဘက်ခွင်းအား ပြေး၍ ကန်လိုက်လေသည်။

'အား'

'ဝုန်း'

လေဘက်ခွင်းသည် နောက်ကျောင်စွာအော်လိုက်ပြီး အနောက်သို့ လွင့်စင်ကာ ပင်လယ်ပြင်ထဲသို့ ထိုးကျသွားလေတော့သည်။

ဝ ဝ ဝ



တိုက်ပွဲ ပြီးဆုံးသွားချေပြီ

လေဘက်ခွင်းသည် ပင်လယ်ထဲသို့ကျသွားပြီးနောက် လုံးဝ ပြန်ပေါ်မလာတော့ချေ။

ချောင်ဝေ အလွန်မောပန်းနေ၏။

သူသည် လေဘက်ခွင်းအား အနိုင်ရရှိလိုက်လေပြီ။

လေဘက်ခွင်းလိုလူစားမျိုးသည် ဤနေရာတွင် အခစောင့်ဖြစ်နေလျှင် လေဘက်ခွင်းထက် သာသောလူများ၊ ယမမင်းကျွန်းပေါ်တွင် ရှိနိုင်ပေသည်။

ယမမင်း ကျွန်းပေါ်မှလူများ အစွမ်းထက်မြက်လေလေ လျှိုမိန့်သည် ကြောက်စရာကောင်းလေလေ ဖြစ်သည်။

ထိုလူများ ယမမင်းကျွန်းပေါ်တွင်ရှိနေလျှင် သူ့အတွက် အကျိုးများလေလေပင် ဖြစ်သည်။

သူက အားရပါးရပြုံးလိုက်သည်။

ထိုနောက်

ကျောက်တုံးအား မှီ၍ထိုင်ကာ အပန်းဖြေနေလေသည်။

ထိုအချိန်မှာပင်

ကျောက်တုံးတစ်ခုနောက်ကွယ်မှ လူတစ်ယောက် ထွက်ပေါ်လာ၏။

ချောင်ဝေက အမောမပြေမီမှာပင် ထိုင်ရာမှ ထရပ်လိုက်သည်။

ထိုလူသည် လျှိုမိန့်လွတ်လိုက်သော လေ့သမား ဖြစ်နေသည်လော။

မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏လက်ထဲတွင် ဓားတိုနုတ်တစ်ခု ကိုင်ဆောင်ထားလေသည်။

သူသည် လေးဆယ်ခွင်းကဲ့သို့ပင် ချောင်ဝေအား အရည်အချင်းစစ်မည့်လူ ဖြစ်လေသည်။

သို့သော်

ထိုလူသည် လက်နက်တိုင်ဆောင်ထားသဖြင့် ချောင်ဝေကို အပြတ်ရှင်းမည့်သဘောတွင် ရှိနေသည်။

ချောင်ဝေသည် ထိုလူမှာ လေ့သမားမဟုတ်မှန်း သိလိုက်ရသဖြင့် အလွန်စိတ်ပျက်သွားမိလေသည်။

* * *

ထိုလူသည် ချောင်ဝေထံသို့ ဦးတည်၍ ခပ်လှမ်းလှမ်း လျှောက်လာလေ၏။

ချောင်ဝေနှင့် ခါးတစ်ရှိုက်ခန့် အကွာတွင် ရပ်တန့်လိုက်သည်။

ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိပြီး မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော်ဖြစ်နေ၏။



သူ၏လက်ထဲတွင် ရိုးတုရှည်ပြီး ရှုးသုံးချောင်းပါသော ခက်ရင်းခွတစ်ခုကိုကိုင်ထားလေသည်။

ထိုလက်နက်သည် ကြောက်မက်ဖွယ်ကောင်းသော လူသတ်လက်နက်ဖြစ်သည်။

ချောင်ဝေသည် ထိုလူနှင့် သူ၏လက်ထဲမှ ခက်ရင်းခွကို မြင်ရသောအခါ လူတစ်ယောက်ကို သတိရလာလေသည်။

သူက လွတ်ခနဲ အသံထွက်လေ၏။

'သံမဏိ ခက်ရင်းခွ'

ထိုလူက ဦးညွှတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က သံမဏိ ခက်ရင်းခွပါ၊ မင်းက လေးဆယ်ခွင်းနဲ့ယှဉ်ပြိုင်ရလို့ တော်တော်မောနေပြီထင်တယ်'

ချောင်ဝေက အဖြေမပေးပါ။

သံမဏိ ခက်ရင်းခွကိုသာ မျက်ခြေမပြတ် စိုက်ကြည့်နေသည်။

သံမဏိ ခက်ရင်းခွက ပြုံးလိုက်သည်။

'မင်းက မောပန်းနေရင် ခဏအနားယူပါ၊ တော်ကြာ ကျုပ်က မင်းမောနေတဲ့အချိန်မှာ အခွင့်အရေးယူပြီး တိုက်ခိုက်လို့ အနိုင်ရသွားတာဆိုပြီး အပြောခံရဦးမယ်'

သူ၏စကားကြောင့် ချောင်ဝေ ဒေါသထွက်လာမိတော့သည်။

သူသည် မြင့်မြတ်သော မျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်သေးစေသောစကားပြောလျှင် လွန်စွာ ဒေါသထွက်တတ်လေ၏။

သူသည် သံမဏိခက်ရင်းခွကို မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်မောနေတဲ့အချိန်မှာတိုက်ရင်တောင်ကျုပ်ကိုခင်ဗျား မနိုင်ပါဘူး'

သူသည် သံမဏိခက်ရင်းခွကို မခံချင်အောင် ပြောလိုက်ခြင်း ဖြစ်လေ၏။

သံမဏိခက်ရင်းခွ၏မျက်လုံးတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ဖြစ်ပေါ်နေ၏။

သူက ချောင်ဝေသည် လောက်ခွင်းကို အနိုင်ရလိုက်သဖြင့် အထင်မသေးသော်လည်း ကျိန်းသေအနိုင်ရမည်ဟု ယုံကြည်လေ၏။

ချောင်ဝေကို အေးစက်စွာကြည့်လိုက်ပြီး....

'စကားကိုနေရာတိုင်းမပြောပါ၊ အခုအမောဖြေပါဦး'

ချောင်ဝေက ဒေါသထွက်လာ၏။

'ကျုပ်ကအမောဖြေစရာမလိုပါဘူး၊ခင်ဗျား ဘယ်လောက် အစွမ်းထက်သလဲဆိုတာ ကြည့်ကြသေးတာပေါ့'

ချောင်ဝေသည် ပြောပြီး ခါးမှ ဓားတိုကို ဆွဲထုတ်လိုက်လေသည်။

သူက မျက်မှောင်ကုပ်လိုက်၏။

'မင်းက ဓားတိုနဲ့တိုက်ခိုက်မယ်...ဟုတ်လား'

'ဟုတ်တယ်'



သံမဏိခက်ရင်းခွက ယက်ထဲမှ ခက်ရင်းခွကို မြှောက်ပြလိုက်၏။

'ကျုပ်လက်နက်က ခြောက်ပေနီးပါးရှည်တယ်၊ မင်းရဲ့ဓားက သုံးပေလောက်ပဲရှည်တယ်၊ ဖြစ်ပါ့မလား၊ ကျုပ်က မင်းအပေါ်စီးက အနိုင်မယူချင်ဘူး'

ယခုတစ်ကြိမ်တွင် ချောင်ဝေ ဒေါသမထွက်တော့ပါ။

သူသည် လောက်ခွင်းနှင့် သံမဏိခက်ရင်းခွတို့သည် တရားမျှတပြီး တစ်ဖက်သတ် အနိုင်မယူလိုသည်ကို သဘောပေါက် နားလည်လာသောကြောင့်ဖြစ်၏။

အမှန်ဆိုလျှင် ၎င်းတို့က ကောက်ကျစ်စဉ်းလဲသောနည်းဖြင့် အနိုင်ယူယှဉ်ပြိုင်လျှင်လည်း သူ့အား အပြစ်ပြောချမရပေ။

ရန်သူကို မညီမျှသည့်နည်းနှင့်မဆို အနိုင်ရရန်သာ အဓိကဖြစ်သည် မဟုတ်ပါလား။

ယခုမင်းကျွန်းမှလူတွေသည် အများပြောသကဲ့သို့ လူစိတ်ပျောက်ပြီး ရက်စက်ယုတ်မာသူများမဟုတ်သည်ကို သူလက်တွေ့သိရှိလာရသည်။

သူက သက်ပြင်းချလိုက်သည်။

'ကျုပ်အတွက် စိတ်မပူပါနဲ့၊ ကျုပ်က ဓားတိုကိုင်ပြီး တော့လဲ ခင်ဗျားကို အနိုင်တိုက်မှာပါ'

သံမဏိခက်ရင်းခွသည် အားရပါးရပြုံးလိုက်၏။

ထိုနောက်

ချက်ချင်းပင် မျက်နှာအေးသွားပြီး သိုင်းကွက်ဖော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ….သတိထားပေတော့၊ ကျုပ်စပြီ'

သူသည်ပြောပြီး ချောင်စေကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သူသည် ချောင်ဝေအား မြွေပေါ် တစ်ခါတည်းလွှဲချော့မည့်ဟန်ဖြင့် မရပ်မနား တိုက်ခိုက်လိုက်သည်။

ချောင်ဝေ မပနိုင်တော့ပါ။

သတိကြီးစွာဖြင့် ရှောင်တိမ်းရင်း….

'ယခု'

ညာသံတစ်ချက်ပေး၍ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

၀ ၀ ၀

အလင်းရောင် တဖြည်းဖြည်း အားနည်းလာလေ၏။

တိုက်ပွဲမှာ ပြင်းထန်လျက်ရှိသေး၏။

သံမဏိခက်ရင်းခွသည် မှုည်လျားသော လက်နက်ဖြင့် တိုက်ခိုက်သော်သည်း ချောင်ဝေ၏ဓားတို့နှင့်တိုက်ခိုက်မှုတို့မှာ လက်ရည်ညီနေ၏။

ချောင်ဝေ အားတက်လာသောသည်။



လက်ရည်ချင်းတူညီလျှင် ညာဏ်သာသူက အနိုင်ရမြဲဖြစ်သည်ကို သူက သိရှိထားလေသည်။

ထို့ကြောင့်….

တိုက်ခိုက်ရင်း ကျောက်တုံးများ ထိုးထောင်ထွက်နေသောနေရာသို့ တရွေ့ရွေ့ဆုတ်လာလေသည်။

သူ၏အကြံအစည်မှာ သံမဏိခက်ရင်းခွအား တိုက်ခိုက်လျှင်သူအား ရှောင်တိမ်းမည်ဖြစ်သည်။

ထိုသို့ ရှောင်တိမ်းနေလျှင် တစ်ဖက်လူအား ဖိ၍ တိုက်ခိုက်လာပေလိမ့်မည်။

ထိုအခါ….

ခရင်းခွလက်နက်ဆန်းသည် ကျောက်သားများကြား ညှိုးရှင်းမိလျှင် သူ အနိုင်ရရှိမည်ဖြစ်သည်။

သူသည် အကြံအစည်အတိုင်း ခရင်းခွ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနေ၏။

ခရင်းခွသည် သူကြိုတင်တွက်ဆထားသည့်အတိုင်းကျောက်သားနှစ်ခုကြားသို့ တိုးဝင်သွားပြီး ရုတ်တရက် ပြန်ထုတ်၍မရပေ။

'ချွင်'

သံမဏိခရင်းခွသည် လက်နက်အား ကြိုးစား၍ ထုတ်ယူနေ၏။

ထိုအချိန်မှာပင်….

ချောင်ဝေသည် လျှပ်စီးပြက်တိုးကပ်သွားပြီး လက်ထဲမှဓားဖြင့် အားကုန်သိုးစိုက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

သူသည် မသင်မှတ်သော လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်လေသည်။

သူ၏ လက်နှစ်ဖက်မှ ရုတ်တရက် ပြန်ထုတ်ယူ၍မရသဖြင့် နောက်ပြန်လှည့် ဆွဲထုတ်လိုက်ရာ အတွင်းဘက်တွင် လျှို့ဝှက်ဆက်ထားသော လှံတိုတစ်ချောင်း ထွက်လာ၏။

အမှန်တော့...

ခရင်းခွအတိုနှင့် လှံတိုတစ်ချောင်းကိုဆက်၍ ခရင်းခွရှည်အဖြစ် ပြုလုပ်ထားခြင်းဖြစ်၏။

လှံသည် အနားသို့ တိုးကပ်လာသော ချောင်ဝေအား နောက်ပြန်တိုက်ခိုက်လိုက်၏။

ချောင်ဝေ ရင်ထိတ်သွားလေသည်။

ဒူးနှစ်ဖက်အားကွေး၍ လေထဲသို့ခုန်တက်ပြီး နောက်ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်သည်။

သူ့ကိုတိုက်ခိုက်ရန် ရည်ရွယ်ထားသော ဓားတိုသည် သူ့ကို မထိုးမိဘဲ ကျောက်တုံးကြီးတစ်ခုနှင့် ရိုက်မိသွား၏။

'ချွင်'

အသံနှင့်အတူ...

ချောင်ဝေ၏ လက်တစ်ခုလုံး ထုံကျင်သွားပြီး လက်ထဲမှ ဓားလွတ်ကျသွားလေ၏။

ထိုအချိန်မှာပင်...

သူ၏ လှံတိုဖြင့် ထိုးစိုက်လာလေ၏။



ချောင်ဝေသည် မြေပေါ်သို့ကျွမ်းထိုးချခြင်းမှာပင် ခါးမှဓားရှည်ကို ဆွဲထုတ်၍ အပေါ်သို့မြှင့်ပြီးခုတ်လိုက်ရာ...

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ လူသည် မဟန်နိုင်တော့ဘဲ နောက်သို့ဆုတ်လိုက်ရာ...

'ဝုန်း'

ကျောက်ဆောင်အစပ်တွင် ဖြစ်နေသောကြောင့် ပင်လယ်ထဲသို့ လိမ့်ကျသွားလေတော့သည်။

---o---

www.burmeseclassic.com

www.burmeseclassic.com

## အဆုံးအဖြတ်ပွဲ

ချောင်ဝေသည် လောဆော်ခွင်းနှင့် သံမဏိခရင်းခွတို့အား အနိုင်ရရှိလိုက်ပြီဖြစ်သည်။

သံမဏိခရင်းခွ၏ လှံတို့သည် သူ၏အကျီစအား အနည်းငယ် စုတ်ပြဲသွားစေသည်။

သူသည် နောက်ထပ်ကြိမ် ထပ်မံတိုက်ခိုက်ရလျှင် ရှုံးနိမ့်ရလိမ့်မည်ဖြစ်သည်။

သို့သော်…

လူလည်း အားမလျော့ပေ။

သူ အသက်မသေခင်အချိန်၌ အစွမ်းကုန် ကြိုးစားသွားရမည်သာဖြစ်သည်။

ဤသည်မှာ…



သူ၏ ဂုဏ်သိက္ခာအတွက်ဖြစ်၏။

သူသည် မောင်းဆောင်ပေါ်သို့မော့၍ အသံကို အားမပါဘဲ ရှုရှိုက်လိုက်သော်၏။

ထို့နောက်…

ဓါးတိုအား ကောက်ယူလိုက်၏။

ဓါးမျှားအား ပြန်လည်သိမ်းဆည်းနေစဉ်မှာပင် ၎င်းထံသို့ ဆစ်လှမ်းချင်းလျှောက်လာနေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

၀ ၀ ၀

လေများ တဟူးဟူးတိုက်ခတ်လျက်ပင် ရှိနေ၏။

အလင်းရောင်မှာ အားနည်းလာသော်လည်း ပတ်ဝန်းကျင်အား ကောင်းစွာမြင်တွေ့နိုင်ပေသည်။

ချောင်ဝေသည် လက်နှစ်ဖက်ကိုနောက်ပစ်၍ ခေါင်းဆေးစွာ ယှဉ်နေ၏။

သူ၏မျက်လုံးအစုံသည် သူ့ထံသို့လျှောက်လာသောသူအား အမှိတ်မသုန်ကြည့်နေ၏။

ကလေးသူငယ်တစ်ယောက်ဟု သူအာ ထင်မှတ်မိသည်။

www.burmeseclassic.com

ထိုလူသည် သူ့အနီးသို့ရောက်လာသောအခါ ချောင်ဝေ အံ့အားသင့်သွားလေသည်။

ထိုလူမှာ အရပ်သုံးပေသာသာခန့်သာ ရှိသည်။

ခေါင်းတစ်ခုလုံး ပြောင်အောင်တုံးထားပြီး ခါးတွင် ရွှေရောင်ခါးပတ်တစ်ခု ပတ်ထားလေသည်။

ချောင်ဝေသည် ယခုကြုံတွေ့ခဲ့သောလူများကို စဉ်းစားရင်း အလွန်ရယ်ချင်နေမိသည်။

အစ်ယောက်ဖမှာ သန်မာသော လူထွားကြီးဖြစ်ပြီး နေစုန်း အစ်ယောက်မှာ ပိန်ပိန်ရှည်ရှည်ဖြစ်သည်။

ယခုတွေ့ရသောလူမှာ လူပုလေးတစ်ဦးဖြစ်သည်

မည်သို့ဆိုစေ...

ထိုလူသုံးယောက်၏ ရည်ရွယ်ချက်မှာ ချောင်ဝေအား ရှာသော့ကိုယ်သော တိုက်ခိုက်ရန်ဖြစ်သည်။

o o o

လူပုလေးသည် ချောင်ဝေနှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် ရပ်တန့်လိုက်၏။

အဘေးတစ်ဦး မဟုတ်ပေ။



အသက် ဘေးဆယ်ခန့်ရှိသည့် လူတစ်ဦးဖြစ်၏။

သူ၏ ရွှေရောင်ခါးပတ်ထဲ၌ ရွှေရောင် ဓားငယ်လေးများကို အရိုထိုးစိုက်ထား၏။

ချောင်ဝေသည် ထိုလူအားမသိပါ။

ထိုလူမှာ ဓားပေါက်ပညာရှင်တစ်ဦး ဖြစ်သည်ကို ခန့်မှန်းမိလေသည်။

ချောင်ဝေက

'ခင်ဗျားက လောတော်ခွင်းတို့ သိမ်ကာဓိရင်းခွတ်ိုလို့ လူ့ဘ မဟုတ်လား'

လူပုလေး မဲ့ပြုံးပြုံး၏။

'ကျုပ် သူတို့နဲ့ တူလို့လား'

ချောင်ဝေ ခေါင်းခါ၏။

'မတူပါဘူး၊ ဒါပေမယ့် ကျုပ်ကို ရှင်းပစ်ဖို့ လာတာဆိုတာ သိထင်တယ်'

လူပုလေး ခေါင်းညိတ်၏။

'မဆိုးဘူး၊ ဒါပေမယ့် ကျုပ်က ရှုတို့ထက်သာတယ်ကွ'

ဟု နှာခေါင်းရှုံ့ လိုက်၏။

'ကျုပ်တော့ မထင်ဘူး'

လူပုလေး ဒေါသထွက်လာ၏။

'မင်း ကျုပ်ကို အထင်သေးတာလား၊ ကျုပ် လက် တစ်ချက်နှင့် ဓား ၂၄ ချောင်း တပြိုင်နက်ပစ်နိုင်တယ်၊ ကျုပ်သက်သာနဲ့ မင်းကိုယ်မှာ ဇကာပေါက်တွေဖြစ်သွားမယ်'

သူက...

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်လည်း မေးကြည့်ပေါ့ဗျာ'

လူပုလေး ခေါ်သထက်လာ၏။

သူသည် ပြောရင်း ခါးတို့ မေးရှည် နှစ်လက်စလုံး အ...

ရွတ်ယူလိုက်၏။

လူပုလေး လက်မလှုပ်သေးပေ။

သူ မျက်မှောင်ကုပ်၍

'ခင်ဗျားက ကျုပ်ကို မနိုင်မှန်းသိလို့ စစ်တူစောင့်နေတာ...

ဆင်တယ်ဟုတ်လား'

သူက လပုလေးစိတ်ဆိုးအောင်ပြောလိုက်ခြင်းဖြစ်သည်။

သို့သော်....

လူပုလေး စိတ်မဆိုးသည့်ပြင် တဟားဟား ရယ်လိုက်...

သည်။

သူ ကြောင်အမ်းအမ်းဖြစ်သွားရလေ၏။

* * *

လူပုလေးသည် ချောင်ဝေကို ပြုံး၍ ကြည့်လိုက်ပြီး

'ကျုပ် ဘာဖြစ်လို့ မတိုက်သေးတာလဲ သိသလား'

'ဘာဖြစ်လို့လဲ'



'ကျုပ် လူသေနဲ့စကားမပြောတတ်လို့ကွ'

သူ မျက်မှောင်ကုပ်လိုက်ပြီး

'ခင်ဗျား ကျုပ်ကိုစကားပြောချင်တယ်ဟုတ်လား'

လူပုလေးက

'ဟုတ်တယ် မေးစရာရှိလို့'

သူက ပြုံးလိုက်သည်။

'ခင်ဗျားမေးတိုင်း ကျုပ်ဖြေရမှာလား'

'မင်း ဖြေချင်မှဖြေပါကွာ'

'ကျုပ်...'

သူ၏စကားမဆုံးသေးပေ။

ကြားဖြတ်ပြောလိုက်၏။

'မင်းနာမည် ချောင်ဝေ'

'ဗျာ'

သူ အံ့အားသင့်သွားသည်။

သူသည် လူတစ်ယောက်အားသတိရလာသည်။

ထိုကြောင့်....

လူပုလေးအား ပြုံးပြလိုက်၏။

'မထူးဆန်းပါဘူးဗျာ။ သင်းရှူးမြို့မှာခင်ဗျားတို့ အာ...

...ာ်ရှိရမယ်ဟုတ်လား'

သူက လူပုလေးအား စိုက်ကြည့်လိုက်၏။

www.burmeseclassic.com



'အဲ့ဒီ အတောအတော်ကလည်း နတ်မျက်စိ ဗေဒင်ဆရာ ရှုန်းလိုမဲ့ဖြစ်ရမယ်'

လူပုလေး ပါးစပ်ပိတ်ထားလိုက်လေ၏။

* * *

ချောင်ဝေသည်လူပုလေးမှာ ခေါင်းမာသူဖြစ်၍—

သူ မေးသည်ကို မဖြေဘဲ နေသည်ကို နားလည်မိလိုက်လေသည်။

သူက ပါးစပ်ပိတ်ထားလိုက်၏။

ထိုအခါ—

လူပုလေးက စကားစလိုက်သည်။

'မင်း ဘာကြောင့် ဒီကိုလာတာလဲ'

'လျှိုမိန်ကို တွေ့ချင်လို့'

'မင်း လိမ်ပြောတာ'

'ဘာ ကျုပ် ဘာကြောင့် လိမ်ရမှာလဲ ခင်ဗျားကိုလဲ ရော မကြောက်ဘူး'

သူ၏ စကားကို လူပုလေးက အရေးမစိုက်ပါ။

သူ ပြောချင်တဲ့စကားကိုသာ ပြောနေ၏။



'မင်း ဘယ်လိုကိစ္စကြောင့် သေချင်ရတာလဲ'

သူ ဒေါသထွက်လာ၏။

'ကျုပ်က ဘာကြောင့်သေချင်ရမှာလဲ'

'မင်း လိမ်နေလို့လဲ အပိုပဲကွ။ ဒီကိုရောက်လာကြတဲ့ လူတွေဟာ ဘဝမှာ အသက်ရှင်ဖို့ မျှော်လင့်ချက်ကင်းမဲ့နေလို့ ကွ၊ ရှင်းရှင်းပြောရရင် သေချင်နေတဲ့ လူတွေလာတာ'

ချောင်ဝေ ထပ်မံပြောလိုက်၏။

'ကျုပ်ဟာ ဒီလိုလူစားထဲမှာ မပါဘူး'

လူပုလေးက ခေါင်းခါလိုက်၏။

'ဘာပဲဖြစ်ဖြစ် မင်းမှာ အကြောင်းတစ်ခုခုတော့ ရှိရမယ်'

'ရှိတယ်'

'ဘာအကြောင်းကိစ္စလဲ'

'ကျုပ်...ခင်ဗျားကိုမပြောနိုင်ဘူး'

'ချောင်ဝေရဲ့လူတွေက ယမမင်းအကြောင်းကို အမျိုးမျိုး ပြောကြတယ်၊ ဒါပေမယ့် အဲ့ဒီစကားတွေကို မင်းကို အယုံအကြည်မရှိဘူး မဟုတ်လား၊'

'ဟုတ်တယ်၊ ခင်ဗျားပြည်တို့ ဘာတွေဆိုတာ ကျုပ်က မယုံဘူး၊ အကြောင်းကိစ္စတစ်ခုခုရှိလို့သာ လုပ်ကြံသတင်းလွှင့်တာ ဖြစ်မယ်'

လူပုလေးက ပါးစပ်ပိတ်ထားသည်။

သို့သော်

သူ၏မျက်လုံးထဲ၌ လျှို့ဝှက်သော အရိပ်အယောင်တချို့ ပေါ်လွှင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်ပြောလိုက်၏။

'ဒါဖြင့်ထားပါတော့၊ မင်း... ဘာကြောင့် ဒီကိုလာတာလဲ၊ လျှံမိန်ကို ဘာကြောင့်တွေ့ချင်ရတာလဲ'

'ကျုပ်... လျှံမိန်ကိုတွေ့ချင်တာ ရည်ရွယ်ချက် တစ်ခုပဲရှိတယ်'

'ဘာလဲ၊ လျှံမိန်ရဲ့အလှအပကို ကြည့်ချင်လို့လား'

'မဟုတ်ဘူး'

ကျိတ်စက်ကြီးမှ အုံကြွသွားသူမှာ လူပုလေးပင်ဖြစ်သည်။

'ဒါဖြင့် မင်းရဲ့ရည်ရွယ်ချက်က ဘာလဲ'

ချောင်ဝေ သက်ပြင်းချလိုက်၏။

'ကျုပ်... လူတစ်ယောက်နဲ့ အလွန်အရေးကြီးတဲ့ ကိစ္စကြောင့် သိုင်းပညာ ယှဉ်ပြိုင်စရာရှိတယ်၊ ဒါကြောင့် လျှံမိန်ဆီက အကူအညီလာတောင်းတာပါ'

လူပုလေးက အားရပါးရ ရယ်လိုက်၏။

'ဟား... ဟား... ဟား'

အတန်ကြာအောင် မျက်ရည်များထွက်သည်အထိ ရယ်မောပြီးမှ...

'ကျုပ်... ဒီတစ်ခါပဲကြားဖူးသေးတယ်၊ လျှံမိန်ဆီက အကူအညီတောင်းမဲ့ စကားကို၊ မင်းက သူ့ကို တော်တော် အထင်ကြီးတာကိုး'

ချောင်ဝေက မျက်နှာတည်လိုက်ပြီး



'ခင်ဗျားတို့ လောကီဗျွင်းလို သံမဏိစက်ရင်းခွတို့လို ထိပ်ပိ သီးပုဂ္ဂိုလ်တွေတောင် လျှံမိန်ရဲ့ အမိန့်ကို နာခံကြတာပဲ၊ ကျုပ်က သူ့ကို အထင်ကြီးတာ အဆန်းသလားဗျ'

လူပုလေး ပါးစပ်ပိတ်သွားသည်။

မျက်နှာလည်း မဲ့ခနဲဖြစ်သွား၏။

စကားဆက်မပြောတော့ပေ။

ချောင်ဝေက ပြုံးလိုက်၏။

'ကျုပ်ကို ကူညီပါဗျာ၊ ကျုပ်ရဲ့မျိုးနွယ်၊ ကျုပ်ရဲ့ဆွေးနွယ် သူများလက်အောက်ကို မရောက်စေဖို့ လျှံမိန်ရဲ့အကူအညီ ရမှပဲ ဖြစ်မှာ၊ ကူညီပါဗျာ'

လူပုလေးက သက်ပြင်းချလိုက်၏။

'မင်းက ဘာကိစ္စ အကူအညီတောင်းမှာလဲ'

ချောင်ဝေက...

'သိုင်းပညာသင်ပေးဖို့'

လူပုလေး အံ့အားသင့်သွား၏။

'သိုင်းပညာသင်ပေးဖို့ ဟုတ်လား'

ချောင်ဝေက...

'ဟုတ်ပါတယ်'

သူက စကားဆက်လိုက်၏။

'လျှံမိန်ဟာ ဖမ်းချုပ်လွတ်မြောက်တဲ့ သိုင်းပညာကို တတ်မြောက်ထားတယ်လို့ သိရပါတယ်၊ ကျုပ်က သူ့ဆီမှာ သင်ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေ၏စကားကို နားထောင်နေသည့် လူပုလေး၏ မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွား၏။

'နေပါဦး၊ လျှိုမိန်ဟာ ဖမ်းချုပ်လွတ်မြောက် သိုင်းပညာ အတတ်ထားတယ်လို့ မင်းကို ဘယ်သူပြောသလဲ'

ချောင်ဝေက ခေါင်းခါလိုက်၏။

'ပြောတဲ့လူက အရေးမကြီးပါဘူးဗျာ၊ အဓိကကတော့ ကျုပ်က လူ့ဆီက သိုင်းပညာ သင်ခွင့်ရဖို့ပဲ'

လူပုလေးက ခေါင်းခါလိုက်၏။

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'မင်းက ယမမင်းကျွန်းပေါ် ရောက်အောင် သွားနိုင်မှာ မဟုတ်လို့ပဲ'

ချောင်ဝေက...

'ကျုပ်က မရောက်ရောက်အောင် သွားရမှာပဲ'

လူပုလေးက အသံအေးစက်စက်ဖြင့်

'မင်းက ကျုပ်ကိုနိုင်ရင်ပေါ့လေ'

'ကျုပ်က ခင်ဗျားကို နိုင်အောင် ကြိုးစားရမှာပေါ့'

သူက ခက်ခက်စဉ်းစားလိုက်၏။

'ဒါနဲ့ တစ်ခုလောက် မေးပါရစေ'

'မေးပါ'

'ခင်ဗျားကိုနိုင်ရင် နေစက်ထပ် ယှဉ်နိုင်မယ့်လူတွေ လာဦးမှာလား'

လူပုလေးက သဘောကျစွာဖြင့် ရယ်မောလိုက်၏။



'ဟဲ...ဟဲ...ကျုပ်က နေစက်ဆုံးပါပဲဗျာ၊ ကျုပ်ကိုနိုင်ရင် နောက်ထပ် ဘယ်သူမှ ထပ်မလွှတ်တော့ဘူး၊ မင်းကို လှေသမားက လာခေါ်လိမ့်မယ်'

ချောင်ဝေက...

'ကဲ...ကျုပ်တို့ယှဉ်ပြိုင်စို့'

လူပုလေးက ဟန့်တားလိုက်၏။

'ခဏနေပါဦး'

ချောင်ဝေက...

'ခင်ဗျား ဘာပြောမလို့လဲ'

'မင်း...ကျုပ်ကိုနိုင်ရင်တောင် ယမမင်းကျွန်းကို ရောက်ဖို့ မလွယ်ဘူးကွ'

'ဘာလို့ မလွယ်ရမှာလဲ၊ လှေသမားက ခေါ်မှာပဲဥစ္စာ'

လူပုလေးက လက်ကာပြလိုက်၏။

'လှေသမားရောက်လာရင် ဆေးခတ်ထားတဲ့ အမှတ်တစ်ခုကို သောက်ရမှာပဲ၊ ဆေးမိသွားတဲ့လူဟာ ယမမင်းကျွန်းပေါ် ရောက်လို့ ဘာထူးဦးမှာလဲ၊ လျှိုမိန်ဆီက သိုင်းပညာ သင်ဖို့ဆိုတာ အခဲကြီးမှာကွ'

ချောင်ဝေက ပခုံးတွန့်လိုက်၏။

'ဒါက ကျုပ်ကိစ္စပါ၊ ခင်ဗျားနဲ့မဆိုင်ပါဘူး'

'ကျုပ်က မင်းကိုမြင်မြင်ချင်း ညီလေးတစ်ယောက်လိုခင်တယ်၊ ဒါကြောင့် မင်းမှာအချိန်ရှိသေးတယ်၊ ငါ့ကိုရှုံးသွားတဲ့အချိန်၊ ဆေးမိသွားတဲ့အချိန်ကျမှ ပြန်လှည့်ချင်လို့မရဘူးကွ နောက်မှ နောင်တမရမိစေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်မှာ တယ်သောဘမှ နေ့ခင်းတာရဘူး၊ အခု ခင်ဗျားစပြီးကိုဆော်မလား၊ ကျုပ်စပြီးတိုက်ရမလား၊'

လူပုလေး အနည်းငယ်စဉ်းစားလိုက်၏။

'ငါမှာ အစီအစဉ်တစ်ခုရှိတယ်'

'ပြော'

'ငါက ဓားပါး ၂၄လက်နဲ့ မင်းကိုပစ်မယ်၊ မင်း ကြိုက်သလို ခုခံနိုင်တယ်၊ တကယ်လို့ ငါ့ဓား ၂၄ လက်ကိုရှောင်နိုင်ရင် ငါအရှုံးပေးလိုက်မယ်'

ချောင်ဝေ ဝမ်းသာသွားလေသည်။

'ကောင်းပြီ ကျုပ်သဘောတူတယ်'

လူပုလေးက လက်နှစ်ဖက်ကို တွဲလောင်းချထားလိုက်သည်။

'သတိထားပါ ငါ့ဓားတွေဟာ လျှပ်စီးလက်သလိုလျင်တယ် မျက်စိတစ်မှိတ်လက်ထဲသွားတာနဲ့ မင်းရှုံးပြီ'

'ကောင်းပြီ ခင်ဗျားစတိုက်ပေတော့'

'ကဲ---လာပြီ ငါကိုခွင့်လွှတ်ပါ၊ မင်းကံကောင်းပါစေ'

အကြာခဲ့ရင်း လက်နှစ်ဖက်ကို စတင်လှုပ်ရှားလိုက်သည်။

သူ့လက်ထဲတွင် ဓား ၂၄ လက်အား ကိုင်ထားပြီးဖြစ်လေသည်။

ပစ်လွှတ်လိုက်သည်။

သူ၏လှုပ်ရှားမှုများမှာ အလွန်လျင်မြန်နေ၏။

ဓားပစ်ပုံမှာ ထစ်မှုထူးခြားနေ၏။



ချောင်ဝေအား ဦးတည်ပစ်လွှင့်ခြင်းမဟုတ်ပါ။

ချောင်ဝေ ရှောင်တိမ်းနိုင်မည့် အရပ်လေးမျက်နှာသို့ ပစ်လွှင့်လိုက်ပြီး အချို့ကို အထက်အောက်ဝဲယာစသည်ဖြင့် ပစ်လွှင့်လိုက်ခြင်းဖြစ်သည်။

ချောင်ဝေ ရပ်ထိုက်သွားသည်။

ရှောင်တိမ်းရန် လုံးဝအခွင့်အရေးမရှိပါ။

သူသည် လက်ထဲမှဓားနှစ်လက်ကို ဖျော်ဝိုင်းသဏ္ဍာန် ဝေ ယမ်းလိုက်၏။

သံသံချင်းထိတွေ့သံများ တချွင်ချွင် ထွက်ပေါ်လာသည်။

သူ ထိုသို့ တည်ငြိမ်စွာ ပစ်လွှင့်လာသော ဓားပေါင်းများစွာအား ရိုက်ထုတ်နိုင်ခဲ့သော်လည်း အရပ်လေးမျက်နှာသို့ ခွဲခြမ်းလိုက်မသော ဓားပေါင်းများသည် သူ၏အနေအထားအတိုင်းရှိ ကျောက်တုံးများအား ထိမှန်ကာ ပြန်ကန်ထွက်လာကြလေသည်။

သူသည် မျက်လုံးပြူးသွားလေ၏။

ရှောင်တိမ်းရန် လုံးဝမဖြစ်နိုင်တော့ပါ။

လူပုလေး၏ဓားပညာကို သူက နည်းနည်းသဘောပေါက် လာမလေသည်။

သူသည် ဖြတ်ထိုးဉာဏ်ကောင်းသူဖြစ်ရာ ရုတ်တရက် မြေသို့ ခုန်ချသွားသည်။

ဓားဖြင့်ပစ်ပေါက်နေသော လူပုလေးထံသို့ ခုန်ဝင်သွားခြင်းဖြစ်သည်။

သူသည် ကံကောင်းသော လူငယ်တစ်ယောက်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခါးမျှား စတင်ထွက်ပေါ်လာသော နေရာသည် အန္တရာယ် အကင်းဆုံးဟု ယူဆမိသည်။

သူ၏အသက်နှင့်ထပ်၍ ယုံကြည်မှုကို ကံစမ်းခဲ့ခြင်းပင် ဖြစ်သည်။

သူ၏ တွက်ချက်မှုသာ မှားယွင်းသွားပါလျှင် သူသေဆုံး ရမည်သာ ဖြစ်၏။

သူသည် လူပုလေးအနီးသို့ရောက်သောအခါ ခါးပါးလေး များက ဆက်လက်တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါ။

ကျောက်တုံးများနှင့် ထိမှန်၍ ပြန်ကန်ထွက်လာသော ခါးပါးလေးများသည် အရှိန်ကုန်ကာ မူလက သူရပ်နေသော နေရာသို့ တဖုတ်ဖုတ် ပြုတ်ကျလာလေသည်။

လူပုလေးသည် သူ့အား အံ့သြစွာကြည့်နေ၏။

သူသည် လူပုလေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ တော့သည်။

'ကဲ...ကျုပ်အလှည့်'

လူပုလေးက ဆက်ကာပြောလေသည်။

'ငါ့ကိုမတိုက်နဲ့တော့ ငါရှုံးသွားပြီ၊ လှေသမားကို စောင့်ပေတော့'

ပြောပြီး ကျောက်စွန်းအပေါ်သို့ ပြေးသွားကာ ပင်လယ် ထဲသို့ ခုန်ချလိုက်လေသည်။

'ဝုန်း'

ရေထဲသို့ကျသွားသောအသံ ထွက်ပေါ်လာပြီးနောက် လူပု လေးသည် လုံးဝပြန်ပေါ်မလာတော့ချေ။



ချောင်ဝေသည် ယမမင်းကျွန်းသို့သွားရန် အရည်အချင်း စစ်ရာတွင် အောင်မြင်သွားပြီဖြစ်လေသည်။

သူ၏ လှေသမားအလာကို စောင့်ရန်သာ ကျန်တော့ သည်။

လှေသမား မည်သည့်အချိန်မှ ရောက်ရှိလာမည်နည်း။

သူမသိပါ။

သူသည် ရင်ဘတ်ထိတ်ထိတ်ခုန်နေ၏။

ယခုတစ်ကြိမ်တွင်...

သူသည် ထိုင်ချခြင်းမရှိဘဲ မားမားမတ်မတ် ရပ်၍ စောင့် နေလေတော့သည်။

...၀...

www.burmeseclassic.com

www.burmeseclassic.com



လေများ တဟူးဟူး တိုက်ခတ်နေ၏။

အအေးဓာတ်သည် စတင်ပြင်းထန်လာချေပြီ။

သူတာ မမှုပါ။

ပင်လယ်ပြင်ထဲရှိ ကျွန်းများကိုကြည့်လိုက်၊ ပင်လယ်ရေပြင်ပေါ်ကြည့်လိုက်နှင့် မျက်စိမအားနေ၏။

မကြာပါချေ။

သူ၏မျက်လုံးထောင့်စွန်းသို့ မည်းမည်းသဏ္ဌာန်တစ်ခု တိုးဝင်လာသည်။

သူကြည့်လိုက်ရာ....

ပင်လယ်ပြင်ထဲ၌ မည်းမည်းသဏ္ဌာန်တစ်ခုသည် အတိုက်ဝင်ပါ ကျောက်ဆောင်သို့ ဦးတည်လာနေသည်ကို တွေ့လသည်။

သူက ထိုအရာအား စူးစိုက်ကြည့်နေစဉ်မှာပင် မည်းမည်းသဏ္ဌာန်သည် ရုပ်လုံးပေါ်လာလေသည်။

လှေငယ်တစ်စင်းပင် ဖြစ်သည်။

သူ၏ ဝမ်းသာသွားလေသည်။

ယမင်းကျွန်းမှ လျှိုမိန့်သည် သူထံသို့ လှေသမားကို လွှတ်လိုက်ပြီ မဟုတ်ပါလား။

၀ ၀ ၀

လှေသမား ရှိန်းလီ

---

နေလုံးကြီးသည် ပင်လယ်ထဲကို ငုပ်လျှိုးသွားပြီဖြစ်သည်။ ညီသော်...

တောင်ဆောင်ပြာကြီးတွင် မြူလွှဲလွဲ အသင်းရောင်က ကျ နေပါသေး၏။

ပင်လယ်ရေပြင်တစ်ခွင်တွင် မည်းမှောင်နေပြီး လှိုင်းတွန် လေးများသည် တစ်ခါတစ်ရံ အရောင်တဖျတ်ဖျတ် ထနေ သည်။

ညအချိန်ရောက်နေပြီဖြစ်လေသည်။

လှိုင်းသံတဝုန်းဝုန်းမှလည်း ပြင်းထန်စွာ ဆူညံနေ၏။

ချောင်ဝေသည် နေရာတွင်ပင်ရပ်လျက် ပင်လယ်ပြင်တွင် တစ်စုံတစ်ခုကို ရှာဖွေနေ၏။

www.burmeseclassic.com



ချောင်ဝေသည် ကြည့်နေရင်းကြည့်နေရင်းမှာပင်—

လှေငယ်ကလေးသည် ကျောက်ဆောင် အနီးသို့ ရောက်လာသည်။

သူက လှမ်းအော်လိုက်လေ၏။

'ယမမင်းကျွန်းက မိတ်ဆွေအားခင်ဗျာ'

ဟူ အော်သံနှင့် မရှေးမနှောင်းမှာပင် လှေပေါ်မှ အသံထွက်လာသည်။

'ဟုတ်ပါတယ်ဗျာ'

ချောင်ဝေသည်—

ထိုအသံကြားလိုက်သည်နှင့်—

ရင်ထဲတွင်တစ်ချက်လှုပ်ရှားသွားလေသည်။

ညမှောင်ချိန်ဖြစ်နေသဖြင့်—

လှေသမားသည် မည်သူမည်ဝါ ဖြစ်သည်ကို—

သူက မသိရှိရပါ။

သို့သော်—

ထိုအသံကို ကောင်းစွာ မှတ်မိလေ၏။

'နတ်မျက်စိဆေးဝင်ဆရာ ရှန်းလိ'

သူ၏ ရင်ထဲ၌ တီးတိုးရေရွတ်မိလေ၏။

'ခင်ဗျားက ရှန်းလိလား'

သူက အံ့အားသင့်စွာ မေးလိုက်၏။

လှေသမားသည် လှေအား ကျောက်ဆောင်အနီးတွင် ရပ်တန့်ကာ ကျောက်ဆောင်ပေါ်ခုန်တက်လာ၏။

'ဟုတ်ပါတယ်ဗျာ ကျုပ်ပါဘဲ'



လှေသမား ပြုံး၍ ပြောလိုက်ခြင်းဖြစ်၏။

လှေသမားမှာ ရှန်းလိပင်ဖြစ်၏။

သူက ဆက်၍—

'မင်း ယမမင်းကျွန်းကို သွားချင်တယ်ဆိုရင် လှေပေါ်တက်လေ'

သူသည် မနေရာမှမရွှေ့ဘဲ—

ရှန်းလိကို စိုက်ကြည့်နေ၏။

ရှန်းလိသည် လျှို့မိုနို၏ လူတစ်ယောက် ဖြစ်နေလေသည်။

ထို့ကြောင့်

ယမမင်းကျွန်းအကြောင်းကို သာမန်ထက်ပို၍ သိနေသည့် ဟုတ်ပါလေစ။

ရှန်းလိသည် ချောင်ဝေက ကြောင်ရုပ်ရပ်နေသည်ကို တွေ့ရသဖြင့်—

'ဟေ့ သူငယ် မင်း အရှည်အချင်းစစ်လို့ အောင်မြင်ပြီးမှ အဲဒီကျွန်းကို မသွားဘဲ နေခဲ့တာမလိုသားကွ၊ လှေပေါ်တက်လေ အချိန်မရှိဘူး အရှမ်းမှောင်သွားမယ်ကျုပ်တို့သွားကြစို့'

ရှန်းလိက ပြောရင်း—

လှေပေါ် ဆင်းရန် ခြေလှမ်းပြင်လိုက်၏။

သူသည် ယခုမှပင်—

လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

'ခင်ဗျားက လှေသမားကိုး'

ရှန်းလိပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ချုပ် လှေသမားလည်းလုပ်တယ်၊ ဗေဒင်ဆရာလဲ လုပ်တယ်၊ နေ့စဉ်တစ်ခုတော့ မလုပ်သေးတယ်'

ချောင်ဝေက....

'ခင်ဗျားက ကျွန်တော့် ကိုလိမ်'

ရှန်းလီကြီးပြုံးလျက်ဖြင့်၊

'ကဲ လှေပေါ်အရင်တက်ပါ၊ အပေါ်ရောက်မှ စကားပြောကြတာပေါ့၊ အချိန်အများကြီး ကျန်သေးတယ်၊ တော်ကြာ မှောင်သွားမယ်'

သူ သက်ပြင်းချလေ၏၊

လှိုသည် နေနှစ်လက်ကို နေရာတွင် ပြန်ထည့် လိုက်လေသည်၊

အကယ်၍

ရှန်းလီက သူ့အားတိုက်ခိုက်လာလျှင်လည်း....

သူက ခုခံကာကွယ်ရန်အသင့်ရှိနေ၏၊

ရှန်းလီသည်ပါးနပ်သူတစ်ယောက်ဖြစ်ရာ..

ချောင်ဝေ၏ စိတ်အား အကဲခတ်မိလိုက်သည်၊

'မင်းကို အရည်အချင်းစစ်လို့ အောင်မြင်နေပြီဘဲ၊ မင်းကို ဘယ်သူကမှ မတိုက်ခိုက်နိုင်တော့ဘူး၊ စိတ်ချလက်ချသာ လှေပေါ်တက်ပါ'

သူက ပြောပြီး၊ ရှေ့ဆုံးမှ လှေပေါ်သို့ တက်လိုက် လေသည်၊

သူကလည်း မနေးပါ၊

လှေပေါ် ခုန်တက်လိုက်၏၊



ရှန်းလီက သူ့ကို ပြုံးပြ၏၊

'မင်းက ဘဝပြောင်းတဲ့တားနဲ့အတိုက်မေ့ စက်ဝါ ကြောင်းသိ ဆောင်ကိုကျော်ပြီးပြီဆိုတော့ အခု မင်းဘဝ အသစ် စရတော့မယ်'

သူက မျက်မှောင်ကုပ်၍ ဒေါသသံဖြင့်....

'ခင်ဗျား လျှောလှော်မှာသာ လှော်ပါ၊ ပြီးမှ ခင်ဗျားနဲ့ ချုပ်စရင်းရှင်းမယ်'

ရှန်းလီ ဟက်ဟက်ပက်ပက် ရယ်လိုက်၏၊

'ကောင်းပါပြီဗျာ၊ ကျုပ်လို့ ရေကူးကျွမ်းကျင်တဲ့လူတစ်ဦးအဖို့ ရေလယ်ရောက်မှပဲ စကားပြောချင်တာပေါ့ဗျာ ဟား....ဟား....ဟား'

ရှန်းလီက ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်ကို သူ နားလည်လိုက်သည်၊

ရှန်းလီသည် လှေကို အစွမ်းကုန်လှော်ခတ်နေ၏၊

သူ ပါးစပ်ပိတ်ထားလိုက်ပါနေ၏၊

သူ့ကို မည်သူကမျှ တိုက်ခိုက်ခွင့်မရှိသည်ကို နားလည်ထားပြီးဖြစ်သည်၊

ထို့ပြင်....*

ရှန်းလီက သူ့အား ခင်မင်သဖြင့်....

ယမမင်းကျွန်းသို့ မသွားရန် အယုန်တန် တားမြစ်ခဲ့သည် ဖြစ်ပါလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ရှန်းလီကို ယုံကြည်စိတ်ချစွာဖြင့်....

လှေပေါ်တွင် အေးဆေးစွာ ငေးမေ့ရင်း လိုက်ပါသွားစေတော့သည်။

—၆—

## ဆေးစပ်ထားသော အရက်တစ်ခွက်

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

လှိုင်းလေအလွန်ထန်သဖြင့် သွားလာရေး အလွန်ခက်ခဲနေသည်။

အိမ်တစ်လုံး ပမာဏခန့် ကြီးမားသည့် လှိုင်းလုံးကြီးများ ရိုက်ခတ်မှုအောက်တွင်....

လှေကလေးကို မတိမ်းမှောက်စေရန် ရှန်းလီ ကျွမ်းကျင်စွာ ထိန်းသိမ်းနိုင်၏။

ချောင်စေသည် ပတ်ဝန်းကျင်ကို မမြင်အောင်ကာဆီး နေသော်လည်း....

ထိုးသိုးထေးခင်နေစေသော မည်းမည်းအရာများအား မည်သည့်အရာကိုမှ မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ယမမင်းကျွန်းကိုသွားရန်မှာ ခက်ခဲပြီး လျှို့ဝှက် လွန်း၏

အလှယ်တကူသိမြင်ရသော်လည်း သွားရန်မလွယ်ကူလှပါ

လှေကလေးသည် ပင်လယ်ပြင်အလယ်သို့ရောက်သောအခါ

ရှန်းလီက စကားစလိုက်၏

'ကျုပ် မင်းကို ခင်မင်လို့ ဒီကျွန်းကို မသွားဖို့ အတန်တန်

တားမြစ်ခဲ့တယ်၊ ဒါပေမယ့် မင်းက ခေါင်းမာလွန်းတယ်၊အ

ခုတော့ ကျုပ် ဘာမှ မတတ်နိုင်တော့ဘူး၊ ကျုပ် မညာနိုင်

ခွင့်လွှတ်ပါ'

သူ ရယ်မောလိုက်၏

'ကျုပ်ကရော ခင်ဗျားကို ညာခိုင်းနေလို့လားဗျ'

ရှန်းလီ ဒေါသထွက်လာ၏

'ကျုပ် မင်းကို လူငယ်တစ်ယောက်တဝမှာ ဘာမှ အရေး

မပါတဲ့ အသက်ဆုံးရှုံးမှာကို စိုးရိမ်လို့ ပြောနေတာ၊ မင်း

ကျုပ်ရဲ့ စေတနာကို မလေးစားဘူး'

သူ ခေါင်းခါလိုက်၏

'မဟုတ်ပါဘူး၊ ကျုပ် ခင်ဗျားကို ကျေးဇူးတောင် တင်

သေးတယ်'

ရှန်းလီ မဲ့ပြုံးပြုံး၏

'အခုမှတော့ ကျေးဇူး မတင်ပါနဲ့တော့ လောက်ခွင်းတို့

မကြိခက်ရတ်ရင်းခွဲတို့ လူပုဖွလေး တို့ထက် ကျုပ်က မင်း

အဓဆောင်းဆုံး ဒုက္ခပေးမယ့် လူဖြစ်နေပြီ'

ချောင်ဝေက မျက်နှာတည်ကြည်စွာထားလိုက်ပြီး ခေါ

ညိတ်လိုက်၏



'ခင်ဗျားကြိုက်သလို ဒုက္ခပေးနိုင်ပါတယ်ဗျာ၊ အခုမှတော့

ကျုပ်က ရင်ဆိုင်ဖို့ အသင့်ပါပဲ'

လှေကလေးမှာ အရှိန်ရလာပြီဖြစ်လေသည်

ရှန်းလီသည် လှေလှော်ခြင်းကို ရပ်တန့်လိုက်လေ၏

၀ ပ ၀

ရှန်းလီသည် လှေပဲ့ပိုင်းတွင်ထိုင်နေပြီး ချောင်ဝေမှာ လှေ

ဦးပိုင်းတွင် ထိုင်နေခြင်းဖြစ်၏

သူတို့နှစ်ယောက်အလယ်တွင် ရွှေရောင်သေတ္တာတစ်လုံး ရှိ

လေ၏

ရှန်းလီက သေတ္တာကို စတင်ဖွင့်လိုက်လေ၏

ချောင်ဝေသည် ရှန်းလီလှုပ်ရှားသမျှကို မျက်တောင်မခတ်

အကဲခတ်ကြည့်နေ၏

ရှန်းလီသည် ပစ္စည်းအချို့ကိုထုတ်ယူလိုက်၏

ရွှေရောင်တောက်ပနေသော ရေတကောင်းတစ်လုံးနှင့် ရွှေ

ရောင်ခွက်ငယ်လေးတစ်ခုဖြစ်လေ၏

သူက ထိုပစ္စည်းများကို သေတ္တာပေါ်သို့ တင်လိုက်လေ

သည်

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကတ်

ချောင်ဇေကို ပြုံးပြလိုက်ပြီး....

'ကျုပ်က အခု မင်းကို ဆေးခတ်ထားတဲ့ အရက်တစ်ခွက် တိုက်မယ်၊ ဒါကို သောက်ပြီးရင်တော့ ယမမင်းကျွန်းကို ရောက်မယ်'

'ကျုပ်က မသောက်ဘူးဆိုရင်ရော....'

'ရပါတယ်၊ ကျုပ်ရဲ့ လှေဦးကို နောက်ပြန်လှည့်လိုက်ရုံ ပေါ့'

'ခင်ဗျားကိုကျုပ်က ဖမ်းချုပ်ပြီး ယမမင်းကျွန်းကို အတင်း အကျွင် လိုက်ပို့နိုင်မယ်ဆိုရင်ရော'

ရှန်းလီက မဲ့ပြုံးပြုံးလိုက်၏။

'စိတ်ကူးမယဉ်ပါနဲ့ကွ။ မင်းက ငါးရှဉ့်တစ်ကောင်ကို အလွယ်တကူမိနိုင်ပေမယ့် ကျုပ်ကိုဖမ်းဖို့ဆိုတာ ဝေးပါသေး တယ်'

ချောင်ဇေက ပြုံးစိစိဖြင့်....

'ကျုပ်က စမ်းကြည့်ချင်တယ်'

ရှန်းလီ၏မျက်နှာ တင်းမာခက်ထန်သွားလေ၏။

'ကောင်းပြီလေ၊ မင်းက စလှုပ်ရှားလိုက်တာနဲ့ ကျုပ်က လှေကို မှောက်လိုက်ရုံပဲ၊ ဒါမှ မဟုတ်လဲ ကျုပ်က ပင်လယ်ထဲ ခုန်ချလိုက်ရုံပဲ'

ချောင်ဇေ၏ရင်ထဲတွင် အနည်းငယ် လှုပ်ရှားသွားလေ သည်။



ရှန်းလီ တအယ်ပြောနေခြင်းဖြစ်သည်ကို သူက ယုံကြည် လေသည်။

သူက ဟန်ဆောင်ပြုံးလိုက်၏။

'ခင်ဗျားသေမှာမကြောက်ဘူးလား'

'မင်း၊ အိပ်မက်မက်မနေနဲ့၊ ကျုပ်က ပင်လယ်ထဲမှာ ဘယ် တော့မှသေမှာမဟုတ်ဘူး၊ ကျုပ်က ရေထဲမှာ သုံးရက်လောက် အေးအေးဆေးဆေးငုပ်နိုင်တယ်၊ ပြီးတော့ ပင်လယ် ရေ အောက်ကနေ ကျုပ်သွားလိုတဲ့နေရာကိုလဲ သွားနိုင်တယ်'

ချောင်ဇေ သက်ပြင်းချလိုက်လေ၏။

'အင်း....ခင်ဗျားတို့လိုတဲ့အရက်မသောက်ဘဲ ယမမင်းကျွန်း ပေါ် မရောက်နိုင်ဘူးဆိုတာ ကျုပ် နားလည်ပါပြီဗျာ'

ရှန်းလီ ခေါင်းညိတ်လိုက်၏။

'မင်းက နားလည်လွယ်ပါတယ်၊ ကျုပ်တာလဲ မင်းရဲ့ ရန်သူ မဖြစ်ချင်ဘူး၊ ရှန်းယင်ရဲ့မိတ်ဆွေဖြစ်တဲ့အတွက် မင်းကို ကူညီ ချင်ပါတယ်၊ ဒါပေမယ့်....'

ချောင်ဇေ ဂမ်းသာသွားလေသည်။

'ဒါပေမယ့် မလုပ်ပါနဲ့တော့၊ ကျုပ်ကို တစ်ခုပဲကူညီပါ'

'ဘာလဲ ဒီအရက်မသောက်ဖို့ဆိုရင်တော့ ကျုပ်ကမကူညီ နိုင်ဘူး'

'မဟုတ်ပါဘူးဗျာ'

'ဒါဖြင့် တခြားကိစ္စဆိုရင်တော့ ကူညီပါမယ်'

ချောင်ဇေသည် ရှန်းလီကိုကြိုတ်၍ ဈေးဇွားတလိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ၊ ကျုပ်ဆီ ယမမင်းကျွန်းရဲ့ သစ်ယမ်းလှမပုံကိုလဲ ကြည့်ချင်သေးတယ်ဗျ၊ တော်ကြာ ဆေးမိလို့ အသိစိတ်ပျောက်သွားရင် ပတ်ဝန်းကျင်အလှကို ဘယ်လိုလုပ် ကြည့်ရှုခံစားနိုင်မှာလဲ'

ရှန်းလီ ခေါင်းညိတ်လိုက်၏။

'မင်းပြောတာ မှန်တယ်'

ချောင်ဝေက ဆက်ပြောလိုက်၏။

'ဒါကြောင့် ယမမင်းကျွန်းရဲ့ အလှအပကိုခံစားပြီးမှ ခင်ဗျားရဲ့အရက်ကို သောက်ပါရစေလားဗျာ'

ရှန်းလီ အနည်းငယ်စဉ်းစားလိုက်၏။

'ကျုပ်ကို ဒီလိုတောင်းဆိုဖူးတဲ့ လူလဲမရှိခဲ့ဖူးဘူး၊ ကျုပ်ကလဲ တစ်ခါမှမလိုက်လျောခဲ့ဖူးဘူး၊ ဒါပေမယ့် ကျုပ်က မင်းကိုခင်လို့ ဒီတစ်ခုတော့ လိုက်လျောပါ့မယ်'

'ကျေးဇူးတင်ပါတယ်ဗျာ'

ရှန်းလီက ချောင်ဝေအား စေ့စေ့ကြည့်လိုက်၏။

'မင်းကလဲ ကျုပ်ကို ကူညီတဲ့အနေနဲ့ အမှန်အတိုင်း ကျုပ်မေးတာကို ဖြေပါ'

'မေးလေ'

'မင်းက ကျုပ်အစ်ကိုရှန်းယင်နဲ့ အမှန်တကယ်ခင်လား'

'တကယ်ခင်တာပေါ့'

ရှန်းလီ၏မျက်လုံးထဲ၌ အရိပ်အယောင်အချို့ ဖြစ်ပေါ်သွားသည်။



'ရှန်းယင်က အလွန်ဥာဏ်များတယ်၊ သူက မင်းကို ဖြေဆေးများ ပေးလိုက်သလား'

ချောင်ဝေက ခေါင်းခါလိုက်၏။

'မပေးဘူး'

'ကျုပ်—အခုပြောနေတာ မင်းအတွက်ပါ၊ တစ်ချိန်ကျရင် ကျုပ်ရဲ့စေတနာကို မင်း နားလည်လာမှာပါ'

သူက ပြောပြီးသည်နှင့် လှေကို အားစိုက်၍ လှော်ခတ်လိုက်သည်။

ချောင်ဝေက စကားမပြောတော့ပါ။

မည်းမှောင်နေသည့် ပတ်ဝန်းကျင်ကို ဂရုစိုက်ကြည့်ရင်း ယမမင်းကျွန်းကို ရှာဖွေနေမိသည်။

ဝ ဝ ဝ

လေတိုက်ခတ်မှုများ လျော့နည်းသွားချေပြီ။

အဖြူရောင်ဆီးနှင်းများသည် ဇာပဝါတစ်ခုပမာ မြင်ကွင်းများကို ဖုံးဆီးထား၏။

ပတ်ဝန်းကျင်သည် မည်းမှောင်နေရာတွင် ဆီးနှင်းများက ကျလာသဖြင့် မြင်ကွင်းမှာ ပို၍ပင် ပိတ်ဖုံးထားသလိုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှန်းလီသည် ကျွင့်သဲရနေသည့် မျက်လုံးအစုံဖြင့် လှေကို ဂရုစိုက်လှော်ခတ်နေ၏။

ချောင်ဝေမှာမူ မည်သည့်အရာကိုမှ မမြင်တွေ့ရသဖြင့် နားကိုသာ ဂရုစိုက်၍စွင့်နေရ၏။

သူသည် လှေဘက်၏အသံကို နားထောင်ရင်း ရေတိမ်ပိုင်းသို့ ရောက်ရှိလာသည်ကို သတိပြုမိ၏။

ရေတိမ်ပိုင်းသို့ ရောက်လျှင် ထမ်းစပ်တစ်ခုအနီးသို့ ရောက်ရှိလာသောကြောင့် ဖြစ်သည်ကို သူက နားလည်ထားလေသည်။

သူက ရင်တထိတ်ထိတ်ခုန်လာ၏။

ယမမင်းကျွန်းသို့ ရောက်ရှိနေပြီလော။

သူက ပတ်ဝန်းကျင်ကို ဂရုစိုက် ကြည့်ရှုပါသော်လည်း ဆောင်းနှောင်းကာလ၏ နှင်းဖွဲမှုန်များက သူ၏မြင်ကွင်းကို ဖုံးကွယ်ထားသဖြင့် မည်သည့်အရာကိုမှ မမြင်တွေ့ရပါချေ။

ချောင်ဝေသည် ရှန်းလီကိုကြည့်လိုက်၏။

'ရောက်တော့မလားဗျ'

ရှန်းလီက မျက်နှာထားတည်ကြည့်စွာဖြင့်

'ရောက်တော့မယ်၊ ဒီဘက်ကမ်းဆောင်ဘေးတွေထဲက ကွေ့ဝင်ပြီးရင် ရောက်ပြီ'

ချောင်ဝေ အလွန်ဝမ်းသာသွား၏။

သို့သော်

သူသည် ပတ်ဝန်းကျင်ကို လုံးဝမမြင်တွေ့ရသဖြင့် စိတ်ပျက်သွား၏။



သူက ရှန်းလီကိုကြည့်၍ သက်ပြင်းချလိုက်၏။

'ရှန်းလီ၊ ခင်ဗျားရဲ့အရက်ခွက် ကျုပ်ကိုပေးပါတော့'

ရှန်းလီက အံ့ဩစွာဖြင့် သူ့ကိုစိုက်ကြည့်လိုက်၏။

ချောင်ဝေသည် ဆေးစပ်ထားမှန်းသိနေသည့် အရက်ခွက်ကို လိုလိုချင်ချင် တောင်းသည်ကို သူက အံ့ဩခြင်း ဖြစ်လေသည်။

'မင်းက အခုသောက်တော့မယ် ဟုတ်လား'

'ဟုတ်တယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းမြူတွေပိတ်ဖုံးနေတော့ ကျုပ်က ယမမင်းကျွန်းရဲ့အလှအပကို မတွေ့ရဘူးလေ၊ ပြီးတော့ ကျုပ် အခုချမ်းလာပြီ၊ ဒါကြောင့် အရက်ပဲသောက်တော့မယ်'

ရှန်းလီက စကားမပြောတော့ပါ။

ရေဘောင်းထဲမှ အရက်များကို ခွက်ထဲသို့ငှဲ့ထည့်လိုက်သည်။

အရက်များက နီကြင့်ကြင့်အရောင်ကိုပင် တောက်လွန်နေသည်။

ရှန်းလီက အရက်ခွက်ကိုပေးလိုက်၏။

'ဒီအရက်ကိုမသောက်ရင် မင်း ဒုက္ခရောက်လိမ့်မယ်တွယ်'

'စိတ်ချ၊ ကျုပ် အခု ကုန်အောင်သောက်မလို့'

'ကျုပ်က မင်းအကြောင်းပြောတာပါ၊ မဆေးခတ်ထားတဲ့ အရက်ကိုသောက်မှ မင်း ရှုးငရဲပြည်ထဲကို ဆင်းမှာ'

'ဗျာ...ငရဲပြည်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကျုပ် အခု မင်းကို ယမမင်းကျွန်းရဲ့တံခါးစပ်မှာ ချပေးမယ်၊ အဲဒီကနေတက်သွားရင် သစ်ပင်နှစ်ပင်ကို တွေ့ရမယ်၊ အဲဒီ သစ်ပင်နှစ်ပင်ကြားထဲကနေ တည့်တည့်ကြီး လျှောက်သွားရင် ခေါင်ရဲပြည်ကိုရောက်လိမ့်မယ်'

ရှန်းလီက စကားဆက်လိုက်၏။

'ခေါင်ရဲပြည်ဆိုတာ ရေတွင်းပုံသဏ္ဌာန် တွင်းကြီးတစ်ခုပဲ၊ အဲဒီတွင်းအောက်မှာ ခေါင်းတွေစီထောင်ထားလို့ အရောင်တလက်လက်ထနေတာကို တွေ့ရမယ်၊ မင်းက ဘာမှမစဉ်းစားဘဲ ခုန်သာချလိုက်၊ ယမမင်းရဲ့သမီးတော် လျှိုမိန်ကိုတွေ့ရမယ်'

ချောင်မေ မျက်နှာမဲ့လိုက်ပြီး...

'ခေါင်ရဲပြည်မှာ ခေါင်းတွေ ထိုးထိုးထောင်ထောင်ရှိနေမှတော့ အောက်ကိုခုန်ချရင် ကျုပ်က လျှိုမိန်ကိုမတွေ့လိုက်ရဘဲ ဘဝပြောင်းသွားမှာပေါ့ဗျ'

ရှန်းလီ ပြုံးလိုက်၏။

'ဒီဆေးခတ်ထားတဲ့အရက်ကို သောက်ပြီးမှတော့ မခုန်ချရဲစရာ အကြောင်းမရှိဘူး'

'ကျုပ်က မခုန်ချဘူးဆိုရင်ကော'

ရှန်းလီ ခေါင်းခါလိုက်သည်။

'မခုန်ချရင်တော့ မင်းသေမှာပဲ၊ ကျွန်းပေါ်မှာ လူမရှိဘူး၊ စားစရာသီးနှံပင်မရှိဘူး၊ ရေချိုမရှိဘူး၊ ဘယ်လှေမှလဲ ဒီနားက မဖြတ်ဘူး'

'ကျုပ်က ခုန်ချမယ်ဆိုရင်ရော'



'လျှိုမိန်ကို တွေ့ရမယ်'

'ကောင်းပြီ ကျုပ်ခုန်ချမယ်'

'ဒါဖြင့် အရက်သောက်လိုက်တော့'

လှေငယ်သည် ကမ်းစပ်တစ်ခုအနီးကို ရောက်ရှိလာလေသည်။

ချောင်မေသည် အရက်ခွက်ကိုမော့ရန် ဟန်ပြင်လိုက်သည်။

ရှန်းလီက...

'ခဏလေး... ငါက မင်းကိုပို့ပြီးတာနဲ့ ချက်ချင်းပြန်ထွက်ရမှာ၊ ငါတို့ တစ်ချိန်ချိန်မှာ ပြန်တွေ့ပါစေလို့ ဆုတောင်းပေးတယ်'

သူက အရက်ခွက်ကိုမြှောက်၍...

'ကျုပ်ကလည်း ထပ်တူပါပဲဗျာ'

သူသည် အရက်ခွက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်လေသည်။

သူသည် အရက်သောက်ပြီးနောက် ထနိုင်ခြင်းပင် မရှိတော့ဘဲ လှေပေါ်ကို မှောက်ရက်လျက်လဲကျသွားလေသည်။

ရှန်းလီသည် သူ့အားကြည့်ကာ လျှို့ဝှက်စွာပြုံးလိုက်သည်။

သူသည် သတိမလစ်ချေ။

ချက်ချင်းပင်...

လူးလွန့်လာပြီး ပြန်ထလာ၏။

www.burmeseclassic.com

www.burmeseclassic.com



လူ၏မျက်လုံးအစုံမှာ နီရဲနေပြီး မျက်နှာမှာ တင်းမာခက်ထန်နေ၏။

ရှန်းလီသည် လှေကို ကမ်းစပ်တွင်ရပ်ပြီးနေစဉ် သူ့အား လက်ခေါ်ယမ်းပြလိုက်၏။

သို့သော်...

သူသည် လှည့်မကြည့်ပါ။

စကားလည်း မပြောပါ။

နှုတ်ပင်မဆက်ဘဲ လှေပေါ်မှ ဒယီးဒယိုင် ထလိုက်သည်။

ထို့နောက်...

ကမ်းပေါ်တက်၍ သစ်ပင်နှစ်ပင်ကြားသို့ လူကောင်းတစ်ယောက်ကဲ့သို့ ဖြောင့်တန်းစွာ လျှောက်သွားလေသည်။

မချောင်ခဝသည် သစ်ပင်နှစ်ပင်ကြားသို့ ရောက်သောအခါ လူ၏မျက်လုံးအစုံတွင် အနည်းငယ် ပြုံးရိပ်သန်းလာ၏။

သို့သော်...

ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။

သူသည် နောက်ကို လုံးဝမကြည့်တော့ပါ။

သစ်ပင်နှစ်ပင်ကြားရှိ လမ်းကလေးအတိုင်း ဖြောင့်တန်းစွာ လျှောက်သွားလေသည်။

သူ၏ပုံဟန်မှာ ကြိုးဆွဲရာကသည့် အရုပ်တစ်ရုပ်နှင့်ပင် တူနေ၏။

ရှန်းလီသည် သူ ယမမင်းကျွန်းပေါ် တက်သွားသည်ကို ကြည့်ပြီးမှ...



'မင်းဟာ သိပ်ဉာဏ်ကောင်းတဲ့သူငယ်ပဲ'

ဟု တီးတိုးရေရွတ်၍ ရေရွတ်ရင်း လှေကို ကမ်းစပ်မှခွာ၍ ပင်လယ်ပြင်ဘက်သို့ ဦးတည် လှော်ခတ်သွားလေတော့သည်။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## လှည့်စားခြင်း

---

ဝန်းကျင်တစ်ခုလုံး မြူနှင်းများ ပိတ်ဆို့ထား၏။

ချောင်ဝေသည် ဖမ်းဆေလေးအတိုင်းတည့်မတ်စွာလျှော့
လျှော့နေ၏။

လမ်းတစ်လျှောက်လုံးတွင် လူသူလုံးဝမတွေ့ရပါ။

ရေနွေးတစ်အိုးကျက်ခန့် အချိန်ထိ လျှောက်လာမိသော
အခါ ထူးဆန်းသောအလင်းရောင်များကို တွေ့မြင်လိုက်ရ
သည်။

သူသည် ထိုအလင်းရောင် ထွက်ပေါ်နေရာကို ဦးတည်
လျှောက်သွားလေသည်။



အနီးသို့ ရောက်သွားသောအခါ ထိုအလင်းရောင်ထွက်ပေါ်လာသောနေရာမှာ တွင်းကြီးတစ်ခုထဲမှဖြစ်သည်ကို ထူးထူးခြားခြား သိရှိလိုက်ရသည်။

တွင်းဝမှာ ဆယ်ပေခန့်ကျယ်ဝန်းပြီး အောက်သို့ နက်ရှိုင်းလိမ့်မည်ဟု လွယ်ကူစွာ ခန့်မှန်းမိလေသည်။

ရှန်းလီပြောသည့် ခွေးငရဲပြည် ဖြစ်နေသည်လားဟု။

သူသည် တွင်းအနီးကို ချဉ်းကပ်သွားလေသည်။

အနီးသို့ရောက်သောအခါ ထူးဆန်းသော မြင်ကွင်းများကို လွယ်လွယ် တွေ့ကြုံရလေသည်။

၀ ၀ ၀

ဤနေရာသည် ထူးဆန်းသော တောတွင်းတစ်ခုဖြစ်လေသည်။

ရှန်းလီပြောသကဲ့သို့ ခွေးငရဲပြည်မဟုတ်သည်မှာသေချာနေသည်။

ချောင်ဝေသည် ဤကဲ့သို့ တွေးနိုင်သည်မှာ ရှန်းလီ၏အရိပ်ကို မသောက်ခဲ့သောကြောင့်ဖြစ်၏။

အကြောင်းမှာ....

www.burmeseclassic.com

သူသည် ဤယုမမင်းကျွန်းသို့မလာမီမှာပင် ဤကျွန်း၏ အကြောင်းအရာများကို ရှန်းယင်ထံမှ စုံစမ်းခဲ့ခြင်းဖြစ်၏။

ထိုကြောင့်...

ဆေးခပ်ထားသည့်အရက်ခွက်ကို သောက်ရမည်ဟု သူ သိရှိထား၏။

သို့သော်

ထိုအရက်တွင်ခပ်ထားသည့်ဆေးမှာ မည်သည့်ဆေး ဖြစ် သည်ကို မသိရှိသဖြင့် ဖြေဆေးကို မရှာနိုင်ခဲ့ပါ။

သူသည် ဉာဏ်ကောင်းသောလူငယ်ဖြစ်လေသည်။

ထိုကြောင့်

ရေငုံ၍ အမူအရာမပျက်ဘဲနေနိုင်စေရန် အကြိမ်ကြိမ် ကြိုး စားခဲ့သည်။

နောက်ဆုံးတွင် အောင်မြင်သွားလေသည်။

ရေငုံထားသော်လည်း သာမန်လူတစ်ယောက်နှင့်မခြား နေနိုင်၏။

သူသည် ရှန်းလိ၏အရက်ကိုသောက်လိုက်ပြီး လည်ချောင်း သို့မရောက်အောင် ငုံထားနိုင်ခဲ့သည်။

ထိုနောက်

မူးမေ့ချင်ဟန်ဆောင်ပြီး လူးလိမ့်၍ ထွေးထုတ်ခဲ့လေ၏။

လူတို့ ဗေဒင်ဆရာအားလှည့်စားခဲ့ခြင်းဖြစ်၏။

သို့သော်...

အရက်ထဲခပ်ထားသောဆေးမှာ အလွန် ပြင်းထန်လှသဖြင့် မျက်စိများနီရဲလာ၍ အနည်းငယ်မူးဝေလာသည်။



သူသည် အတွင်းအားကို မသိမသာထုတ်၍ ထိန်းထားနိုင် ခဲ့၏။

ထိုကြောင့်

ဤကျွန်းပေါ်သို့ ရောက်လာစဉ်ကပင် သာမန်လူတစ် ယောက်ကဲ့သို့ အသိဉာဏ်ရှိနေခြင်းဖြစ်ပြီး ထူးခြားသော အခြေအနေကို မှန်ကန်စွာ အကဲခတ်သိနိုင်ခြင်းဖြစ်လေသည်။

—၀—

www.burmeseclassic.com

## မိုတ်မှဲ့စွာခုန်ဆင်းခြင်း

---

တွင်း၏ အောက်ဘက်တွင် ဆင်းလာ၏နေသည့် အဆင်း ရောင်များပေါ်ထွက်နေ၏။

မြူခိုးများသည် တွင်းထဲတွင်ဇာပဝါဖြင့် ဖုံးထားသည့် အလားရှိနေသည်။

တွင်းမှာ အလွန်နက်ရှိုင်းလှသဖြင့် အဆင်းရောင် များကို တွေ့နေရသော်လည်း အောက်ဘက်သို့ လုံးဝမမြင်တွေ့ရပါ။

ချောင်ဝေဝေ သက်ပြင်းချ၏။

ဤတွင်းမှာ ပေတစ်ရာကျော်ခန့် နက်ရှိုင်းမည်ဟု သူ ခန့်မှန်းမိလေ၏။



ဤမျှနက်ရှိုင်းလှသည့် တွင်းထဲသို့ခုန်ချရန်မှာ စွန့်စားလွန်းရာ ရောက်နေ၏။

ခုန်ချ၍ အောက်သို့ရောက်မှ—

လျှိုမိန့်ကို မတွေ့ရဘဲ အရိုးအသားမှ ရှာမရလျှင် မည်သို့ရှိမည်နည်း။

ဤကျွန်းပေါ်တွင်လည်း သက်ရှင်နေထိုင်ရန်မှာ မလွယ်ကူလှပေါ။

နံနက်ချိန်ရောက်မှ မီးစင်ကြည့်ဆောရန်မှာလည်း မဖြစ်နိုင်ပါ။

အချိန်တန်၍ မရောက်လာသော သူအား လျှိုမိန့်က သံသယ ဖြစ်မည်မှာ မလွဲပေ။

သူသည် အခြေအနေအရပ်ရပ်ကို ချိန်၍ စဉ်းစားပြီးနောက် တွင်းထဲသို့ ခုန်ချမှသာ အသက်ရှင်နိုင်မည်ကို သူနားလည် သဘောပေါက်လာ၏။

သူသည် ရှုန်းလိုက်၏ စထော်းကို အကြောင်းမဲ့ ယုံကြည်မိလေသည်။

သူသည် တွင်းထဲသို့ ခုန်ချမှသာ—

လျှိုမိန့်အား တွေ့နိုင်ပေသည်။

ချောင်ဝေသည်အံတင်းတင်းကြိတ်လိုက်၏။

ထို့နောက်

မိုက်မဲ လှစွာပင် အောက်ခြေအား မမြင်ရသောတွင်းထဲသို့ ခုန်ချရန် စတင်လိုက်လေလည်း။

တစ်ခါတစ်ရံ—

www.burmeseclassic.com



မိုဇ်မိုဇ်မှမဲ့လုပ်လိုက်သော အလုပ်တစ်ခုသည် ထူးခြားရှားပါးလှသော အကျိုးရလဒ်ကို ပေးနိုင်သည် မဟုတ်ပါလား။

ချောင်စေသည် ဆောင်းကျိုးဆုံးကျိုးသွားလုံး၀ မတွက်ဆဘဲ တွင်းထဲသို့ ခုန်ဆင်းသွားလေတော့သည်။

—၀—

(ပထမပိုင်းပြီး၏)

မိုးကျော်သူ

# မိုးကျော်သူ

## ဖူး စာ နတ် ဆိုး

( ဒုတိယပိုင်း၊ ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော ကျေးဇူးပွင့်ဖူးလေးများ၊

ချေမင်ဝေ၏ စိတ်ထဲတွင် ငြိမ့်ခနဲ ခံစားလိုက်ရလေသည်။
သူ၏ ဦးခေါင်းထဲသို့ ကြေးစည်သံ ထိတ်လန့်မှုနှင့် နေမင်းစာ အရောင်တို့ ဝင်လာလေသည်။
သို့သော်....
သူသာ ထွင်းထဲသို့ ခုန်ဆင်းလိုက်ပြီဖြစ်သဖြင့်—
ပြန်တက်ရန်မှာ လုံးဝ မဖြစ်နိုင်တော့ပါ။
ကံတရား၏ အဆုံးအဖြတ်ကိုသာ လိုက်နာရန် ရှိတော့၏။
ချေမင်ဝေသည် ညက်ကောင်းသော လူငယ်တစ်ယောက် ဖြစ်ရာ....
သူ၏ အသက်ရှင်သန်စေရန် သတိကိုထိန်း၍—
မျက်စိနှင့်နားတို့ အစွမ်းကုန်ဖွင့်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲ၌ မြူခိုးများက ဇာပဝါပမ်းအုပ်ထားသကဲ့သို့ ဝေဝါးနေသည်။

သို့သော်....

သူ၏ စူးရှသည့် မျက်လုံးအစုံက ပတ်ဝန်းကျင် အခြေအနေကို ကောင်းစွာ မြင်တွေ့နိုင်ခဲ့လေသည်။

သူက လွန်စွာ အံ့သြမိလေသည်။

အကြောင်းမှာ

တွင်း၏နံရံ၌ တလက်လက် တောက်ပနေသော ရောင်စုံကျောက်ပွင့်အလေးများ ထူးဆန်းစွာ ကပ်တွယ် ငြိနေသောကြောင့် ဖြစ်သည်။

ထို့ကြောင့်....

တွင်းဝမှကြည့်လျှင် တလက်လက် တောက်ပနေသော ဓားရောင်များကို တွေ့မြင်နေရခြင်းဖြစ်လေသည်။

သူသည် အောက်ဘက်သို့ ရောက်လာလေလေ....

အလင်းရောင်သည် ပို၍တောက်ပ လာလေလေ ဖြစ်သည်။

ထို့ပြင်....

အောက်ဘက်၌ အပေါ်သို့ပင့်၍ထိုးထွက်နေသော လေစီးကြောင်းနှင့်....

အောက်သို့ ဆွဲငင်နေသော လေစီးကြောင်း နှစ်ခု ယှဉ်ပြိုင် ဖြစ်ပေါ်နေခြင်းဖြစ်၏။

ထို့ကြောင့်

တွင်းဝမှ အောက်သို့ပြုတ်ကျစဉ်....

ဆွဲငင်သော လေစီးကြောင်း၏ အားကြောင့်....



တရှိန်ထိုးကျလာသော်သည်း အောက်သို့ရောက်သောအခါ၌ အပေါ်သို့ ပင့်တင်သော လေစီးကြောင်းကြောင့်....

တဖြည်းဖြည်း ညင်သာစွာဖြင့် ငှက်မွေးတစ်ခုကဲ့သို့ ဝေ့ဝါးလာလေသည်။

ဤတွင်းကြီးမှာ ထူးဆန်းနေသည်။

အောက်ခြေသို့ ရောက်ရန် ဆယ်ပေခန့်အကွာတွင် မြူခိုးများ အုပ်ဆိုင်းနေသကဲ့သို့....

မီးခိုးရောင်အရာတစ်ခုကို တွေ့မြင်လိုက်ရသည်။

ချောင်ဝေသည် သတိရှိစွာဖြင့် မျက်လုံးကို အစွမ်းကုန်ဖွင့်ထားလေသည်။

အနီးရောက်သောအခါ....

ထိုအရာမှာ ခိုင်ခံ့လှသည့် ပိုးချည်မျှင်များကို ပိုက်ကွန်သဖွယ် ထူထဲစွာ ယက်ထားသော မီးခိုးရောင် ပိုက်ကွန်တစ်ခု ဖြစ်နေသည်။

သူက လွန်စွာအံ့သြသွားလေသည်။

ထိုအချိန်ပင်....

သူသည် ပိုက်ကွန်ထဲသို့ တည့်မတ်စွာ ကျသွားလေသည်။

တဆက်တည်းပင်

ပိုက်ကွန်၏တွန်းကန်သောအရှိန်ကြောင့်....

သူသည် အပေါ်သို့ အနည်းငယ် မြောက်တက်၍ ဘေးသို့ သွားလေသည်။

သူသည် မြေပေါ်ရောက်သည်နှင့်....

ခြေစုံရပ်မိလျက်သားဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေဏ သဘောရှုစွ ပြုံးလိုက်လေသည်၊
သူသည် တွင်းအောက်သို့ ကျလေသော်လည်း—
အသက်မသေသည့်အပြင် လူတိုင်းစိတ်ဝင်စားနေသော—
လျှိုမိန်ထဲသို့ ရောက်ရှိလေပြီ မဟုတ်ပါလော၊

—o—

## အသံရှင်

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏၊
လူသံ လုံးဝမကြားရပါ၊
ချောင်ဝေသည် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်၏၊
ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြနိုးများအလွဲ၍ သက်ရှိသည်ဟု ဆိုသည့်အရာကိုမျှ မတွေ့ရပါ၊
သူသည် မျက်မှောင်လိုက်၏၊
သူသည် ဤတွင်းမှအပေါက်ခြေသို့ရောက်လာနိုင်သည့်အတွက် လျှိုမိန်ထဲ သူ့ကို စောင့်မျှော်နေရမည်မဟုတ်ပါလော၊
ယခုမှာမူ ကြိုဆိုမည့်သူသာမက သက်ရှိလူသားများပင် လုံးဝ မတွေ့ရခြင်းပင်၊
ဤသို့ဆိုလျှင် သူက ဘာလုပ်ရမည်နည်း၊

www.burmeseclassic.com

www.burmeseclassic.com



သူအား တွေးရင်း ရင်ထဲ၌ တင်းကြပ်လာလေ၏။

တစ်ခဏကြာ စဉ်းစားမိသောအခါ သူသည် တစ်စုံတစ်ခု အား သတိရလာလေသည်။

ဤနေရာတွင် ပိုက်ကွန်ခံထားသဖြင့် တွင်းအောက်သို့ ရော ရောက်သူ၏အသက်ကို ဆယ်တင်သည်ဆိုလျှင် ထိုလူများအား ကြ ဆိုမည့်သူ ရှိနေမည်မဟုတ်ပါလော။

ချောစင်ဝေသည် ပတ်ဝန်းကျင်ကို အစ်ချက်အကဲခတ်ကြည့် လိုက်၏။

ဤတွင်း၏အောက်ခြေ၌ မြူခိုးများသည် တွင်းဝမှာထ ပို၍ သိပ်သည်းစွာ တည်ရှိနေ၏။

ထို့ကြောင့်....

တွင်းနံရံပေါ်မှ အလင်းရောင်များသည် တဖက်လ တောက်ပနေသော်လည်း မြူခိုးများကြားထိုးဖောက်၍ လ နိုင်စွမ်းမရှိပါ။

ချောစင်ဝေသည် တွင်းဝသို့ မော့ကြည့်လိုက်ရာ တွင်းဝပေါ် မှ အလွန်ဝေးလံသောအရာများကို ရေးရေးမျှ တွေ့မြင်လိုက် ရ၏။

သူ အလွန်စိတ်ပျက်သွား၏။

စိတ်ပျက်ခြင်းနှင့်အတူ ယခု သူရောက်ရှိနေသောတွင်း အောက်ခြေမှာ အလွန်ကျယ်ဝန်းသည်ကို သူက သတိပြုမိသေ သည်။

သူသည် ခါးထောက်၍ သက်ပြင်းချလိုက်၏။



သူ၏ခါးပတ်ထဲ၌ ချိတ်ဆွဲထားသောဓားအား စမ်းမိသွားလေ သည်။

သူ အားတက်လာလေ၏။

ဓားသမား၏လက်ထဲ၌ ဓားရှိနေခြင်းသည် မိမိ၏အသက် ကို ဆုပ်ကိုင်ထားခြင်းဖြစ်သည် မဟုတ်ပါလော။

○ ○ ○

ရုတ်တရက်....

သူ၏အရှေ့ဘက်အရပ်ဆီမှ ကြည်လင်ချိုသာသော အသံ တစ်သံ ထွက်ပေါ်လာလေသည်။

'မျှော်လင့်ချက်ကင်းမဲ့နေတဲ့ သူရဲကောင်းကြီးကို ကြိုဆိုပါ ယ်ရှင်၊ ရှေ့ကို ဆက်လျှောက်လာခဲ့ပါ'

အသံမှာ ကြည်လင်၍ပြတ်သားနေ၏။

ချောစင်ဝေသည် ထိုအသံကိုကြားလိုက်ရသည်နှင့် ရင်ထဲ၌ နိခါသွားလေ၏။

အသံရှင်မှာ လျှိုမိန်ဖြစ်နေသည်လော။

သူသည် အသံကြားရာအရပ်သို့ပြေးလွှား၍ အသံရှင်ကို ရှာ ချင်သောစိတ်များ တဖွားဖွားပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

အသံရှင်က မျှော်လင့်ချက်ကင်းမဲ့နေသော သူ့ရဲ့ဆောင်း[illegible]
ရှု ပြောသွားသောကြောင့် သာမန်လူကဲ့သို့ စိတ်လိုက်မာန်
ပါလုပ်၍ မဖြစ်ပါ။

ထို့ကြောင့်

သူသည် စိတ်ကိုထိန်း၍ အသံကြားရာဘက်သို့ ခြေလှမ်း
မှန်မှန်ဖြင့် တစ်လှမ်းချင်းလျှောက်သွားလေ၏။

ရှေ့၏ပုံစံမှာ အိပ်မက်ထဲ၌ လမ်းလျှောက်နေသူနှင့် တူ
သည်။

သူသည် အောက်သို့ မကြည့်ဘဲ မျက်လုံးသော်ဖြင့် ရှေ့တူ[illegible]
သို့ကြည့်၍ လျှောက်သွားနေ၏။

သူသည် ရှေ့သို့ လျှောက်လာခဲ့သော်လည်း သူစတင်ရောက်
ရှိနေသောနေရာနှင့် ထူးခြားလှမပါ။

သူသည် ဆင်ခြင်ရင်းက တွေးမိလေသည်။

သူသည် အလင်းရောင်ကောင်းစွာရရှိသော နေရာမှအလ[illegible]
ရောင် မသဲကွဲသည့်နေရာသို့ ရောက်လာသဖြင့်…

မျက်လုံးကျင့်သား မရဘဲ ပတ်ဝန်းကျင်ကိုကောင်းစွာမမြ[illegible]
မြင်ခြင်းဖြစ်သည်။

သူသည် ၎င်းနေရာတွင် ရပ်ကြာကြာနေပါက…

ပတ်ဝန်းကျင်ကိုကျင့်သားရလာမည်ဖြစ်၏။

ချောင်ဝေသည် စိတ်ထဲတွင် ရှေ့ဆက်၍ ခြေလှမ်းလှမ်းရာ[illegible]
ရောက်လာသည့်အခါ…

ခြေလှမ်းရပ်သွားလေ၏။



အကြောင်းမှာ

အသံထွက်ပေါ်ရာနေရာသည်…

သူ့ ရှေ့ခြေလှမ်း တစ်ရာခန့်အကွာအဝေးဖြစ်သည်ဟု

သူ တွက်ဆမိခဲ့သောကြောင့် ဖြစ်၏။

ထိုအချိန်

အသံထပ်မံထွက်ပေါ်လာ၏။

'ဟုတ်ပြီ၊ ရှင် ဒီမှာနေပါ၊ စားဖို့၊ အိပ်ဖို့ အစားလို့ အဆင်
သင့်ရှိပါတယ်၊ ရှင် အမိန့်ကို နာခံရမယ်၊ ဒီနေရာမှာ အယ်သူ့
ကိုတွေ့တွေ့ ရန်မမူရဘူး…'

သူမ စကားဆက်၏။

'အားလုံးဟာ ဘုရားတွေ့ဆိုတာ မှတ်ထားပါ၊ ရှင့်ခေါင်း
ထဲမှာ အခုကစပြီး ဘာကိုမှ မတွေးနဲ့ စားမယ်အိပ်မယ် အမိန့်
နာခံမယ်ဆိုတာပဲ တွေးထားပါ'

ချောင်ဝေသည် ယခု အသံထွက်ပေါ်လာသောနေရာမှာ…

သူ့ အရှေ့ဖက်မှမဟုတ်ဘဲ ညာဖက်မှဖြစ်သည်ကို ခန့်မှန်း
မိလေ၏။

သူ ညာဖက်သို့ မသိမသာအကဲခတ်ကြည့်လိုက်၏။

လုံးဝတိတ်ဆိတ်ပြီး အသံရှင်ကို မမြင်တွေ့ရပါ။

သူ အောက်သို့ငုံ့ကြည့်လိုက်၏။

သူ့ရှေ့ရှိ မြေပြင်၌ ခြောက်လှမ်းစာခန့်သာ ကျယ်သောအလင်းသာ
တွေ့လိုက်ရလေ၏။

ထိုထက်ပို၍မည်သည့်အရာကိုမျှ မမြင်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ချောင်စေသည် အသံရှင်ထံ ဗိုနေရာမှာနေပါဆိုသည့် အမိန့်အတိုင်း တုပ်တုပ်မျှ မလှုပ်ဘဲရပ်နေ၏။

သူ အသံထွက်ပေါ် လာဦးမည်ဟု မျှော်လင့်သော်လည်း အသံကား လုံးဝထွက်မလာတော့ချေ။

* * *

အချိန်များ တဖြေးဖြေးကုန်ဆုံးလာလေ၏။

အတန်ကြာမှ—

ချောင်ဝေ စတင်လှုပ်ရှားလေ၏။

အသံရှင်၏ စကားအတိုင်း စားစရာနှင့် အိပ်စရာ နေရာကို လက်နှင့်စမ်း၍ ရှာဖွေလိုက်၏။

မကြာပါ။

သူ ရှေ့ခြေဆယ်လှမ်းခန့်တွင် ကောက်ရိုးများ ခင်းထားသည့် လေးထောင့် ကွပ်ပျစ်တစ်ခုကိုတွေ့ရ၏။

ကွပ်ပျစ်ပေါ်တွင် အထုပ်တစ်ထုပ်နှင့်ရေတကောင်း ဘစ်ခုကိုတွေ့ရလေ၏။

သူ အထုပ်ကို ဖြေကြည့်လိုက်ရာ—

ထမင်းခြောက်များကို တွေ့ရလေ၏။



ရေတကောင်းမှာ သူ့တစ်ယောက်စာအတွက် သုံးလေးရက်စာ လုံလောက်အောင်ပင်ကြီးမားလှပေ၏။

သူ ထမင်းခြောက်နှင့် ရေများကို သေချာ စစ်ဆေးကြည့်လိုက်သည်။

ဆေးခပ်ထားသော အရိပ်အယောင် လုံးဝမတွေ့ရပါ။

သူ ကောက်ရိုးခင်းထားသော ကွပ်ပျစ်ကိုလည်း သေချာ ရှာဖွေကြည့်လိုက်၏။

သူ့အတွက် အသက်အန္တရာယ် ဖြစ်စေနိုင်သည့် အရောင်အသွေး လုံးဝမတွေ့ရပါ။

သူ အလွန်ပင်ပန်းနေပြီဖြစ်၏။

ထို့ကြောင့်

အသံရှင်ပြောသကဲ့သို့ပင် ဘာကိုမှ မတွေးတောတော့ဘဲ ကောက်ရိုး ကွပ်ပျစ်ပေါ်တွင် လှဲလျောင်းလေ၏။

ထိုတခဏအချိန်ပင်—

သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တွင်း၏ အောက်ခြေမှာ လွန်စွာ ကျယ်ဝန်းပြီး…

တွင်းဝမှာ ဆယ်ပေသာသာ ခန့်သာ ကျယ်ဝန်းသဖြင့်…

နေ့အခါတွင်လည်း အလင်းရောင်မှာ ထင်သလောက်မရှိပါ။

ချောင်ဝေ တွင်းဝအပေါ်တည့်တည့်မှရှေ့ဆက်လျှောက်လာရာဖြင့်…

အလင်းရောင်နှင့် ပို၍အလှမ်းကွာလာပြန်သည်။

ယခု…

သူ နေထိုင်ရသော နေရာမှာ မည်သည့် နေရာမှန်း မသိရသော်လည်း အပေါ်သို့ မော့ကြည့်လျှင် တွင်းဝကို လုံးဝ မမြင်တွေ့ရတော့ပါ။

ထို့ကြောင့်…

သူ နေထိုင်သော နေရာမှာ အလင်းရောင် အလွန်နည်းပါးနေ၏။

ချောင်ဝေသည်…

ဤတွင်းထဲသို့ သူရောက်ရှိလာသည့်နေရာသို့ သွားမျိုးစိတ်ကူးမိသော်လည်း…

သူအား စောင့်ကြည့်သူများ ရှိနိုင်ကြောင်း တွေးမိသဖြင့် မသွားဖြစ်ခဲ့ပါ။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။

သူသည် ဤနေရာသို့ ရောက်ရှိနေသည်မှာ သုံးရက်ခန့်ရှိပြီဟု ခန့်မှန်းမိလေ၏။

ဤရက်များအတွင်း အသံရှင်သည်…

သူ၏ အနေရှ အနေစက် ဝဲယာစသည့်နေရာများမှ…

သူ့အား စကားပြောလာခဲ့လေ၏။

အသံရှင်ပြောပြသည့်အကြောင်းအရာများမှာ…

ဤတွင်း၏ အောက်ခြေသည် လွန်စွာကျယ်ဝန်းကြောင်း။

လှိုဏ်ဂူလမ်းများစွာရှိကြောင်း။

မသွားတတ်လျှင် မျက်စိလည်တတ်ကြောင်း။

ထို့ပြင်…

လိုဏ်ဂူများထဲ၌ သူလိုပင် ထိပ်အန်းသိုင်းသမား တစ်ယောက်ရှိကြောင်း။

အချင်းချင်းတိုက်ခိုက်ခြင်းမပြုရန်…

စားရန်၊ အိပ်ရန်သာ ရှိသည်ဟုကြောင်း။

အချိန်တန်လျှင် သူတို့အား ကိစ္စတစ်ခု ခေါ်မည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားလာ၏။

ဤနေရာသည် သူထင်သကဲ့သို့ပင် အကြောင်းကိစ္စ တစ်ခုတစ်ရာရှိကြောင်းကို ချောင်ဝေ နားလည်လာလေ၏။

ဤသုံးရက်အချိန်အတွင်း၌…

သူသည် မသဲကွဲသည့် အလင်းရောင်နှင့် မြူခိုးများ ကြား၌ နေသားကျလာသည်။

ကော်အနီးကျင်အား မသဲမကွဲအနည်းငယ်မြင်လာ၏။

သို့သော်…

သူ မန်လူတစ်ယောက်ကဲ့သို့ အရာအားလုံးအား ပီပြင်စွာ မတွေ့နိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဖေသည် စိတ်ရှည်ရှည်ဖြင့် သည်းခံ၍ စောင့်စားနေရ၏။

သူသည် ဆားလျှင်ထမင်း၊ ခြောက်ဆီစား၊ အား...
မျှင်းလျှင် အိပ်နေ၏။
လျှံမိန်နှင့် မတွေ့ခင်၌...
သူ ခွန်အားများမွေးထားရန်လိုကြောင်း...
နားအေးညည်ထား၏။
ဤသို့ဖြင့် ( ၇ ) ရက်ဆိုသည့် အချိန်သို့ပင်ရောက်ခဲ့၏။
(၇) ရက်မြောက်နေ့၌...
သူသည် မှန်ဝါ၊ ဝါးအလင်းရောင် မြူခိုးများကြားမှ အရာအားလုံးအား ပီပြင်စွာ တွေ့မြင်လာသည်။
ထို့ပြင်...
အသံရှင်အားလည်း သူ သဲကွဲစွာတွေ့မြင်လိုက် ရပြီဖြစ်လေသည်။

ဝ ဝ ဝ

(၇) ရက်။
ယနေ့သည် ချောင်ဖေ တွင်းထဲ ကျခဲ့သည်မှာ (၇) ရက်မြောက်သောနေ့ဖြစ်သည်။
ယနေ့တွင် သူမျက်လုံးများ ကျင့်သားရလာပြီဖြစ်သည်။
ယခု...



သူ ရောက်ရှိနေသော နေရာမှ တွင်းဝနှင့် ဆယ်ပေခန့် ကွာဝေးသော နေရာတစ်ခုဖြစ်သည်။
ထို့ပြင်...
သူ့ရှေ့တွင် ကျောက်နံရံများဖြင့် အတိပြီးနေသည့် လိုဏ်ဂူလမ်းကလေးပေါင်းများစွာရှိလေသည်။
သူ့ကို စကားလာပြောသော အသံရှင်မှာ...
သူ၏ အရှေ့ဘက်ရှိ လိုဏ်ဂူပေါ်တွင်ရပ်၍ ပြောနေခြင်းဖြစ်သည်။
သူ စိုက်ကြည့်လိုက်သောအခါ
တစ်ကိုယ်လုံး မီးခိုးရောင် အင်္ကျီ ဝတ်ဆင်ထားသည့် မိန်းမလေးတစ်ယောက် ဖြစ်လေ၏။
ထိုမိန်းမလေးတစ်ယောက်သည် ရှက်တရယ်မရောက်ရှိလာပြီး...
သူ့ အား စကားပြော၍...
ရှက်တရယ်...
ပြန်လည်ပျောက်ကွယ်သွားလေ၏။
သူသည် ထိုမိန်းမလေးကို ဖမ်းမိလျှင်...
လျှံမိန်ကို တွေ့နိုင်ကြောင်းနားလည်လိုက်၏။
ထို့ကြောင့်
သူသည် မီးခိုးရောင်အင်္ကျီနှင့် မိန်းမလေး ထွက်လာသည့် လိုဏ်ဂူအပေါက်ကို သေချာမှတ်သားလိုက်လေသည်။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ရက်ခြောက်နေ့။

သူသည် မိန်းမလေး ထွက်ပေါ်လာမည့် ဝဲဖက်လိုဏ်ဂူ အပေါက်နံဘေး၌ တချိန်လုံးစောင့်နေ၏။

သူ့ စိတ်ရှည်ရှည်ဖြင့်စောင့်မျှော်နေ၏။

မကြာပါချေ။

မီးခိုးရောင်မိန်းမလေးသည်—

လိုဏ်ဂူအတွင်းမှ သူ့ရှိရာသို့ တစ်လှမ်းချင်းလျှောက်လာနေသည်။

သူ့ ရင်ဘတ်ထိတ်ထိတ်ခုန်လာ၏။

လိုဏ်ဂူအတွင်းမှ မိန်းကလေးသည် အပြင်ထွက်ရောက်လာသည်နှင့်—

သူ လျှပ်တပြက်သွားရောက်ပိတ်လိုက်၏။

မိန်းကလေး လုံးဝထင်မှတ်မထားပါ။

သူမ လျင်မြန်စွာ ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားလေ၏။

သူသည် မိန်းကလေး၏ ရှောင်တိမ်းကို တွေ့မြင် လိုက်ရသည့်အခါ ရင်ထိတ်သွား၏။

သူ၏ လှုပ်ရှားမှုသည်အနည်းငယ်နှောင်းကျသွားပါလျှင်—

သူ ဆက်မတွေးရဲတော့ပါ။

လှမိန်ကို ပို၍ အထင်ကြီးလာ၏။

သူက မိန်းကလေးကို ဖမ်းမိသဖြင့်—

လှမိန်ထံ သွားရပေတော့မည်။

သူ လက်နှစ်ဖက်ဆုပ်၍—



မိန်းကလေးကို တောင်းပန်လိုက်၏။

'ခွင့်လွှတ်ပါဗျာ၊ ကျုပ်မှာ မဖြစ်လို့သာ လုပ်ရတာပါ။ ခင်ဗျား ထွက်မပြေးဘူးလို့ ကတိပေးရင် ကျုပ်က သွားကြော ပြန်ဖွင့်ပေးပါမယ်'

မိန်းကလေးက ခေါင်းညိတ်လိုက်၏။

ချောင်းဝက သွားကြော ပြန်ဖွင့်ပေးလိုက်လေ၏။

မိန်းကလေးက ကတိအတိုင်း ထွက်မပြေးပါ။

ချောင်းဝအား အံ့ဩစွာ စိုက်ကြည့်နေ၏။

သူက ဆေးခပ်ထားသော အရက်ကို မသောက်သည့်ကို သူမ ရိပ်မိသွားလေပြီ။

သူသည် မလှုပ်မယှက်ဖြင့် သူမအား ပြုံးပြ လိုက်မိတော့သည်။

'ကျုပ်က ဆေးမိထားတဲ့ လူတစ်ယောက် မဟုတ်ပါဘူးဗျာ၊ လှမိန်ကို တွေ့ချင်လို့ ဒီကို တမင်လက်သက် လာခဲ့တာပါ၊ လှမိန်ကို ရန်ပြုဖို့ မဟုတ်ဘူးဆိုတာ ယုံပါဗျာ'

သူမ ခေါင်းညိတ်၏။

ချောင်းဝက....

'ကျုပ်ကို သူ့ဆီ ခေါ်သွားပါဗျာ'

သူမက စကား လုံးဝ မပြောပါ။

ချောင်းဝအား အံ့သြစွာ ဆက်ကြည့်နေ၏။

ဆေးခတ်ထားသော အရက်ကို မသောက်သည့် ချောင်းဝသို့ ခန့်ခန့်ညားသည့် သတ္တိကို ချီးကျူးကြောင်း သူမ၏ မျက်လုံးများက ပြောပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော်

သူမှာ စကားမဆိုဘဲ ခေါင်းညိတ်ပြ၏၊

ချောင်ဝေ ဝမ်းသာသွားသည်၊

မိန်းကလေးက လက်ခံလိုက်သဖြင့် သူသည် မကြာခင်မှာပင် လှမိန်နှင့် တွေ့ရတော့မည် ဖြစ်၏၊

လှမိန်နှင့် တွေ့လျှင် သူ၏ ရည်ရွယ်ချက် အောင်မြင်ပါမည်လော၊

မိန်းကလေးသည် ချာခနဲ လှည့်၍ ရှေ့သို့ လျှောက်သွားသည်၊

ချောင်ဝေသည် မိန်းကလေး နောက်မှ ထက်ကြပ်မကွာလိုက်၍ သွားလေတော့သည်၊

—၀—

## ယမမင်း၏ သမီးတော်

ဝဲဖက်လိုက်ဂူလမ်း.....၊

လိုက်ဂူ လမ်းကလေးမှာ လူနှစ်ယောက်ကို ယှဉ်သွားနိုင်ရန် သာ ကျယ်ဝန်း၏၊

လမ်းလေးအတိုင်း အတန်ကြာသွားမိသောအခါ ကျောက်လှေကားထစ်များ ရှိသည့် နေရာတစ်ခုသို့ ရောက်ရှိလာခဲ့လေသည်၊

ကျောက်လှေကားထစ်တို့မှာ အထစ်ပေါင်း နှစ်ဆယ်ခန့်ရှိမည့်တူ ထင်ရ၏၊

အလွန် မြင့်မားသော လှေကားတစ်ခု ဖြစ်၏၊

မိန်းကလေးသည် နေ့စဉ် တက်ဆင်းနေကျ နေ့ဖူး ဖြစ်၍ မပင်မပန်း တက်နိုင်၏၊

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေမှာလည်း ခုနစ်ရက်လုံးလုံး အားမွေးထားသဖြင့် မမောပန်းပါချေ။

လှေကားထစ်၏ အဆုံးသို့ ရောက်သောအခါ မြေကွက်လပ် တစ်ခုကို တွေ့ရသည်။

ထိုနေရာတွင် ကြီးကျယ်ခမ်းနားလှသည့် အဆောက်အအုံ တစ်ခုရှိလေ၏။

မိန်းကလေးနှင့် ချောင်ဝေသည် အဆောက်အအုံ ရှေ့၌ ရပ်တန့်လိုက်ကြ၏။

အဆောက်အအုံ၏ တံခါးရှေ့၌ လူသစ်ရပ်ခန့် မြင့်သော ပန်းချီကားချပ် တစ်ခုရှိသည်။

ပန်းချီကားထဲတွင် အလွန်အလှပချောမောပြီး သက်ရှိလူသားနှင့် ချွတ်စွပ် တူသော မိန်းကလေး တစ်ယောက်၏ ငိုကြွေးနေပုံ ဖြစ်၏။

ပန်းချီကား၏ အပေါ်ဘက် တံခါးဘောင်ပေါ်၌...

'ယမမင်း၏ သမီးတော်'

ဟု ရေးထားလေ၏။

ချောင်ဝေသည် ပန်းချီကားကို ကြည့်၍ အသက်ရှူရပ်တန့်မတတ် အံ့ဩသွား၏။

သူ၏ မျက်လုံးအစုံသည် ပန်းချီကားထဲရှိ မိန်းကလေးထံမှ ခွာ၍ မရတော့ပါ။

မီးခိုးရောင် မိန်းကလေးက ပြုံး၍...

'ရှင်တော့ သခင်မလေးကို စွဲသွားပြီနဲ့ တူတယ်'



သူမ၏ အသံကြောင့် ချောင်ဝေသည် ပြန်၍ သက်ဝင်လှုပ်ရှားလာလေသည်။

'ဗျာ... ခင်ဗျား ဘာပြောလိုက်တာလဲ'

မိန်းကလေးက ပြုံး၍...

'ရှင်က သခင်မလေးကို ရန်မရှာဘူးဆိုတာ အကယ်လားလို့ မေးနေတာပါ'

ချောင်ဝေက ခေါင်းညိတ်၍—

'ကျုပ်က ယောကျ်ားပါ၊ ကတိပေးတယ်၊ ခင်ဗျားတို့ သခင်မလေးကို လုံးဝ ရန်မရှာဘူး'

'ကောင်းပြီ၊ ရှင်ဒီမှာ ရပ်ပြီး ခဏစောင့်ပါ'

'ခင်ဗျားက ဘယ်သွားမလို့လဲ'

'ကျွန်မက သခင်မလေးကို သွားပြီး အကြောင်းကြားမလို့၊ ကျွန်မ ပြောသလို ရှင် ဒီမှာ ရပ်စောင့်နေတာ အကောင်းဆုံးပဲ'

သူမသည် ပြောပြီး လျင်မြန်လှစွာပင် အဆောက်အအုံထဲသို့ လျှောက်သွားလေ၏။

ချောင်ဝေသည် ပန်းချီကားအား ထပ်မံ ကြည့်လိုက်၏။

ပန်းချီကားထဲရှိ မိန်းကလေး၏ မျက်လုံးမှ [illegible] တစ်ခုကို နာကျည်း မုန်းတီးစွာ ငိုကြွေးနေကြောင်း ပေါ်လွင်နေသည်။

ချောင်ဝေသည် ပန်းချီကားမှ မျက်လုံး မခွာနိုင်ဘဲ စိုက်ကြည့်နေ၏။

o o

www.burmeseclassic.com

www.burmeseclassic.com



အခန်းကြွေသောအခါ...

အဆောက်အအုံထဲမှ မိန်းကလေးပြန်ထွက်လာလေတော့သည်။

ချောင်ဝေက ထူမအား လှည့်ကြည့်လိုက်လေ၏။

'ဘယ်လိုလဲ'

'ရှင်ကံကောင်းပါတယ်'

'ဗျာ ကျုပ်က ကံဆိုးနေတာ များလို့ သူ့ဆီကိုလာတာ ခင်ဗျားက ဘယ့်နှယ် ပြောလိုက်တာလဲ'

'ရှင့်ရဲ့ အရင်က အကြောင်းတွေကို ကျွန်မ မသိဘူး၊ အ... သခင်မလေးက ရှင့်ကို လက်ခံ တွေ့ဆုံမယ်ဆိုတာ ရှင်ကံကောင်း... လို့ပေါ့ရှင်၊ မဟုတ်ဘူးလား'

ချောင်ဝေ ငြိမ်သာသွားလေ၏။

ခါးကို ကိုင်း၍ မိန်းကလေးအား ဦးညွှတ်လိုက်၏။

'ခင်ဗျားတို့ ကျေးဇူးတင်ပါတယ်ဗျာ'

'ရပါတယ် ကိစ္စမရှိပါဘူး။ သခင်မက အဆောင်ထဲ... စောင့်နေတယ်၊ ရှင်ဝင်သွားပါ'

ချောင်ဝေသည် အဆောက်အအုံ တစ်ခုလုံးအား ကြည့်... ခေါင်းညိတ်လိုက်လေ၏။

ထို့နောက်

ခြေလှမ်းမှန်မှန်ဖြင့် အဆောက်အအုံထဲသို့ လှမ်းဝင်... လေတော့သည်။

—၀—

လျှံမိန်

---

အဆောက်အဦ၏အထဲတွင် အပြင်မှာထက်ပို၍ ကြီးကျယ်ခမ်းနားလေသည်။

ရှေးဆန်သော နန်းတော်ကြီးတစ်ခုနှင့်ပင် တူနေ၏။

အဆောက်အဦထဲရှိ တိုင်လုံးများမှာ လူ၏လက်နှစ်ဖက်ဖြင့် ဖက်ထားလျှင်ပင် မလောက်နိုင်အောင် ကြီးမားပေ၏။

အောက်ခြေတွင် အဖြူရောင်ကျောက်ပြားများ ခင်းကျင်းထားသည်မှာ ဖွေးသန့်နေ၏။

ချောင်ဝေသည် ထိုအဖြူရောင် ကျောက်ပြားများအပေါ်၌ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားနေ၏။

မကြာပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့၌ အလွန်ကျယ်ဝန်းသော ခန်းမကြီးတစ်ခု ရှိနေသည်ကို တွေ့လိုက်ရ၏။

သူသည် ခန်းမကြီးထဲသို့ လှမ်းဝင်လိုက်လေ၏။

ခန်းမကြီးထဲသို့ ခြေချလိုက်သည့်အချိန်မှာပင်...

'ရှင်ရောက်လာပြီလား'

ခန်းမ၏ဝဲဘက်မှန်ရံမှ အလွန်ချိုသာပျော့ပြောင်းနွဲ့သော အသံကဲ့သို့ နာပျော်ဖွယ်ကောင်းသော အသံတစ်သံ ထွက်ပေါ်လာလေသည်။

ထိုအသံကို ကြားလိုက်ရသောအခါ သူ၏ရင်ထဲ၌ အလွန်တုန်လှုပ်သွားလေ၏။

ရှေ့သို့ပင် ဆက်မလျှောက်ရဲအောင် ဖြစ်သွားလေသည်။

သူက အသံရှင်အား မျက်လုံးဝေ့ကြည့်လိုက်၏။

ဤအခန်းထဲ၌လည်း အလင်းရောင် လုံလုံလောက်လောက် မရှိပါ။

သို့သော်...

သူ၏ မျက်စိကျင့်သားရသွားပြီဖြစ်၏။

ခန်းမကြီး၏ ဝဲဘက်၌ အဖြူရောင်ဇာပဝါများ ကာထားသော အခန်းတစ်ခန်းရှိသည်ကို သူ သတိပြုမိလေသည်။

အသံရှင်အား ထိုနေရာမှပြောနေသည်ကို သူအား သဘောပေါက်လာလေ၏။

သူသည် ထိုအခန်းရှိရာကို လျင်မြန်စွာလျှောက်သွားလေသည်။

ထိုနေရာ၌...



ဇာပဝါအား ဆွဲဖယ်လိုက်ရာ သူက အလွန်အံ့သြ မှင်သက်သွားမိလေ၏။

အခန်းထဲရှိ အဖြူရောင်ကျောက်ကုလားထိုင်အစ်လုံးပေါ်၌ မိန်းမလေးတစ်ယောက် ထိုင်နေ၏။

မိန်းကလေးမှာ အသက် ၂၄-၂၅ နှစ်ခန့်သာရှိမည်ဟု ထင်ရ၏။

သူမသည် တစ်ကိုယ်လုံး အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

ချောင်မ၀သည် ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားလေသည်။

သူမမှာ အဆောက်အဦရှေ့တွင်ရှိသော ပန်းချီကားထဲမှ မိန်းကလေးနှင့် ချွတ်စွပ်တူနေ၏။

သို့သော်...

သူမသည် ပန်းချီကားထဲမှ ထွက်ပိုချင် လှပနေ၏။

သူမသည် လူ့မိန်းဖြစ်ရမည်ဟု ချောင်မဝက တွေးဆမိလေသည်။

ထို့ကြောင့်...

ခုံကိုင်း၍ အရိုအသေပေးလိုက်လေ၏။

'မင်းသမီးလေး လူ့မိန်းကို ကျွန်တော်ချောင်မဝက အရိုအသေပေးပါတယ်'

သူ၏စကားကြောင့် သူမ၏ရင်ထဲ၌ လှုပ်ရှားသွားလေသည်။

www.burmeseclassic.com



သူမ၏ လှပသောမျက်နှာမှာ ရှက်သွေးဖြာ၍ အံ့အားသင့်နေ၏။

ချောစင်ဝေသည် သူမအား အနီးကပ်တွေ့မြင်လိုက်ရသော အခါ လူအများပြောသည်ထက်ပင်ပို၍ နတ်မိမယ်လေးအလား လှပနေသည်ကို မြင်လိုက်ရလေသည်။

သို့သော်...

သူမ၏မျက်နှာပေါ်၌ နာကြည်းခြင်း၊ ဆွေးမြည့်ခြင်းအရိပ် အယောင်တို့ ရောယှက်ပေါ်လွင်နေ၏။

မည်သို့ပင်ဖြစ်စေကာမူ...

သူမသည် တစ်လောကလုံး၌ တုနှိုင်း၍ မရနိုင်အောင်ပင် ချောမောလှပသည်မှာ မည်သူမျှ ငြင်း၍မရပေ။

သူမသည် ချောစင်ဝေအား စိုက်ကြည့်လိုက်၏။

ထိုနောက်...

မဲ့ပြုံးပြုံးလိုက်လေ၏။

'ကျွန်မကို လူအားလုံးက ယမမင်း၏ သမီးတော်ဖြစ်[...] မိစ္ဆာမလို့ခေါ်ကြတယ်၊ ရှင်ကဘာဖြစ်လို့ မင်းသမီးလေး[...] ခေါ်ရတာလဲ'

သူက မျက်နှာကိုညည်လိုက်၏။

'လူတွေက ဘာပဲပြောပြော ကျုပ်နဲ့မဆိုင်ပါဘူး၊ ကျု[...] အမြင်မှာတော့ မင်းသမီးလေးဟာ မိစ္ဆာမနဲ့ လုံးဝမတူပါ[...] နတ်မိမယ်လေးလို ချောမောလှပလို့ မင်းသမီးလေးလို့ခေ[...] ပါတယ်၊ ခွင့်ပြုပါဗျာ'



သူ၏စကားကြောင့် သူမ၏မျက်နှာမှာ စိတ်မကောင်းသော အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

သူမက သက်ပြင်းကို မသိမသာချလိုက်လေ၏။

'ထားပါတော့လေ ဒါထက် ရှင်က ဆေးခတ်ထားတဲ့ အရက်ကို မသောက်ဘူးလား၊ ဒါမှမဟုတ် ရှန်းလီက မတိုက် တာလား'

သူက အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်လေသည်။

သူကပြုံးလိုက်ပြီး...

'ဒီလိုပါ...ကျုပ်ရှင်းပြပါမယ်'

သူသည် ရှန်းလီနှင့် စတင်တွေ့ဆုံစဉ်မှ ယမမင်းကျွန်းပေါ် ရောက်လာသည့် အကြောင်းများကို အစအဆုံးပြောပြလိုက်လေ သည်။

သူမ ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

သူမ၏ မျက်နှာပေါ်၌ အံ့ဩချီးကျူးလိုသည့် အရိပ် အယောင်များ ပေါ်လွင်နေ၏။

သူမသည် ချောစင်ဝေအား စိုက်ကြည့်လိုက်ပြီး...

'ဆေးခတ်ထားတဲ့အရက်ကို မသောက်ဘဲ ဒီတွင်းကြီးထဲကို ခုန်ဆင်းရဲတဲ့ ရှင့်ရဲ့သတ္တိကိုတော့ ကျွန်မချီးကျူးပါတယ်'

သူက ခေါင်းငုံ့လိုက်လေသည်။

သူမက...

'ဒါထက် ရှင်ဘာဖြစ်လို့ ကျွန်မကို တွေ့ချင်ရတာလဲ'

သူသည် ယမမင်းကျွန်းအား အကြံအစည်နှင့်လာသူ ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်—

သူမအား အကြောင်းစုံရှင်းပြမှဖြစ်မည်ဟု သူကနားလည်လိုက်လေသည်။

'ကျွန်တော်ပြောပြမယ့်အကြောင်းအရာအ ရှင်းပါတယ်၊ မင်းသမီးလေး သည်းခံပြီး နားထောင်ပေးပါ'

လှမိန်က—

'ရပါတယ်ရှင်၊ ပြောပါ'

ချောင်ခေက စကားစလိုက်လေ၏။

'ဒီလိုပါဗျာ'

သူ၏ မျက်လုံးအစုံ သည် အတိတ်သို့ ပြန်လည်သတိရလာသည်။

* * *

လှမိန်သည် ချောင်ခေ၏စကားရှုးသံသွားသည်နှင့် မျက်မှောင်ကြုတ်သွားလေ၏။

ချောင်ခေက် ဘာ ဧ ကြ ၍—

'ကျွန်မနဲ့ဝင် ဘဲ ကဲ့အကြောင်းတွေကို ရှင့်ကို ရှန်းယင်က ပြောပြခဲ့သေးသလား'



ချောင်ခေက ခေါင်းညိတ်လိုက်လေ၏။

'ဟုတ်ကဲ့၊ ပြောပြခဲ့ပါတယ်'

'သူက ဘာတွေပြော ပြခဲ့တာလဲ'

'သခင်မဟာ လူသားတစ်ယောက်ဖြစ်တယ်၊ လျှန်မျိုးနွယ်ရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ မြို့စားကြီး လှစမ်းတောင်ရဲ့ သမီးဖြစ်တယ်'

သူ၏အစားကြောင့် လှမိန်၏မျက်နှာ ကွက်ခနဲပျက်သွားလေ၏။

သို့သော်—

ချက်ချင်း၊ ဟန်ဆောင်၍—

'နေဦးလေ—'

ချောင်ခေ စကားဆက်လိုက်၏၊

'အမှန်တော့ ဒီယမမင်းကျွန်းအကြောင်းတော ဟိုးရှေးရှေးတုန်းကအညီးတော ဗုဒ္ဓရှိကစ်ပုဒ်ပါ၊ ဒါကို မင်းသမီးအေး အ အလှ အကွယ်ယူပြီး ဒီယမမင်းကျွန်းမှာနေတယ်၊ ပြီးတော့ လှမျိုးနွယ်တစ်ခုလုံးကို ပြုတ်အောင် အပြတ်ရှင်းခဲ့တဲ့ ရန်သူကို ရင်ဆိုင်ဖို့ လှုစုံနေတယ်—စတဲ့အကြောင်းတွေ ပြောခဲ့ပါတယ်'

လှမိန် မျက်နှာ ပျက်သွားလေ၏။

ထို့ပြင်—

အလွန် အံ့အားသင့်သွားခဲ့သည်။

'ရှင်တို့ ရှန်းယင်က ဒီအကြောင်းတွေ အကုန်ပြောပြတယ်တဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ဒါ့အပြင် မင်းသမီးလေးဟာ ဒီယမမှင်းကျွန်းပေါ်လာနေတာ ဆယ့်ခုနစ်နှစ်ဆယ့်ရှစ်နှစ်လောက်ရှိပြီ၊ ထိပ်တန်းသိုင်းသမားတစ်ရာလောက်စုဆောင်းမိပြီလို့လဲသိရပါတယ်'

လျှံမိန်က သက်ပြင်းချလိုက်သည်။

'ရှန်းယင်ကကျွန်မနဲ့သိုင်းသမားတွေအတွက်ရိက္ခာထောက်ပံ့နေတဲ့လူတစ်ယောက်ပါ၊ သူက အဲဒီလို သစ္စာဖောက်ပြီး တစိမ်းလူကို ပြောပြမယ်လို့ မထင်မိဘူး'

ချောင်ဝေက ခေါင်းငုံ့လိုက်လေသည်။

လျှံမိန်က ဆက်၍...

'အဘ၊ ရှန်းလီနဲ့ ရှန်းယင်တို့အပြင် တခြားသူတွေက ကျွန်မရဲ့ကျေးဇူးရှင်တွေပါ၊ ကျွန်မက သူတို့ကို အစားကိုးနေရတယ်ဆိုတာ သူတို့ကိုယ်တိုင်လဲသိပါတယ်၊ အကြောင်းမရှိပဲနဲ့ ရှန်းယင်က သစ္စာဖောက်မယ်လို့မထင်ဘူး'

ချောင်ဝေက ခေါင်းခါလိုက်၏။

'ဒီလိုပါ၊ ကျွန်တော်တို့ နွေဦးကျေးရွာသားအောင်မြင်နိုင်ခဲ့ရင် မင်းသမီးလေးကျေးဇူးကို မမေ့ပါဘူး၊ မင်းသမီးလေးအတွက် နွေဦးကျေးရွာဟာ မိတ်ဆွေဖြစ်လာမှာပါ'

လျှံမိန် တစ်စုံတစ်ခုကို စဉ်းစားနေ၏။

ထိုနေ့က

သူမ၏ လှပသော မျက်နှာလေး ပြုံးရောင်သမ်းလာတော့သည်။

ထို့ပြင်...



နာကြည်းရိပ်များ စွန်းထင်းနေ၏။

သူမသည် ချောင်ဝေကို ဤနေရာသို့ညွှန်ပြခဲ့သော ရှန်းယင်အား အထူးပင် ကျေးဇူးတင်မိလေ၏။

အကြောင်းမှာ...

နွေဦးကျေးရွာတွင် သိုင်းသမား ထောင်သောင်းမကရှိနေသည်။

သူမနှင့် နွေဦးကျေးရွာသား မိတ်ဆွေအဖြစ်ရှိနိုင်မည်ဆိုလျှင် ရန်သူတော်ကြီးအား ချေမှုန်းရန် လွယ်ကူသွားချေပြီ။

ချောင်ဝေ ဆက်ပြောလိုက်လေ၏။

'တကယ်လို့ ကျွန်တော်သာ ဖမ်းတခုကို အောင်နိုင်ခဲ့ရင် နွေနှောင်းကျေးရွာဟာ နွေဦးကျေးရွာရဲ့ အမိန့်ကို နာခံရမှာဖြစ်တယ်၊ ဒါကြောင့် မင်းသမီးလေးရဲ့ရန်သူကို ချေမှုန်းနိုင်ဖို့ သိုင်းသမားပေါင်းထောင်သောင်းမကကို အချိန်မရွေးခေါ်လို့ရပါပြီ'

လျှံမိန်သည် ချောင်ဝေကို စေ့စေ့ကြည့်၍—

'ရှင် ဒီကိုရောက်လာတဲ့ ရည်ရွယ်ချက် သိုင်းပညာသင်ချင်လို့ပဲပေါ့...ဟုတ်လား'

'ဟုတ်ပါတယ်၊ တကယ်လို့ မင်းသမီးလေးရဲ့ ဖမ်းချုပ်လက်မြှောက်သိုင်းပညာသာကျွန်တော့်ကို လိုက်သင်ပေးရင် တစ်စွမ်းကိုအောင်နိုင်ဖို့ လုံးဝသေချာတယ်လို့ ရှန်းယင်ကပြောတယ်'

လျှံမိန်၏မျက်နှာညိုးကျသွားလေ၏။

သူတွင် သိုင်းပညာသင်ပေးရန် အခက်အခဲ ရှိနေသည်လော့။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်—

ချောင်ဝေအား သိုင်းပညာမသင်မပေးချင်၍လော့၊

ချောင်ဝေ အံ့ဩသွားသည်၊

သူ၏ရင်ထဲတွင် စိတ်ပျက်သည့် ခံစားမှုများ ဖြစ်ပေါ်လာရှာ

သည်။

ဝ ဝ ဝ

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

လှူမိန့်နှင့် ချောင်ဝေတို့သည် ကိုယ်စီစိတ်ကူးဖြင့် ငြိမ်သက်

နေကြ၏။

အတန်ကြာမှ—

လှူမက သက်ပြင်းချ၏။

'သိုင်းပညာသင်ဖို့ဆိုတာ လုံးဝမလွယ်ဘူး'

'ဒါကိုကျွန်တော်သိပါတယ်၊ ကျွန်တော်ကြိုးစားပြီး သင်ယူ

ပါ့မယ်'

လှူမ ခေါင်းခါ၏။

'ရှင့်ကို စိတ်မချလို့မဟုတ်ဘူး၊ ကျွန်မအခပေါ်မှာ ပိနေတဲ့

စည်းမျဉ်းတစ်ခုရှိလို့ပါ'



'ဘယ်လိုစည်းမျဉ်းလဲ'

'တို့ မျိုးနွယ်ရဲ့မှုဖိုင်သိုင်းတွင်းဖြစ်တဲ့ ဖမ်းချုပ်လွတ်မြောက်

သိုင်းပညာကို အပြင်လူကို သင်မပေးရဘူး၊ ဒီစည်းမျဉ်းကို

အသက်နဲ့လဲပြီး စောင့်ရှောက်ရမယ်တဲ့'

သူ စိတ်ပျက်သွား၏။

'ဒါဆို ကျွန်တော့်ကို သင်ပေးလို့ မဖြစ်ဘူးသား'

'ဟုတ်တယ်'

'ဒါဖြင့် တခြားသိုင်းပညာရော သင်ပေးလို့ မဖြစ်ဘူးလား'

လှူမ အနည်းငယ်စဉ်းစားပြီးမှ—

'တခြား သိုင်းပညာတွေ သင်ပေးလို့ရပါတယ်၊ ဒါပေမယ့်

ဖမ်းချုပ်လွတ်မြောက်သိုင်းပညာလောက် မထူးချွန်ဘူး၊ ရှင့်

အတွက်တော့ ရန်သူကို နိုင်အောင်းနိုင်ပါလိမ့်မယ်'

'ရန်သူကို ကျိန်းသေ နိုင်မယ်လို့ မပြောနိုင်ဘူးပေါ့'

'ဟုတ်တယ်၊ ရှင့်ရဲ့သိုင်းပညာနဲ့ ရန်သူရဲ့ သိုင်းပညာ ဘယ်

အဆင့်ရှိသလဲဆိုတာ ကျွန်မမသိဘူး၊ ဒါကြောင့်အနိုင်ရဖို့ကျိန်း

သေ မပြောနိုင်ဘူး'

သူ လွန်စွာ စိတ်ပျက်သွား၏။

ဤအတိုင်းဆိုလျှင်

ဖမ်းချုပ်လွတ်မြောက်သိုင်းပညာကို သင်ကြားရန် လုံးဝ

မဖြစ်နိုင်တော့မူပေ။

သို့သော်—

အခြားသိုင်းပညာကို သင်ကြားရလျှင်လည်း သူ့အဖို့ မဆိုး

လှပါ။

www.burmeseclassic.com



လူမသက်ပြင်းချ၍…

'ရှင်မှစ ရန်သူနဲ့ ရင်ဆိုင်ဖို့ အချိန်တစ်လရှိတယ်ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိုလာတဲ့ရက်ကို ဖယ်လိုက်ရင် ဆယ့်ငါးရက်ပဲ အချိန်ရှိပါတော့တယ်'

သူမ ခေါင်းညိတ်၏၊

'ကျွန်မ အဲ့ဒါကိုပြောတာ ဆယ့်ငါးရက်ဆိုတဲ့ အချိန်နဲ့ ဘယ်လိုသိုင်းပညာမျိုးကိုမှ သင်ကြားတတ်မြောက်နိုင်မှာမဟုတ်ဘူး ရှင်နားလည်ရဲ့လား'

သူ ပါးပြပ်ပိတ်ထား၏၊

သူမ ပြောသည်မှာ အလွန် သဘာဝကျလှသည် မဟုတ်ပါလား။

သူမသည် သိုင်းပညာ မသင်ပေးလို၍မဟုတ်ဘဲ—

အချိန်ကို တွက်ဆနေခြင်းဖြစ်ကြောင်း၊ နားလည် လာသည်၊

သူသည် သူမအား ကျေးဇူးတင်ယော်လည်း နှုတ်ကျေးရှုအတွက် စွမ်းချောင်မှု မပေးနိုင်၍ ဝမ်းနည်းမိ၏၊

သူသည် တစုံမ်းကို အနိုင်မရလျှင်….

သူ၏ ဖခင်အပါအဝင် ကျေးရွာတစ်ခုလုံးသည်….

ထိုကျေးရွာ၏အမိန့်ကို နစခံရပေလိမ့်မည်၊

သူသည် ဖခင်နှင့် ရွာသားကိုကို အကျိုးမပြုနိုင်လျှင်—

သေဆုံးသွားခြင်းကသာ သူ့အဖို့ စိတ်သက်သာရာရမည်ဟု ခံစားမိလေ၏၊

သူ သက်ပြင်းချ၍



သူမကို အရှိအသေပေးလိုက်၏၊

'မင်းသမီးလေး၊ ကျွန်တော့မှာ အချိန်မလောက်တဲ့အတွက် ကံဆိုးပါတယ်၊ အခုလို ခင်ခင်မင်မင်ရှိတဲ့အတွက် ဝမ်းသာပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ကျွန်တော့ကိုခွင့်လွှတ်ပါ'

သူ ပြောပြီးသည်နှင့် ခါးမှဓားတိုကို လျှပ်တပြက် ဆွဲထုတ်လော….

ရင်ဝသို့ ထိုးသွင်းလိုက်လေတော့သည်၊

၀ ၀ ၀

သူမအား ချောင်ဝေနှင့် မလှမ်းမကမ်း၌ရှိနေ၏၊

သူမက ချောင်ဝေ၏လှုပ်ရှားမှုကို တွေ့လိုက်သည်နှင့် မျက်နှာပျက်သွား၏၊

သူမ ထိုင်ရာမှ ထလိုက်ပြီး—

ချောင်ဝေရှေ့သို့ လျှင်မြန်စွာရောက်ရှိသွား၏၊

'မလုပ်နဲ့'

သူမသည် အော်ဟစ်ရင်း ချောင်ဝေ၏ ဓားကိုင်ထားသည့်လက်ကို လျှပ်တပြက်ဖမ်းဆွဲလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



ချောင်ခေ၏ မျက်နှာတွင် ရှက်ရွံ့ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့်အရိပ်အရောင်များ ရောယှက်နေ၏။

'မင်းသမီးလေး ဘာဖြစ်လို့ ဟန်ဆောင်ရတာလဲဗျာ'

သူမက သူ့ကို ကြည့်၍ခေါင်းခါ၏။

'ရှင် သေလို့ မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'ရှင်ဟာ နွေဦးကျေးရွာနဲ့ လှျံမိန်အတွက် အသက်ရှင်သန်နေရမယ်'

'ဗျာ ကျွန်တော်က မင်းသမီးလေးအတွက်လဲ အသက်ရှင်သန်ရမယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'တစ်ချက် ရှင်ဟာ နွေဦးကျေးရွာကို စောင့်ရှောက်ရမယ် ရှင်မရှိရင် ယှဉ်ပြိုင်ပွဲပျက်သွားမယ်လို့ ထင်သလား၊ တခြားက ရှင့်အဖေကို စိန်ခေါ်မှာပေါ့ရှင့်'

ချောင်ခေ၏ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွား၏။

သူ့၏အချက်ကို မတွေးမိပါ။

အမှန်ပင် ရှိသည်။

တခြားမင်းသား ကိုယ်စား ဖခင်ဖြစ်သူကို စိန်ခေါ်လျှင် သူ၏ ဖခင် ရှုံးနိမ့်မည်မှာ သေချာ၏။

ထို့ပြင်...

သူ၏ ဖခင်သည် ကျေးရွာနှင့် သူ၏လူကြိုက်များကို အသ[illegible] နှင့်လည်း၍ ကာကွယ်မည့်သူဖြစ်သည်။



ဖခင်ဖြစ်သူသေဆုံးလျှင် မိခင်မှာလည်း အသက်ရှင်နိုင်မည်လော။

ထိုအခါ

သူ၏မျိုးနွယ်စုသည် အဆက်ပြတ်သွားရပေမည်။

ချောင်ခေ စဉ်းစားရင်းနှင့်ပင် ထွန့်လှုပ်လာ၏။

ဝ ဝ ဝ

လှျံမိန်၏ အသံထွက်ပေါ်လာလေသည်။

'ကျွန်မပြောတာ ရှင်သဘောပေါက်ပြီလား'

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်'

လှျံမိန်က ပြုံး၍

'ဒါဖြင့် နွေဦးကျေးရွာ အတွက် ရှင်အသက်ရှင်ရမယ် ဆိုတာ လက်ခံတယ်ပေါ့'

'ကျွန်တော် သိုင်းပညာသင်ရမှာတော့ လူအသစ်ဆောက်နဲ့ဘာများခြားဦးမှာလဲ'

လှျံမိန်က လှပစွာပြုံး၍...

'ကျွန်မ သိုင်းပညာဟာ အမြင့်လူကို သင်ပေးလို့ရဘူး ဒါပေမယ့် အမြင့်လူတစ်ယောက်ပြီး သင်ရင်တော့ ကျွန်မမှာအပြစ်မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

ချောင်ဝေက သူမ၏ စကားကြောင့်…

ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

လျှမ်းမိန်က ပြုံး၍

'ကျွန်မပြောတာ ရှင်သဘောမပေါက်ဘူးထင်တယ်၊ သေချာစွာ စဉ်းစားကြည့်ပါ၊ နားလည်လာပါလိမ့်မယ်'

ချောင်ဝေ မျက်မှောင်ကုပ်စဉ်းစားနေ၏။

တခဏအကြာ…

သူ၏ မျက်နှာမှာ ပြုံးယောင်သန်းလာ၏။

လျှမ်းမိန်က သူ့ကိုပြုံး၍ကြည့်ကာ…

'ဘယ်လိုလဲ'

ချောင်ဝေ အသာပါးတရပြုံး၏။

'ကျွန်တော် သဘောပေါက်ပြီ၊ မင်းသမီးလေးထဲ ကောင်းပြပေါ့ ကျွန်တော်က ခိုးကြည့်ပြီးသင်မယ်'

'ရှင်က သိပ်ဥာဏ်ကောင်းတာပဲ'

'အခုလိုချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ'

'ရှင့်ကိုမေးရဦးမယ်၊ ဒီနေရာကို ဘယ်နေရာလို့ထင်သလဲ'

ချောင်ဝေသည် အခန်းတစ်ခုလုံးအား မျက်စိဝေ့ကြည့်လိုက်သည်။

'စာဖတ်ခန်းဖြစ်မယ်ထင်တယ်'

ဟုတ်ပါ၏။

အခန်းနံရံနှင့်ကပ်လျက်၌ စာအုပ်များထည့်သော ဗီရိုများရှိနေ၏။



'မှန်တယ်'

လျှမ်းမသည် အခန်းထဲမှ အပြင်ထွက်လိုက်ပြီး၊ ခန်းမကြီးအား လက်ညှိုးညွှန်ပြလေသည်။

'ဒီနေရာရော'

ချောင်ဝေသည် အခန်းတစ်ခုလုံးအား အကဲခတ်ကြည့်လိုက်သည်

ခန်းမကြီးမှာ အလွန်ကျယ်ဝန်းပြီး၊ ခန့်ညားသပ်ယပ်၏။ ထို့သော်…

ထိုခန်းမကြီးထဲတွင် စားပွဲ ကုလားထိုင်စသော ပရိဘောဂပစ္စည်းဟူ၍ လုံးဝမတွေ့ရပါ။

လူဏ သေါင်းခါယမ်းပြ၏။

'ကျုပ်မသိဘူး'

'မသိရင်မှတ်ထား၊ ဒီနေရာဟာ ကျွန်မ သိုင်းဖော့ကျင့်တဲ့နေရာရှင့်'

သူမပြောသည့် အဓိပ္ပာယ်ကို ချောင်ဝေ ကောင်းစွာ နားလည်မိလာသည်။

လျှမ်းမသည် သူ့အား ဤနေရာ၌ သိုင်းပညာသင်ပေးရန် ဖြစ်သည်ကို နားလည်လိုက်သည်။

ချောင်ဝေသည် သူမအား ခါးကိုင်း၍ အရိုအသေပေးလိုက်သည်။

'မင်းသမီးလေးစေတနာကို ကျုပ် အရမ်းလေးစားပါတယ်ဗျာ၊ ကျေးဇူးပြုပြီး ဖမ်းချုပ်လွတ်မြောက် သိုင်းကွက်ကို ထစ်ပြပါတော့၊ ကျုပ်သေသေချာချာမှတ်သွားပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းခါယမ်း၏။

'ကျွန်မအစားတော့ကြည့်ပြီး ရှင်အကျိုးမရှိဘူး'

သူမ စဉ်းစားပြီးမှ....

'ဒီလိုလုပ်... ရှင်က ကျွန်မကိုတိုက်ခိုက်၊ ကျွန်မရှောင်တိမ်းမယ်၊ ဒါမှ သိုင်းကွက်သဘောတရားကို နားလည်လာမယ်'

သူက အံ့သြစွာဖြင့်....

'မင်းသမီးလေး'

'ဘာလဲရှင့်'

'ကျုပ်က ရန်သူကိုတိုက်သလို ပြင်းပြင်းထန်ထန်တိုက်ရမှာလား'

'ဒါပေါ့...ရှင်က ရန်သူကို ဟန်ပြတိုက်ခိုက်မှာလား၊ ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်နေမှာပေါ့'

'မလုပ်ပါဘူးမင်းသမီးလေးကို...'

လူ၏စကားမဆုံးမီ သူမက ကြားဖြတ်လိုက်လေသည်။

'ကျွန်မအတွက် စိတ်မပူပါနဲ့၊ ရှင့်ရဲ့သိုင်းပညာဘယ်လောက် ကောင်းကောင်း ကျွန်မကိုတော့ တတ်နိုင်မှာမဟုတ်ဘူး'

ချောင်မလေးသည် စိတ်ထဲ၌ အနည်းငယ် ခံပြင်းမိသော်လည်း သူမအား အနိုင်ရလိမ့်မည် မဟုတ်သည်ကို နားလည်ထားလေ၏။

သူက ခေါင်းတစ်ချက်ဆတ်ပြီး....

'ကောင်းပါပြီ...ကျုပ်စပြီး တိုက်ခိုက်ပါတော့မယ်၊ သတိထားပါ'

ပြောပြီးသည်နှင့် လက်နှစ်ဖက်ကို အသုံးပြု၍ သူမအား စတင်တိုက်ခိုက်လေ၏။



သူ၏ တိုက်ခိုက်မှုမှာ အားပေါ့ပြီး အလွန်လျင်မြန်လှ၏။ ချောင်မလေး စတင်တိုက်ခိုက်သည်နှင့် သူမက ရှောင်တိမ်းလိုက်သည်။

ထို့နောက်....

ပြန်လည်တိုက်ခိုက်လိုက်လေသည်။

—○—

www.burmeseclassic.com

## ယှဉ်ပြိုင်သင်ကြားခြင်း

ချောင်ဝေသည် အံကြိတ်ထား၏။

သူ၏လက်နှစ်ဖက်သည် လျှံမိန့်အား မလွှတ်တမ်းရိုက်ချနေ၏။

သူသည် ထက်အောက်ဝဲယာ အရပ်လေးမျက်နှာသို့ သူမ ရှောင်တိမ်း၍မရစေရန် လက်နှစ်ဖက်ကို ဝေ့ယမ်းကာ ပိတ်ဆို့တိုက်ခိုက်နေ၏။

သူက လက်ဖြင့်မဟုတ်ဘဲ ဓားဖြင့်ဆိုလျှင် လျှံမိန့်အား ထိရောက်စွာ တိုက်ခိုက်နိုင်မည်ဟု ယုံကြည်ထား၏။

သို့သော်—

သူမျှော်လင့်ထားသလို ဖြစ်မလာပါ။



သူမသည် ဓားတစ်ဝိုက်သာသာခန့် နောက်ဆုတ် ရှောင်တိမ်းလိုက်၏။

ထိုကြောင့်—

သူသည် အရူးတစ်ယောက်သဖွယ် "သိုင်းကွက် သုံးလေးကွက်ဆင့်၍ တိုက်ခိုက်နေသော်လည်း သူ၏တိုက်ကွက်ထဲ၌ လျှံမိန့်က ရှိမနေပါ။

သူသည် တိုက်ခိုက်မှုကို ရပ်တန့်လိုက်သည်။

ခပ်ဝေးဝေး၌ သူ၏တိုက်ခိုက်မှုအား ပြုံး၍ရပ်ကြည့်နေသော လျှံမိန့်အား—

'မင်းသမီးလေးဟာ နောက်ကိုရှောင်တိမ်းသွားတယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'အဲဒါ သိုင်းပညာလားဗျ'

'ဒါတော့ ကျွန်မမသိဘူး၊ ရန်သူက အားမာန်အပြည့်နဲ့ တိုက်ခိုက်လာရင် သူ့ရဲ့တိုက်ခိုက်မှုကို ပြန်ပြီး တိုက်ချင်တိုက်၊ မတိုက်နိုင်ရင် ခုခံ—

'ဒါမှမဟုတ်ရင်တော့ နောက်ဆုတ်ရှောင်တိမ်းတာ အမှန်ဆုံးပဲ'

'ဘာဖြစ်လို့လဲ'

'ကိုယ်က မနောက်ဆုတ်ရှောင်တိမ်းမယ်ဆိုရင် တစ်ယောက်တည်း တိုက်ခိုက်နေတဲ့ရန်သူဟာ ကြာရင် အားအင်ကုန်ခမ်းပြီး မောပန်းလာမှာပေါ့၊ ရန်သူက မောပန်းနွမ်းနယ်သွားရင် သူ့ကိုအနိုင်ယူဖို့ အလွယ်လေးပေါ့'

www.burmeseclassic.com



ချောင်ဝေသည် လှမိန်၏ စကားကို သဘော ကျသွားလေသည်။

သူက မြူးလိုက်၏။

'မင်းသမီးလေး ပြောတဲ့ စကားတွေက သိပ်မှန်တာပဲဗျ'

လှမိန်လည်း ပြုံး၏။

'ကဲ...တစ်ခါ ကျွန်မ မရှောင်တော့ဘူး၊ ရှင် စိတ်တိုင်းကျ တိုက်ခိုက်ပါ'

သူမသည် ပြောပြီး ချောင်ဝေ ရှိရာသို့ လျှောက်လာခဲ့လေသည်။

သူ ဦးညွှတ်၍—

'ကျုပ် အစွမ်းကုန် ကြိုးစားပါ့မယ်'

ယခုတစ်ကြိမ်၌—

သူက ပြင်းထန်စွာ တိုက်ခိုက်လိုက်သော်လည်း လှမိန်က နောက်ဆုတ် ရှောင်တိမ်းခြင်း မပြုပါ။

သူနှင့် လက်တစ်ကမ်း အကွာ၌သာ ရှောင်တိမ်း နေလေသည်။

ပြန်လည် တိုက်ခိုက်ခြင်းပင် မပြုပါ။

အချိန်အနည်းငယ် ကြာလာသောအခါ အားမာန်အပြည့်ဖြင့် တိုက်ခိုက်နေသည့် ချောင်ဝေမှာ တစ်ကိုယ်လုံး ချွေးများ ထွက်လာပြီး မောပန်းလာ၏။

လှမိန်မှာ အပြုံးပင် မပျက်ပါ။

သူသည် အလွန် မောပန်းနေသော်လည်း အားမလျှော့ပါ။



အံတင်းတင်းကြိတ်၍ တိုက်ခိုက်မိ၏။

သို့သော်—

လှမိန်၏ ဆံကျစ်ကိုပင် မထိပါ။

သူတို့နှစ်ဦး တိုက်ခိုက်နေပုံမှာ လူကြီးတစ်ဦးနှင့် ကလေးတစ်ဦး တိုက်ခိုက်နေပုံနှင့် တူနေ၏။

ချောင်ဝေသည် စိတ်ထဲ၌ အလွန် ခံပြင်းလာ၏။

သူသည် ဓားပညာကိုသာ အထူး သင်ခဲ့သဖြင့် လှမိန်ကို ဓားပညာဖြင့် ယှဉ်ပြိုင် တိုက်ခိုက်လို၏။

သူသည် ရုတ်တရက် တိုက်ခိုက်မှုကို ရပ်တန့်လိုက်၏။

သူမ မျက်မှောင်ကုတ်သွားသည်။

'ရှင် စိတ်ပျက်သွားပြီလား'

သူ ခေါင်းခါယမ်းသည်။

'ကျုပ် စိတ်မပျက်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ဆက်မတိုက်တာလဲ'

'ကျုပ် မင်းသမီးလေးကို နိုင်မှာ မဟုတ်လို့ပါ'

လှမိန်သည် စကားမပြောတော့ပါ။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေ တစ်ခု တစ်ခုအား ပြောရန် မပြောရန် ချိန်ဆနေ၏။

အတန်ကြာမှ သူ စကားစလိုက်၏။

'မင်းသမီးလေး၊ စိတ်မဆိုးရင် ကျုပ်တစ်ခု ပြောပါရစေ'

လှမိန် ပြုံးလိုက်ပြီး—

'ရှင် ဘာပြောချင်လို့လဲ၊ အားမနာပါနဲ့ ပြောပါ'

ချောင်ဝေသည် ခါး၌ ထိုးထားသည့် ဓားကို ညွှန်ပြလိုက်ပြီး—

'ကျုပ်က ဓားသမားပါ'

'ဩော်—ရှင်က ဓားပညာနဲ့ ယှဉ်ပြိုင်ချင်လို့လား'

'ဟုတ်ပါတယ်'

'ရပါတယ်၊ ရှင့်စိတ်ကြိုက်ပါ စနိုင်ပြီ'

သူမသည် ပြောပြီး အသင့် ရပ်နေ၏။

ချောင်ဝေ မျက်မှောင်ကုတ်၍—

'မင်းသမီးလေး ဓားမကိုင်ဘူးလား'

လှမိန် ပြုံး၍ ခေါင်းခါယမ်း၏။

'ဖမ်းချုပ်လှုတ်မြောက် သိုင်းပညာကို တတ်ထားရင် ဓားကိုင်စရာ မလိုပါဘူးရှင်'

'ဒါတော့ မဖြစ်ဘူးဗျ၊ ကျုပ်က ယောကျ်ားသား ဖြစ်ပြီး ဓားကိုင်တယ်၊ မင်းသမီးလေးက မိန်းမသားဖြစ်ပြီး ဓားမကိုင်ဘဲ ယှဉ်ပြိုင်ရင် တယ်တရား မျှတပါ့မလဲ'

လှမိန်သည် ချောင်ဝေ၏ စိတ်ထားကို လေးစားလာလေသည်။



သူသည် ရိုးသား ဖြူစင်သော လူငယ်တစ်ဦး ဖြစ်ကြောင်း သူမ နားလည်မိ၏။

'တရားတယ်၊ မတရားဘူး ပြောရအောင် ရှင်နဲ့ကျွန်မ မယှဉ်ပြိုင်ရသေးဘူးလေ၊ ယှဉ်ပြိုင်တဲ့အခါမှာ ရှင်က ကျွန်မအပေါ် အသာစီး ရနေတယ်ဆိုရင် တင်မျိုးပေါ့'

'မင်းသမီးလေးက ကျုပ်ကို ကျိန်းသေ နိုင်မယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ချောင်ဝေသည် စိတ်ထဲ၌ လှုန်ရှား ခံပြင်းလာလေ၏။

'ကောင်းပြီလေ—မင်းသမီးလေး သဘောအတိုင်းပါ၊ တိုက်ပွဲ အရှိန်မြင့်လာရင် ကျုပ်က ဓားကိုရော ဓားရှည်ပါ အသုံးပြုတတ်ပါတယ်'

'ကျုပ် စရတော့မလား'

'ရှင်စပြီး တိုက်ခိုက်ပါ'

ချောင်ဝေသည် ခါးမှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီး လှမိန်အား ရုတ်တရက် တိုက်ခိုက်လိုက်လေတော့သည်။

o o o

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် ထစ်ခုလုံး ဓားချက်များ လွှမ်းခြုံ နေတော့သည်။

ချောင်ဝေသည် ပထမခေါ်းဘွဲ့ ရရှိထားသူဖြစ်သည့် အတိုင်း ထူးခြား ဆန်းပြားသော ဓားကွက်များကို လည်းကောင်း၊ အလှန်ရိုးသားပြီး အန္တရာယ်ရှိသော ဓားကွက်များကို လည်းကောင်း ထုတ်ဖော် တိုက်ခိုက်နေ၏။

တိုက်ပွဲအရှိန် မြင့်လာသည်နှင့် သူသည် ဓားတို၊ ဓားရှည် နှစ်လက်စလုံးအား အသုံးပြု၍ တိုက်ခိုက်လာ၏။

လျှိုမိန်မှာမူ သူ၏ ဓားရိပ်များ ကြားမှ အသာအယာ ရှောင်တိမ်း၍ လက်နှစ်ဖက်ကို အသုံးပြုကာ ပြန်သည် တိုက်ခိုက်နေ၏။

သူမ၏ လက်ချောင်းများ၊ လက်ဝါးစောင်းများသည် ဓားရိပ်များကြားမှ တိုးဝင်၍ ချောင်ဝေအား အန္တရာယ်ပေးတတ်သဖြင့် သူသည် တိုက်ခိုက်မှုထက် ခုခံမှုကိုသာ အလေးပေးနေရသည်။

သူသည် ကြိုးစား၍ တိုက်ခိုက်နေသော်လည်း လုံးဝအနိုင် မရပါ။

သူ အလွန် ခံပြင်းလာသည်။

သူသည် ဓားနှစ်လက်ဖြင့် တိုက်ခိုက်နေသော်လည်း လက်နက်မဲ့ တိုက်ခိုက်နေသော လျှိုမိန်၏ အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ပါ။

သူသည် ရန်သူနှင့်သာ တိုက်ခိုက်နေသည် ဆိုလျှင် ယခု အချိန်၌ သေဆုံးနေပြီ ဖြစ်၏။



သူသည် ရင်ထဲ၌ ဝမ်းနည်းလာ၏။

သူ၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေတော့သည်။

သူသည် တိုက်ခိုက်မှုကို ရပ်တန့်လိုက်ပြီး ဓားနှစ်လက်အား အောက်သို့ ပစ်ချလိုက်လေ၏။

ထိုနောက်....

ကျောက်ပြားပေါ်၌ ဒူးထောက်ချ၍ မျက်ရည်များတသွင်သွင် စီးဆင်းလာလေတော့သည်။

။ ။ ။

လျှိုမိန် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

ကျောက်ပြားပေါ် ဒူးထောက်ထိုင်၍ မျက်ရည်များ စီးဆင်းကျနေသော ချောင်ဝေကိုကြည့်၍ လွန်စွာ အံ့သြသွားတော့သည်။

လျှိုမိန်အား အများက မိစ္ဆာမတဟု ခေါ်နေကြသော်လည်း သူမသည် အသည်းနှလုံးရှိသော သက်ရှိလူသားတစ်ယောက်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေသည် မျက်ရည်များကျပြီး ငိုင်ငိုင်ကြီးထိုင်နေသည်ကိုကြည့်၍ သူမသည် ရင်တလှပ်လှပ်ခုန်လာလေ၏။

ချောင်ဝေသည် သာမန်အချိန်တွင် ယောကျ်ားပီသပြီး ခန့်ညားသော လူငယ်တစ်ဦးဖြစ်သည်။

ယခုမှာမူ သူသည် အလွန်ငိုကြွေးချင်သော်လည်း၊ သူ၏ဂုဏ်သိက္ခာအတွက် ချုပ်တည်းထားသဖြင့် မျက်ရည်များသာ ကျဆင်းနေခြင်းဖြစ်သည်။

လျှံမိန့်သည် ချောင်ဝေကိုကြည့်ရင်း လူမဘဝနှင့် နှိုင်းယှဉ်ကြည့်မိလေ၏။

သူတို့နှစ်ဦးသည် အနည်းငယ်သာကွာခြားသော်လည်းဘဝတူခြင်းပင်ဖြစ်လေ၏။

သူမ၏ရင်ထဲ၌ တစ်စုံတစ်ရာကို ပြင်းပြင်းထန်ထန် ခံစားမိလေ၏။

ထို့နောက်

မျက်ရည်များ ရစ်ဝဲလာလေ၏။

သူမသည် ချောင်ဝေကို မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး....

'ရှင်ဟာ ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ၊ ယောကျ်ား မဟုတ်ဘူး'

သူမသည်ပြောရင်း မျက်ရည်များ တသွင်သွင်စီးဆင်းလာလေ၏။

ချောင်ဝေသည် သူမအားမကြည့်ဘဲ....



'ယောကျ်ားဖြစ်အောင်တော့ မျက်ရည်မကျရဘူးလားဗျာ၊ ကျွန်တော် ငိုချင်စိတ်ကို ထိန်းထားပေမယ့် မျက်ရည်ကအလိုလို ကျလာတာဗျ'

သူသည် ပြောရင်းနှင့် မထူးတော့သဖြင့် ငိုချလိုက်လေတော့သည်။

အမှန်တော့ သူသည် ယောကျ်ားဖြစ်မနေသဖြင့် မငိုသင့်ပါ။

သို့သော်

သူတွင် ကြီးလေးသော တာဝန်အစား မထမ်းဆောင်နိုင်လျှင် အရှက်ကွဲသည့်အပြင် သူ၏မိသားစုပါ ဘဝပျက်စီးရပေမည်။

ထို့ပြင်....

သူ၏ဖခင်အပါအဝင် သူ၏ဆွေမျိုးရွာတစ်ရွာလုံးသည် သူတစ်ပါး၏လက်အောက်သို့ ကျရောက်သွားမည် မဟုတ်ပါလား။

သူသည် မိသားစုနှင့်ကျေးရွာအား မကာကွယ်နိုင်လျှင် သူအသက် သေဆုံးသွားလျှင်ပင် အများကဝိုင်း၍ ကဲ့ရဲ့ကြပေလိမ့်မည်။

ထို့ကြောင့်....

သေမထူးနေမထူးသော သူ့ဘဝတွင် လတ်တလော ငိုကြွေးခြင်းသည်သာ သူ၏ ထွက်ပေါက်ဖြစ်လေသည်။

ငိုကြွေးခြင်းသည် တစ်ဖက်စိတ်ဒုက္ခမှ လွတ်မြောက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍

ငိုကြွေးပြီးလျှင် စိတ်ကူးအကြံအစည်သစ်များ ဖြစ်ပေါ်လာနိုင်ဟု မည်သူကမျှ မပြောနိုင်ပါချေ။

ယခု လောလောဆယ်တွင်မူ ချောင်ဝေနှင့်လျှမ်နိတို့သည် ငိုကြွေးနေကြလေသည်။

—၀—

## သံယောဇဉ်နှောင်ကြိုး

၆

ချောင်ဝေသည် ဒူးထောက်လျက်ဝင်ရှိနေ၏။

သို့သော်—

ငိုကြွေးခြင်းမပြုတော့ပါ။

သူသည် လျှမ်နိကိုကြည့်၍ အံ့အားသင့်နေ၏။

သူမသည် မျက်ရည်လွှမ်းသော မျက်လုံးအစုံဖြင့် ရှိုက်၍ ရှိုက်၍ ငိုကြွေးနေ၏။

သူမ အဘယ်ကြောင့် ငိုကြွေးနေပါသနည်း။

ချောင်ဝေသည် ထိုသို့တွေးမိသဖြင့် ဆက်လက်ငိုကြွေးခြင်း မပြုတော့ပါ။

ချောင်ဝေသည် ထိုသို့တွေးမိသဖြင့် ဆက်လက်ငိုကြွေးခြင်း မပြုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လျှံမိန်အားစိုက်ကြည့်နေ၏။

သူမသည် ငိုကြွေးထားသဖြင့် မျက်လုံးအစုံမှာ မို့မောက်နီရဲနေ၏။

သို့သော်…

ထိုပုံစံကပင် သူမအား တစ်မျိုးလှပစေသည်။

သူမသည် ငိုကြွေးဆဲပင်ဖြစ်သည်။

ချောင်ဝေမှာလည်း သူမအား စိုက်ကြည့်နေဆဲပင်ဖြစ်လေသည်။

* * *

*

အတန်ကြာတော့မှ လျှံမိန်သည် ငိုကြွေးခြင်းကို ရပ်တန့်လိုက်၏။

သူမသည် ချောင်ဝေကို မော့ကြည့်လိုက်၏။

ချောင်ဝေသည် သူမကိုစိုက်ကြည့်နေသည်ကို တွေ့ရသဖြင့် ရှက်ရွံ့စွာ ခေါင်းငုံ့လိုက်လေ၏။

သူက စကားစတင်လိုက်လေ၏။

'မင်းသမီးလေး ကျွန်တော့်ကို သွားခွင့်ပြုပါတော့'

သူသည် လျှံမိန်ကို ဥဒ်းညွှတ်လိုက်၏။



ထိုနောက်…

ဒူးထောက်ရာမှထလိုက်ပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

သူသည် ကြမ်းပြင်ပေါ်တွင်ချထားသော ဓားနှစ်လက်ကို တစ်ချက်ကြည့်လိုက်ပြီး မျက်နှာလွှဲလိုက်လေသည်။

ခေါင်းငုံ့၍ထိုင်နေသော လျှံမိန်သည် ချောင်ဝေ၏စကားကြောင့် ခေါင်းထောင်လာလေ၏။

'ရှင်…ရှင်မသွားရဘူး'

ချောင်ဝေက သက်ပြင်းချလိုက်လေ၏။

'ကျွန်တော် ဒီမှာဆက်နေရင် မင်းသမီးလေး စိတ်ဒုက္ခရောက်သွားနိုင်လို့ပါ၊ သွားခွင့်ပြုပါဗျာ'

သူမသည် ထိုင်ရာမှ ထလိုက်ပြီး…

'တင့်အင်း…ရှင်မသွားရဘူး၊ ရှင်ဟာ ခနဉီးဘျူးရွာနဲ့ ကျွန်မအတွက် သိုင်းပညာသင်မှုဖြစ်မယ်'

သူ အံ့သြစမ်းသွားလေသည်။

'မင်းသမီးလေးက ကျွန်တော့်ကို သိုင်းပညာသင်ပေးလို့ ဖြစ်ပါ့မလား'

'မဖြစ်ဖြစ်တဲ့နည်းနဲ့ ကြိုးစားရှာဖွေရမှာပေါ့'

'ခနဉီးကျေးရွာအတွက်ဆိုသာ ကျွန်တော် နားလည်ပါတယ်၊ မင်းသမီးလေးအတွက်ဆိုတာကို ကျွန်တော်နားမလည်ဘူး'

သူမက ပြုံးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အပြုံးမှာ မိုးရွာပြီးနေ့၏ / ပွင့်ထန်းလာသော နှောင်းနံ့ဆာလေးတစ်ပွင့်နှင့်မခြားလှပနေသည်။

'ကျွန်မအကြောင်းကို ရှန်းယင်ဏာပြောထားလို့ ရှင်သိသင့်သလောက် သိနေပြီပေါ့နော်'

'ဟုတ်ကဲ့'

'အခု ကျွန်မမှာ ထိပ်တန်းသိုင်းသမားတွေ စုစည်းထားတဲ့ လူအယောက်တစ်ရာလောက်ရှိပြီ'

သူမသည် ပြောရင်း ချောင်ဝေအား အကဲခတ်ကြည့်လိုက်သည်။

ချောင်ဝေက စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရသဖြင့် စကားဆက်လေ၏။

'အဲ့ဒီလူတွေကို ရှင်ဦးဆောင်ပြီး ကျွန်မရဲ့ရန်သူကို ချေမှုန်းပေးစေချင်ပါတယ်'

သူ၏ရင်ထဲ၌ တစ်ချက်တုန်ခါသွားလေ၏။

လျှိုမိန့်သည် သူကို အားကိုးခင်မင်သည်ကို တွေ့ရသဖြင့် ဝမ်းသာပျော်ရွှင်လာလေသည်။

သူမက စကားဆက်၏။

'ကျွန်မနဲ့ရှင်ဟာ ဘဝတူတွေပါ။ ကျွန်မတို့နှစ်ယောက် ပူးပေါင်းရင် ရန်သူတွေကို အနိုင်ရမှာသေချာတယ်၊ ရှင်ကူညီမယ်ဆိုရင် ကျွန်မလည်း ရှင့်ကို အစွမ်းကုန်ကူညီပါ့မယ်'

ချောင်ဝေက...

'မင်းသမီးလေး ကျုပ်ကို ဖမ်းချုပ်လွှတ်မြောက်သိုင်း သင်ပေးမလို့လား'



'ကျုပ်ရဲ့ ဒီသိုင်းပညာကိုတတ်မြောက်မှ ရန်သူကိုအနိုင်ရမှာပါ၊ ဒါပေမယ့် မင်းသမီးမှာရှိနေတဲ့ စည်းမျဉ်းကြောင့် ကျုပ်က အားနာနေတာပါ'

လျှိုမိန့်က ပြုံးလိုက်လေသည်။

'ဒီကိစ္စက နည်းနည်းတော့ခက်တယ်၊ ဘခုဖြစ်လို့ရဲ့ဆိုတော့ အပြင်လူကို သင်မပေးရဘူးလို့ဆိုထားတယ်၊ ဒါပေမယ့် လျှိုမိသားစုမျိုးနွယ်ကိုတော့ သင်ပေးလို့ရတယ်'

သူမသည် ပြောနေရင်း မျက်နှာတစ်ခုလုံးနီရဲလာပြီး ခေါင်းငုံ့ထားလိုက်လေသည်။

ချောင်ဝေသည် သူမအားကြည့်ပြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။

တစ်ခဏကြာမှ...

ချောင်ဝေသည် သူမ၏စကားအား သဘောပေါက်ပြီး နားလည်သွားလေသည်။

သူက ပျော်ရွှင်ဝမ်းသာစွာဖြင့်...

'မင်းသမီးလေးသာ လက်ခံမယ်ဆိုရင် ကျုပ် မင်းသမီးလေးကို လက်ထပ်ပါရစေ၊ ကျုပ်ဟာ လျှိုမျိုးနွယ်ဝင်လူ ဖြစ်သွားရင် ကျုပ်တော့ မင်းသမီးလေးပါ ဆန္ဒပြည့်ဝမယ်မဟုတ်လားဗျာ၊ ကျုပ်ကိုလက်ထပ်ခွင့်ပြုပါ'

သူမသည် ရှက်ရွံ့စွာဖြင့် ခေါင်းငုံ့နေ၏။

ချောင်ဝေသည် ယခုအချိန်တွင် နှုတ်ဆိတ်ခြင်းဖြစ်ကြောင်း နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်-မင်းသမီးလေးလို သစ္စာရှိမှာပါ၊ ပြီးတော့ မင်းသမီးလေး အားကိုးရတဲ့ ခင်ပွန်းဖြစ်စေဖို့ အာမခံပါတယ်၊ ကျုပ်က အစွမ်းကုန်ကြိုးစားရှာပေးပါ့လို့ ကတိပေးပါတယ်ဗျာ'

သူမ ခေါင်းမော့လာလေသည်။

သူမသည် ချောင်ဝေအား စူးစူးကြည့်၍...

'ရှင်က အားကိုးရတဲ့ ခင်ပွန်းသည်ဖြစ်မယ်ဆိုတာ သေချာ ပါ့မလား'

'သေချာပါတယ်ဗျာ ကျုပ်အသက်နဲ့ထပ်တူ ကတိပေးပါတယ်'

သူမ ခေါင်းညိတ်လိုက်လေသည်။

'ရှင်ဟာ ယောက်ျားပီသတယ်၊ မျိုးရိုးမြင့်မြတ်တယ်၊ ပညာဉာဏ်ကောင်းတယ်၊ ဒါကြောင့် ကျွန်မခင်ပွန်းအဖြစ် ရွေးချယ်နိုင်ပါတယ်၊ ဒါပေမယ့် ရှင့်ကို ကျွန်မက ဘယ်လိုအားကိုး ရမှာလဲ'

ချောင်ဝေသည် သူမလိုချင်သောအဖြေကို နားလည်လိုက်သည်။

သူက ပြုံး၍—

'ကျုပ်တို့ နေဦးရွာမှာ သိုင်းသမားတွေ အများကြီး ရှိပါတယ်၊ မင်းသမီးလေးမှာရှိတဲ့ သိုင်းသမားတွေနဲ့ဆို အင်အားတောင့်တင်းပါပြီ..'

'တကယ်လို့ ကျုပ်သာ နေနှင်းရွာကို အနိုင်ရရင် နေနှင်းရွာက သိုင်းသမားတွေနဲ့ပါ ပေါင်းလိုက်ရင် မင်းသမီးလေးရဲ့ရန်သူကို ကျိန်းသေအနိုင်ရမှာပါ...'



'ပြီးတော့—လိုအပ်လာရင် ကျုပ်ကိုယ်တိုင် သိုင်းသမားတွေကို အကူအညီတောင်းပြီး အင်အားထပ်ဖြည့်ပေးပါ့မယ်'

သူမ တွေဝေသွားလေသည်။

သူမသည် ချောင်ဝေအားကြည့်ကာ သက်ပြင်းချလိုက်လေသည်။

'ရှင်သေသေချာချာစဉ်းစားပြီးမှပြောပါ၊ ကျွန်မရန်သူက အင်မတန် ကြောက်ဖို့ကောင်းပါတယ်'

ချောင်ဝေက ခေါင်းညိတ်လိုက်လေသည်။

'ကျုပ်နားလည်ပါတယ် လျှိုမျိုးနယ်တစ်ခုလုံးကို ရှင်းပစ်ခဲ့သူဟာ ယောင်ရှုံတန်ရဲ့ လူစေတစ်ယောက် မဟုတ်ဘူးဆိုတာ သေချာတယ်'

လျှိုမိနှင်း ပြုံးပြလိုက်လေသည်။

'သေချာရဲ့တင်အယ်ကမလဲရှင်၊ သူဟာ အခု နေပြည်တော်မှာ အထွန်းတောက်ကြီးတဲ့လူ ဖြစ်နေပြီ၊ ပြီးတော့ သူ့လက်အောက်မှာ သိုင်းသမားထောင်သောင်းမက ရှိတယ်ရှင့်၊ သူ့နဲ့ ယှဉ်ပြိုင်ရင် ရှင်တို့ရွာတစ်ခုလုံး ပြုတ်သွားနိုင်တယ်ဆိုတာပါ ထည့်တွက်ထားပါ'

ချောင်ဝေ အနည်းငယ် တွေဝေသွားလေသည်။

သူမက စကားဆက်လိုက်၏။

'ဒီကိစ္စကို လွယ်လွယ်မဆုံးဖြတ်ပါနဲ့၊ အကယ်လို့ ကျုပ်တို့ တစ်ဆနိုင်ရင် အကြောင်းမဟုတ်ဘူး၊ မနိုင်ရင်တော့ ကျွန်မတို့ လူအားလုံးကျိန်မှာပဲ—

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကိုကူညီတဲ့ နွေဦးကျေးရွာဆိုတာလဲ အောဇာပေါ်မှာ ပျောက်သွားမှာရှင့်...'

ချောင်ဝေသာ ငေးငိုင်သွားလေသည်၊

သို့သော်...

သူသည် လျှံမိန်၏ရှေ့၌ တွေဝေမနေသင့်သည်ကို နားလည်မိလိုက်သည်နှင့် ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်၊

'ရပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်တော် မင်းသမီးလေးကို အစွမ်းကုန် ကူညီပါ့မယ်'

'ရှင် တကယ်ဆုံးဖြတ်လိုက်ပြီလား၊'

'တကယ်ဆုံးဖြတ်လိုက်ပြီ၊ ဒီဆုံးဖြတ်ချက်ကို မပြင်ဘူး၊ ဆိုတော့ အသက်နဲ့ထပ်တူ ကတိပေးပါတယ်'

လျှံမိန်၊ လွန်စွာဝမ်းသာလေ၏၊

သူမသည် ချောင်ဝေကို ရွှန်းလဲ့စွာကြည့်ပြီး...

'ဒီလိုဆိုရင်တော့ ရှင်ဟာ ကျွန်မရဲ့ ခင်ပွန်း ဖြစ်နိုင်ပါတယ်ရှင်...'

သူမ တိုးတိုးပြောခြင်းဖြစ်၏၊

သို့သော်...

ချောင်ဝေ၏ နားထဲတွင် ကျယ်လောင်စွာမြည်ဟီးပြီး...

နားစည်မှ နှလုံးသားတိုင် တိုးဝင်လာသည်ကိုခံစားလိုက်ရလေသည်၊

၀ ၀ ၀



ချောင်ဝေနှင့် လျှံမိန် တို့သည် လက်ထပ်ရန် သဘောတူသွားပြီ ဖြစ်လေ၏၊

သို့သော်...

သူတို့ နှစ်ဦးမှာ အတူမနေရသေးပေ၊

လျှံမိန်က ချောင်ဝေကို မူလ နေထိုင်ခဲ့သည့် နေရာသို့ ပြန်လွှတ်လိုက်၏၊

'ရှင် အခုလောလောဆယ်တော့ အရင်နေရာမှာပဲ ပြန်နေပါလေ'

ချောင်ဝေသာ သူမကိုကြည့်၍ ခေါင်းညိတ်လိုက်လေတော့သည်၊

လျှံမိန် စကားဆက်လိုက်၏၊

'အခုအချိန်မှာ ဘာမှမတွေနဲ့ အေးအေးဆေးဆေး အနားယူပြီးအားမွေးထား၊သိုင်းပညာသင်ဖို့ အချိန်ကျလာရင် ကျွန်မ ခေါ်ခိုင်းလိုက်ပါ့မယ်'

ချောင်ဝေသာ

'မင်းသမီးလေး၊ ကျွန်တော်တစ်စွမ်းနဲ့ယှဉ်ဖို့ အချိန်သာ ဆယ့်ငါးရက်ပဲ လိုတော့တယ်'

'ကျွန်မသိပါတယ်ရှင်၊ ဒီကိစ္စ ကျွန်မတာဝန်ယူတယ်၊ ရှင်မရှုံးစေရဘူး၊ စိတ်ချပါ ကျွန်မ ကတိခံပါတယ်'

ချောင်ဝေ မည်သို့ပြန်ပြောရမှန်းမသိတော့ချေ၊

သူမက ထပ်မံပြောရန်ပါးစပ်ဟလိုက်ရာ...

'ရှင် ဘာမှမပြောနဲ့တော့ ဒီကိစ္စကိုလဲ မပူနဲ့ ကျွန်မတာဝန်ယူပါတယ် ကဲ ကဲ အခုတော့ နေရာကိုပြန်တော့နော်'

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံ သူမကို စိုက်ကြည့်လိုက်ပြီး—
ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။
ထို့နောက်
ခန်းမထဲမှ လှည့်ထွက်သွားလေတော့သည်။

၀ ၀ ၀

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားချေပြီ။

ချောင်ဝေသည် အိပ်လိုက် စားလိုက်နှင့်သာ အချိန်ကုန်နေသည်။

ယခု သူသည် တွင်းကြီး၏ အောက်ခြေရှိ နေရာအားလုံးသို့ သွားလာလှုပ်ရှားနိုင်ပြီးဖြစ်သည်။

သူသည် ဤနေရာသို့ စတင် ရောက်ရှိစဉ်က တွေ့ရသည့် အသံရှင် အဖြူရောင် မိန်းကလေးသည် သုံးရက် တစ်ခါ အစား အသောက်များ လာရောက် ပို့ဆောင်ပေးသော်လည်း လျှံမိန် နှင့် ပတ်သက်သည့် စကားတို့ကို တစ်လုံးမျှ မဟာချေ။

သူက အတွင်းအကြပ် မေးလာလျှင်မူ—

'သခင်မက အေးအေး သက်သာ အနားယူဖို့ပဲ မှာလိုက် ပါတယ်ရှင်'



ဆိုသော စကားမှ လွဲ၍ ပိုမပြောပေ။

နေ့စဉ်ဆုံးတွင်—

ချောင်ဝေသည် ဆစ်စုံ တစ်ခုအား စဉ်းစား မိလာလေသည်။

လျှံမိန်သည် သူနှင့် ပတ်သက်၍ အစီအစဉ် တစ်ခုခု ပြုလုပ် နေခြင်းသာ ဖြစ်လေလိမ့်မည်။

သူသည် လူမထဲမှ သိုင်းပညာမသင်ရလျှင် ရန်သူကို ရင်ဆိုင် နိုင်ရန် စေးပညာကို ထပ်မံ သွေးထက်စေရန် လေ့ကျင့်ဖို့ ဆုံး ဖြတ်လိုက်၏။

သူသည် ဤသို့ နေထိုင်ခဲ့သည်မှာ ငါးရက်သို့ပင် တိုင်ခဲ့ချေ ပြီ—။

ငါးရက်မြောက်သော နေ့၌ လျှံမိန်က သူ့အား ပိတ်ခေါ် လာလေသည်။

၀ ၀ ၀

ယနေ့ဆိုလျှင်—

ချောင်ဝေသည် တာစူမ်းနှင့် ရင်ဆိုင်ရန် ချိန်းဆိုထားသည့် ရက် ပြည့်မြောက်ရန် ဆယ်ရက်မျှသာ လိုတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆွာသည် ကျွဲယာမမင်းကျွန်းမှ နွေဦးကျေးရွာသို့ အမြန်ဆုံးပြန်လျှင်မှ ငါးရက် အချိန် ကုန်ဆုံးနိုင်၏။

ထျှန်ငါးရက်ဖြင့် မည်သည့် သိုင်းပညာကို သင်ကြားရည်နည်း။

ချောင်ဝေသည် တွေးရင်း တွေးရင်း စိတ်ရှုပ်ထွေးလေတော့သည်။

သူသည် စိတ်ရှုပ်စွာဖြင့်ပင် လျှံမိန်ရှိရာသို့ ထွက်လာခဲ့လေတော့သည်။

...၀...

အပိုးတန် စာတစ်စောင်

---

ချောင်ဝေသည် လျှံမိန်၏ သိုင်းပညာ လေ့ကျင့်သည့်ခန်းမဆောင်သို့ ဝင်ရောက်လိုက်လေသည်။

တံခါးဝ၌ ရပ်နေသော အဖြူရောင် မိန်းကလေးတစ်ဦးက သူ့အား ဦးညွှတ်လိုက်၏။

'သခင်မလေး၏ စာဖတ်ခန်းထဲက စောင့်နေဖို့ မှာထားပါတယ်ရှင်'

ဆွာသည် ခေါင်းညိတ်၍ လျှံမိန်၏ စာဖတ်ခန်းထဲသို့ လှမ်းဝင်လာလေ၏။

သူသည် ကျောက်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်ချလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အပြုရောင်မိန်းကလေး တစ်ဦးသည် အလွန်မွှေးကြိုင်သော အရက်နှင့် စားစရာတို့ လာချရောက် ချပေးပြီး…

'အားလေး စောင့်ပါရှင်၊ သခင်မလေး မကြာခင် လာပါတော့မယ်'

ဟု ပြောပြီး အခန်းထဲမှ ထွက်သွားလေသည်။

ချောင်ခေသည် အရက်တစ်ခွက်ကိုသာ၊ ငှဲ၍ သောက်လိုက်ပြီး အေးဆေး ထိုင်စောင့်နေသည်။

ဝ ဝ ဝ

မကြာပါချေ။

အခန်းထဲသို့ နတ်မိမယ်အလား ချောမောလှပသည့် လျှိမိ သည် မိုးပြာရောင် ဝတ်စုံကို ဆင်မြန်းပြီး ဝင်ရောက်လာလေ သည်။

ချောင်ခေသည် သူမအား ကြည့်၍ အံ့သြ မင်သက်သွားလေ သည်။

သူမ၏ အလှသည် မည်သည့်အခါမှ မပြောင်းလဲတော့ချေ အလှတရားနှင့် တူနေ၏။



ချောင်ခေသည် သူမအား သတိလက်လွှတ် ငေးကြည့်နေ သည်။

သူမအား လှပစွာ ပြုံးပြလိုက်၏။

'ရှင်ဘာတွေ ငေးနေတာလဲ'

သူမ၏ အသံမှာ လွန်စွာ ချိုသာလှသည်။

သူသည် ထိုအသံကြားမှ သတိရလာ၏။

သူမအား အံ့အားနေ ဖြစ်၍ စကား မပြောနိုင်တော့ပါ ချေ။

'ကျွန်တော်…ကျွန်တော်…'

လျှိမိန်အာ ပြုံး၍…

'ဘာလဲ…ရှင့်ရဲ့ အချိန်တွေ ကုန်လို့ ကျွန်မကို အပြစ်ပြော ချင်တာလား'

အချိန်များ အလဟဿ ကုန်ဆုံးသွားသည်ကို သူအမှတ်ရ လာ၏။

'ကျွန်တော် မင်းသမီးလေးကို အပြစ်ပြောချင်လို့မဟုတ်ပါ ဘူး၊ ကျွန်တော် ပြင်ဖို့ အချိန်ငါးရက်ကို ဖယ်လိုက်ရင် ကျွန် တော့်မှာ သိုင်းပညာ သင်ဖို့ အချိန် ငါးရက်ပဲ ကျန်ပါတော့ မယ်…

'ဒီငါးရက်အတွင်းမှာ ဖမ်းချုပ် လှုတ်မြောက် သိုင်းပညာ သင်လို့ တတ်မြောက်နိုင်ပါမလား ဆိုတာ သိချင်ပါတယ်'

'အချိန် ငါးရက်နဲ့တော့ တတ်မြောက်နိုင်မှာ မဟုတ်ပါ ဘူး'

www.burmeseclassic.com



'ဒါဖြင့် ငါ့ရဲအတွင်း ကြိုးစားပြီး သင်ရင် ဘယ်နှစ်ကွက်လောက် တတ်မြောက်နိုင်မယ် ထင်သလဲ'

သူမ အနည်းငယ် စဉ်းစား၍—

'ရှစ်ကွက်နှစ်ကွက်တော့ တတ်နိုင်ပါတယ်၊ ဒါပေမယ့်— သိုင်းကွက် သဘောလောက်ပဲ သိပြီး အနှစ်သာရကို သိမှာ မဟုတ်ဘူး'

'သိုင်းကွက် တစ်ကွက် နှစ်ကွက် တတ်ရင်ရော ရန်သူကို အနိုင်ရနိုင်ပါ့မလား'

သူ၏ အသံမှာ စိတ်ထက်သန်နေသည်။

လျှမ်မိန်ဆာ စိတ်မကောင်း ဖြစ်သွားလေ၏။

'သိုင်းကွက် တစ်ကွက် နှစ်ကွက် တတ်ရုံနဲ့တော့ ရန်သူကို ဘယ်အနိုင်ရပါ့မလဲရှင်'

ချောင်ဝေ ခေါင်းငိုက်စိုက် ကျသွားလေ၏။

လျှမ်မိန်ဆာ ပြုံးလိုက်ပြီး—

'ရှင့်ကို ကျွန်မ ပြောထားသားဘဲ၊ ဒီကိစ္စကို ဘာမှစိတ်မပူပါနဲ့လို့'

ချောင်ဝေက သူမအား ဆတ်ခနဲမော့ကြည့်လိုက်၏။

'မင်းသမီးလေးမှာ နည်းလမ်းရှိလို့လား'

လျှမ်မိန် ခေါင်းညိတ်လိုက်၏။

ချောင်ဝေ၏ မျက်လုံးအစုံ ဝင်းလက်လာ၏။

'ဘယ်လိုနည်းလမ်းလဲ မင်းသမီးလေး'

လျှမ်မိန်ဆာ အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူလိုက်သည်။



ထိုနောက်

ချောင်ဝေကို လှမ်းပေးလိုက်၏။

ချောင်ဝေ ကြောင်အမ်းအမ်းဖြစ်သွားပြီး—

ရုတ်တရက်

လှမ်းမယူမိပါ။

'ကုန်သည်ရှန်းယင်ဆီက စာတစ်စောင်၊ ရှင်ဖတ်ကြည့်'

'ရှန်းယင်ဆီက'

'ဟုတ်တယ်'

ချောင်ဝေက စာကို လှမ်းယူ၍ ဖတ်ကြည့်လိုက်၏။

'သခင်လေးချောင်ဝေ'

တာစွမ်းနဲ့ သခင်လေး ယှဉ်ပြိုင်ဖို့ရက်ကို နေ့စေ့လပ်သုံးလ ရွှေ့ဆိုင်းလိုက်ပါပြီ၊ သခင်လေးစိတ်အေးအေး ထားပြီးသာ သိုင်းပညာသင်ကြားပါ၊

ပုံ

ကုန်သည်ရှန်းယင်။

ချောင်ဝေက စာကိုဖတ်ပြီးနောက် အလွန်အံ့ဩသွားလေသည်။

ဤစာထဲတွင်ပါသည့်လက်ရေးမှာ ရှန်းယင်၏ လက်ရေးဖြစ်သည်။

သူသာ ကောင်းစွာ မှတ်မိလိုက်၏။

လျှမ်မိန်က သူ့ကိုစိုက်ကြည့်ကာ—

'ဘယ်လိုလဲ ရှင့်မှာ သိုင်းပညာသင်ဖို့အချိန် ရသွားပြီလေ'

သူက သူမကို မယုံကြည်နိုင်တဲ့ မျက်လုံးဖြင့် ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ အားပြုံး၍ ကြည့်လိုက်၏၊

'ရှင် ဘာပြော ချင်လို့လဲ'

'ဒီပြိုင်ပွဲကို နောက်တပ်သုံးနေ ရွှေဆိုင်းလိုက်တော့ မယုံ ကြည်နိုင်စရာပဲ'

'ရှင့်ကို ကျွန်မ ငါးရက်အနေနဲ့ယူခိုင်းတာ မှတ်မိသေးလား ရှင်'

'မှတ်မိပါတယ်ဗျာ'

သူမက ခေါင်ခေါင်းကို ချစ်စဖွယ်မျက်စောင်း ထိုးလိုက်လေသည်၊

'ဒီငါးရက်အတွင်း ကျွန်မက အလကားထိုင်နေတယ်လို့ရှင် ထင်နေတယ် မဟုတ်လား'

'မဟုတ်ရပါဘူးဗျာ'

'အဲ့ဒီနေ့က ရှင့်ကို ပြန်ခိုင်းပြီးတာနဲ့ ကျွန်မက လူတစ်ဦးကို ကုန်သည်ရှန်းယင်ဆီကို လွှတ်လိုက်တယ်၊ ရှင်တို့ နှစ်ယောက် ပြိုင်မယ့်နေ့ကို နောက်ထပ်သုံးလတ့် ဆိုင်းဖို့ ကြိုးစားခိုင်းလိုက်တာပဲ'

'တစ်ခုစမ်းအေ ချက်ချင်းအောင်မြင်သလား မဖြစ်နိုင်ဘူး၊

'ဒြော် သူ့ ကို ဒီအတိုင်းပြောလို့ ဘယ်ရမလဲ သူ့ကို ဖို့အတွက် ခေါင်ဝေက သိုင်းပညာ သင်ကြား နေတယ် နောက်ထပ်သုံးလကြည့်မှ ပြိုင်နိုင်မယ်လို့ ပြောခိုင်း လိုက်တာ လေ'

'အဲ့ဒီတော့'



'အဲ့ဒီတော့ သူ ခံပြင်းသွားပြီး အချိန်ရွှေ့ဆိုင်းဖို့ ခွင့်ပြုလိုက်တာပေါ့ရှင်'

'ဒီကိစ္စကို လူကြီးတွေအနေရော သဘောတူသလား'

'အားလုံးက သဘောတူကြပါတယ်ရှင်'

'အခုပြောနေတာ အားလုံးအမှန်ပဲလား'

'အမှန်ပဲပေါ့၊ ဘာလဲ ရှင် ကျွန်မကိုမယုံဘူးလား'

သူ ပျာပျာသလဲ တောင်းပန်လိုက်၏၊

'မင်းသမီးကို ယုံပါတယ်ဗျာ၊ တကယ်လို့ ဒီကိစ္စသာ အမှန်ဆိုရင် ကျွန်တော်အလွန်ပဲဝမ်းသာပါတယ်ဗျာ၊ ဒါဆိုရင် ဖမ်းချုပ်လွှတ်မြောက်သိုင်းပညာသင်ဖို့ အချိန် လုံလောက် ပြီပေါ့နော်'

'ဒါပေါ့'

'ဒါဆို ကျွန်တော့ကို ဖမ်းချုပ်လွှတ်မြောက်သိုင်းပညာသင် ပေးတော့မှာလား'

'သင်ပေးမှာပေါ့ ဒီသိုင်းတင်မဟုတ်ဘူး၊ ဒီသိုင်းပညာနဲ့ တွဲသင်ရင် အစွမ်းထက်တဲ့ တင်ငါသည် သိုင်းပညာပါ သင်ပေးဦးမှာရှင့်'

ခေါင်ခေါက လွန်စွာ ပျော်ရွှင်သွားလေ၏၊

ဤသိုင်းပညာတို့ကို သင်ကြားခွင့်ရလျှင်—

သူ တစ်စွမ်းကို ကျိန်းသေနိုင်ရမည်မဟုတ်ပါလား၊

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ချောင်စေသည် ဝမ်းသာမှုကို ဟန်ပင်မဆောင်နိုင်တော့ပါ။

ဆွေထာ လျှံမိန့်ထိုင်နေရာသို့လျှောက်သွားပြီး ဒူးထောက်ထိုင်လိုက်တော့—

'ကျွန်တော် သိပ်ဝမ်းသာတော့ပဲဗျာ၊ မင်းသမီးရဲ့ ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းတောင်မသိတော့ပါဘူး'

ဆွေထာ ပြောပြီး လျှံမိန့်၏ လက်နှစ်ဖက်ကိုဆုပ်၍ ညင်သာစွာ နမ်းရှိုက်လေ၏။

အမှန်တော့

သူ ပျော်ရွှင်နေသဖြင့် မစဉ်းစားဘဲ ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

လျှံမိန့် မျက်နှာတစ်ခုလုံးနီရဲသွား၏။

ဆွေမထာ သူ့ကို မျက်ရည်ဝဲဆဲ ငေးကြည့်နေပြီး—

လက်ကိုပြန်လည် ရုပ်သိမ်းခြင်းမပြုမိပါ၊

သူမသည် အလွန်ရှက်သွားပြီး မျက်နှာတစ်ခုလုံးနီရဲနေသော်လည်း ရင်ထဲတွင် ကြည်နူးချမ်းမြေ့ခြင်း ခံစားမှုကို ခံစားလိုက်ရလေသည်။

* * *



အချိန်များ တရွေ့ရွေ့ ကုန်ဆုံး လာလေသည်။

ဆွေထာ လျှံမိန့်ထံသို့ နေ့စဉ်သွား၍ သိုင်းပညာ သင်ကြားလေ၏။

သူတို့နှစ်ဦးသည် တစ်နေ့ထက်တစ်နေ့ သံယောဇဉ်ကြီးခိုင်မာလာလေ၏။

သူသည် ဆွေမနှင့်အတူနေစဉ်—

သိုင်းသမားများကို သွားရောက် ကြည့်ရှု လေ့လာ ရလေသည်။

သူသည် သိုင်းသမားတို့ကို အာဟာရဖြစ်စေသည့် အစားအစာများကျွေးမွေးရန်နှင့်—

တစ်နေ့နှစ်ကြိမ် သိုင်းပညာ လေ့ကျင့်စေလိုကြောင်း—

အကြံဉာဏ်ပေးခဲ့သည်။

လျှံမိန့်ကလည်း လိုက်နာဆောင်ရွက်လေ၏။

ဆွေသည် ဆွေမသင်ကြားပေးသည့်—

ဖမ်းချုပ်လွတ်မြောက် သိုင်းကွက်ကို အပတ်တကုတ် ကြိုးစားသင်ယူလေ၏။

သူသည် ရည်ရွယ်ချက်ဖြင့်သင်ကြားသူဖြစ်သဖြင့်—

အချိန်နှစ်လအတွင်း၌—

ဖမ်းချုပ်လွတ်မြောက်သိုင်းပညာနှင့်ကင်းဂါသည့် သိုင်းပညာအစား သင်ကြားတတ်မြောက်လေသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ယခုနှင့်တူသည်။—

ချောင်ဝေလည်း ထုံးစံအတိုင်း ဖမ်းချုပ်လွတ်မြောက်သိုင်း၊ တံခါးသည်သိုင်းနှင့် သူတတ်မြောက်ထားသည့် ဓားပညာတို့ကို ဝိုမိုသွက်လက်ထက်မြက်စေရန် ကြိုးစားလေ့ကျင့်နေ၏။

ထိုအချိန်ပင်…

လှမိန်က ဖင်ရောက်လာ၏။

'ရှင့် လေ့ကျင့်တာ တော်တော်သွက်လာပြီပဲ'

သူသည် သူမ၏ အသံကြားလိုက်သည်နှင့်

နေစေ၍ လှည့်ကြည့်လိုက်၏။

သူက ဦးညွှတ်လိုက်ပြီး—

'မင်းသမီးလေး ရောက်လာပြီကိုး'

လှမိန်က နှုတ်ခမ်းစူလိုက်ပြီး…

'ရှင်က အခုအချိန်ထိ ကျွန်မကို မင်းသမီးလေးလို့ ခေါ်လေးတယ်'

'မင်းသမီးလေးလို့ မခေါ်ရင် ကျုပ်က ဘာတဲ့ခေါ်ရမှာလဲဗျ'

သူမ စဉ်းစားလိုက်သည်။

'ရှင့်အသက် ဘယ်လောက်ရှိပြီလဲ'

'၂၅ နှစ်'

'ကျွန်မက ရှင့်ထက်တစ်နှစ်ငယ်တယ်၊ ဒီတော့ ရှင့်ကို အစ်ကိုလို့ခေါ်မယ်၊ ရှင်က ကျွန်မကို ညီမလေးလို့ ခေါ်ပေါ့'

'ကောင်းတယ်'



ရှုတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး ရယ်မောလိုက်ကြသည်။

၀ ၀ ၀

တစ်ခဏကြာမှ—

ချောင်ဝေက—

'ညီမ'

'ဘာလဲအစ်ကို'

'အစ်ကို သိုင်းလေ့ကျင့်တဲ့အထဲမှာ အမှားအယွင်းရှိခဲ့သလား'

'အစ်ကို တစ်ခေါက်ပြန်လေ့ကျင့်ပြပါလား'

သူသည် ဖမ်းချုပ်လွတ်မြောက်သိုင်းအား တစ်ခေါက်ထပ်မံ လေ့ကျင့်ပြလိုက်၏။

လှမိန်က သူ၏လေ့ကျင့်မှုအားကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။

'အစ်ကိုလေ့ကျင့်တာ ဘာအမှားအယွင်းမှ မရှိပါဘူး၊ ဒါပေမယ့်…'

'ဒါပေမယ့် ဘာဖြစ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုနဲ့ ညီမ ဒီသိုင်းပညာကိုဖွဲ့သုံးပြီး နှစ်ယောက်တိုက်ခိုက်မယ်၊ ဒါဆို ညီမပြောတာထက် အစ်ကို ပိုနားလည်လာလိမ့်မယ်'

'ကောင်းပြီ အစ်ကိုတို့ လေ့ကျင့်ကြတာပေါ့၊ ညီမ အရင်စတိုက်ပါ'

'အစ်ကို သတိထား'

လျှမ်မိန်သည် ပြောရင်းဖြင့် လက်ချောင်းလေးနှစ်ချောင်းအား အသုံးပြု၍ တိုက်ခိုက်လိုက်လေသည်။

ချောင်ဝေမှာလည်း 'လက်ချောင်းလေး နှစ်ချောင်းအား' အသုံးပြု၍ ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

၀ ၀ ၀

သူတို့နှစ်ယောက်၏ သိုင်းပညာမှာ တစ်မျိုးတည်းဖြစ်နေသည်။

သို့သော်...

တစ်ယောက်နှင့် တစ်ယောက် မတူညီကြပါ။

ထို့ကြောင့်...



သိုင်းကွက်ဆယ်ကွက် ကျော်လာသည်နှင့် လျှမ်မိန်၏ လက်ချောင်းလေးများသည် သူ၏လက်ကောက်ဝတ်အား ထောက်မိလိုက်လေသည်။

သူ၏တစ်ကိုယ်လုံး ထုံကျင်သွားလေသည်။

သို့သော်...

သူက အားမလျှော့ဘဲ ကျန်လက်တစ်ဖက်ဖြင့် ခုခံတိုက်ခိုက်လိုက်၏။

သိုင်းကွက်နှစ်ကွက် ထပ်မံတိုက်ခိုက်မိသည်နှင့် ထိုလက်မှာလည်း လျှမ်မိန်၏ လက်ညှိုးနှင့် ထောက်မိသောကြောင့် မလှုပ်နိုင်တော့ပါ။

ချောင်ဝေ၏ လက်နှစ်ဖက်စလုံး လှုပ်ရှား၍မရတော့ပါ။

ထို့ကြောင့်...

သူက ခြေထောက်ကိုအသုံးပြု၍ တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

လျှမ်မိန်က လက်ကာပြပြီး အော်လိုက်လေသည်။

'အစ်ကို ရပ်ပါတော့'

ချောင်ဝေလည်း ရပ်တန့်လိုက်၏။

လျှမ်မိန်က သူ့အားပြုံးပြလိုက်ပြီး...

'အစ်ကို လိုနေတဲ့အချက်ကို သိပြီလား'

သူ ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း မသိဘူး၊ ညီမပဲပြောပြပါ'

သူမ မျက်နှာကိုတည်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ညီမ အစတုန်းက သတိမထားမိဘူး၊ အစ်ကိုရဲ့ တိုက်ခိုက်မှုဟာ မြန်ရမယ့်နေရာမှာ နှေးနေပြီး နှေးရမယ့်နေရာမှာ မြန်နေတယ်။ ဒါကြောင့်အစွမ်းမထက်တာ'

သူမ စကားဆက်လေ၏။

'ညီမသင်ပေးတဲ့အတိုင်း သိုင်းကွက် တစ်ကွက်နဲ့ တစ်ကွက် အပြောင်းအလဲကို သတိထားရမယ်၊ ကိုယ့်စိတ်ကြိုက် မြန်လို့ နှေးလို့ မရဘူး'

'အစ်ကို နောက်တစ်ခါ သတိထားပါမယ်'

သူမက ပြုံး၍—

'အစ်ကိုက ဇွဲကောင်းကောင်းတော့ ရှိတယ်နော်'

ပြောရင်း ခေါင်းပေါ်၏ လက်ကောက်ဝတ်နှစ်ဖက်ရှိ သွေးကြောများကို ဖွင့်ပေးလိုက်သည်။

ခေါင်းပေါ်မှာ ချက်ချင်းပင်လှုပ်ရှားလာနိုင်၏။

သူသည် စတင်လှုပ်ရှားနိုင်သည်နှင့် အနီး၌ရပ်နေသော သူမ၏ မိန်အား လှမ်းဖမ်းလိုက်လေသည်။

သို့သော်...

သူမ၏ခန္ဓာကိုယ်သည် ငါးရှဉ့်တစ်ကောင်ပမာ သူ၏လက်ထဲမှ လွတ်ထွက်သွားလေ၏။

သူမသည် နောက်သို့ဆုတ်သွားပြီး ရယ်မောလိုက်လေသည်။

'ခစ်...ခစ်...အစ်ကိုက အောင်သားပဲ၊ တခါ သည်သိုင်းကွက်ကို ကျွမ်းကျင်နေပြီပဲ ဒါပေမယ့်...'



'ညီမက အစ်ကိုရဲ့ဆရာမဲ့၊ ညီမကို တယ်နိုင်ပါမလားရှင် ခစ်...ခစ်'

သူမသည် ရယ်မောရင်း အခန်းထဲမှ ပြေးထွက်သွားလေသည်။

သူသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ချက်ချင်းပင် သတိဝင်လာပြီး—

'ညီမ ညီမ နေပါဦး'

သူမက လှည့်မကြည့်ဘဲ အော်သွားလေသည်။

'အစ်ကို မနက်ဖြန်ကျရင် ဒီကိုပြောင်းခဲ့တော့ သိလား'

သူမသည် စကားဆုံးသွားသည်နှင့် တောင်ချိုးဘက်သို့ ဝင်သွားလေသည်။

သူက မျက်မှောင်ကုပ်လိုက်၏။

သူမကအဘယ်ကြောင့် သူ့အား ဤနေရာသို့ပြောင်းလာခိုင်းရသနည်း။

သူသည် တွေးတောရင်း တွေးတောရင်း မျက်လုံးများဝိုင်းစက်ပြူးကျယ်သွားလေ၏။

သူ၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေ၏။

သူတို့နှစ်ယောက်သည် နှစ်ဦးသဘောတူ လက်ထပ်ခဲ့ပြီး ဖြစ်သည်။

လက်ထပ်ပြီးသည့်နောက် ဇနီးမောင်နှံအရာမြောက်ခဲ့ပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကျန်းဆုံးပြီး၍ နေ့ဝယ်တစ်နေ့ နံနက်မှာပင် ချောင်ဝေသည် လှျှမိန်နေထိုင်ရာသို့ ပြောင်းရွေ့သွားလေသည်။

၀ ၀ ၀

ချောင်ဝေနှင့်လှျှမိန်တို့သည်တစ်ယောက်ပေါ်တစ်ယောက် သံယောဇဉ်ကြီးများ နှောင်ဖွဲ့ပြီဖြစ်သည်။

ချောင်ဝေသည် ဈူမအား နှစ်နှစ်ခြောက်လ ချစ်မြတ်နိုးလေသည်။

လှျှမိန်ကလည်း သူ့အား အလွန်ပင် ချစ်မြတ်နိုးသည်။

အချိန်ကြာညောင်းလာသည်နှင့် သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင် မခွာရက် ဖြစ်လာလေသည်။

ချောင်ဝေသည် တာဝန်ထမ်းနှင့်ယှဉ်ပြိုင်ပြီးနောက် လှျှမိန်၏ ရန်သူအား ရှင်းလင်းမည်။

ထိုနောက်—



သူတို့နှစ်ယောက်သည် ပျော်ရွှင်သာယာ ဖွယ်ဘဝတစ်ခုကို နှစ်ယောက် ပူးပေါင်းထူထောင်ကြမည်ဟု စိတ်ကူးထားလေသည်။

ချောင်ဝေသည် လှျှမိန်၏ရန်သူ မည်သူမည်ဝါဖြစ်သည်ကို ဘာမှ လုံးလုံးမသိရှိပါ။

ထို့ကြောင့်

သူမကိုမေးကြည့်ရာ ဈူမ လိုလိုအားအားပင် ပြောပြခဲ့သည်။

ချောင်ဝေသည် ဈူမ၏ ရန်သူအမည်ကိုကြားလိုက်သည်နှင့် သူ၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားလေ၏။

သူ၏ခေါင်းပေါ်မှဆံပင်များထောင်လာသလိုခံစားလိုက်ရသည်။

ရင်ထဲတွင်လည်း အလွန်ဆေးလံလာလေ၏။

လှျှမိန်သည် ချောင်ဝေ အမူအရာပျက်နေသည်ကို မသိဘဲ ဈူမ၏ဘဝအကြောင်းကိုသာ ပြောပြနေလေတော့သည်။

— ၀ —

www.burmeseclassic.com

www.burmeseclassic.com



## ရင်နင့်ဖွယ်အတိတ်

---

လွန်ခဲ့သောနှစ်များ၊
တိတိကျကျဆိုရလျှင်....
လွန်ခဲ့သော ဆယ့်ရှစ်နှစ်ခန့်၊
လှမိန် အသက်ခြောက်နှစ်အရွယ်၊

ထိုအချိန်က သူမသည် မြို့စားသမီးအဖြစ် ပျော်ထည်စွာရှိနေ၏။

မမျှော်လင့်ပဲ ကြုံကြွမ့်ဆိုးတစ်ခုသည် သူမတို့ မိသားစုအပေါ်သို့ ကျရောက်လာလေ၏။

ထိုနေ့သည် သူမ၏အသက် ခြောက်နှစ်ပြည့်သောနေ့ပင် ဖြစ်လေသည်။

ο ο ο

ကျွန်ုပ်ရသည် စိမ်းလန်းစိုပြည်သော တောအုပ်တစ်ခုဖြစ်လေ၏။

ထိုတောအုပ်၏အရှေ့ဘက်တွင် အလွန် ရှည်လျားမြောင့်တန်းသော လမ်းကလေးတစ်ခုရှိလေ၏။

ခြံ၏ပတ်လည်တွင် သစ်လုံးများဖြင့် အာရုံသွားပြီး အခိုင်အမာ တည်ဆောက်ထားသော၏။

ခြံဝင်း၏အသင်းဘက်တွင် လှပခန့်ညားသော အဆောက်အအုံကြီးအပေါ်အဝင် အဆောက်အအုံငယ် ဆယ်လေးငါးလုံးခန့်ရှိ၏။

ခြံဝင်းနှင့်အဆောက်အအုံပိုင်ရှင်မှာ မြို့စားကြီး လှထွန်းအောင်ပင်ဖြစ်သည်။

သူသည် ရုပ်ရည်ချောမောခန့်ညားပြီး စိတ်နေသဘောထားပြည့်ဝသော ယောကျ်ားကောင်းတစ်ယောက်ပင် ဖြစ်သည်။

မိတ်ဆွေအပေါင်းအသင်းများပြီး သူပိုင်ဆိုင်သော နယ်မြေဒေသမှလူများကို မိသားစုတစ်စုကဲ့သို့ သဘောထားပြီး ကိုယ်ကြင်ဘရားနှင့်အညီအုပ်ချုပ်သည်။

ထို့ကြောင့်

သူပိုင်ဆိုင်သောနယ်မြေဒေသကား ရာဇဝတ်မှုကင်းရှင်းပြီး မြေဆီမြေသြဇာကောင်းသဖြင့် ဆယ်သမား ယာသမားများပေါများ၏။

ရင်းတို့၏ကြိုးပမ်းချက်ဖြင့် ဆန်စပါးနှင့်သစ်သီးဝလံများပေါများစွာ ထွက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူပြည်သားများမှာလည်း ချမ်းသာကြွယ်ဝလာကြသည်။

လျှံစွမ်းတောင်သည် လူချစ်လူခင်ပေါများပြီး ရန်သူ လုံးဝ မရှိပါ။

ထို့ကြောင့်

အခြားမြို့စားများကဲ့သို့ သိုင်းသမားများ စုဆောင်းထားခြင်းမရှိပါ။

သူသည် အနီးအနားရှိ မြို့စား၊ ရွာစားများ၊ အဝေးမှမြို့စား ရွာစားများနှင့် ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံသည်။

သူသည် မြို့စားတစ်ယောက်ဖြစ်သည်နှင့်အညီ အဆောင်အယောင် အစောင့်အရှောက်သဘောအဖြင့် သိုင်းသမားငါးရာခန့်သာထားရှိလေသည်။

ထိုသိုင်းသမားတို့မှာလည်း သိုင်းပညာ လွန်စွာ ထူးချွန်ပြီး လျှံစွမ်းတောင်အား ချစ်ခင် ရိုသေမှုဖြင့် အမှုထမ်းနေကြသူများ ဖြစ်၏။

ဤသို့ဖြင့်....

လျှံစွမ်းတောင်နှင့် လျှံမျိုးနွယ် တစ်ခုလုံး အေးချမ်း သာယာစွာ နေထိုင်ခဲ့ကြလေ၏။

သို့သော်....

ရင်းမိသားစုထံသို့ ကံကြမ္မာဆိုး တစ်ခုသည် မဖိတ်ခေါ်ဘဲနှင့် ရောက်ရှိလာခဲ့လေသည်။

—ဦ—

## ကံကြမ္မာဆိုး၏ သားကောင်

လျှံမျိုးနွယ် မိသားစု၏ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေခဲ့သူမှာ ကျွန်ရှုင် ဖြစ်သည်။

ကျွန်ရှုသည်လည်း လျှံစွမ်းတောင်ကဲ့သို့ပင် မြို့စားတစ်ဦး ဖြစ်၏။

လျှံစွမ်းတောင်နှင့် ချစ်ကြည် ရင်းနှီးသော လူတစ်ဦးလည်း ဖြစ်၏။

သို့သော်....

သူသည် ရာသီဥတု သာယာလျှင် သူတစ်ပါး၏ နယ်မြေပိုင်နက်ကို တိုက်ခိုက် သိမ်းပိုက်ရန် ချောင်းဆနေသူ ဖြစ်သည်။

သူသည် လျှံစွမ်းတောင်း၏ နယ်မြေပိုင်နက်ကို သိမ်းယူရန် စိတ်ကူးမပင် မရှိပါ။

www.burmeseclassic.com



သူက အခြားမြို့စား ရွာစားတို့၏ နယ်မြေ ပိုင်နက်ကိုသာ တိုက်ခိုက် သိမ်းပိုက်နေ ရှိသည်၊

အချို့ တိုက်ပွဲများ၌ သူက အနိုင်ရရှိသော်လည်း၊ အချို့ တိုက်ပွဲများ၌ သူက ရှုံးနိမ့်လေ၏၊

ကျွန်ုပ်သည် မြောက်ပိုင်း ဒေသရှိ မြို့စား၊ တစ်ယောက်နှင့် လှည့်ပြိုင်စစ်ခင်းစဉ် မရှုမလှ ရှုံးနိမ့်ခဲ့ရလေ၏၊

ထို့ကြောင့်

သူသည် လျှံစွမ်းတောင်းထံမှ စစ်ကူ တောင်းခဲ့လေသော သည်၊

မြို့စား၊ ရွာစားတို့ အချင်းချင်း၊ တိုက်ခိုက်လျှင် နှစ်ဖက် မိတ်ဆွေများက စစ်ကူအဖြစ် တိုက်တဆိတ် ကူညီကြစမြဲပင်—

သို့သော်—

လျှံစွမ်းတောင်းလည် ကျွန်ုပ်နှင့် မိတ်ဆွေဖြစ်သလို မြောက် ပိုင်းမြို့စားနှင့်လည်း၊ မိတ်ဆွေဖြစ်၏၊

ထို့အတွက်—

သူက ကျွန်ုပ်၏ အကူအညီ တောင်းခံမှုကို ငြင်းပယ်ခဲ့လေ သည်၊

သူ၏ အကူအညီကို မရရှိသဖြင့် ကျွန်ုပ်သည် ရှုံးနိမ့်သွားခဲ့ သည်၊

သို့သော်—

လျှံစွမ်းတောင်း၏ တောင်းပန်မှုကြောင့် မြောက်ပိုင်း မြို့ စားသည် ကျွန်ုပ်၏ နယ်မြေပိုင်နက်ကို သိမ်းယူ မသွားခဲ့ပါ ချေ၊



ထိုအချိန်မှစ၍ ကျွန်ုပ်သည် လျှံစွမ်းတောင်းနှင့် မြောက် ပိုင်းမြို့စားအား ရန်ငြိုးထားခဲ့လေ၏၊

၀ ၀ ၀

ကျွန်ုပ်သည် လူသူ အင်အားကို တိတ်တဆိတ် ပြန်လည် စု ဆောင်းခဲ့၏၊

သူသည် အခြားအရပ်မှ မြို့စားနယ်စားများနှင့် ပူးပေါင်းခဲ့ လေ၏၊

လူအင်အား၊ ငွေအင်အား ပြန်လည် ပြည့်ဖြိုး လာသော အခါ သူသည် မြောက်ပိုင်းမြို့စားကို စိန်ခေါ်၍ စစ်ခင်းခဲ့လေ သည်၊

ယခုတစ်ကြိမ်—

ကျွန်ုပ်တွင် ထောင်သောင်းမကသော သိုင်းသမားများဖြင့် အင်အား တောင့်တင်းနေသောကြောင့် မြောက်ပိုင်း မြို့စား အကြီးအကျယ် ရှုံးနိမ့်သွားလေ၏၊

မြောက်ပိုင်းမြို့စား ကိုယ်တိုင်မှာလည်း ကျွန်ုပ်လက်ချက်ဖြင့် အသက်ဆုံးရှုံး သွားရလေ၏၊

www.burmeseclassic.com



မြောက်ပိုင်း မြို့စား ကျဆုံးသွားသည်နှင့် နယ်မြေများကို သိမ်းယူလိုက်၏။

မြောက်ပိုင်း မြို့စား ကျဆုံးသွားသည်နှင့် နယ်မြေများကို သိမ်းယူလိုက်လေ၏။

သူသည် ထိုမျှနှင့် အခဲမကျေတဲ လျှံစွမ်းတောင်း ဘက်သို့ မြှားဦး လှည့်လာလေတော့သည်။

* * *

မြို့စားကြီး လျှံစွမ်းတောင်း၏ ဂေဟာ အနောက်ဘက်တွင် လူရွယ် တစ်ဦးသည် ပြေးလွှားနေသည်။

'သခင်မလေး သခင်မလေး'

သူသည် နှုတ်မှ တကြော်ကြော် အော်ခေါ်ရင်း တစ်စုံတစ်ယောက်ကို ရှာဖွေနေ၏။

သူ ရှာဖွေနေသူမှာ မြို့စားကြီး လျှံစွမ်းတောင်း၏ သမီး လျှံမိန့်ပင် ဖြစ်လေ၏။

လူငယ်သည် ခြံဝင်း အနောက်ဘက်သို့ ရောက်ရှိလာလေသည်။



ခြံဝင်း အနောက်ဘက်တွင် တောင်စောင်းတစ်ခု ရှိနေလေသည်။

ယင်းတောင်စောင်းမှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည့် သဘာဝ တောရိုင်းမြေ ဖြစ်၏။

ထိုလူရွယ်သည် လျှံမိန့်အား စံအိမ်တော်၌ မတွေ့လျှင် ဤနေရာ၌ လာရှာရမည်ကို နားလည်ထားလေ၏။

အကြောင်းမှာ....

တောင်စောင်းပေါ်မှ ရှဉ့်အလေးများ၊ ယုန်ကလေးများ စသည့် တိရစ္ဆာန်များသည် ဤနေရာသို့ ရောက်ရှိလာကြလေသည်။

ထိုတိရစ္ဆာန်ကလေးများမှာ လျှံစံအိမ်တော်မှ အစာများ ကျွေးမွေးထားသဖြင့် ယဉ်ပါးနေကြပြီ ဖြစ်၏။

သခင်မလေး လျှံမိန့်သည် အချိန်ရှိသရွေ့ ယုန်ကလေးများ၊ ရှဉ့်ကလေးများနှင့် ပျော်ပါးဆော့ကစားတတ်လေ၏။

ယနေ့တွင်လည်း....

လူငယ်သည် သခင်မလေး လျှံမိန့် ပျောက်ဆုံးနေသဖြင့် ဤအနောက်ဘက် ခြံဝင်းသို့ လာရောက်ရှာဖွေနေခြင်း ဖြစ်လေသည်။

သူသည် ခြံဝင်းအနောက်ရှိ တောင်စောင်းသို့ ရောက်လာသည့်တိုင် သခင်မလေး လျှံမိန့်အား မတွေ့ရပါ။

လူငယ်မှာ ထိတ်လန့်သွားလေ၏။

သခင်မလေး လျှံမိန့် ပျောက်ဆုံးသွားလျှင် သူသည် ကြီးလေးသော ပြစ်ဒဏ်ကို ခံရမည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က နဖူးပေါ်တွင် ချွေးများ သီးလာလေ၏။

'ဒုက္ခပါပဲ၊ သခင်မလေးကိုသာ ရှာမတွေ့ရင်...'

လူက ဆက်၍ မတွေးဝံ့ပါ။

သူသည် အသံကို မြင့်၍ အော်လိုက်ပြန်၏။

'သခင်မလေး...သခင်မလေး၊ ပုန်းနေရင်လဲ ထွက်ပါတော့၊ ကျွန်တော် စိတ်ပူလှပြီ'

ပြန်ထူးသံကို မကြားရပါ။

လူငယ်က စိတ်ပူသွား၏။

သူ့တစ်ယောက်တည်း ရှာမတွေ့လျှင် ဂျိအိမ်ရှိ ဇမ္ဗူထမ်းများ အားလုံး ခိုင်းရှာလျှင် တွေ့နိုင်ကြောင်း စဉ်းစားမိလေသည်။

သူသည် ခြံဝင်းအရှေ့ဘက်သို့ ပြန်သွားရန် ဟန်ပြင်လိုက်လေ၏။

ထိုအချိန်မှာပင်...

'အဘရှန်းလီ'

ချစ်စဖွယ်ရာလေးငယ် တစ်ယောက်၏ အသံ ပေါ်လာလေသည်။

ထိုလူငယ်မှာ လျှံမိန်၏ အထိန်းတော် ရှန်းလီပင် ဖြစ်လေသည်။

လျှံမိန်သည် စကားပြောတတ်ခါစ အရွယ်မှာပင် သူ့အား ဦးဦးဟု မခေါ်ဘဲ အဘရှန်းလီဟုသာ ခေါ်ခဲ့လေ၏။

ရှန်းလီသည် ထိုအသံကို ကြားလိုက်သည်နှင့် တခုန်မတတ် ဝမ်းသာသွားလေ၏။



လူက နောက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်၏။

သူ့အနောက်ဖက်ရှိ ချုံပုတ်ထဲမှ ကလေးငယ်တစ်ဦး လှမ်းထွက်လာ၏။

ထိုကလေးမှာ ရှန်းလီလိုက်ရှာနေသည့် သခင်မလေး လျှံမိန်ပင် ဖြစ်၏။

'သခင်မလေး'

ရှန်းလီက ဝမ်းသာအားရဖြင့် ခေါ်လိုက်၏။

'အမယ်လေး... သခင်မလေးကို ပြန်တွေ့ရလို့ တော်သေးတာပေါ့၊ ကဲ...လာ စံအိမ်ပြန်ကြမလား'

လျှံမိန်က ခေါင်းခါယမ်းသည်။

'ဟင့်အင်း...မပြန်သေးဘူး၊ အဘရှန်းလီကို ပြရဦးမယ်'

'ဘာများလဲ'

'ဒီကို လာကြည့်'

လျှံမိန်က ပြောပြီး ချုံပုတ်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားလေသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ရှန်းလီသည် ချက်ချင်းပင် ချုံပုတ်အနီးသို့ ပြေးသွားပြီး တိုးချောင်းကြည့်လိုက်၏။

ချုံပုတ်၏နောက်ကွယ်ရှိ တောင်စောင်းတွင် ကျောက်လိုဏ်ဂူတစ်ခု ရှိနေလေသည်။

လျှိုမီနိုသည် ထိုလိုဏ်ဂူထဲသို့ လေးဖက်ထောက်၍ ဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

ရှန်းလီ မျက်လုံးပြူးသွားသည်။

'သခင်မလေး၊ ရှေ့ဆက်မဝင်ပါနဲ့တော့၊ ပြန်လာခဲ့ပါ'

လူမသည် ရှန်းလီ၏စကားကို အရေးမစိုက်ပါ

တခစ်ခစ်ရယ်မောရင်း ဆက်ဝင်သွားလေသည်။

တစ်ခဏအကြာတွင်...

ရယ်မောသံကိုသာ ကြားရပြီး လူလုံးပျောက်ကွယ်သွားလေသည်။

'သခင်မလေး... သခင်မလေး'

သူက အော်ခေါ်ရင်း ကျောက်လိုဏ်ဂူထဲသို့ တိုးဝင်သွားလေသည်။

ဝ ဝ ဝ



ကျောက်လိုဏ်ဂူမှာ လူတစ်ယောက် ချောင်းချောင်းချိချိ ဝင်နိုင်ရုံသာ ကျယ်ဝန်းပြီး လေးဖက်ထောက်၍သွားမှရအောင်ပင် နိမ့်လှသည်။

လိုဏ်ဂူအတွင်း၌ လှေကားထစ် ငါးထစ်ခန့်ကို တွေ့ရလေသည်။

ရှန်းလီသည် လှေကားထစ်အတိုင်း အောက်သို့ဆင်းလိုက်ရာ ကျယ်ဝန်းပြီး ကောင်းစွာမတ်တတ်ရပ်နိုင်သော အခန်းတစ်ခုကို တွေ့လိုက်ရလေသည်။

ယင်းအခန်း ထဲ၌ လျှိုမီနိုသည် ယုန်ဖြူလေးသုံးကောင်နှင့် ကစားနေသည်ကို တွေ့လိုက်ရလေသည်။

ရှန်းလီ စိတ်သက်သာရာရသွား၏။

'သခင်မလေးကို သခင်ကြီးကခေါ်ခိုင်းလို့ ကျွန်တော်လာခေါ်တာပါ၊ ပြန်ကြရအောင်နော်'

'ဖေဖေခေါ်ခိုင်းတာ'

'ဟုတ်ဘယ် မနက်ဖြန် သခင်မလေးမွေးနေ့လေ၊ မေ့နေပြီလား'

'ဟုတ်သားပဲ'

'အဲဒါ သခင်ကြီးက စားစရာသောက်စရာ မုန့်တွေပါ အများကြီးဝယ်မလို့ ခေါ်ခိုင်းလိုက်တာ၊ ဒါကြောင့် မြန်မြန်ပြန်ကြစို့နော်'

သူမ စိတ်ပြောင်းသွားလေသည်။

'အင်း... ဒါဆိုသွားမယ်'

www.burmeseclassic.com

လူတို့နှစ်ယောက်သည် လိုဏ်ဂူထဲမှပြန်ထွက်လာပြီး ခြံဝင်းရှိရာသို့ ပြန်လည်လျှောက်သွားကြလေတော့သည်။

* * *

လှမိန်း၏ (၂၆)နှစ်မြောက် မွေးနေ့မင်္ဂလာပွဲသည် စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားလေသည်။

လှစံအိမ်တော်ခြံဝင်းသို့ ဆွေမျိုးများ၊ မိတ်ဆွေအပေါင်းများ စုံစုံလင်လင် ရောက်ရှိလာခဲ့ကြသည်။

မွေးနေ့ပွဲပြီးဆုံး၍ မိတ်ဆွေအပေါင်းအသင်းများ ပြန်သွားကြပြီဖြစ်သော်လည်း ဆွေမျိုးများအားလုံး မပြန်ကြသေးပါ။

ရပ်ဝေးရပ်နီးမှ ဆွေမျိုးများစုံလင်လှသဖြင့် ရယ်မောပျော်ရွှင်စွာ ရှေးဟောင်းနှောင်းဖြစ်များ ပြန်ပြောရင်း နောက်တစ်ရက်မှသာ ပြန်ကြရန်ဆုံးဖြတ်ထားလေသည်။

လျှန်စွမ်းတောင်းသည် ဧည့်သည်များ ဆွေမျိုးများအတွက် လိုလေသေးမရှိ စီမံပေးထား၏။

သို့သော်....

သူ၏မျက်နှာမှာ တစ်စုံတစ်ခုအတွက် ပူပန်နေဟန်ရှိ၏။



အားလုံးမှာလည်း ပျော်ရွှင်နေကြသဖြင့် မည်သူကမှ သတိမထားမိကြပါ။

လှမိန်း၏ အထိန်းတော်တစ်ဖြစ်လဲ ရှန်းလီသည် သူမ၏ မျက်နှာ မသာမယာဖြစ်နေပုံကို အကဲခတ်မိသဖြင့် သူမ၏ အနားမှ တစ်ဖဝါးမခွာ စောင့်ရှောက်နေ၏။

၀ ၀ ၀

မွန်းတည့်ချိန်။

ရှန်းလီသည် လှမိန်းအား မျက်ခြည်မပြတ် စောင့်ရှောက်နေ၏။

သူတို့ထံ အိမ်ဖော်တစ်ယောက် ရောက်ရှိလာပြီး....

'အစ်ကိုကြီးရှန်လီကို သခင်ကြီးက အခုချက်ချင်း စာကြည့်ခန်းထဲကို လာခိုင်းနေပါတယ်'

ရှန်းလီ အနည်းငယ်အံ့သြသွားလေသည်။

စာကြည့်ခန်းမှာ အရေးကြီးသောကိစ္စ၊ လျှို့ဝှက်ကိစ္စများအတွက် ဆွေးနွေးတိုင်ပင်သောအခန်း ဖြစ်လေသည်။

ရှန်းလီသည် ရင်တထိတ်ထိတ်နှင့်ပင် လျှန်စွမ်းတောင်း၏ စာကြည့်ခန်းထဲသို့ ရောက်လာခဲ့ရလေတော့သည်။

...၀...

www.burmeseclassic.com

## လျှို့ဝှက်ဖေတီ

လျှို့စွမ်းတောင်သည် စားပွဲပေါ်တွင်ထိုင်ရင်း တစ်စုံတစ်ခုကို တွေးဝေစဉ်းစားနေ၏။

ရှန်းလီက အခန်းထဲသို့ဝင်လာပြီး ကြမ်းပြင်ပေါ်တွင် ဒူးထောက်၍...

'ကျွန်တော်ရောက်လာပါပြီ သခင်ကြီး'

ရှန်းလီ၏အသံကြားမှ လျှို့စွမ်းတောင်သည် သတိဝင်လာသည်။

သူ ထိုင်ရာမှ ထလိုက်ပြီး...

'မင်း... အခုတော့ ပြောမယ်။ လျှို့မိန်ကော...'

'ဥယျာဉ်ထဲမှာ ဆော့ကစားနေပါတယ် သခင်ကြီး'

လျှို့စွမ်းတောင်က သက်ပြင်းတစ်ချက်ချလိုက်၏။



သူသည် ရှန်းလီကို မေးမဆဲ့ထွလိုက်ပြီး...

'မင်းကို ကျုပ် စိတ်ချယုံကြည်တယ်ဆိုတာ သိသလား'

'ကောင်းကောင်း သိပါတယ် သခင်ကြီး'

'ဒါကြောင့် ကျုပ်က မင်းကိုသေခိုင်းရင်ကော...'

ရှန်းလီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

သို့သော်...

ချက်ချင်းပင် ရင်ကော့လိုက်ပြီး...

'သခင်ကြီးအမိန့်ပေးလိုက်တာနဲ့ ကျွန်တော် လူသေတစ်ယောက်ဖြစ်စေရမယ်လို့ အာမခံပါတယ်'

'ကြိုက်ပြီ၊ ကျုပ်က မင်းကို စိတ်စမ်းကြည့်တာပါ'

သူက ဆက်၍ပြောလိုက်လေ၏။

'အခု ကျုပ်မှာ အရေးတကြီးကိစ္စတစ်ခုနဲ့ကြုံနေတယ်၊ မင်းလို သစ္စာရှိတဲ့လူတစ်ယောက် အရမ်းလိုအပ်နေတယ်'

ရှန်းလီက အရိုအသေပေးလိုက်၏။

'သခင်ကြီး၊ ကျွန်တော် သခင်ကြီး ခိုင်းမယ့် တာဝန်ကို အသက်နဲ့ရင်းပြီးထမ်းဆောင်ပါမယ်'

လျှို့စွမ်းတောင်က မျက်နှာထားတည်ကြည်စွာဖြင့်...

'မင်းကိုပေးမယ့်တာဝန်က သိပ်ကြီးမားတယ်၊ ဒါကြောင့် မင်း ကျုပ်ကို ကတိတစ်ခုပေးရမယ်'

'ဘာလဲ ပြောပါ'

'အခု ကျုပ်ပြောမယ့်စကားနဲ့ကျုပ်ခိုင်းတဲ့တာဝန်ကို ဘယ်သူ့ကိုမှ အသိမပေးရဘူး၊ ဘယ်သူ့ကိုမှ မပြောဘဲ တိတ်တဆိတ် ဆောင်ရွက်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ... ကတိပေးပါတယ် သခင်ကြီး'

လျှို့စွမ်းတောင်း မသိမသာပြုံးလိုက်ပြီး၊ သက်ပြင်းရှည်တစ်ချက်ချလိုက်၏။

'ဒီအတိုင်းပြောလို့တော့ မင်းနားလည်မှာမဟုတ်ဘူး၊ သေချာရှင်းပြမယ်'

သူက စကားဆက်လိုက်၏။

'မင်း ကျွန်ဝူကိုသိသလား'

'ဟုတ်ကဲ့...သိပါတယ်၊ သူများနယ်မြေတွေကို သိမ်းပိုက်ဖို့ ဆေးဆာနေတဲ့ မြို့စားတစ်ယောက်ပါ'

'သူက အခု မြို့စားမဟုတ်တော့ဘူးတဲ့၊ မြို့ငါးမြို့ နယ်သုံးကို သိမ်းပိုက်ပြီး နယ်စားကြီးအဆင့်ရောက်နေပြီ'

ရှန်းလီ အံ့သြသွားလေ၏။

လျှို့စွမ်းတောင်းက အသံနှိမ့်ပြီး ဆက်ပြောလိုက်လေ၏။

'အခု ကျွန်ဝူးက ကျုပ်ကိုရန်ငြိုးထားတာ အားလုံးသိပြီးသားပဲ'

'ဗျာ... အခု သူက သခင်ကြီးကို တိုက်ခိုက်နေချင်ပြီလား'

'ဟုတ်တယ်၊ သူက ကျုပ်ကို ရန်ငြိုးထားနေပြီ၊ လွန်ခဲ့တဲ့နှစ်ရက်က မြို့စားတစ်ယောက်ဆီက သတင်းကြားတယ်၊ ကျွန်ဝူးရဲ့ တပ်တစ်ချို့က ကျုပ်တို့မြို့ဘက်ကို ချီတက်လာနေပြီတဲ့'

ရှန်းလီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

'ဗျာ...'

လျှို့စွမ်းတောင်းက ဆက်၍ပြောလိုက်သည်။

'အဲဒီအတွက် ကျုပ်က မင်းကို အခုခေါ်တာပဲ'



'ကျွန်တော်တို့ စစ်တပ်တွေပြင်ပြီး တခြားမြို့စားတွေကို အကူအညီတောင်းလိုက်မယ်လေ'

'မမှီတော့ဘူး၊ အခုဆိုရင် သူ့ရဲ့တပ်တွေဟာ ဒီတစ်ရက်နှစ်ရက်အတွင်း ကျုပ်ဆီကို ရောက်လာတော့မှာ'

'ဒါဆိုရင် ရှိသမျှ အင်အားနဲ့ပဲ ခုခံဖို့ ပြင်ဆင်လိုက်ကြမယ်'

'ကျုပ်တို့ သူ့ကို ခုခံနိုင်မှာ မဟုတ်ဘူး'

'သခင်ကြီးသာ အမိန့်ပေးလိုက်ပါ၊ ကျွန်တော်တို့ အားလုံး နောက်ဆုံးသွေးတစ်စက်ကျန်တဲ့အထိ ခုခံတော့ကြမှာပါ ဗျာ'

'ဘယ်လိုပဲ ခုခံတိုက်ခိုက်ပါစေ၊ ကျုပ်တို့ရှုံးမှာ သေချာနေပါတယ်'

'ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

လျှို့စွမ်းတောင်းသက်ပြင်းချ၏။

'ဒီလောက်လဲ စိတ်မပူပါနဲ့ လူနဲ့၊ ကျုပ်မှာ မိတ်ဆွေတွေပဲလေ၊ ကျွန်ဝူကို ပြေပြေလည်လည်ဆွေးနွေးလိုက်ရင် ငြိမ်းချမ်းရေး ရနိုင်ပါတယ်'

ရှန်းလီ ခေါင်းခါ၏။

'မဖြစ်နိုင်ဘူး၊ သူ့လိုလူစားက ပြေပြေလည်လည်ဆွေးနွေးရုံနဲ့ ငြိမ်းချမ်းရေးပေးမယ့်လူစားမဟုတ်ဘူး၊ သူ့ကို ဒီလောက ပေါ်ကာနေ မောင်းထုတ်နိုင်မှအားလုံးအတွက် အေးချမ်းမှာပါ'

လျှို့စွမ်းတောင်းက သူ့ကို တွေဝေစွာ စိုက်ကြည့်နေ၏။

'သူဟာ မိတ်ဆွေတွေရဲ့ နယ်မြေတွေကို အပိုင်စီးခဲ့တဲ့ သစ္စာမရှိတဲ့လူ၊ ကောက်ကျစ်တဲ့မြေခွေးလိုလူစားပါ၊ သခင်ကြီး သူ့ကို မယုံကြည်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



လှူစွမ်းတောင်းက မဲ့ပြုံးပြုံး၏။

'မင်းပြောတာ မှန်ပါတယ်ကွယ်၊ ဒါကြောင့်ကျုပ်က အစီအစဉ်တစ်ခုလုပ်ချင်လို့ပါ'

'အမိန့်ရှိပါ သခင်ကြီး'

'တကယ်လို့ ကျွန်ဝူက ကျုပ်တို့ကို တိုက်ခိုက်မယ် ဆိုရင် မျိုးပြုတ်အောင် တိုက်ခိုက်မှာ သေချာတယ်၊ ဒါကြောင့် ကျုပ်က မျိုးမပြုတ်အောင်လုပ်ချင်တယ်'

ရှန်းလီ စိတ်ဝင်စားစွာ နားထောင်နေ၏။

လှူစွမ်းတောင်း၏ စကားမှာ လျှို့ဝှက်မှုအပြည့် ပါနေလေသည်။

ထို့ပြင်---

သခင်ကြီးမှာ သူ့လိုပင် ကျွန်ဝူကိုအယုံအကြည် မရှိကြောင်း သိရသဖြင့် ရှန်းလီဝမ်းသာသွား၏။

လှူစွမ်းတောင်းက စကားကို ရဲရဲဝံ့ဝံ့ ဆက်ပြောလိုက်လေသည်။

'သူတို့တွေက မျိုးရိုးနဲ့ဂုဏ်သိက္ခာအတွက် အသက်အသေခံကြမယ်၊ မင်းတို့ကတော့ ကျုပ်တို့ မျိုးဆက်မပျက် ရအောင် စွမ်းဆောင်ရမယ်'

'ကျွန်တော် နားမလည်ပါဘူးသခင်ကြီး---'

'ကျုပ် အစီအစဉ်မှာ မင်းက အရေးကြီးတဲ့လူတစ်ယောက် ပါပဲ'

'ဗျာ'



'ဟုတ်တယ်၊ အခုအချိန်ကစပြီး၊ ကျုပ်သမီးလှူမိန့်ရဲ့အသက်ကို မင်းလက်ထဲအပ်လိုက်ပြီ'

ရှန်းလီသည် အံ့အားသင့်လွန်းသဖြင့် စကားပင်မပြောနိုင်ပါချေ။

လှူစွမ်းတောင်းမှာ သူပြောလိုသည့် စကား များကိုသာ ဆက်တိုက်ပြောချ လိုက်လေသည်။

'ကျုပ်တို့ လှူအမျိုးအနွယ် ပျောက်ကွယ်သွားခြင်း မရှိရအောင် အခြေအနေမဟန်တာနဲ့ မင်းက သခင်မလေးကိုခေါ်ပြီး ဇာတိနေရာအနေ အမြီးခေါ် ထွက်သွားရမယ်---'

စကားဆက်၏။

'ကျုပ် ကျွန်ဝူနဲ့ငြိမ်းချမ်းရေးရအောင်ဆွေးနွေးမယ်၊ သူတို့က လက်မခံရင် ရှိသမျှခွန်အားနဲ့ တိုက်မယ်၊ တိုက်ပွဲ ဖြစ်တာနဲ့ မင်းထွက်ပြေးဖို့ပဲစဉ်းစား---'

သူ့ကို ကြည့်ပြီး---

စကားဆက်၏။

'ကျုပ် သမီးလေးကိုတော့ အသက်နဲ့ လဲပြီး စောင့်ရှောက်ဖို့ တောင်းပန်ပါတယ်၊ မင်းတို့ ပြေးရင် ပင်လယ်ဘက်ကို ပြေး၊ ကျွန်ဝူဟာ ပင်လယ်ဘက်မှာ ကျွမ်းကျင်မှုနည်းသေးတယ်လို့ သိထားတယ်'

သူသည် စကားအများကြီး ကိုပြောလိုက်ရသဖြင့်---

အနည်းငယ်မောပန်းသွားလေသည်။

'ဟုတ်ကဲ့ပါ သခင်ကြီး'

ရှန်းလီ ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက စားပွဲတစ်ခုနားသို့ လျှောက်သွားပြီး—

လျှို့ဝှက်အံဆွဲထဲမှ အထုပ်အသေးလေးတစ်ခုကို နှိုက်ယူလိုက်လေသည်။

အပြာရောင် ပိုးပဝါဖြင့် ထုပ်ထားသည့်စာအုပ် ဖြစ်သည်။ စာအုပ်မှာ သားရေဖုံးဖြစ်ပြီး အဖုံးပေါ်တွင်ရွှေရောင်ချည်များဖြင့်—

'ဖမ်းချုပ်လွှတ်မြောက်သိုင်းကျမ်း'

ဟု ရေးထားလေ၏။

ရှန်းလိ ကြက်သေသေသွားလေသည်။

ထိုသိုင်းကျမ်းစာအုပ်မှာ—

လျှူမျိုးနွယ်၏ ဘိုးဘွားပိုင် စာအုပ်တစ်အုပ်ပင် ဖြစ်သည်။

လျှူနှမ်းတောင်က ထိုစာအုပ်အထုပ်ကလေးအားလှမ်းပေးလိုက်၏။

ရှန်းလိက လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ယူလိုက်သည်။

သူက အင်္ကျီအိတ်ထဲမှ အထုပ်တစ်ထုပ်နှိုက်ယူ၍—

'ဒါကတော့ ဘိုးဘွားပိုင်ရတနာပစ္စည်းတွေပဲ။ ဒီသိုင်းကျမ်းနဲ့ ရတနာတွေကို မင်းသေချာ ထိန်းသိမ်းစောင့်ရှောက်ထားပါ။ ကျုပ် သမီးလေး ကြီးပြင်းလာတဲ့ အခါမှာ—

ကျွန်ုပ်ကို လက်စားချေဖို့ သူ့အဖေက မှာကြားခဲ့တယ် ဆိုတာ ပြောပေးပါ'

ရှန်းလိ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။



သူ၏ ရင်ထဲတွင် သခင်ကြီး၏ စကားများကြောင့် ကြေကွဲနေ၏။

သူက လျှူနှမ်းတောင်ရှေ့တွင် ဒူးထောက် လိုက်ပြီး—

'သခင်ကြီးပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်။ အသက်နဲ့ ထပ်တူ ကတိပေးပါတယ်'

'ကောင်းပြီလေ။ ဒီပစ္စည်းတွေနဲ့ ကျုပ်သမီးကို သေသေချာချာ ဂရုစိုက်ပါ။ ကျုပ်စိတ်ထင်တော့ မြို့စားကြီး လျှူနှမ်းတောင်းဆိုတာ ဒီနေ့ညမှာပဲ လောကအပေါ်မှ ပျောက်ကွယ်သွားလိမ့်မယ်'

ရှန်းလိ မျက်ဝန်းမှ မျက်ရည်များတသွင်သွင် စီးဆင်းလေသည်။

'သခင်ကြီး'

လျှူနှမ်းတောင်က လက်ကာပြီး သူ့အား တျော့ခိုင်း လိုက်သည်။

'မင်း ကျုပ်အပေါ် သစ္စာရှိတယ်၊ ကျေးဇူးသိတတ်တယ် ဆိုရင်တော့ အခုချက်ချင်းပဲ သမီးလေးကိုခေါ်ပြီး ထွက်သွားပါတော့'

ရှန်းလိသည် သခင်အနားတွင်နေပြီး—

သခင်ကို အော်ကျယ်သို့ခေါ်လည်း—

သခင်က သူ့အားအရေးတကြီး တာဝန်ပေးလျှင်

ကျိန်နေရာမှ ထွက်ခွာခိုင်းနေပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းငိုက်စိုက်ချထား—
လျှောစမ်းတောင်းကို အထပ်ထပ်အခါခါ ဦးညွတ်၍—
စာကြည့်ခန်းထဲမှထွက်ခွာလာလေတော့သည်။

၀ ၀ ၀

ရှန်းလီသည် အခန်းသို့ တိတ်တဆိတ်ပြန်ပြီး အဝတ်အစား ရိက္ခာများ၊ သူမ၏ အသုံးအဆောင်များကို ထုပ်ပိုးပြင်ဆင်လေသည်။

ထိုနေ့ကတ်
ပန်းခြံထဲသို့ ထွက်လာပြီး—
လျှိမိန်ကို စောင့်ကြည့်နေ၏။
သူမမှာ လွန်စွာချစ်စဖွယ် ကောင်းလှသဖြင့် ဆွေမျိုးများ ညီသည်များသည် အနားတွင်ဝိုင်းနေ၏။
တခဏအကြာ၌
လူရှင်းသွားသောအခါ—
ရှန်းလီသည် သူမအနားချဉ်းကပ်လိုက်ပြီး
'သခင်မလေးတော ဒီမှာပျော်နေတာကိုး'
'အာ ရှန်းလီ'



'သခင်မလေး…ယုန်ဖြူလေးတွေကို မေ့နေပြီလား၊ သူတို့က သခင်မလေးအလာ စောင့်နေတာ သနားပါတယ်'
သူမသည် သတ္တဝါတို့အပေါ် လွန်စွာစိတ်ကောင်း ရှိသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။
သူမသည် ရှန်းလီ၏ စကားကြောင့် ယုန်ဖြူလေး တို့ကို သနားသွား၏။
'အာရှန်းလီ၊ အခုပဲ ယုန်ဖြူလေးတွေကို သွားကြည့်မယ် လေ၊ ကောင်းသလား'
'ကောင်းတာပေါ့၊ ဒါပေမယ့် သခင်မလေး ထွက်သွားရင်၊ တခြားလူလေးတွေလိုက်လာမယ်၊ ဒါဆိုရင် ယုန်ဖြူလေးတွေ ကြောက်ပြီး ထွက်ပြေးသွားမှာပေါ့'
'ဒါဖြင့် ဘယ်လိုလုပ်မလဲ'
'ဘယ်သူမှ မသိအောင် တိတ်တိတ်လေးသွားကြမယ်'
'ကျွန်တော် အဲ့ဒီမှာစောင့်နေမယ်၊ သခင်မလေး၊ လာခဲ့နော်'
သူသည် ပြောပြီးသည်နှင့်
အခန်းသို့ပြန်လာ၍ အထုပ်အပိုးများယူ၍—
ခြံဝင်းအနောက်ဘက်သို့ တိတ်တဆိတ် ပြေးလွှားလာလေသည်။
သူ တောင်ခေါင်းပေါ်ရှိ လိုဏ်ဂူပေါက်ထဲသို့ တိုးဝင်၍ အထဲတွင် ထိုင်စောင့်နေ၏
မကြာမီ—
သူမသည် ပြေးလွှားရောက်ရှိလာခဲ့လေ၏။
သူမသည် လိုဏ်ဂူပေါက်ထဲ ရောက်သောအခါ—

www.burmeseclassic.com

www.burmeseclassic.com



မောသန်းနေပြီး ချွေးများပင်စို့နေလေ၏။

'ယုန်လေးတွေ ဘယ်မှာလဲ'

'ရှိပါတယ်၊ သခင်မလေးမောနေပြီ ရေသောက်လိုက်ဦး'

သူ့အား ရေတစ်ခွက်ကိုင်ပေးလိုက်ရာ...

လျှိုမိန် ချက်ချင်းပင်ယူ သောက်လိုက်၏။

ပြီးမှ...

ရှန်လီဘေးမှ အထုပ်များကို လက်ညှိုး ထိုးပြလိုက်ပြီး...

'ဒါတွေ ဘာလုပ်ဖို့လဲ'

သူ ရုတ်တရက်အမေးခံလိုက်ရသဖြင့်—

ရင်ထဲတွင်ဆို့ နစ်သွားလေသည်။

သူသည် ဝဲကျလာသည့် မျက်ရည်များကို အမြန်အတန်း ထိန်းလိုက်ပြီး ပြုံး၏။

'ဒါ အေး ယုန်လေးတွေကို ကျွေးဖို့အစာလေ'

'ဟယ် အဘက သိပ်တော်တာပဲ'

သူမ အထုပ်အပိုးတို့ကို ယူရန် လက်လှမ်းလိုက်လေသည်။

သူမ၏ ခြေလက်တို့သည် အလွန်နွေးကျလာပြီး မျက်ခွံများ လေးလံလာ၏။

ထိုနောက်...

'ဝါး...သိပ်အိပ်ချင်တာပဲ အဘရယ်'

သူက အသင့်ပါလာသည့် စောင်ဖြင့် အိပ်ရာခင်းပြုလုပ်ပေးလိုက်လေသည်။

သူသည် လျှိုမိန်သောက်မည့်ရေထဲတွင် အိပ်ဆေးခပ်ခဲ့ခြင်း ဖြစ်သည်။



သူမ အိပ်ပျော်သွားပြီးမှ...

သူ သက်ပြင်းတစ်ချက်ချကာ လိုဏ်ဂူထဲမှ ထွက်ခဲ့လေသည်။

လိုဏ်ဂူပေါက်ကို သေချာစွာပိတ်၍ အခြေအနေကိုစောင့်ကြည့်ရန် ခြံဝင်းဘက်သို့ တိတ်တဆိတ်ပြန်လာလေသည်။

၀ ၀ ၀

ခြံဝင်းတစ်ခုလုံး ဆူညံနေ၏။

ပျော်ရွှင်စွာရယ်မောစကားပြောနေကြသည့် အသံများဖြစ်သည်။

ရှန်လီသည် အဆောက်အဦထဲသို့ ပြန်လည် ဝင်ရောက်လိုက်သော်လည်း...

လျှိုမိန်၏ ညှိုးနွမ်းခနဲသော မျက်နှာကို မတွေ့ရသဖြင့်...

ခြံဝင်းအပြင်ဘက်ရှိ အလွန်ကြီးမားပြီး...

အရွက်အခက်များထူထပ်လှသည့် သစ်ပင်ကြီးတစ်ပင်ပေါ်တွင် တက်ရောက် ပုန်း—

အခြေအနေကို စောင့်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။

ညနေစောင်းချိန် ရောက်ရှိလာ၏။

ထိုအချိန်တွင်

ကျွန်ုပ်ခေလွှတ်လိုက်သော သိုင်းသမားများ၊ ဓားသမားများသည် လျှို့ချအိမ်တော်ခြံဝင်းရှေ့သို့ ချီတက် ရောက်ရှိ လာကြသည်။

—•—

## ကြောက်ခဲ့ဖွယ်မြင်ကွင်း

---

ကျွန်ုပ်၏ တပ်ဖွဲ့များသည် လျှို့ချအိမ်တော် ခြံဝင်းတစ်ခုလုံးကို ဝိုင်းရံထားပြီး ဖြစ်၏။

လျှို့စွမ်းတောင်းသည် တပ်ဖွဲ့ကို ဦးဆောင်လာသည့် တပ်မှူးလေးအား ပြေလည်မှုရစေရန် တောင်းပန် ပြောဆိုနေလေသည်။

တပ်မှူးလေးက လုံးဝ လက်မခံပါ။

ကျွန်ုပ်၏ အမိန့်အတိုင်း လျှို့ချအိမ်တော် ခြံဝင်းတစ်ခုလုံးကို ဖျက်ဆီးရှင်းသာ စိတ်ဝင်စားနေ၏။

သူသည် အတန်ကြာ တောင်းပန်ပြောဆိုရ၍ မရသောအခါ အတင်းတင်းကြိတ်ပြီး ခြံဝင်းထဲသို့ ပြန်ဆည် ဝင်ရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ တပ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်တော့မည့် သဘော
ရှိနေလေသည်။

မကြာပါချေ။

ကျွန်ုပ်၏ တပ်များသည် မီးရှို့ထားသော မြားများကို ခြံ
ဝင်းထဲသို့ အဆက်မပြတ် ပစ်သွင်းလိုက်လေ၏။

တစ်ဖန်...

လူအင်အားကို အသုံးပြု၍ ခြံဝင်းကို ဖြိုဖျက်ကာ စီးနင်း
တိုက်ခိုက်ကြလေ၏။

ကျွန်ုပ်၏ အပ်ဖွဲ့များ၏ အင်အား၊ သုံးထောင်ကျော်ခန့် ရှိပြီး
လျှံစွမ်းတောင်းမှုးမှူး အင်အား ငါးရာဝင် မပြည့်ပါ။

ထို့ကြောင့်...

ရှေ့မျိုး မိတ်ဆွေများမှာလည်း ရရာ လက်နက်ဖြင့် ဝင်
ရောက် တိုက်ခိုက် ခုခံကြ၏။

လျှံစွမ်းတောင်း၏ ခြံဝင်းထဲတွင် မျော်ရှင် ရယ်မောနေ
သော အသံများအစား၊ ငရဲပွဲကြီးသဖွယ်သို့ ဆူညံ၍ ထိုးခုတ်သတ်
ဖြတ်နေသည့် အသံတို့က အကျည်းတန်စွာ ထွက်ပေါ်လာလေ
သည်။

o o o



တိုက်ပွဲ ပြီးဆုံးသွားလေပြီ။

လျှံစွမ်းတောင်းနှင့် တကွ ခြံဝင်းထဲရှိ လူအားလုံး လိုလို
အဆက်ဆုံးရှုံးသွားကြ၏။

ကျွင်ုပ်၏ တပ်ဖွဲ့များက အဆောက်အအုံကို မီးရှို့ဖျက်ဆီး
၍ ခြံဝင်းတစ်ခုလုံးကို မြေလှန်ပစ်လိုက်၏။

ကျွန်ုပ်၏ ဘဝဖွဲ့သည် အားရအောင် ဖျက်ဆီးပြီး၍ ထွက်
ခွာသွားသောအခါ၊ လျှံစံအိမ်တော် ခြံဝင်းတစ်ခုလုံးမှာ မီး
လောင်ပြင် အဖြစ်သာ ကျန်ရစ်ခဲ့သောသည်။

o o o

ရှန်းလီ၏ မျက်လုံးအစုံတွင် မျက်ရည်များ သွင်သွင် စီးကျ
နေသည်။

မျက်နှာ တစ်ခုလုံးမှာ နီရဲ ခက်ထန်နေ၏။

သူသည် မီးခိုးတလူလူ ထွက်နေသော မီးလောင်ပြင်အား
သွားကြည့်လိုသော်လည်း မရှုမလှ သေဆုံးနေသည့် သခင်နှင့်
ရဲဘော် ရဲဘက်များကို ကြည့်ရှုရန် ခွန်အား မရှိပါ။

သခင်ဖြစ်သူ လျှံစွမ်းတောင်း၏ စကားမှာ အာရုံမှ မှန်ကန်
နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း သခင်ဖြစ်သူ၏ စကားကို မဖြစ်မနေ ဆောင်ရွက်ရန် တာဝန်ရှိနေသည် မဟုတ်ပါလား။

သူသည် လိုက်ဂူရှိရာသို့ ချာခနဲ လှည့်ပြေး လာလေတော့သည်။

ထိုနေ့စဉ်

လိုဏ်ဂူထဲတွင် အိပ်ပျော်နေသော လှမိန်အား ပွေ့ချီ၍ အထုပ်အပိုးများကို ထမ်းကာ မင်းလယ်ဘက်သို့ ဦးတည် ထွက်သွားလေတော့သည်။

* * *

လှမိန်က ချောင်ဝေအား ကြည့်လိုက်၏။

ချောင်ဝေက စိတ်မသက်သာစွာဖြင့် သက်ပြင်း တစ်ချက်ချလိုက်ပြီး—

'ညီမ ဘာစကား အတော် ဆိုးတာပဲနော်'

'ဟုတ်ပါတယ်—အစ်ကိုရယ်၊ အဘ ရှန်းလီသာ မဟာယ်ရင် ကျွန်မ ဒီနေ့လဲ့စမှာ ရှိမှာမဟုတ်ဘူး၊ အဘ ရှန်းလီဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ'



'ဒါနဲ့ အစ်ကိုတို့ လက်ထပ်တာကို ရှန်းလီက ဘာမှမပြောဘူးလား'

'မပြောဘူး၊ အစ်ကို့ကို သူက စတွေ့ တွေ့ချင်းပဲ ခင်မင်သွားတယ်လေ၊ ပြီးတော့...နွေဦး‌ကျေးရွာသာ ကူညီမယ် ဆိုရင် ကျွန်ုပ်ကို အနိုင်ရမယ်လို့ ယူဆထားတယ်လေ'

ချောင်ဝေ ပါးစပ်ပိတ်သွား၏။

ကျွန်ုပ်၏ နာမည်ကို ဖခင်ဖြစ်သူထံမှ မကြာခဏ ကြားဖူးလေသည်။

ကျွန်ုပ်တွင် သိုင်းသမား ထောင်သောင်းမက ရှိပြီး သူ၏ လက်ရွေးစင် သိုင်းသမား တစ်ရာကျော်မှာ နန်းတော်ထဲ၌ အမှုထမ်းခွင့်ရသူများ ဖြစ်၏။

သူ ကိုယ်တိုင်တလည်း နန်းတော်ထဲတွင် ပေါက်ပေါက် ရောက်ရောက် ရှိသည့် လူတစ်ဦး ဖြစ်၏၊

ကျွန်ုပ်အား သုတ်သင်ရန်မှာ မလွယ်ကူပါ။

လှမိန်က ချောင်ဝေအား ကြည့်၍—

'ကျွန်ုပ်ကို ရှင်းပစ်ဖို့ အစ်ကို ကူညီမယ် မဟုတ်လား'

'ကူညီမှာပေါ့၊ ကျွန်ုပ်ဆိုတဲ့လူက သစ္စာမရှိတဲ့လူ ဆိုတော့ သူ့ကို ရှင်းပစ်ရမှာပေါ့'

သူမက တစ်စုံတစ်ခုအား စဉ်းစားပြီး....

'အစ်ကို—ကျွန်ုပ်ရဲ့ လူတွေကို ကျွန်မရဲ့ လူတွေက နိုင်ပါ့မလားဟင်'

'နိုင်မှာပါ—ညီမရဲ့ ဒါပေမယ့်—ညီမရဲ့ သိုင်းသမားတွေကို ဆေးခတ်ထားတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'အဲဒီလို ဆေးခတ်ထားတာ မှန်ပါတယ်၊ ညီမအတွက် တရား ရဲ့ နည်းနဲ့ လူစုတာ ကောင်းထိမ့်မယ်၊ ပြီးတော့ မြို့စားကြီး လျှိုစွမ်းတောင်းကို ချစ်ခင်လေးစားတဲ့ လူတွေ အများကြီး ရှိ ပါသေးတယ်၊ အဲဒီ လူတွေအား ညီမကို ကူညီဖို့ ဝန်လေးမှာ မဟုတ်ဘူး'

'အစ်ကို ပြောတာ ဘာသဘောလဲဟင်၊ ကျွန်မ နားမလည် ဘူး'

'ဒီလိုပါ၊ ဆေးခတ်ထားတဲ့ လူတွေကို ဖြေဆေးတိုက်လိုက် ပါ၊ ပြီးတော့ သူတို့ကို အကူအညီ တောင်းကြည့်ပါ၊ လက်ခံတဲ့ လူကို ဆက်စနစ်ပိုင်းပြီး လက်မခံတဲ့ လူကို ပြန်လွှတ်လိုက်ပါ ကွယ်'

'ရှင်....ပြန်လွှတ်ရမယ်'

'ဟုတ်တယ်လေ'

'ဒီလိုဆိုရင် ကျွန်မ လူစုနေတယ်ဆိုတဲ့ သတင်းကို ကျန့်ဝူက ကြားသွားမှာပေါ့'

ရှောင်ဝေ ပြုံးလိုက်၏။

'သိုင်းသမားတွေဟာ ကတိတည်ကြတယ်၊ ညီမကပြန်လွှတ် ပေးတဲ့အခါ ကတိတောင်းပေါ့၊ သူတို့လို လူစားတွေဟာ ပေး ပြီးသား ကတိကို ပြန်ဖျက်ကြမှာ မဟုတ်ဘူး'

လျှိုမိန်က တွေဝေသွား၏။

သူမသည်လည်း ထိုသို့ မတွေးဖူးသောနည်းဖြင့် လူစုခြင်းကို မလွှဲမရှောင်သာ၍ မနှစ်သက်ဘဲ လုပ်ရလေ၏။



ယခု....

သူမရှေ့တွင် မားမားမတ်မတ် ရပ်တည်ပေးနိုင်မည့် ရှောင် ဝေ တစ်ယောက်လုံး ရှိနေပေပြီ၊

လျှိုမိန်က ရှောင်ဝေအား ကြည့်၍...

'အစ်ကို ပြောစကားကို ကျွန်မ နားထောင်ပါ့မယ်'

○ ○ ○

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့ပြီ၊

ရှောင်ဝေမှာလည်း ဖမ်းချုပ်လွတ်မြောက်သိုင်းပညာနှင့် တက်ပါသည့်သိုင်းပညာကို လျှိုမိန်နှင့်ထပ်တူ တတ်မြောက်လာ သဖြင့် လျှိုမိန်က လွန်စွာ ဝမ်းသာလေ၏။

သူတို့နှစ်ယောက်သည် အချိန်အားသည်နှင့် ဆေးမိထား သော သိုင်းသမားများကို ဖြေဆေးတိုက်ကျွေးခဲ့၏။

လျှိုမိန်အတွက် အခက်အခဲရှိ၍ ယခုကဲ့သို့ လူစုခြင်းကို ရှင်းပြပြီး အကူအညီတောင်းခဲ့၏။

အချို့က လိုလိုလားလား လက်ခံခဲ့ပြီး အချို့မှာမူ မကူညီ နိုင်၍ စိတ်မဆိုးရန် တောင်းပန်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက စိတ်ဆိုးခြင်းမရှိဘဲ သူမ၏အကြောင်းကိုထုတ်ဖော်ပြောဆိုခြင်းမပြုရန် ဝန်ခံကတိတောင်းပြီး ပြန်လွှတ်လိုက်လေသည်။

ထို့ကြောင့်....

သူမ၌ သိုင်းသမားတစ်ရာကျော်ရှိရာမှ မြောက်ဆယ်သာ ကျန်ရစ်ခဲ့လေ၏။

ချောင်ဝေနှင့်လျှိုမိန်မှာ သုံးလပြည့်ရန် ဆယ်ရက်မျှသာလိုတော့သဖြင့် စိတ်လှုပ်ရှားနေကြလေတော့သည်။

၀ ၀ ၀

သုံးလပြည့်ရန် ခုနစ်ရက်မျှသာလိုတော့၏။

ချောင်ဝေမှာလည်း တစစွမ်းကို အနိုင်ရရှိရန် သိုင်းပညာတတ်မြောက်သွား၍ပြီဟု ဆိုရပေမည်။

သူနှင့်လျှိုမိန်နှင့်အတူ ရှေ့ရေးကို ဆွေးနွေးတိုင်ပင်ပြီးလျှင် နေဦးကျော့ရှာသို့ ပြန်ရတော့မည်ဖြစ်လေ၏။

၀ ၀ ၀



လျှိုမိန်၏မျက်ဝန်းအစုံ၌ မျက်ရည်များ ဝဲနေ၏။

ချောင်ဝေ၏မျက်နှာတွင်လည်း စိတ်မကောင်းသည့် အရိပ်အရောင်များ ပေါ်လွင်နေ၏။

သူတို့နှစ်ဦးမှာ မကြာမီ ခွဲရတော့မည်ဖြစ်သဖြင့် တွေဝေ၍ စိတ်မကောင်းဖြစ်နေခြင်းပင်ဖြစ်၏။

တစ်ခဏကြာမှ လျှိုမိန်က စကားစတင်လိုက်လေ၏။

'အစ်ကို....ညီမနဲ့ခွဲပြီးသွားရတော့မယ်နော်'

'အစ်ကိုလဲ မဖြစ်လို့သွားရမှာပါ၊ ညီမရယ်၊ အစ်ကို ကိစ္စပြီးတာနဲ့ ဒီကို ချက်ချင်းပြန်လာခဲ့ပါ့မယ်'

'တကယ်လား အစ်ကိုရယ်'

'တကယ်ပါဗျာ'

သူမ၏မျက်နှာပြုံးရွှင်လာလေ၏။

'အစ်ကိုကိစ္စရော ညီမကိစ္စရော ပြီးတာနဲ့ အေးချမ်းတဲ့ တစ်နေရာမှာ ဇာတ်မြုပ်နေကြတာပေါ့နော်'

'ညီမသဘောအတိုင်းပါပဲဗျာ'

'ကဲ....အစ်ကို၊ ဒီညနေပဲ အတာရှန်းလီလာခေါ်လိမ့်မယ်၊ ညမှောင်တာနဲ့ထွက်မှ အစ်ကို ယမင်းကျွန်းကပြန်လာတာကို ဘယ်သူမှ မသိကြမှာ'

ချောင်ဝေ၏ရင်ထဲတွင် အနည်းငယ်ဟာသွားလေ၏။

လျှိုမိန်က အသံတိုးတိုးဖြင့်....

'အစ်ကို....ကျွန်မကို မမေ့မသွားပါနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေသည် သူမ၏လက်ကလေးအား မချင့်မရဲ ဆုပ်ကိုင်လိုက်ပြီး လေသံတိုးတိုးဖြင့်...

'စိတ်ချပါကွာ၊ အစ်ကို ညီမကို စိတ်ဆိုးသလို တယ်တော့မှ မနေပါဘူး'

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်နေကြ၏။

လူတို့နှစ်ယောက်သည် မည်မျှပင် တွယ်တာနေသော်လည်း ညနေစောင်းအချိန် ရောက်လာသည်နှင့် မခွဲခွာ၍ မဖြစ်တော့ပေ။

လျှံမိန့်သည် ချောင်ဝေထွက်ခွာသွားသည်ကို မကြည့်ရက်သဖြင့် သူမအရင်နှုတ်ဆက်၍ ထွက်ခွာသွားလေတော့၏။

၀ ၀ ၀

ရှန်းလီသည် လှေကို ဂရုတစိုက်လှော်ခတ်နေ၏။

လှေပေါ်၌ ချောင်ဝေက ငြိမ်သက်စွာထိုင်နေ၏။

သူတို့၏လှေမှာ လှိုင်းလေများ တငုန်းငုန်း ရှိဆဲတော်နေသည့်ကြားမှ ယမမင်းကျွန်းမှ ထွက်ခွာလာပြီး အတိတ်မေ့ကျောက်[illegible]ဆောင်သို့ ဦးတည်လာနေကြ၏။



ချောင်ဝေသည် ရှန်းလီ၏မျက်နှာကို မကြာခဏ အကဲခတ်နေ၏။

ရှန်းလီ၏မျက်နှာမှာ အနည်းငယ် ညှိုးနွမ်းနေသည်မှအပ မည်သို့မျှ မထူးခြားပေ။

သူတို့၏လှေအနေအထားမှာ အတိတ်မေ့ကျော်ပါ ကျောက်ဆောင်သို့ ရောက်ရှိလာပြီဖြစ်သည်။

ချောင်ဝေသည် ကမ်းပေါ်သို့ ခုန်တက်လိုက်ပြီး ရှန်းလီကို နှုတ်ဆက်လိုက်၏။

'ရှန်းလီ...ကျွန်တော်သွားတော့မယ်'

ရှန်းလီက သူ့ကို တွေဝေစွာကြည့်၍...

'သခင်မလေးကို ဂရုစိုက်ပါလို့ ကျုပ်မှာချင်ပါတယ်၊ မင်း ယမမင်းကျွန်းပေါ် တက်လာနိုးမှာ အရိပ်ကို မသေခဲ့ ထွေးထုတ်တာကို ကျုပ်သိတယ်၊ ကျုပ်အဲဒီလေခွာက မင်းအပေါ် စေတနာထားတယ်၊ ကျုပ်စေတနာကို နားလည်ရင် သခင်မလေးကို မင်းသေချာ ဂရုစိုက်ပါကွာ'

ရှန်းလီသည် ပြောပြီးသည်နှင့် ပင်လယ်ပြင်တွင်သို့လှေဦး လှည့်ကာ လျင်မြန်စွာ လှော်ခတ်သွားလေ၏။

ချောင်ဝေသည် စကားမပြောနိုင်ဘဲ ကြောင်အမ်းအမ်း ကြည့်နေ၏။

လှေသည် ဘဲပြောင်းတတ်တာအတိုင်း ခဏခဏ လှော်ခတ် သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စွေပြောင်းတက်သွား၏တစ်ဖက်သို့ ရောက်လာသောအခါ နှင်းမြူမှုန်၊ ဝေနေသတို့ကြားမှ လူတစ်ယောက်ကိုတွေ့လိုက်ရလေတော့သည်။

—o—

## အပြန်လမ်း

---

နှင်းမြူမျှား အဆက်မပြတ်ကျဆင်းနေ၏။

ချောင်ဝေ၏မှုဖော်လုံးအစုံမှာ မြူးကျယ်ဝိုင်းစက်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

အကြောင်းမှာ....

သူ့ရှေ့မနီးမဝေးတွင် နှင်းမြူမျှားကြားမှာ လူတစ်ယောက်မတုန်မလှုပ်ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူက အော်ခေါ်လိုက်လေ၏။

'ညီမ'

သူ၏အော်သံဆုံးသည်နှင့် ရပ်နေသောလူမှာ စတင်လှုပ်ရှားလာလေ၏။

ထိုလူသည် လှမိန်ဖြစ်၏။

www.burmeseclassic.com



လျှမ်းမိန်သည် ချောင်ဝေထံသို့ပြေးလာပြီး ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေ၏။

ချောင်ဝေကလည်း ပြန်လည်သိုင်းဖက်ထားလေ၏။

လူတို့နှစ်ဦးမှာ မည်သည့်စကားမှ မဆိုကြပါ။

လေတဟူးဟူးတိုက်ခတ်နေ၏။

လျှမ်းမိန်၏ဆံနွယ်များသည် ချောင်ဝေ၏မျက်နှာကိုရိုက်ခတ်ဆော့ကစားနေ၏။

ချစ်သူနှစ်ဦး၏ပုံရိပ်မှာ လွမ်းဆွေးဖွယ် ပန်းချီကားတစ်ချပ်နှင့် တူနေ၏။

တစ်ခဏကြာမှ ချောင်ဝေက စတင်လိုက်၏။

'ညီမ လိုက်လာတယ် ဟုတ်လား'

လှမအား ချောင်ဝေရင်ခွင်ထဲမှ တိုးထွက်လိုက်ပြီး —

'ဟုတ်တယ်လေ'

'ညီမ ယမမင်းကျွန်းကို ဘယ်လိုပြန်မှာလဲ'

'ကျွန်မ မပြန်တော့ဘူး'

'ဘယ်လို…မပြန်တော့ဘူး၊ ဟုတ်လား'

'ဟုတ်တယ်လေ'

'ဘာဖြစ်လို့လဲ'

'ကျွန်မ အစ်ကိုနဲ့လိုက်မလို့၊ ဘာလဲ…အစ်ကိုက ကျွန်မကို မခေါ်ချင်ဘူးလား'

ချောင်ဝေသည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မျက်လုံးပြူးသွားလေ၏။



ရှန်းလိမြေ့သည့်စကားကိုလည်း ယခုမှပင်သဘောပေါက်လာလေ၏။

သူ၏ရင်ထဲတွင် စိုးရိမ်ပူပန်လာလေ၏။

ချောင်ဝေ ငေးငိုင်နေသည်ကို တွေ့ရသဖြင့် လျှမ်းမိန်က မျက်မှောင်ကုတ်လိုက်၏။

'အစ်ကို မျက်နှာက ဘာဖြစ်တာလဲ၊ ကျွန်မ အစ်ကိုနဲ့တူတူလိုက်ခဲ့မှာကို သဘောမတူလို့လား'

ချောင်ဝေ ပျာပျာသလဲ ခေါင်းခါ၍—

'မဟုတ်ပါဘူး…အထင်မလွဲပါနဲ့၊ အစ်ကိုက ရွာပြန်ပြီး ရန်ရှုနဲ့ ရင်ဆိုင်တိုက်ခိုက်မှာဆိုတော့ ညီမအတွက်…'

လှမအား ကြားဖြတ်လိုက်၏။

'ဒီအတွက်တော့မပူနဲ့၊ အစ်ကို စိတ်ပူစရာ ကျွန်မမလုပ်ပါဘူး၊ ပြီးတော့ အစ်ကို့ရွာကို ချက်ချင်းလိုက်သွားခဲ့လို့ မဖြစ်ဘူး ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ဒါကြောင့် သင့်တော်မယ့်နေရာတနေ စောင့်နေမှာပါ'

သူမ၏စကားကြောင့် ချောင်ဝေ စိတ်သက်သာရာရသွားလေ၏။

'ညီမက ဘယ်နေရာမှာ စောင့်မှာလဲ'

'ကုန်သည်ရှန်းယင်ရဲ့ တည်းခိုခန်းမှာနေ အစ်ကို့ကို ဆယ်ရက်တိတိစောင့်မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကောင်းတယ်၊ ဖောလောဆယ် တို့နှစ်ယောက် အတူသွားလို့မဖြစ်သေးဘူး၊ ရန်သူဘက်က အနံ့ရသွားရင် ညီမအတွက် အန္တရာယ်ကြီးတယ်'

'အစ်ကို…အချိန်အားရင် ကျွန်မကို လာတွေ့ပါနော်'

ချောင်ဝေက ခေါင်းညိတ်ပြလိုက်လေ၏။

လှမိန်သည် ပြုံးရွှင်စွာဖြင့်—

'ဒါဆို အချိန်ရှိတုန်းသွားကြရအောင်နော်'

သူတို့နှစ်ယောက်သည် ထပ်တွဲ၍ ဘဝပြောင်း တံတားမှ ထွက်ခွာလာခဲ့ကြလေသည်။

၀ ၀ ၀

ချောင်ဝေနှင့်လှမိန်တို့သည် ရှေ့လျှောက် ကြုံတွေ့ရမည့် အခက်အခဲအတားအဆီးများကို မေ့ထား လိုက်ကြသည်။

ရှေ့နှစ်ယောက်သည် အပြန်ခရီးတွင် မြင်းနှစ်ကောင်ဝယ် ယူ၍ ခရီးဆက်ခဲ့ကြသည်။

ချစ်သူနှစ်ဦးသည် ပျားရည်ဆမ်းခရီးထွက်ရသလိုပင် ပျော် ရွှင်ချမ်းမြေ့မှု ရရှိကြလေ၏။

သို့သော်—

သူတို့၏ပျော်ရွှင်မှုသည်ကြာရှည်ခံမည်မဟုတ်ကြောင်းကိုမူ နှစ်ယောက်စလုံး နားလည်သဘောပေါက် ထားကြလေတော့ သည်။

—၀—

## ယှဉ်ပြိုင်ပွဲ

---

ချောင်ဝေသည် နေဦးကျေးရွာသို့ ပြန်လည် ရောက်ရှိလာ ပြီဖြစ်သည်။

သူ ပြန်လည်ရောက်ရှိလာသည်ကိုကြားသည်နှင့်—

တာစွမ်းထ ယှဉ်ပြိုင်ရန် အချိန် သတ်မှတ်လိုက်ပြီ ဖြစ်လေ သည်။

ယှဉ်ပြိုင်မည့်နေ့မှာ ၄ လ၊ ၁၀ ရက် သူရဲကောင်း နေ့တွင် ဖြစ်သည်။

ချောင်ဝေ၏ဖခင် ချောင်လောင်သည်—

ကျိုင်းမင်းနှင့်စွေ့ရှက်ဆိုသော သိုင်းသမားနှစ်ဦးကို ချောင် ဝေ၏ ကိုယ်ရံတော်အဖြစ်ခန့်အပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ယှဉ်ပြိုင်ရန် အချိန်နီးကပ် လာခဲ့ပြီ။

ဤပြိုင်ပွဲနေရာတွင် ရှစ်ပေခန့် မြင့်သော စင်တစ်ခု တည်ဆောက်ထားသဖြင့်....

အားပေးကြည့်ရှုမည့် လူများအတွက် အဆင်ပြေသွားခဲ့လေသည်။

ဤပြိုင်ပွဲတွင် တရားနည်းလမ်းကျစေရန် ဒိုင်လူကြီးတစ်ဦးနှင့် အကူများကိုလည်း ခေါ်ယူထားလေ၏။

ဤသို့ဖြင့်

ကျေးရွာနှစ်ခုစလုံး၏ သေးရေးရှင်ရေးတမျှ အရေးကြီးနေသော ပြိုင်ပွဲကျင်းပမည့် လှုရဲဆောင်းနေ့ (သို့) ၄ လ၊ ၁၈ ရက်နေ့ကျရောက်လာခဲ့ပြီဖြစ်၏။

—၀—

## လှုရဲဆောင်းနေ့ (သို့) ယှဉ်ပြိုင်ပွဲနေ့

၄ လ၊ ၁၈ ရက်။

ကျေးရွာ နှစ်ခုကြားတွင် လူများ အထူးစည်ကားနေပေသည်။

ယှဉ်ပြိုင်တွင်အခွင့်အယှက်ကောင်းစေရန်....

နွေဦးကျေးရွာနှင့် နွေခေါင်းကျေးရွာမှ သိုင်းသမားများအား စုခေါင်း၍ လုံခြုံရေးတာဝန်ယူခဲ့ကြ၏။

၎င်းတို့သည် တစ်ဖက်နှင့်တစ်ဖက် ကမ္ဘာ့ရန်များ ဖြစ်ခဲ့ကြသော်လည်း....

ယခု....

အလွန်ညီညွတ်နေကြ၏။

ချောင်လေဗင်နှင့် ချောင်ဝေတို့ ရောက်ရှိလာပြီဖြစ်၏။

ချောင်ဝေ၏ နံဘေးတွင် ကိုယ်ရံတော်ရာထူးရရှိထားသည့် ကျောင်မင်းနှင့်စွေရှအ်တို့ ခြံရံလိုက်ပါလာ၏။

ချောင်ဝေ ရောက်ရှိလာသဖြင့် ပရိသတ်ထဲရှိ နွေဦးကျေးရွာမှလူများအား ဆက်ခုပ်တီးရှိသြဘာပေးကြလေသည်။

ချောင်ဝေသည် ပရိသတ်များကို လက်ပြရင်း....

စင်မြင့်ရှိရာသို့ မော့ကြည့်လိုက်သည်။

ထိုနောက်

ကိုယ်ဖော့ပညာကို အသုံးပြု၍ ရှစ်ပေခန့် မြင့်သော စင်မြင့်ပေါ်သို့ လှုပ်ရှားတိုးတက်သွားလေ၏။

လက်ခုပ်သံများဆူညံသွားလေ၏။

အမှန်တော့...

ချောင်ဝေသည် စင်မြင့်ပေါ်သို့ ခေါ်စီးရှာတတ်လာရခြင်းမှာ ပရိသတ်အတွင်းမှ လှမိန်ကို ရှာဖွေလို၍ဖြစ်သည်။

လှမိန်သည် ဤပြိုင်ပွဲသို့ ကျိန်းသေလာမည်ဟု...

သူ ယုံကြည်ထားလေသည်။

သို့သော်...ပရိသတ်များ အလွန်များပြားသဖြင့်..

လှမိန်အား မတွေ့ရပါ။

သူ စိတ်မကောင်းဖြစ်သွားလေ၏။

စင်မြင့်ရှေ့တည့်တည့်တွင် ထိုင်ခုံများချထားပြီး...

ချောင်လေးချင်နှင့် သဏ်တော်စောင့်အချို့ ထိုင်နေကြ၏။

မကြာမီသိုင်းသမားအချို့ ခြံရံထားပြီး...

နွေနှောင်းကျေးရွာပိုင်ရှင် လောင်ရဲနှင့်တာစွမ်းတို့ ရောက်ရှိလာကြသည်။

လေးချင်ရဲသည် ချောင်လောင်ကိုမြင်ပြီး...

သူ၏ ထိုင်ခုံနံဘေးတွင် ဝင်ထိုင်လိုက်၏။

တာစွမ်းက စင်မြင့်ပေါ်မော့ကြည့်ပြီး...

ကိုယ်ဖော့ပညာကို အသုံးပြု၍...

စင်မြင့်ပေါ်သို့ လှမ်းခုန်တက်သွားလေ၏။

ပရိသတ်ထံမှ လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာ...။

www.burmeseclassic.com



ယခုပြိုင်ပွဲမှာ တစ်ယောက်ယောက်က ရှုံးရမည်သာ ဖြစ်လေသည်။

အကြောင်းမှာ...

ဂူတစ်ခုထဲတွင် ခြင်္သေ့နှစ်ကောင်မအောင်းနိုင်သောကြောင့် ဖြစ်လေသည်။

ပရိသတ်ကြီးသည် စင်မြင့်ပေါ်သို့ အာရုံ ရောက်နေသဖြင့် အသံမထွက်ဘဲ တိတ်ဆိတ်နေကြ၏။

စင်မြင့်ပေါ်တွင် ချောင်ဝေနှင့် တာစွမ်းတို့သည် မျက်နှာချင်း ဆိုင်၍ ရပ်နေ၏။

ဒိုင်လူကြီးက...

'အသင်တို့နှစ်ယောက် အသင့်ဖြစ်ပြီလား'

'ဟုတ်ကဲ့'

'ဒါဆိုရင် ပြိုင်ပွဲစည်းကမ်း အရ မတရားတဲ့နည်းနဲ့ အနိုင်မယူရဘူးဆိုတာကို မှတ်ထားကြပါ။ကဲ...တစ်...နှစ်...သုံး။ စနိုင်ပြီ'

ချောင်ဝေနှင့် တာစွမ်းတို့သည် အရပ် လေးမျက်နှာရှိ ပရိသတ်များကို ပြိုင်တူ ဦးညွှတ်လိုက်၏။

တစ်ဖန်တစ်ယောက်နှင့် တစ်ယောက် ဦးညွှတ်လိုက်ပြီး... တာစွမ်းက ခါးမှ ဓားကို ဆွဲထုတ်လိုက်၏။

ချောင်ဝေ၏တစ်ကိုယ်လုံးတွင်မည်သည့် လက်နက်မျှမရှိပါ။

တာစွမ်း မျက်မှောင်ကုတ်၍...

'မင်းက ဓားမသုံးဘူးလား'

'ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ ကျုပ်အာ ခင်ဗျားကို လက်နက်မဲ့သိုင်း ပညာနဲ့ ယှဉ်ပြိုင်ချင်လို့ပါ'

သူ၏ စကားကြောင့် တာစွမ်း ခံပြင်း သွားလေသည်။

'မင်းကို ဓားပညာ သင်ပေးတဲ့ ဆရာက ကျုပ်လက်ချက်နဲ့ သေသွားတာ သိလား'

'သိပါတယ်၊ ဒါပေမယ့် လက်နက်မဲ့ သိုင်းပညာကို သူ့ဆီက သင်ထားတာ မဟုတ်ဘူး'

'မင်းဟာ ဓားမကိုင်ဘဲ ကျုပ်ကို နိုင်မယ် ထင်သလား'

'သေချာတာပေါ့ဗျာ'

'မင်း အပြော သိပ်ကြီးနေ၊ ကျုပ် ဓားကိုလဲ မြည်းကြည့်လိုက်ဦး'

သူသည် ပြောပြီးသည်နှင့် ဓားကို ဝှေ့ယမ်း၍ စောင်တိုအား ခုတ်လိုက်၏။

ချောင်ဝေကလည်း ဖမ်းချုပ် လွတ်မြောက် သိုင်းပညာနှင့် တင်ပါသည် သိုင်းပညာကို အသုံးပြု၍ ပြန်လည်ခုခံ တိုက်ခိုက်သည်။

ဤသို့ဖြင့်— နွေဦးကျေးရွာနှင့် နွေနှောင်းကျေးရွာ၏ ပြဿနာကို အဆုံးအဖြတ်ပေးမည့် ယှဉ်ပြိုင်ပွဲ စတင်လေတော့သည်။

ယှဉ်ပြိုင်ပွဲ စတင်လိုက်သည်နှင့် နွေဦးကျေးရွာမှ လူများသည် ချောင်ဝေအတွက် စိုးရိမ်လာ၏။

ချောင်ဝေမှာ ဓားမကိုင်သည့်အတွက် လွန်စွာ မိုက်မဲသည် ဟု ပြစ်တင်ကြ၏။



နွေနှောင်း ကျေးရွာမှ လူများမှာမူ သူတို့၏ သခင်လေး တာစွမ်း ကျိန်းသေ အနိုင်ရတော့မည်ဟု တွက်ဆပြီး ပျော်ရွှင်နေကြလေ၏။

ထိုခဏအတွင်းတွင် တိုက်ပွဲ အခြေအနေသည် ပြောင်းလဲ သွားလေ၏။

ဓားကိုင်ဆောင်ထားသော တာစွမ်းသည် လက်နက်မဲ့ ယှဉ်ပြိုင်နေသည့် ချောင်ဝေအား အနိုင်မရရှိသေးပါ။

ထို့ပြင် ချောင်ဝေအား တိုက်ခိုက်ရန် ရှေ့သို့ တိုးသော်လည်း ကမန်းကတန်း နောက်ပြန်ဆုတ်ရသည့်အဖြစ်များပင်ဖြစ်ပေါ်လာလေ၏။

သူ၏ ဓားချက်များကို ချောင်ဝေက အသာမရေး ရှောင်တိမ်းနိုင်သော်လည်း ချောင်ဝေ၏ လက်သီး၊ ခြေထောက်တို့ကို သူက မရှောင်နိုင်မှာကို စိုးရိမ်နေရသည်။

ချောင်ဝေ၏ ဖခင် ချောင်လေခင် မျက်နှာမှာ ပြုံးရွှင်နေ၏။

ချောင်ဝေသည် မည်သူ့ဆီမှ သိုင်းပညာ သင်ကြားခဲ့သည်ကို သူက မသိရသော်လည်း ယခုပွဲတွင်မူ တာစွမ်းအား အနိုင်ရမည် ဖြစ်ကြောင်းကို သိနားလည်၏။

ထို့အတူပင် တာစွမ်း၏ ဖခင်ဖြစ်သူ လေးရဲသည်လည်း နားလည်ထားမိလေသည်။

နှစ်ဖက်စလုံးရှိ ပရိသတ်များမှာလည်း မျက်တောင်ပင် မခတ်ကြပါချေ။

တာစွမ်း၏ နဖူးတွင် ချွေးများ သီးနေသည်။

သူသည်အံတင်းတင်းကြိတ်၍တိုက်ခိုက်ရင်းအသံတိုးတိုးဖြင့်—

www.burmeseclassic.com

www.burmeseclassic.com



'ချောင်ဝေ—ငါ မင်းကို ရှုံးတော့မယ်၊ ဒါပေမယ့်—မင်းရဲ့ ဆရာ ဘယ်သူလဲ့ ဆိုတာ ပြောပြမှ ငါရှုံးရတာ တန်မှာပေါ့၊ မင်းဆရာ ဘယ်သူလဲဆိုတာ ငါ့ကို ပြောပြပါ'

ချောင်ဝေသော တိုင်ခိုင်မှုကို လျှော့လိုက်ပြီး—

'ကျုပ်ဆရာ ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ ဒါပေမယ့် ကျုပ်ဟာ ခင်ဗျားကို အနိုင်မယူဘူးဆိုတာတော့ ပြောနိုင်တယ်'

တာစွမ်းသော အံ့ဩသွား၏၊

'ဘာ—မင်းက ငါ့ကို အနိုင်မယူဘူး ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားလဲ ကျုပ်လိုပဲ မရှုံးချင်ဘူးဆိုတာကို ကိုယ်ချင်းစာမိလို့ပါ'

'မင်းက တာအမိမှာယ်နဲ့ ဒီလို ပြောရတာလဲ'

'ဒီလိုပါ၊ ဘယ်သူမှ အနိုင်အရှုံးမရှိဘဲ သရေ ကျသွားရင် ကျေးရွာနှစ်ခုရဲ့ ငြိမ်းချမ်းရေးကို ခင်ဗျား တာဝန်ယူမလား'

တာစွမ်း၏ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်၊

ချောင်ဝေ၏ ကျေးရွာနှစ်ခုစလုံး၊ ငြိမ်းချမ်းစေရေး စိတ်ဓာတ်ကို အံ့ဩမိသည်၊

သူ၏ယောက်ျားပီသသောစိတ်ထားကိုလည်းချီးကျူးမိ၏၊

ချောင်ဝေ စကားဆက်လိုက်၏၊

'တာစွမ်း—ရွှေထွက်တဲ့ ချောင်းလေးအတွက်လဲ စိတ်ပူနဲ့၊ အဲဒီက ထွက်တဲ့ ရွှေကို နှစ်ဦးနှစ်ဖက် အညီအမျှခွဲဝေယူကြရင် ဒီပြဿနာ အေးချမ်းသွားပါလိမ့်မယ်'



တာစွမ်းမှာ တွေဝေနေ၏၊

ထိုအချိန်ပင်—

ပရိသတ်အတွင်းမှ ဆူညံသံထွက်ပေါ်လာသဖြင့်—

တာစွမ်းနှင့်ချောင်ဝေတို့ ပြိုင်တူလှည့်ကြည့် လိုက်ကြလေသည်၊

'မပြေးနဲ့ မိစ္ဆာမ၊ ပြေးလို့မလွတ်ဘူးကွ၊ ဝိုင်းထားကြစမ်း၊ မလွတ်စေနဲ့'

အော်သံနှင့်အတူအနီရောင်ဝတ်ဆင်ထားသော ရဲမက်ဆယ်ယောက်ခန့်သည်—

ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားပြီး ခမောက် ဆောင်းထားသည့် မိန်းကလေးတစ်ယောက်နောက်သို့ပြေးလိုက် နေကြလေသည်၊

ထိုမိန်းကလေးသည် လူအုပ်ထဲသို့ဝင်ရောက်ပြေးလွှားသွားလေ၏၊

ထိုမိန်းကလေးကို တွေ့မြင်လိုက်သည်နှင့်—

ချောင်ဝေ မျက်လုံးအစုံပြူးကျယ်သွား၏၊

ထိုမိန်းကလေးမှာ လျှံမိန်ဖြစ်၏၊

သူမက ရုပ်ဖျက်၍ ပြိုင်ပွဲကို လာရောက် ကြည့်ရှုနေခြင်း ဖြစ်လေသည်၊

အနီရောင်ရဲမက်များက—

သူမအား မိစ္ဆာမဟု ခေါ်သဖြင့်—

ယမမင်းကျွန်းမှလျှံမိန်ဖြစ်သည်ကိုသိရှိထားသူများပင်ဖြစ်နေ၏၊

www.burmeseclassic.com



လူ့အား စဉ်းစားခြင်းပင် မပြုတော့ဘဲ…
ထားစမ်းဟာ။ ကြည့်ကာ…
'ထားစမ်း ကျုပ်တို့ ပြိုင်ပွဲသရေမဲ့ဗျို့'
ပြောပြီးသည်နှင့် စင်ပေါ်မှ ခုန်ချအော…
လှမိန့်တို့ ပြေးရာဘက် ပြေးလိုက် သွားလေတော့သည်။

—ဝ—

## တိုက်ပွဲ

အနီရောင် ရဲမက်တို့မှာ ကျန်ရှိသော ရဲမက်များဖြစ်လေသည်။
ယခုအခါ ကျန်ရှိမှာ ရွှေနန်းဘော်တွင် အရေးပါ အာဏာ ရောက်သည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ရမည်ဘဲ…
သူကို ပုန်းပေါင်းလိုသော သူအများအပြားရှိနေသဖြင့်…
တိုင်းပြည်တွင်အရေးပါသည့် လူတစ်ဦးဖြစ်နေ၏။
အမှန်တော့
ယခုနှင့် ချောင်ဖေပေါ်ဖခင်ချောင်လောင်တို့မှာ ညီအစ်ကို နှစ်ဝမ်းကွဲတော်စပ်၏။
ထိုကြောင့် လှမိန်ဆ သူအကြောင်းပြောပြခဲ့စဉ်…
ချောင်ဖေ အခက်ကြုံရခြင်းပင်ဖြစ်သည်။
သို့သော်…ယခုအချိန်တွင်တော့…
ချောင်ဖေသည် မည်သူမျက်နှာကိုမှ မထောက်ဘဲ…
သူ့အား အနစ်နာခံ၍ချစ်မြတ်နိုးခဲ့သော…
လှမိန့်ဘက်မှသာ ရပ်တည်ရန်ဆုံးဖြတ်ခဲ့လေ၏။
သူ၏ အနီရောင်ရဲမက်တို့ကို မည်သူမှမစောင့်စားဝံ့ပါ။
ယခုမှာမူ ချောင်ဖေသည် စင်မြင့်ပေါ်မှ ခုန်ချပြီးသည်နှင့် အပြိုင်တည်း ရဲမက်များကို စင်ရောက်တိုက်ခိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်ပွားလာသည်နှင့် မည်သည့်အချိန်က ရှိနေမှန်းမသိသော ရဲမက်များအလျှိုလျှိုပေါ်လာပြီး....

ချောင်ဝေကို ဝင်ရောက်တိုက်ခိုက်လိုက်၏။

ထိုအခါ အခြေအနေကို စောင့်ကြည့်နေသော ကျောင်မင်းနှင့်ဇွဲရှက်ကလည်း မနေနိုင်တော့ဘဲ....

ရဲမက်တို့ကို ဝင်ရောက်တိုက်လိုက်ကြ၏။

သူတို့ ပါဝင်တိုက်ခိုက်သည်နှင့်အသင့်ရှိနေကြသော....

နွေဦးဈေးရွာမှ သိုင်းသမားများပါ ဝင်ရောက်တိုက်ခိုက်ကြလေသည်။

တခဏကျောင်းဝင်းရှုပ်ထွေးပြီး ပြင်းထန်လှသော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာခဲ့လေတော့သည်။

ချောင်ဝေကား မျက်လုံးပြူး၍ အံ့အားသင့်နေ၏။

သူ မနေနိုင်တော့ဘဲ ထိုင်ရာမှခုန်ထလိုက်ပြီး....

တိုက်ပွဲရှိရာသို့ ပြေးလွှားသွားသော အော်ဟစ် လိုက်၏။

'ဟေ့ အားလုံးရပ်ကြစမ်း၊ ကျုပ် နွေဦးဈေးရွာ ပိုင်ရှင် ချောင်ဝေက အမိန့်ပေးနေတယ်၊ အခုရပ်လိုက်စမ်း'

သူ၏ အသံကြောင့် တိုက်ခိုက်နေကြသည့်

ကျောင်မင်း၊ ဇွဲရှက်နှင့် နွေဦးဈေးရွာမှ သိုင်းသမားများသည် နောက်သို့ဆုတ်လိုက်၏။

ရဲမက်များကလည်း ရပ်တန့်သွားလေ၏။

ချောင်ဝေသည် သူ့လူများဘက်သို့လှည့်ကာ....

'ကဲ ပြောစမ်း ဘယ်လိုဖြစ်ကြတာလဲ'

ကျောင်းနှင့်ဇွဲရှက်က ခေါင်းငုံ့၍....



'သူတို့က သခင်လေးချောင်ဝေကို တိုက်ခိုက်လို့ ကျွန်တော်တို့က ဝင်ရောက်တိုက်ခိုက်ကူညီရာကနေ အခုလို ဖြစ်သွားတာပါ သခင်ကြီး'

'ဈေးရွာပိုင်ရှင်ကို လေးစားပါတယ်၊ ဒါပေမယ့် လူကြီးမင်းရဲ့ သားက ကျွန်တော်တို့ သခင်ကျိန်ဝူရဲ့ ရန်သူ ယမမင်းသမီးမိစ္ဆာမလျှ မိန်ကို ဖမ်းဆီးနေတဲ့ လူတွေကို တိုက်ခိုက်လို့ အခုလိုမမျှော်လင့်ဘဲတိုက်ပွဲဖြစ်သွားရတာပါ'

ချောင်လောင်သည် မျက်မှောင်ကုပ်မိ၏။

'ကျုပ် ဘယ်သူလဲဆိုတာသိသလား'

'သိပါတယ် သခင်ကြီး၊ ကျွန်ုပ်တို့နဲ့ညီအစ်ကို နှစ်ဝမ်းကွဲတော်စပ်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်'

'ဒါဖြင့် ကျုပ်စကားကိုနားထောင်မလား'

'နားထောင်ပါမယ်'

'ဒါဖြင့် မင်းတို့ပြန်တော့ ကျုပ် ချောင်ဝေကို တွေ့အောင်ရှာပြီး မင်းတို့ပြောတဲ့ မိန်းကလေးကို သူကိုယ်တိုင်ဖမ်းခိုင်းပြီး လာပို့ပေးမယ်ကျေနပ်မလား'

'ကျေနပ်ပါတယ်'

အနီရောင်ရဲမက်များက အရိုအသေပြု၍ ပြန်သွားကြ၏။

ချောင်လောင်သည် ကျောင်မင်းနှင့်ဇွဲရှက်ကိုကြည့်၍....

'ချောင်ဝေနေတာကို အခုချက်ချင်း လိုက်သွားစမ်း'

ကျောင်မင်းနှင့်ဇွဲရှက်တို့က ဦးညွှတ်၍ ချက်ချင်းပင်ပြေးလွှားထွက်ခွာသွားကြလေ၏။

---၉---

www.burmeseclassic.com

www.burmeseclassic.com

## ထောင်ချောက်

လှူမိန်သည် ရှေ့မှပြေးနေ၏။

ချောင်ဝေမှာ နောက်မှပြေးလိုက်နေ၏။

သူတို့နှစ်ယောက်လည်း ရှန်းယင်၏တည်းခိုခန်းသို့ ရောက်သောအခါ အခန်းထဲသို့ ပြေးဝင်သွားကြလေ၏။

ချောင်ဝေကလည်း လိုက်ဝင်သွားပြီး အထဲသို့ရောက်သည်နှင့် တံခါးကိုလုံခြုံစွာပိတ်လိုက်လေ၏။

လှူမိန်သည် ချောင်ဝေက သူမကိုမမေ့ဘဲ ထက်ကြပ်မကွာ လိုက်လာသည်ကိုတွေ့ရသဖြင့် ဝမ်းသာမိလေ၏။

သူမသည် ချောင်ဝေ၏ရင်ခွင်ထဲသို့ပြေးဝင်သွားပြီး အားရပါးရ ငိုရှိုက်လိုက်လေ၏။

ချောင်ဝေကလည်းသူမကို အလိုက်သင့်ပွေ့ဖက်ထားသည်။

တစ်ခဏကြာမှ သူက သက်ပြင်းချလိုက်ပြီး—

'ညီမလေး၊ အခုလိုငိုနေလို့မပြီးဘူး၊ တော်ကြာ ကျွန်ုပ်ရဲ့မိတ်ဆွေရောက်လာရင်ခက်မယ်၊ အစ်ကိုတို့ မြန်မြန်ပြေးမှဖြစ်မယ်'

'ကျွန်မတို့ ဘယ်ပြေးမှာလဲ'



သူက သူမ၏မေးခွန်းကြောင့် ပါးစပ်ပိတ်သွားလေတော့သည်။

မည်သည့်နေရာကိုပြေးရမည်ကို သူမသိပါ။

သို့သော်—

သူက ယောကျ်ားဖြစ်နေသည့်အတွက် အရှာရာကို ဦးဆောင်ရမည်ဖြစ်သည်။

'အခုလေ ဆောဆယ် ဒီမြို့ကအရင်ထွက်သွားမယ်၊ သူတို့လက်ထဲကလွတ်မှ ရှေ့လျှောက် ဘယ်လိုစခန်းသွားမလဲဆိုတာ တိုင်ပင်ကြတာပေါ့'

'ကောင်းဘယ်၊ ကျွန်မတို့ အခုပဲသွားကြမယ်'

သူမသည် ပြောပြီးသည်နှင့် ဆိုအပ်သည့် ပစ္စည်းများကို ထုပ်ပိုး သိမ်းဆည်းလိုက်လေ၏။

ရုတ်တရက်တံခါးခေါက်သံထွက်ပေါ်လာလေ၏။

'ဒေါက် ဒေါက် ဒေါက်'

ချောင်ဝေ ရင်ထိတ်သွားလေ၏။

ထိုအချိန်မှာပင် အပြင်မှအသံ ထွက်ပေါ်လာလေ၏။

'တံခါးမြန်မြန်ဖွင့်ကြပါ၊ ကျုပ် ရှန်းယင်ပါဗျ'

ထိုအသံကြားသည်နှင့် ချောင်ဝေနှင့် လှူမိန်တို့ ဝမ်းသာသွားလေ၏။

ချောင်ဝေမှာ တံခါးဖွင့်ပေးလိုက်၏။

ရှန်းယင်သည် အခန်းထဲသို့ဝင်ကာ—

'အနီရောင်ရဲမက်တွေ ဒီဘက်ကို လာနေကြပြီလို့သိရတယ်၊ ကျုပ်နောက်ကို မြန်မြန်လိုက်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီး ရှေ့မှ ထွက်သွားလေ၏။

ချောင်ဝေတို့နှစ်ယောက်မှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ နောက်မှလိုက်သွားကြလေသည်။

ရှန်းယင်သည် တည်းခိုခန်းမှထွက်လာပြီးနောက် အနောက်ဘက်ရှိ အဆောက်အဦငယ်တစ်ခုရှိရာသို့ သူတို့အား ခေါ်ဆောင်လာခဲ့လေ၏။

'ကဲ...မင်းတို့ ဒီမှာ ခဏနေကြပါ'

သူတို့နှစ်ယောက်သည် ရှန်းယင်စကားကိုလိုက်နာကြသည်။ ယခုလို အရေးကြီးသည့်အချိန်တွင် နှစ်ယောက် အတူတူရှိနေခြင်းက တမျိုးကောင်းနေ၏။

သူတို့နှစ်ယောက်သည် အခန်းထဲသို့ ဝင်လိုက်သည်နှင့် ရှန်းယင်က အပြင်မှ တံခါးပိတ်ကာ သော့ခတ်လိုက်လေတော့သည်။

'အေးအေးသက်သာနေကြပါဗျာ၊ အထဲမှာ စားစရာ သောက်စရာတွေရှိနေပါတယ်၊ ဒီနေရာဟာ ပစ္စည်းသိုလှောင်ခန်းဖြစ်နေလို့ ဘယ်သူမှ ဝင်မလာကြဘူး၊ ကျုပ်အပြင်က နေ သော့ခတ်သွားမယ်၊ ဟိုလူတွေမရှိတော့ရင် ကျုပ်တံခါး ပြန်ဖွင့်ပေးမယ်...သိလား၊ အခုတော့ သွားပြီနော်'

ပြောပြီးသည်နှင့် အသံ လုံးဝ ပျောက်ကွယ်သွားလေ သည်။

ရှန်းယင်က သူတို့အား အခန်းတစ်ခုထဲသို့ထည့်၍သော့ခတ် သွားခြင်းပင်ဖြစ်လေ၏။

...o...

သစ္စာပေးဇာတ်

ချောင်ဝေ မျက်မှောင်ကြုတ်ထားလေသည်။

သူက တစ်စုံတစ်ခုအား တွေးမိနေတာ။

လျှိုမိန်က...

'အစ်ကို...ဘာဖြစ်နေတာလဲဟင်'

ချောင်ဝေက စကားပြန်မပြောပါ။

လျှိုမိန်က သက်ပြင်းချလိုက်ပြီး...

'ကျွန်မတို့ ဒီမှာနေတာ မလုံခြုံဘူးလို့ထင်သလား၊ သူက လူကောင်းတစ်ယောက်ပါ၊ ကျွန်မ ဒီမှာ နေတာတည်းတာ ကောင်းကောင်းမွန်မွန်စောင့်ရှောက်ပါတယ်'

ချောင်ဝေက လျှိုမိန်အားစိုက်ကြည့်လိုက်ပြီး...

'ညီမကို မေးစရာရှိတယ်'

'ဘာများလဲ အစ်ကို'

'ညီမက ယုဉ်ပြိုင်ပွဲကိုလာကြည့်တာ စောတ်လား'

'ဟုတ်တယ်လေ'

'ညီမရောက်လာတာကို အနီရောင်ရဲမက်တွေဘာလို့သိရ တာလဲ၊ ညီမ ဒီရောက်နေတာကို ကျွန်ုပ်သိသွားပြီထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကျွန်ုပ်သိသွားလို့သာ အနီရောင်ရဲမက်တွေကို လွှတ်လိုက်တာပေါ့'

'ဟုတ်ပြီ၊ နောက်တစ်ခုမေးမယ်'

လျှံမိန်က မျက်မှောင်ကြုတ်၍…

'မေးလေ'

ချောင်ဝေက မျက်နှာတည်ကြည်စွာဖြင့်

'အမှန်တော့ အနီရောင်ရဲမက်တွေ ဒီနေရာကို မရောက်နိုင်သေးဘူး၊ ဒါပေမယ့် ညီမနောက်ကို အနီရောင်ရဲမက်တွေ လိုက်တယ်ဆိုတာကို ရှန်းယင်က ဘယ်လိုကြောင့် သိသွားရတာလဲ'

မေးခွန်းကြောင့် လျှံမိန်က ရုတ်တရက် တွေဝေသွားသည်။

ချောင်ဝေက ပြုံးပြီး…

'ညီမ သေချာတွေးကြည့်ပါ၊ ခုနတုန်းက အစ်ကိုက စိတ်ပူနေလို့ ဒီအချက်ကိုမတွေးမိဘူး'

လျှံမိန်က ငြိမ်သက်စွာတွေးနေ၏။

ခဏကြာမှ…

လှမက် မျက်လုံးအစုံသည် ဝိုင်းစက် ပြူးကျယ်သွားသည်။ သူမသည် ထိုင်ရာမှ ထိတ်လန့်စွာခုန်ထလိုက်ပြီး…

'သူ…သူ…သစ္စာဖောက်တာယ်'

ထိုအချိန်မှာပင် အပြင်ဘက်မှ ရှန်းယင်၏ရယ်မောသံ ထွက်ပေါ်လာ၏။



'ဟား…ဟား…ဟား…ချောင်ဝေ မင်းတို့မဆိုးဘူး၊ ဒါပေမယ့် အသိနောက်ကျသွားပြီ၊ မကြာခင် ကျွန်ုပ်လက်ထဲကို မင်းတို့ရောက်တော့မယ်'

ထိုအသံကြားသည်နှင့် ချောင်ဝေနှင့်လျှံမိန်မှာ ဒေါသ ခြောင်းခြောင်း ထွက်လာကြလေသည်။

ချောင်ဝေက ဒေါသကြီးစွာဖြင့် တံခါးကို ရိုက်ချိုးလိုက်၏။

တံခါးမှာ အနည်းငယ်မျှမလှုပ်ပေ။

တံခါးနှင့်နံရံမှာ သံမဏိဖြင့်မြှုပ်ထားသည်မဟုတ်ပါလား။

အပြင်ဘက်မှ ရှန်းယင်က

'ကိုးစားကြပါကွယ်၊ ဒီအခန်းထဲက ထွက်လို့ရဖို့တော့ အိပ်မက်တောင်မမက်ပါနဲ့၊ ကျုပ်က ကျွန်ုပ်ကို အစောကြီးကတည်းက သတင်းပို့ပြီးသားပါ၊ နောက်တစ်ရက်နှစ်ရက်နေရင် ကျွန်ုပ်ရောက်လာတော့မယ်၊ ကျုပ်အတွက် ငွေအများကြီး ရဦးတော့မှာပဲ၊ ဟား…ဟား…ဟား'

လျှံမိန်သည် လွန်စွာ ဒေါသထွက်နေသော်လည်း အသံ ချိုလှစ်စွာဖြင့်…

'ရှန်းယင် ရှင်မှားနေပြီ၊ သူ့လာတော့ ကျွန်မလည်း ပေးနိုင်ပါတယ်'

'မင်း…မပေးနိုင်ပါဘူး၊ သူက ကျုပ်တို့ ငွေတွေအပြင် နန်းတော်မှာပါ ရာထူးတစ်ခုရအောင် လုပ်ပေးဦးမှာ၊ သူ… ဒီတစ်ခါတော့ ကျုပ် တစ်ယောက်သွားပြီ၊ ကျွန်ုပ်ရောက်လာတဲ့ အခါမှာ မင်းတို့နှစ်ယောက် ကောင်းကောင်းပါကို ကျုပ် ဆုတောင်းပေးလိုက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ…

ရှန်းယင်ကာ အမှန်တကယ် ထွက်ခွာသွားခြင်းပင်ဖြစ်သည်။ ရှန်းယင်ထွက်သွားပြီး မကြာမီမှာပင် ထိုနေရာသို့ လူနှစ်ယောက် ရောက်ရှိလာလေတော့သည်။

ထိုလူနှစ်ယောက်မှာ ကျောင်းမင်းနှင့်စွေ့ရှက်ပင် ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် တံခါးရှိရာသို့ စိုက်ကြည့်လိုက်ပြီး…

'ကဲ…ငါတို့သခင်လေးကို အချိန်မီကယ်ရမယ်'

'ကျုပ်လဲ သခင်လေးကို အချိန်မီကယ်ရမယ်'

ထိုအသံနှင့်အတူ အနီးရှိသစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်။

ထိုလူမှာ နတ်မျက်စိခဗဒင်ဆရာတစ်ဖြစ်လဲ့ လှသမား ရှန်းလီပင်ဖြစ်၏။

သူသည် လျှံမိန်အား စိတ်မချ၍လည်းကောင်း၊ ချောင်ဝေ၏ ယှဉ်ပြိုင်ပွဲကို ကြည့်ရှုလို၍လည်းကောင်း ယမမင်းကျွန်းမှ ထွက်လာခဲ့ရာမှ ယခုလိုအဖြစ်အပျက်ကို ကြုံတွေ့လိုက်ရခြင်းဖြစ်လေသည်။

ကျောင်းမင်းနှင့်စွေ့ရှက်သည် ရှန်းလီကိုကြည့်၍

'ခင်ဗျားက ဘယ်သူလဲ'

'ကျုပ်က ရှန်းလီပါ၊ အထဲကမိန်းကလေးက ကျုပ်ရဲ့ သခင်မလေးပါ၊ ဒါနဲ့ ချောင်ဝေက မင်းတို့ရဲ့သခင်လေး ဟုတ်သလား'

'ဟုတ်တယ်'



'ဒါဆိုရင် ကျုပ်တို့က ရန်သူမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တစ်စွမ်းကိုယှဉ်ပြိုင်ဖို့ ချောင်ဝေ သိုင်းပညာသင်ခဲ့တာ ကျုပ်ရဲ့သခင်မလေး လျှံမိန်ဆီကပါ၊ ပြီးတော့ သူတို့နှစ်ယောက်အား နှစ်ဦးသဘောတူ လက်ထပ်ထားတဲ့ ဇနီးမောင်နှံပါ'

'ဗျာ'

ကျောင်းမင်းနှင့်စွေ့ရှက်တို့ အံ့ဩသွားသည်။

'ဒါနဲ့ မင်းတို့က ဘယ်လိုလုပ်ရောက်လာတာလဲ'

'ကျုပ်တို့က သခင်လေးနေတာကို လိုက်လာရာကနေ အခုလို ကုန်သည်ရှန်းယင်ရဲ့ ယုတ်မာမှုကို တွေ့လိုက်ရတာပါ'

ရှန်းလီ သက်ပြင်းချလိုက်ပြီး…

'အင်း…ငွေဟာ သစ္စာဖောက်တို့အတွက် လုံလောက်တဲ့ မက်လုံးတစ်ခုပါလား၊ ကဲ…ကဲ…အချိန်ရှိတုန်း ဆယ်လိုက်ရအောင် ကျုပ်က တံခါးသွားဖွင့်မယ်၊ မင်းတို့က ရန်သူမလာနိုင်အောင် စောင့်ရှောက်ထား ကြကွာ'

'ကောင်းပြီ'

ချောင်ဝေနှင့်လျှံမိန်သည် ကြုံရာမရသည့်အဆုံးတွင် စိတ်ပျက်လက်ပျက်ဖြင့်မီးစင်ကြည့်တရန် ဆုံးဖြတ်ထားလိုက်သည်။

'ချွင်…ချွင်'

ရုတ်တရက်သံ့ သံချင်းထိမိသောအသံထွက်ပေါ်လာသည်။

ချောင်ဝေနှင့်လျှံမိန်သည် ရင်ထိတ်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ၏။

'ဘာသံတွေလဲဟင် အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး'

ထိုအချိန်မှာပင်အပြင်ဘက်မှအသံတစ်သံထွက်ပေါ်လာ၏။

'သခင်မလေး...ချောင်ဝေ'

ထိုအသံကို နှစ်ယောက်စလုံးက မှတ်မိလိုက်၏။

'ရှန်းလီ၊ အဘရှန်းလီ'

အသံနှစ်ခု ပြိုင်တူ ထွက်ပေါ်လာ၏။

အပြင်ဘက်မှအသံရှင်က...

'ဟုတ်ပါတယ်၊ ကျုပ် ရှန်းလီပါ၊ သခင်မလေးတို့ကို လာကယ်တာ၊ စိတ်အေးလက်အေး ထားလိုက်ကြ'

ရှန်းလီသည် ပြောပြီး တံခါးအကြား ကာံခါးကို အောင်မြင်စွာ ဖွင့်နိုင်ခဲ့လေ၏။

'ချောင်'

ရှန်းလီနှင့် လျှံမိန်ကလဲ လွန်စွာ ဝမ်းသာသွားလေ၏။

ထိုအချိန်မှာပင်...

တံခါးပွင့်သွားပြီး ရှန်းလီက စိုးရိမ်သော မျက်နှာထားဖြင့်...

'သခင်မလေး...ချောင်ဝေ ဘာမှ မဖြစ်ဘူးနော်'

'ဘာမှ မဖြစ်ပါဘူးရှင်၊ ဒါပေမယ့်...အခု ဒီကိစ္စကို ရှန်းယင်က သတ္တုဖော်တယ် ဆိုတာကိုရော အဘရှန်းလီ သိရဲ့လား'

ရှန်းလီ ခေါင်းညိတ်၍...

'သိပါတယ်...သခင်မလေး'

'ကျွန်မ သူ့ကို ခွင့်မလွှတ်နိုင်ဘူး'



လျှံမိန်က ရှန်းလီအား စိတ်မချသောအင်းစွာ ကြည့်၍...

'အဘရှန်းလီ ကိုဖော့ အားနာပါတယ်၊ ဒါပေမယ့် ရှန်းယင်ကို မဆုံးမလို့ မဖြစ်ဘူး'

'သခင်မလေးပြောတာ မှန်ပါတယ်ဗျာ၊ စိတ်ဆွေကို သစ္စာဖောက်တဲ့လူကို ဒဏ်ခတ်သင့်ပါတယ်'

'ကောင်းပြီ၊ ကျွန်မတို့ အချိန်ရှိတုန်း သွားကြရအောင်'

ထို့နောက် ငါးဦးသည် ရှန်းယင်၏ တည်းခိုခန်းရှိရာသို့ လျှင်မြန်စွာ ပြေးလွှားသွားကြလေတော့သည်။

ညနေစောင်းမီးထွန်းချိန်...

ကုန်းသည် ရှန်းယင်၏ တည်းခိုခန်းတစ်ခုလုံး၌ မီးများထိန်ထိန် လင်းနေ၏။

တည်းခိုခန်း တစ်ခုလုံး၌ လူများ စည်ကားနေ၏။

အထူးသဖြင့် ကျွန်ုပ်၏ အနီရောင် ရဲမက်များနှင့်အယောက်တော်များလာရောက် တည်းခိုနေခြင်းသာ ဖြစ်၏။

ချောင်ဝေတို့ ငါးယောက်သည် မှောင်ရိပ်ကွယ်လျက် တိတ်တဆိတ် လှုပ်ရှားနေ၏။

ချောင်ဝေက...

'ညီမ ရှန်းယင် ဘယ်နေရာမှာ ရှိနိုင်သလဲ'

'သူ့ရဲ့ စာကြည့်ခန်းထဲမှာ အနေများတယ်...အစ်ကို'

'ကောင်းပြီ၊ အဲဒီနေရာကို သွားမယ်'

သူတို့ ငါးယောက်သည် စာကြည့်ခန်းရှိရာသို့ တိတ်တဆိတ်ချဉ်းကပ်သွားပြီး ချောင်းကြည့်လိုက်၏။

ထိုအခါ စာဖတ်ခန်းထဲတွင် ရှန်းယင် ရှိမနေပါ။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝေက…

'အဲယ်လိုလုပ်ကြမလဲ'

လှမိန်က တစ်ခဏ စဉ်းစားပြီးမှ…

'အစ်ကို တောင်ဘက်မှာရှိတဲ့ အဆောင်ကို ဟိုအရင်နေ့တွေ့က ရှင်းခိုင်းတာ တွေ့ရတယ်'

'ဟုတ်ပြီ၊ အဲဒါ ဖြစ်နိုင်တယ်'

သူတို့ ငါးယောက်သည် တောင်ဘက် အဆောင် ရှိရာသို့ ချဉ်းကပ်သွားကြ၏။

မှန်ပါ၏။

အဆောင်တစ်ခုလုံး၌ မီးများ ထိန်လင်းနေ၏။

ချောင်ဝေက ချောင်းကြည့်လိုက်ရာ စားပွဲရှည်ကြီး တစ်ခုပေါ်တွင် ရှန်းယင် အပါအဝင် လူရှစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။

သူက ခေါင်းညိတ်ပြလိုက်၏။

လှမိန်က…

'အစ်ကို ကျွန်မတို့ အခုဝင်မလာနဲ့'

ချောင်ဝေက…

'ရှန်းလင်ကရော ဘယ်လို သဘောရသလဲ'

'ကျုပ်က သခင်မလေး ပြောတာကို သဘောတူတယ်'

ချောင်ဝေက ခေါင်းညိတ်ပြီး ကျင်မင်းနှင့် စွေ့ရှက်တို့ဘက်သို့ လှည့်၍…

'ကျင်မင်းနဲ့ စွေ့ရှက်'

'ပြောပါ သခင်လေး'



'မင်းတို့ နှစ်ယောက် နေ့ဦးချော်ရွာကို အမြန်ဆုံးပြန်ပါ၊ ငါ့အဖေကို အကျိုးအကြောင်း ပြောပြီး ဒီနေရာကို လူစုပြီး လာခဲ့ကြပါ'

'ကောင်းပါပြီ သခင်လေး'

ကျင်မင်းနှင့် စွေ့ရှက်တို့သည် ချောင်ဝေအား ဦးညွှတ်၍ ထိုနေရာမှ ပြေးထွက်သွားကြလေ၏။

ချောင်ဝေ၊ လှမိန်နှင့်ရှန်းလင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ မီးလင်းနေသော အခန်းထဲသို့ ပြိုင်တူ ခုန်ဝင်သွားကြလေတော့သည်။

အခန်းတစ်ခုလုံး စကားသံများ တိတ်ဆိတ်သွားလေတော့သည်။

ရှန်းလင်၊ ချောင်ဝေနှင့် လှမိန်သည် ထွန်းပေါက်ကို ပိတ်ဆို့လိုက်ပြီ ဖြစ်၏။

ရှန်းယင်သည် သူတို့ကို ကြည့်၍ မျက်လုံးအစုံ ပြူးကျယ်သွားလေ၏။

'မင်း…မင်းတို့ ဘယ်လို လွတ်လာတာလဲ'

ရှန်းလင်က အေးစက်စွာဖြင့်…

'ငါလွတ်လိုက်တာ'

ရှန်းယင်က ရှန်းလင်ကို ကြည့်၍…

'ဩော်… မင်းကိုး၊ မင်းကို သတိမပြုမိတာ ငါ့အမှားပဲ၊ ဒါပေမယ့် မင်းတို့ ထွက်ပြေးရင် လွတ်နိုင်သေးတယ်၊ အခုတော့ မလွတ်နိုင်တော့ပါဘူး'

လှမိန်က…

www.burmeseclassic.com

www.burmeseclassic.com



'မလွှတ်ပေးမယ့်အစားတော့ ရှင့်ကို သေအောင်သတ်မယ်'

ရှန်းယင်သည် လျူမိန်၏သိုင်းပညာအဆင့်ကို သိထားသဖြင့် ရင်ထိတ်နေ၏။

သို့သော်

သူမ ဟန်ဆောင်၍ပြုံးပြီး

'မင်း...သိပ်ပြီးလေမထွားနဲ့၊ မကြာခင်မှာ ကျွန်ဝူရောက်လာတော့မယ်၊ ပြီးတော့ အပြင်ဘက်မှာ အနီရောင်ရဲမက်တွေ ရှိတယ်၊ ကျုပ်က အချက်ပြလိုက်ရင် ဟား...ဟား...ဟား'

လျူမိန်က မဲ့ပြုံးပြုံးပြီး—

'ကျွန်ဝူရောက်လာရင် ကောင်းတယ်၊ ဒါပေမယ့် သူမလာခင် ရှင်က အပြင်ကို လှမ်းပြီးအချက်မပြခင် ရှင့်ကို လျှော်မ သတ်မယ်'

သူမသည် ပြောပြီးသည်နှင့် ရှန်းယင်အား ဆော်ခါးတစ်ချက် ရိုက်ချလိုက်၏။

သူမ၏လက်ဝါးသည် ရှန်းယင်ထံသို့ မရောက်မီမှာပင် ထိုင်နေကြသော လူခုနစ်ယောက်က လျှပ်တစ်ပြက်ရောက်ရှိလာပြီး လျူမိန်အား ဝင်ရောက်တိုက်ခိုက်ကြလေ၏။

လျူမိန်အား တိုက်ခိုက်လာသည်ကို မြင်တွေ့ရသဖြင့် ချောင်ဝေနှင့်ရှန်းလိက မနေနိုင်တော့ဘဲ တိုက်ပွဲတွင်းသို့ ဝင်ရောက်နွှဲဝင်တိုက်ခိုက်ကြလေ၏။

အခွင့်အရေးကို စောင့်နေသော ရှန်းယင်သည် အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

—o—

## ရန်သူတော်ကြီး ကျွန်ဝူ

တိုက်ပွဲမှာ လွန်စွာပြင်းထန်၏။

တခဏအတွင်းမှာပင် တိုက်ပွဲပြီးဆုံးသွားခဲ့လေ၏။

ကျွန်ဝူ၏ အဓောက်တော်ခုနစ်ယောက်သည် သွေးအိုင်ထဲ၌ လဲလျောင်းနေ၏။

လျူမိန်သည် ရှန်းလိဘက်သို့လှည့်ပြီး—

'ရှန်းယင်ရော'

ရှန်းလိကလည်း ယခုမှ သတိရလာပြီး၊ မျက်လုံးပြူးသွားလေ၏။

'ထွက်ပြေးသွားပြီနဲ့ တူတယ်'

'ရှင့်ထွက်ပြေးလို့ လွှတ်မှတဲ့လား ရှန်းယင်'

လျူမိန်သည် ဒေါသကြီးစွာဖြင့်အော်ရင်း အခန်းအပြင်သို့ ပြေးထွက်သွား၏။

ရှန်းလိက ထက်ကြပ်မကွာ လိုက်မါသွားလေ၏။

ချောင်ဝေသည် လဲကျနေသော လူတစ်ဦးထံမှ ဓားကို ကောက်ယူပြီး ခါးကြားတွင်ထိုးထည့်လိုက်၏။

ထို့နောက်

လျူမိန်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပါချေ။

သူတို့သုံးယောက်သည် အခန်းအပြင်သို့ ရောက်ရှိသွားလေသည်။

အခန်းအပြင်သို့ ရောက်ရှိသွားသောအခါ သူတို့သုံးဦးစလုံးသည် မျက်လုံးပြူးသွားကြ၏။

ရှန်းယင် လက်ပိုက်၍ပြုံးနေ၏။

သူ့နံဘေး၌ အရပ်ရှည်ပြီး ခန္ဓာကိုယ်ထွားကျိုင်းကာ မုတ်ဆိတ်မွေးပျစ်နှင့် လူတစ်ယောက်ရပ်နေ၏။

၎င်းတို့၏ခန္ဓာကိုယ်ပေါ်၌ တိုက်ပွဲဝင်သံချပ်ကာအင်္ကျီများ ဝတ်ဆင်ထားလေ၏။

အနောက်ဘက်တွင် အနီရောင်ရဲမက်များသည် ဓား၊ လှံ၊ လေးမြားကိုင်၍ ရပ်နေကြ၏။

ထိုလူအား မြင်တွေ့လိုက်သည့် ရှန်းလီနှင့်ချောင်ဝေသည် ရင်တိုက်သွားပြီး ပြိုင်တူ အသံထွက်သွားကြလေ၏။

'ကျန်ဝူ—'

ထိုအမည်အား ကြားလိုက်သည်နှင့် လျှမိန်၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ရှန်းလီသည် ကျန်ဝူအား မြင်တွေ့လိုက်သည်နှင့် သခင်မြို့စားကြီး လျှစွမ်းတောင်း၏မျက်နှာကို ပြန်လည်မြင်ယောင်လာ၏။

သူ၏စိတ်ထဲ၌ လွန်စွာခံပြင်းလာ၏။

သူ၏ ဒေါသကို မထိန်းနိုင်တော့ပါ။

သွားကို တင်းတင်းကြိတ်ပြီး



'ကျန်ဝူ၊ ငါ့သခင်ရဲ့အသက်အတွက် လျော်ကြေးပေးပေတော့'

သူက အော်ဟစ်လိုက်ပြီး ဓားကိုဆွဲထုတ်၍ ကျန်ဝူထံသို့ ပြေးဝင်သွားလေ၏။

'ရှန်းလီ ခဏနေဦး'

ချောင်ဝေက တန့်တားလိုက်သော်လည်း မမီတော့ပါ။

ရှန်းလီသည် ကျန်ဝူထံသို့ ပြေးဝင်သွားပြီး ဓားဖြင့် ခုတ်ချလိုက်လေ၏။

'ရှီး...ရှီး'

ရုတ်တရက် လေတိုးသံများထွက်ပေါ်လာပြီး အနီရောင်ရဲမက်များထံမှ မြားများသည် ရှန်းလီထံသို့ ပြေးဝင်လာကြလေသည်။

ရှန်းလီသည် မည်သို့မှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

မြားဆယ်စင်းခန့်သည် သူ၏တစ်ကိုယ်လုံးသို့ စိုက်ဝင်သွားလေတော့သည်။

* * *

ရှန်းလီသည် အသံပင်မထွက်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသေဆုံးနေ၏။

ရှန်းယင်သည် ရှန်းလီ၏အလောင်းကိုကြည့်၍ တစ်ကိုယ်လုံး တုန်ယင်လာ၏။

ကျန်ဝူသည် စကားတစ်ခွန်းမှ မပြောရသေးပါ။

အေးစက်ပြီး လှောင်ပြောင်သောအပြုံးဖြင့် လျှမိန်အား စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လျှံမိန့်သည် ရှန်းလီ၏အလောင်းကိုကြည့်ပြီး မျက်ရည်များ တသွင်သွင်စီးဆင်းနေ၏။

ချောင်ဝေမှာမူ ဒေါသထို ချုပ်တည်းထားရသဖြင့် မျက်လုံးအစုံမှာ နီရဲနေပြီး အံကို တင်းတင်းကြိတ်ထားလေသည်။

လျှံမိန့်က ချောင်ဝေ့ကို မော့ကြည့်၍...

'အစ်ကိုရှယ်၊ သူ...သူက အဘရှန်းလီကို သတ်ပစ်လိုက်ပြန်ပြီနော်'

'ညီမလေးရယ် 'တိတ်ပါ၊ အဲ့ဒီအကြွေးကို သူ အခုဆပ်ရတော့မှာပါ'

ထိုစကားကို ကြားသောအခါ ကျန်ဝူး၏ အားရပါးရ ရယ်မောလိုက်သည်။

'ဟား...ဟား...တော်...အခုအချိန်အထိ အေးမလျော့သေးပါလား ကွ၊ ကျုပ်က လက်တစ်ဖက်မြှောက်လိုက်တာနဲ့ မင်းတို့နှစ်ယောက်လုံး ရှန်းလီနောက်ကို လိုက်သွားရတော့မှာပါကွ'

ထိုအချိန်မှာပင်

မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချောင်ဝေ လွန်စွာ ဝမ်းသာသွားလေ၏။

ကျန်ဝူးမှာမူ ထိတ်လန့်သွား၏။

မြင်းခွာသံများသည် လွန်စွာကျယ်လောင်လှပြီး မြို့လေးတစ်ခုလုံး ပြိုပျက်သွားတော့မည့်အလား ထင်မှတ်ရ၏။

အနီရောင်ရှိမက်များမှာလည်း ထိတ်လန့်နေကြ၏။



ချောင်ဝေက ပြုံးပြီး...

'ကျုပ်တို့မြင်းတပ်တွေ ချီတက်လာပြီ ခင်ဗျားတို့ တစ်ယောက်မှ ပြေးမလွတ်တော့ပါဘူး ကျန်ဝူးရာ'

ကျန်ဝူး၏နုတ်မှ လွတ်ခနဲထွက်သွားလေ၏။

သူသည် လျှံမိန့်ဆိုသော လျှံမျိုးဆက်မိန်းကလေးကို အထင်သေးစွာဖြင့် စစ်သည်တစ်ရာခန့်ကိုသာ ခေါ်ဆောင်လာခြင်းဖြစ်သည်။

ယခုမှာမူ မြင်းခွာသံအရပေါင်း အင်အား၊ ထစ်ထောင်နီးပါးရှိမည်ဟု ခန့်မှန်းရလေ၏။

ကျန်ဝူးက လက်တစ်ဖက်မြှောက်ပြ၍...

'လာတဲ့မြင်းတပ်တွေကို အရင်တိုက်ကြ'

အနီရောင်ရှိမက်များသည် မြင်းခွာသံများ ကြားရာဘက်သို့ ပြေးထွက်သွားကြ၏။

အခြေအနေမဟန်မှန်းသိထားသော ကျန်ဝူးသည် အခြေအနေ ရှုပ်ထွေးနေစဉ်မှာပင် ကိုယ်ရံတော်ဆယ်ယောက်နှင့်အတူ မြင်းဇောင်းရှိရာသို့ ဆုတ်ခွာထွက်ပြေးသွားလေသည်။

၀ ၀ ၀

အခြေအနေကိုစောင့်ကြည့်နေသော ချောင်ဝေနှင့် လျှံမိန့်သည် ကျန်ဝူးထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် မြင်းဇောင်းရှိရာသို့ ပြေးသွားကြလေ၏။

သူတို့နှစ်ယောက် မြင်းဇောင်းသို့ ရောက်ရှိသွားသောအခါ ကျန်ဝူးတို့လူစုသည် မြင်းများကို မောင်းနှင်ထွက်ခွာသွားသည်ကို တွေ့လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းစေနှင့်လျှမိန့်သည် သန်မာထွားကြိုင်းသော မြင်းနှစ်ကောင်ကိုယူ၍ အနောက်ဘက်လမ်းကလေးအတိုင်း ကျွန်ုပ်နောက်လိုက်သွားကြလေ၏။

ရောက်ရှိလာကြသော မြင်းသည်တော်များမှာ ဈာင်မင်းနှင့် ဗွေရှ၏တို့၏ သတင်းပေးမှုကြောင့် လောင်ရဲကိုယ်တိုင်ဦးဆောင်လာသော မြင်းသည်တော်များပင်ဖြစ်၏။

မြင်းသည်တော်အင်အားမှာ ငါးရာခန့်ရှိနေသဖြင့် ကျွန်ုပ်၏ အနီရောင်ရဲမက်များသည် မယှဉ်ပြိုင်နိုင်တော့ဘဲ လက်နက်ချ၍ ထွက်ပြေးသွားကြလေတော့သည်။

—၀—

ဆိုယ

မူရင်း
ဖိုးစားနှတ်ဆိုး

---

အခရှ ဘဏ်၌ အရှက်ဦး၏ရောင်ခြည်များ သန်းလာလေသည်။

ကျွန်ုပ်တို့လူစုသည် မရပ်ရနား ခရီးနှင်နေ၏။

ကိုယ်ရံတော်ဆယ်ယောက်သည် အလွန် မောဟိုက်နေပြီဖြစ်သော်လည်း အနားမယူဝံ့ပါ။

ကျွန်ုပ်သည် တောင်ကုန်းတစ်ခုအနားသို့ရောက်သောအခါ အနားယူမှုဖြစ်မည်ကို သတိရလာ၏။

သူက ကိုယ်ရံတော်များအား အားယူရန် အမိန့်ပေးလိုက်လေ၏။

ထိုအချိန်မှစ၍ ကိုယ်ရံတော်တစ်ယောက်က—

www.burmeseclassic.com



'ဟာ…သခင်ကြီး၊ နောက်မှာ မြင်းနှစ်ကောင် လိုက်လာ တယ်'

ကျန့်ဝူးက…

'အဲဒီမြင်းနှစ်ကောင်ဟာ ရန်သူနှစ်ယောက်ဆိုရင် မင်းတို့ မရှင်းပစ်နိုင်ဘူးလား၊'

'ရှင်းပစ်နိုင်ပါတယ် သခင်ကြီး'

'အေး…အဲဒီလူနှစ်ယောက်ကို ရှင်းပစ်နိုင်မှတော့ အေးအေး အနားယူလိုက်ပါဦး၊ အနားရောက်လာမှ ရှင်းတာပေါ့'

သူတို့သည် မြင်းပေါ်မှခုန်ဆင်းလိုက်ကြပြီး နောက်မှလိုက် လာမည့်သော မြင်းနှစ်ကောင်ကို စိုက်ကြည့်လိုက်ကြလေ၏။

မြင်းနှစ်ကောင်အား စိုက်ကြည့်လိုက်ကြလေ၏။

မြင်းနှစ်ကောင် အနားသို့ ဖြည်းဖြည်း ရောက်ရှိလာ သောအခါ ကျန့်ဝူး၏ မျက်လုံးအစုံ ပြူးကျယ်သွားလေ သည်။

'တင်…သင်းတို့နှစ်ယောက်က ဒီအထိလိုက်လာကြတာကိုး'

ထိုအချိန်မှာပင် မြင်းနှစ်ကောင်သည် အနားသို့ ရောက်ရှိ လာလေသည်။

ချောင်ဝေနှင့် လျှိုမိန်ပင်ဖြစ်သည်။

ကိုယ်ရံတော်ဆယ်ယောက်သည် တိုက်ခိုက်ရန် အသင့်ပြင် ထားလိုက်ကြလေ၏။



ချောင်ဝေတို့နှစ်ယောက်သည် အနားသို့ ရောက်သည်နှင့် မြင်းကို အရှိန်မြှင့်၍ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေ သည်။

ကိုယ်ရံတော်ဆယ်ယောက်သည် လူနှစ်ယောက်ကို အလွယ် တကူတိုက်ခိုက်နိုင်သော်လည်း မြင်းနှင့် တရကြမ်းဝင်ရောက် တိုက်ခိုက်လာသော လူနှစ်ယောက်ကိုမူ ရင်ဆိုင်ရန် မလွယ်ကူ လှပါ။

ကိုယ်ရံတော်များ ကစဉ့်ကလျားဖြစ်သွားပြီး…

တိုက်ပွဲတစ်ခုရုတ်ခြည်းဖြစ်ပေါ်လာ၏။

သို့သော်…

တခဏအတွင်းမှာပင်…

ကိုယ်ရံတော် ၇ ဦးသည် မြေပေါ်သို့ အတုံးအရုံး လဲကျ သွားလေ၏။

ကျန့်ဝူသည် အားခြေအနေမဟန်မှန်း သိသော်လည်း ထွက် ပြေးရန် မကြိုးစားတော့ပါ၊

ချောင်ဝေနှင့်လျှိုမိန်အား ရင်ဆိုင်ရန် ဟန်ပြင် လိုက်လေ သည်။

ထိုအချိန်ပင်…

တိုက်ပွဲပြီးဆုံးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိနေသည့် ကိုယ်ရံတော် သုံးယောက်မှာ မြေပေါ်သို့ လဲကျသေဆုံးသွားလေတော့သည်၊

၀ ၀ ၀

လျှမ်းမိန်က မဲ့ပြုံးပြုံး၍ မြင်းပေါ်မှ ခုန်ဆင်းလိုက်၏၊

ချောင်ဝေကလည်း မြင်းပေါ်မှခုန်ဆင်းလိုက်၏၊

သူတို့နှစ်ယောက်သည် ကိုယ်ရံတော် ၁၈ အား အနိုင်ရလိုက်သည်ဖြစ်သော်လည်း သူတို့တကိုယ်လုံးတွင် ဒဏ်ရာများ ရှိထားသဖြင့် သွေးချင်းချင်းနီနေ၏၊

သူက လှောင်ပြုံးပြုံးပြီး—

'မင်းတို့လို ဒဏ်ရာရနေတဲ့ လူနှစ်ယောက်ကို သတ်ဖို့ဆိုတာ လျှပ်အဖို့ သိပ်လွယ်ပါတယ်'

သူမ မဲ့ရီကပြီး

'ရှင့်သိပ်ပြီးအပြောမကြီးနဲ့ ကျွန်မတို့ လျှအမျိုးနွယ်လုံးရဲ့ အသက်တွေ ဂုဏ်သိက္ခာတွေ အာဘရှန်းလီရဲ့ အသက်ကြွေးတွေကို ရှင်အခုပဲ ပြန်ဆပ်ရလိမ့်မယ်'

သူမ ပြောပြီးသည်နှင့် ကျန်ရှင်ရှိရာသို့ ခုန်ဝင်၍ တိုက်လိုက်သည်၊



ချောင်ဝေလည်း သူမအတွက်စိုးရိမ်စွာဖြင့် ထိုလူကို တရကြမ်းဝင်ရောက်တိုက်လိုက်၏၊

သူတို့နှစ်ယောက် ဒဏ်ရာရနေကြသော်လည်း ရင်ထဲမှအမုန်းတရားက သူတို့ကို ခွန်အားဖြစ်စေသည်၊

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ အားမာန်အပြည့်ပါနေသောကြောင့် ထိုလူရင်ထိတ်သွား၏၊

သူတို့နှစ်ယောက်၏ ပြင်းထန်စွာတိုက်ခိုက်မှုကြောင့်—

'အား'

ထိုလူ ရင်ဝတွင် ဓားတစ်ချောင်းစိုက်ဝင်လျက် လဲကျသွားတည်၊

လျှမ်းမိန်၏ ဓားပင်ဖြစ်၏၊

သူမ လွန်စွာဝမ်းသာမိ၏၊

သူမသည် ချောင်ဝေကို ပြေးဖက်လိုက်ပြီး

'အစ်ကို ကျွန်မ ကျွန်မ လျှမျိုးနွယ်အတွက် လဏ်စားချေနိုင်ပြီ၊ ကျွန်မ ဝမ်းသာတာပဲ အစ်ကိုရယ်'

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားလေ၏၊

သို့သော်—

ရုတ်တရက်—

လျှမ်းမိန်၏ ခန္ဓာကိုယ် ပျော့ခွေသွား၏၊

သူ ရင်ထိတ်သွားပြီး သူမကိုကြည့်လိုက်ရာ

သူမ၏ နောက်ကျောတွင် သူမ၏ ဓားစိုက်ဝင်နေသည်ကို တွေ့ရလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဓါးပစ်လွှင့်ရာကို ကြည့်လိုက်ရာ

ထိုသူ မစားမဒေး မတ်မတ်ရပ်လျက်ပြုံးနေ၏။

'ကျုပ်ကို လွယ်လွယ်နဲ့ သတ် သတ်လို့မရဘူးကွ'

ပြောပြီးသည်နှင့် မြေပေါ် လဲကျသွားလေ၏။

ယခုတစ်ကြိမ်....

လုံးဝ ပြန်မထနိုင်တော့ပါ။

သူသည် သူမကို ပွေ့ပိုက်ပြီး....

'ညီမ....ညီမ'

သူမ၏မျက်နှာတစ်ခုလုံးသွေးရောင်ပင်မရှိတော့ပါ။

'အစ်ကို ကျွန်မ ကျွန်မလေ ကလဲ့စားချေရတဲ့အတွက် ဝမ်းသာပျော်တယ်သိလား။ ဒါပေမယ့် အစ်ကိုနဲ့မဆုံဆည်းရတော့မယ့်အတွက် ကျွန်မ ကျွန်မ ဝမ်းနည်းပါတယ်'

သူ့ ရင်ထဲတွင် လှိုက်ဖိုနာကျင်လာ၏။

'ညီမ ညီမ စကားအရမ်းမပြောနဲ့'

သူမ ပြုံးပြပြီး

'အစ်ကို အစ်ကိုရယ် ကျွန်မတို့ကို စတင်ဆုံဆည်းခွင့်ပေးခဲ့တဲ့ ရှန်းရှန်းယင်ဟာ ကျွန်မတို့ရဲ့ ဖူးစာနတ်ပါ။ ဒါ ဒါပေမယ့် သူဟာ နတ်ဆိုးတစ်ယောက်ပဲ အစ် အစ်ကို ကျွန် ကျွန်မ....'

သူမသည် စကားပင်မပြောနိုင်ဘဲ သွေးတစ်ချက် အန်လိုက်ပြီး သေဆုံးသွားလေတော့၏။

ချောင်ဝေ မျက်လုံးအစုံမှိတ်၍ သူမကို ပွေ့ဖက်လိုက်လေသည်။

သူ၏ မျက်နှာမျက်ရည်ပြည့်လျှံနေ၏။



သူသည် သူမကို တစ်သက်တာဆုံးရှုံးလိုက်ရပြီ မဟုတ်ပါလား။

သူသည် မျက်လုံးဖွင့်၍ ခေါင်းကို ဆတ်ခနဲ ခါလိုက်လေသည်။

'ညီမရယ် အစ်ကို ညီမနဲ့ဘယ်တော့မှ မခွဲဘူးသိလား။ အစ်ကိုတို့ ယမမင်းကျွန်းကို ပြန်သွားပြီး ဘယ်သူမှ မသိအောင် အေးအေးချမ်းချမ်းနေကြမယ်၊ မကောင်းဘူးလား ညီမလေးရယ်'

သူသည် ပြောနေရင်း မျက်ရည်များတသွင်သွင်စီးဆင်းလာသည်။

ထို့နောက်

အသက်မဲ့နေသော သူမ၏အလောင်းအား ယုယစွာ ပွေ့ချီလိုက်ပြီး....

ထိုနေရာမှ တစ်လှမ်းချင်းထွက်သွားလေ၏။

ထိုအချိန်မှစ၍....

ချောင်ဝေနှင့်လျှမ်နီတို့ကို လုံးဝမမြင်တွေ့ရတော့ပါ။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းနှင့် စွေရှုံတို့သည် ချောင်လေစင်၏ အမိန့်ဖြင့် ချောင်ဝေကို လိုက်လံရှာဖွေသော်လည်း လုံးဝမတွေ့ရပါ။

နှစ်အနည်းငယ်ကြာသော အခါ....

စွေတို့သည် ယမမင်းကျွန်း၌ ရှာဖွေရန်ဆုံးဖြတ်ပြီး ကျွန်းကို ရောက်ရှိလာ၏။

ယမမင်းကျွန်းရှိ တွင်းကြီး၏ အောက်ခြေသို့ ရောက်ရှိလာသောအခါ....

တွင်းကြီး၏ အောက်ခြေ၌ ဟောင်းနွမ်း နေသော မြေပုံ တစ်ခုကို တွေ့ရပြီး မြေပုံပေါ်တွင် အရိုးစုတစ်စုကို တွေ့လိုက်ရလေ၏။

ထိုမြေပုံ၏ အရှေ့ဘက်နံရံပေါ်၌ စာတစ်ကြောင်း ရေးထွင်းထားသည်ကိုတွေ့ရလေသည်၊

'ဖူးစာ နတ်ဆိုး၏ သားကောင်'

ပုံ----

မချောင်ဝေ၊ လျှံမိန်

--၀--

(ဒုတိယတွဲတတ်သိမ်းပိုင်းပြီး၏)

မိုးဘျော်သူ

www.burmeseclassic.com